www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

# တောက်ပ၍ နွေးထွေးသော
# ကောင်းကင်တစ်ခုအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့အကြောင်းအရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ဗဟိုပြု၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ခိုင်မာသောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှင်မိုး (ဆေးတက္ကသိုလ်)

## တောက်ပ၍နွေးထွေးသော ကောင်းကင်တစ်ခုအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

Synergy Publications
အမှတ်(၉၄)၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၄၁၂၇၊ ၀၁၀-၃၀၀၁၃၃၂

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၁၂ ဇူလိုင်)။ |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံး | CHEN HMINE AUNG |
| ကွန်ပျူတာစာစီ | Synergy |
| ထုတ်ဝေသူ | ပန်းဝေဝေစာပေ၊ အမှတ် ၃၆၀၊ ဗိုလ်အောင်ကျော် လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ရွှေရောင်လင်းပုံနှိပ်တိုက်၊ အမှတ် ၈၈၊ ၅၁ လမ်း၊ ၁ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ |
| တအုပ်ချုပ် | မေသူဝင်း |
| တန်ဖိုး | ၁၆၀၀ |

ရှင်မိုး(ဆေးတက္ကသိုလ်)
တောက်ပ၍ နွေးထွေးသော ကောင်းကင်တစ်ခုအောက်မှာ /
ရှင်မိုး(ဆေးတက္ကသိုလ်)။ - ရန်ကုန်
ပန်းဝေဝေစာပေ၊ ၂၀၁၂။
၂၆၀-စာ၊ ၁၂ စင်တီမီတာ၊ ၁၈.၃ စင်တီမီတာ။
(၁) တောက်ပ၍နွေးထွေးသော ကောင်းကင်တစ်ခုအောက်မှာ

**ကျော်ခန့်** သည် လမ်းပေါ်တွင် ရှုပ်ယှက်ခတ်အောင် သွားလာနေသော လူတွေကိုလည်းကောင်း၊ ပူပြင်းလှသော နေရောင်ကိုလည်းကောင်း၊ လိုက်ငေးကြည့်ရင်း သူ့စိတ်ထဲမှာပါ ပူပြင်းအိုက်စပ်သလို ခံစားရသည်မို့ ကားထဲမှ Air Con ခလုတ်ကို ထပ်တင်လိုက်ပါသည်။

ကျော်ခန့်၏ နောက်ဆုံးပေါ် 4WD ကားကြီးထဲမှာက အေးပြီးသားပါ။ ဒါပေမယ့် အပြင်မှာ ချွေးတလုံးလုံးနှင့် အဆောင်းအကာမပါဘဲ သွားလာနေကြသော လူတွေ၊ တချို့ကျတော့လည်း ထီးကလေးဘာလေး ဆောင်းကာ အကာအကွယ်လုပ်ရင်း သွားလာနေကြသော လူတွေ၏ ဝင်ပန်းစွာ ရှုန်းကန်နေကြသော နေရောင်ခြည်ပူပူအောက်က မြင်ကွင်းကို ခံစားရင်း သူပါ ရောယောင်ပြီး ပူပူလာသလို ခံစားရတာမို့ Air Con ခလုတ်ကို ထပ်တင်လိုက်မိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ပူတာ၊ဒီလူတွေ Air Con မပါတဲ့ဘတ်စ်ကားပေါ်မှာ တိုးကြိတ်ပြီး ဘယ်လိုများ စီးကြပါလိမ့်"

ဟု သူ့ရှေ့မှာရပ်နေသော ဘတ်စ်ကားကိုကြည့်ရင်း ခပ်တိုးတိုး ရေရွတ်မိလေသည်။

မီးပွိုင့်မှာကားရပ်တုန်းတစ်ခဏကြည့်မိသောပတ်ဝန်းကျင်မြင်ကွင်းက စိတ်မသက်သာစရာဖြစ်နေ၍ အမြင်အာရုံကို သူ့ကားထဲကိုသာ အာရုံလွှဲလိုက်သည်။ ဒီကားကို သူ တော်တော်သဘောကျနေသည်။ ပြည်ပကတိုက်ရိုက်မှာယူသောအသစ်ကျပ်ချွတ်ကားကြီး။သူလက်တင်မောင်းနေတာတောင် မကြာသေး။ Jeep Cherokee (ဂျိပ်(ပ) ချဲရိုကီး) အမျိုးအစားကားကြီးက နက်မှောင်ပြောင်လက် သန့်ခန့်နေသဖြင့် ကျော်မနေမောင်းသွားလျှင် ငေးကြည့်နေကြသူတွေ မနည်းမနော။

သူမောင်းသော ကားကြီးလိုပဲ တည်ကြည်သန့်ခန့်နေသော ကျော်မနေ၏ မျက်နှာသွင်ပြင်ကလည်း ဘဝင်မြင့်မြင့်၊ ထီမထင်၊ သူ့ကိုယ်သူ အလွန်အမင်း အထင်ကြီး ယုံကြည်စိတ်ချ၊ သူကလွဲရင် ဒီကမ္ဘာမှာ "သူ့လောက် တော်တဲ့သူ မရှိ" ဆိုသော အမူအရာမျိုး ထွက်နေပါသည်။ ရုပ်ရည်၊ အရပ်အမောင်း၊ ကိုယ်ဟန်အမူအရာ၊ အသားအရေတို့ဟာ ဘယ်ယောကျ်ားနဲ့ယှဉ်ယှဉ် ပိုမိုသာလွန်မြင့်မားလျက် မှတ်မှတ်ရရဖြစ်ရစေသော ပုံစံလည်းဖြစ်သည်။

ဒါ့အပြင် လောကကြီးမှာ သူ့လောက်ကံကောင်းတဲ့သူ မရှိဟု ပြောရလေအောင် ဘာပဲလုပ်လုပ် အောင်မြင်လျက်၊ ကြီးပွားသည်





ဆောက်ပစ္စည်းနွေးထွေးသော ကောင်းကင်တစ်ခုအောက်မှာ ဆက် ကြီးပွားနေတာမို့ ကျော်မနေရဲ့ဘဝဟာ အားကျငေးမောနေရစေလောက်တဲ့ ဘဝပဲဖြစ်သည်။

ကျော်မနေသည် ကားကို မောင်းလာခဲ့လေရာ သူ ဦးစီးဖွင့်လှစ်ထားသော ဘဏ်ဖွင့်လှစ်ရာ အဆောက်အအုံကြီးရှေ့ကို ရောက်လာပါသည်။ ဘဏ်ရှေ့တွင်တော့ ဘဏ်နှင့်သက်ဆိုင်သော ဝန်ထမ်းများ ကားရပ်ရန် သီးသန့်ပါကင်ထားလေရာ ကျော်မနေ၏ကားကို အသာပါကင်ဝင်ရပ်လိုက်ပါသည်။ လုံခြုံရေးဝန်ထမ်းက ဦးကျော်မနေ၏ ကားမှန်း သိလေရာ အပြေးရောက်လာပြီး ပါကင်ဝင်ရပ်ဖို့ လွယ်ကူရန် လမ်းမှာသွားနေသော ကားတွေကို တားပေး၊ ပြပေး လုပ်ပေးပါသည်။

"ဆရာ၊ လာမယ်ဆိုတာသိလို့ မန်နေဂျာကြီး စောင့်နေပါတယ်"

လုံခြုံရေးဝန်ထမ်းကဖားပြီးအရင်ကြိုပြောလေသည်။ကျော်မနေက မရယ်မပြုံးနဲ့ပင် ခေါင်းကို ညိတ်တယ်ဆိုရုံလေးလုပ်ကာ အဆောက်အအုံဘက် ခြေလှမ်းလိုက်လျှင်...

"ဒုန်း"

ဟူသော အသံကြောင့် ကျော်မနေရော၊ လုံခြုံရေးဝန်ထမ်းတို့ပါ အသံလာရာဆီ ကမန်းကတန်း လှည့်ကြည့်လိုက်မိကြပါသည်။ ဘာကြောင့်လဲဆိုတော့ ဒီအသံဟာ ကျော်မနေ၏ ကားကြီးကို တစ်စုံတစ်ခုနှင့် ခပ်ပြင်းပြင်းထိခိုက်မိသော အသံဖြစ်နေ၍ပင်။

"ဟင်..."

ကျော်မနေ၏ခြေလှမ်းတွေ လှစ်ခနဲ အဲဒီဆီ ရောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို...ကျွန်မ... ထီး...."

"အဲဒီ . . . ထီးရိုးထိပ်က သံချွန်နဲ့ ငါ့ကားကို ထိတယ် . . . ဟုတ်လား"

"ဟို . . . မတော် . . . မတော်တဆပါ။ ကျွန်မလက်ထဲမှာ ပစ္စည်းတွေ များနေတော့ မနိုင်မနင်းဖြစ်ပြီး ဟို...ဟိုလေ...ထီးကလည်း ဖွင့်ဆောင်းချင်တော့ ရှုပ်ပြီး..."

"ကျွတ်...ဒီမှာ ခြစ်ရာကြီးဖြစ်သွားပြီ"

"ဟုတ်သားပဲဗျာ၊ အစ်မကလည်း လွတ်လွတ်ကင်းကင်း နေရာမှာ ထီးသွားဖွင့်ပါလား။ ဒီကားကြားထဲမှာမှ..."

လုံခြုံရေးဝန်ထမ်းကပါ ကျော်မနေဘက်က မျက်နှာလိုအားနာ ဝင်ဟောက်ပေးလျှင် ထိုမိန်းကလေး မျက်လုံးတွေဟာ ပေကလပ် ပေကလပ်ဖြစ်လျက် ပြူးကျယ်နေတော့သည်။

အခုခေတ်မှာ ခေါက်လို့ ချိုးလို့ရတဲ့ ထီးလေးတွေ သုံးပေမယ့် ဒီမိန်းကလေးကတော့ ဘယ်ကဘယ်လို ရှာတွေ့လာသည်မသိသော ထီးအရှည်ကြီးကို ဆောင်းလေသည်။ ထီးရဲ့ထိပ်မှာပဲ မြင်နေကျ ထိပ်တွေလို ပလပ်စတစ်ထိပ်ချွန်မဟုတ်ဘဲ သံချွန်နဲ့လုပ်ထားသော ထိပ်ချွန်ဖြစ်သလို၊ ထီးဟာလည်း မြင်နေကျထီးတွေထက် ပိုလည်းကြီး၊ ပိုလည်းရှည်နေလေသည်။ ပြီးတော့ ထီးက မိန်းကလေးတစ်ယောက်နှင့် မလိုက်ဖက်သော အနက်ရောင်ကြီးလည်းဖြစ်သည်။





လက်ထဲမှာလည်း လေးပင်သော အိတ်နှစ်လုံးကလည်း တစ်ဘက်တစ်ချက်စီ ကိုင်ထားသလို၊ အဖုံးတစ်ထပ်ပါသော သားရေအိတ်အဟောင်းတစ်လုံးကိုလည်း စလွယ်သိုင်း လွယ်ထားရသေးသည်။ ထီးတောက်ကြီးကတော့ ရှည်လွန်းလေရာ သူမနှင့် ခါးတောင်ကျော်မလို ဖြစ်နေသည်။ ထိုထီးကို ချိုင်းမှာပဲ ညှပ်ရမလိုလို၊ မြေကြီးမှာပဲထောက်ပြီး ကိုင်သွားရမလိုလို၊ လွတ်ရာကင်းရာ တစ်နေရာရာမှာ သွားဖွင့်ဆောင်းရတော့မလိုလို ထားစရာမရှိအောင် ဗျာများနေပုံမှာ အတော်စိတ်ပျက်စရာကောင်းနေသည်။ ဒီကားကြားထဲမှာဖွင့်ဖို့ စဉ်းစားရင်း ဟိုရင်းဒီရင်းနဲ့မှ ကျော်မနေ၏ကားဘေးကိုရိုက်မိပြီး ခြစ်ရာဖြစ်သွားပုံရသည်။

ချွေးတွေဖြင့် အဆီပြန်နေသော မျက်နှာလေးက ကျော်မနေကို မရဲတရဲ မော့ကြည့်ကာ...

"ဦး....ဦးလေး"

"ဘာ...ဘာ...ဦးလေးလဲ"

အသက်သုံးဆယ် အရွယ်သာရှိပြီး၊ ရှိသောအသက်ထက် တောင် ငယ်ပုံရအောင် ချောမောလှသည့် ကျော်မနေကို ထိုမိန်းကလေးက ဦးလေးဟု ခေါ်တော့မလို အသံထွက်သောကြောင့် ကျော်မနေ ပိုဒေါကန် သွားပါသည်။ တောက်...ရုပ်က စာကလေးခေါင်းလိုလိုနဲ့ စိတ်ပျက်စရာ။ ဘယ်လိုကြည့်ကြည့် လှပါတယ်၊ ချောပါတယ်လို့ ပြောလို့မရနိုင်သော မျက်လုံးပြူးကြောင်ကြောင်နဲ့ မိန်းကလေးသည် အသက်နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်လေးသော ရှိပုံရတာမို့ ကျော်နေကို ဦးလေးလာခေါ်တော့ ဒေါက် တော့တာပေါ့။

"အဲ . . . အစ်ကိုကြီးကား ခြစ်ရာဖြစ်သွားတာ လျော်ပေ ရမလား"

အံမာ . . . နင် လျော်နိုင်လို့လား။ ကျော်နေသည် ဘယ်လိုဲ ကြည့်ကြည့်၊ အထင်ကြီးစရာပုံစံမရှိသော မိန်းကလေးကို ကဲ့ရဲ့သလို ကြည့်လိုက်ပါသည်။ ရုပ်အင်္ကျီပုံစံ လက်တို ဘလောက်စ်အကျ လေးက ပြည်တွင်းဖြစ်မှန်းလည်း သိသာသည်။ ထိုအင်္ကျီကို ဘောင် ထဲက မွှေနှောက်ရှာဖွေ ဝတ်ယူထားပုံရသော အပျော့လိုလို၊ ဆွဲသာ လိုလို၊ စကတ်ခပ်ကားကားလေးနဲ့ တွဲဝတ်ထားသေးသည်။ ခပ်လျော့ လျော့ဖြောင့်ဖြောင့် ဆံပင်တွေက ပါးသဖြင့် ခေါင်းမှာ ချေးစိုပြီး ကပ်နေ သေးသည်။ အသားလေးဖြူလို့သာ တော်တော့သည်။ အသားသာ မဖြူရင် ဘယ်လောက်ပုံဆိုးလိုက်မလဲ။

အခုလိုကိစ္စဖြစ်လို့သာ ဒီလိုမိန်းကလေးနဲ့ စကားယှဉ်ပ ပြောမိတာ။ တကယ်သာဆို ဒီလိုပုံစံမျိုးဆိုတာ ကျော်နေ အဖက်လုပ်ပြီး စကားပြောရမယ့်အထဲတောင် မပါပါ။

"သွားတော့ . . . လျော်နေလည်း အပိုပဲ၊ ဒီပိုက်ဆံလောက်နဲ့ စကားပြောရဦးမယ်၊ နင်ကိုက အနေအထိုင်မတတ်တာ"

"ကျွန်မ...စိတ်မကောင်းပါဘူး"

"စိတ်မကောင်းတော့ရော၊ နင်က ငါ့ကိုကားအသစ်ပြန်ဝယ်ပေး နိုင်လို့လား"





ကျော်နေ ဒေါသဖြစ်ဖြစ်ဖြင့် အော်ပစ်လိုက်ပြီး ရှာခနဲ လှည့် ထွက်လာခဲ့ပါတော့သည်။ နောက်ကနေ လုံခြုံရေးဝန်ထမ်းကတော့ လေလှုတ်တိုက်မတတ် ပြေးလိုက်လာပါသည်။ ကျော်နေ အဝင်ဝမရောက် ခင်မှာ သူ ကြိုရောက်ပြီး တွန်းဖွင့်ရသော မှန်တံခါးကို အသင့်တွန်းဖွင့် ပေးထားချင်၍ဖြစ်ပါသည်။

ဘဏ်အဆောက်အအုံထဲမှာတော့ Air Con ကြောင့် အေးမြနေသည်။ ကောင်တာအသီးသီးမှာ အလုပ်လုပ်နေကြသော ဝန်ထမ်းများဆီမှရော၊ ဘဏ်မှာ ငွေသွင်းငွေထုတ်၊ နိုင်ငံခြားငွေ လဲ လှယ်ရောင်းဝယ် လုပ်နေကြသူတွေရောဟာ အရှိန်အဝါတစ်မျိုးဖြင့် တောက်ပနေသော ဦးကျော်နေအား ငေး၍ ကြည့်ကျန်ခဲ့ရတော့ လေသည်။

ကျော်နေကတော့ ဘဏ်အဆောက်အအုံ၏ အပေါ်ထပ်ရုံးခန်း ဆီသို့ ဓာတ်လှေကားဖြင့်တက်ခဲ့ရင်း ခုနက ပုံစံမကျလှသော ဖြူးတိ ဖြူးကြောင်ကောင်မလေးကို ဒေါသဖြစ်နေဆဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

## (၁)

"မိနေ"

"ဘာလဲ"

"ကောင်းကောင်းမြေပါဟာ"

"ဟင် ... ကောင်းကောင်းမြေတာပဲဟာ၊ နင့်ဘာသာ ဘာတွေ အထာအနကောက်နေမှန်းမှ မသိတာ"

"နင့်ကို အလိုလိုနေရင်း ကြောက်နေလို့ပါဟာ"

နေရောင်ခြည်သည် ဝိုးသားအိုအိ အကျီလေးတွေကို မပွန်း မပဲ့မကြေရလေအောင် ဖွဖွလေးကိုင်ရင်း ပုလဲလုံးလေးတွေ သီနှံ နေတာဖြစ်သည်။ နေရောင်ခြည့်ဘေးမှာပဲ ကိုရီးယားမင်းသား[illegible]သော



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကျွတ်အိတ်အကြီးကြီး ရှိနေပါသည်။ ထိုအိတ်ကြီးထဲတွင် အရောင်အသွေး လှပစိုပြေလှသော ချုပ်ပြီးသားအကျီတွေ အထပ်လိုက် ရှိပါသည်။ နောက်တစ်ဖက်ဘေးမှာတော့ ကြယ်သီးများ၊ စိန်လုံးလေးများ၊ ဘော်ကြယ်စီးကွင်းများ၊ ပုလဲလုံးလေးများ၊ ကျောက်ရောင်စုံလှလှလေးများကို သီးသန့်စီ တစ်အိတ်စီထည့်ထားသော အထုပ်လေးတွေရှိသည့် အိတ်ကြီးတစ်လုံး ရှိနေသည်။

ပုံပုံလေးထိုင်ကာ ချုပ်နေသော နေရောင်ခြည့်ဘေးတစ်ဖက်တစ်ချက်က အထုပ်အမြင့်တွေကြောင့် နေရောင်ခြည်ဟာ အထုပ်တွေကြားထဲတောင်မြုပ်နေတော့မလို ဖြစ်နေသည်။

သက်ပြည့်အတွက်တော့ နေရောင်ခြည်ဟာ ဘယ်လိုပဲနေနေ ငေးပြီးကြည့်နေချင်စရာ အရုပ်လေးတစ်ရုပ်လိုပင်။ အခုလည်း အသားဝင်းဝင်းမှာ သနပ်ခါးပါးကွက်လေး နှစ်ကွက်နှင့် မျက်ခုံးထင်းထင်း၊ မျက်လုံးဝိုင်းဝိုင်း၊ ပိန်ပိန်သေးသေးကောင်မလေး နေရောင်ခြည်ကို မယ်တစ်ယောက်အလား စိတ်ထဲ အမှတ်တွေပေးကာ တစိမ့်စိမ့် ကြည့်နေမိသည်။

"သက်ပြည့်၊ နင် ဘာပြောစရာရှိလို့ ရောက်လာတာလဲ၊ ပြောလေ"

"မပြောခင်... ဒီမှာ ငါဝယ်လာတာလေး ယူလိုက်ပါ... မိနေ"

နေရောင်ခြည် အသာ မော့ကြည့်လိုက်သည်။

"လုပ်လာပြန်ပြီ"





"နင်ကြိုက်မှန်းသိလို့ ဝယ်လာတာပါ"

"ပိုးကြေးပန်းကြေးလိုမျိုးဖြစ်နေရင် ငါ မယူဘူး။ ဘေးပတ်ဝန်းကျင်ကမြင်ရင် ငါက ချူစားတယ်ဖြစ်ဦးမယ်"

"ဟား...ဟား...ဟား ချူစားရအောင် ငါက တော်တော်ချမ်းသာတဲ့ကောင်လား"

သက်ပြည့် သူ့ဘာသာ သဘောကျစွာ ရယ်သည်။ သက်ပြည့်ဝယ်လာတာလေးကတော့ အရောင်စိုစိုနဲ့ အုပ်လုံးသိမ်းကတ္တီပါဖိနပ်ဖါးလေးတစ်ရုံသာ ဖြစ်ပါသည်။ နေရောင်ခြည်က ကျန်တဲ့အဝတ်အစားဘာညာတွေတော့ မက်မက်စက်စက် မရှိလှပေမယ့် ကတ္တီပါအုပ်လုံးသိမ်းဖိနပ်ဖါးလေးတွေကိုတော့ အင်မတန် နှစ်သက်လှသည်။

"ငါက အဲဒီဖိနပ်လေးတွေကို ဘာမှမပါတဲ့ ပြောင်လေးတွေပဲကြိုက်တာ၊ အရောင်စုံတောင် ဝယ်စီးချင်တာဟာ၊ အဲဒီလောက်လည်း ပိုက်ဆံမဖြုန်းချင်လို့"

ဟူသော တစ်ခါတုန်းက အမှတ်မထင် ပြောခဲ့ဖူးတဲ့ နေရောင်ခြည့်စကားကို သက်ပြည့်တစ်ယောက် အသေမှတ်ကာ မကြာခဏ ဝယ်ဝယ်လာပေးတတ်တာ ဖြစ်သည်။

သက်ပြည့်နဲ့ နေရောင်ခြည်တို့က တစ်လမ်းတည်းနေ၊ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေဖြစ်ပါသည်။ သူငယ်တန်းကတည်းက အတူတူ ပညာသင်ခဲ့ရာက ဆယ်တန်းရောက်တော့ သက်ပြည့်တစ်ယောက် စိတ်သဘောတွေပြောင်းကာ နေရောင်ခြည်ကို ရည်းစားတပေးပြီး ချစ်ရေးဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်က အဲဒီတုန်းကတော့ စိတ်အတော်ဆိုးကာ သက်ပြည့်ကို လေးငါးလလောက် စကားမပြောဘဲ နေပစ်ခဲ့ဖူးသည်။ နောက်တော့ သက်ပြည့်ကပဲ လာတောင်းပန်သည်။

"နင် . . . ငါ့ကို စိတ်မဆိုးပါနဲ့ဟာ၊ နင်မခေါ်ရင် ငါ မနေတတ်လို့ပါ"

"ဒါဆို နင့်စာနင်ပြန်ယူ"

သက်ပြည့် အယောင်ယောင်အမှားမှားနဲ့ စာကို ပြန်ယူထားလိုက်ပေမယ့် သူ့ရင်ထဲမှာတော့ နေရောင်ခြည့်ကို တကယ်ချစ်တာဖြစ်ကြောင်း အော်ပြောနေခဲ့သည်။

သက်ပြည့်က ဆယ်တန်းကို နှစ်ချင်းပေါက် အောင်သွားပေမယ့် ပညာရေးမှာ အားနည်းလှသော နေရောင်ခြည်ကတော့ မအောင်ပါ။ သုံးနှစ်ဖြေလည်း မအောင်၊ လေးနှစ်ဖြေလည်း မအောင်သောအခါ နေရောင်ခြည်တစ်ယောက် ပညာရေးကို လက်လျှော့သွားပါသည်။ အကျီချုပ်ဆိုင်မှာ အကျႌဝင်လုပ်ရင်း ငွေကြေး သိပ်အဆင်မပြေလှသော မိသားစုကို ပြန်လည်ထောက်ပံ့နေရသည့် နေရောင်ခြည့်ကို သက်ပြည့် နောက်တစ်ခါ ပြန်ရည်းစားစကားပြောသောအခါမှာတော့ နေရောင်ခြည်တစ်ယောက် ငယ်ငယ်ကလောက် ဒေါသမဖြစ်တော့ချေ။

"နင့်ဘာသာ စိတ်ပြောင်းပြီး ဘာပဲဖြစ်နေနေ၊ ငါ့အတွက်တော့ နင်ဟာ ငယ်သူငယ်ချင်းပဲ၊ သူငယ်ချင်းလိုပဲ သဘောထားမယ်"





နေရောင်ခြည်က သူ့မရဲ့သဘောထားကို ထိုသို့ကြေညာကာ စည်းခြားထားလိုက်ပါသည်။ သက်ပြည့်ဘက်ကလည်း...

"ရပါတယ်ဟာ၊ နင့်အနားမှာနေရရင် ကျေနပ်ပါတယ်၊ တစ်ချိန်ချိန်မှာ နင် စိတ်ပြောင်းလာခဲ့ဖို့ကို မျှော်လင့်ပြီး စောင့်နေချင်တယ်"

အဲဒီလိုနဲ့ပဲ သက်ပြည့်နဲ့ နေရောင်ခြည်တို့ဟာ အခေါ်အပြောအဆက်အဆံမပျက်ဘဲ သူငယ်ချင်းလိုပုံစံနဲ့သာ ရှိနေခဲ့ကြတာ။ သက်ပြည့်ဘက်ကတော့ နေရောင်ခြည့်ကို အရိပ်တကြည့်ကြည့်နဲ့ ချစ်နေရတော့တာပဲပေါ့။

တကယ်တော့ နေရောင်ခြည်တို့ထက်စာရင် သက်ပြည့်တို့ကမှ ပိုမိုအခြေခိုင် တောင့်တင်းသည်ဟု ဆိုရပါမည်။ သက်ပြည့်တို့က ဒီရပ်ကွက်ရဲ့ ဈေးကြီးထဲမှာ ကုန်မျိုးစုံဆိုင်အကြီးကြီး ဖွင့်ထားနိုင်သော မိသားစုဖြစ်သည်။ ညီအစ်ကိုသုံးယောက်ရှိပြီး အစ်ကိုနှစ်ယောက်က အိမ်ထောင်ကိုယ်စီနဲ့ဖြစ်ပေမယ့် ခုထိတော့ မိဘအိမ်မှာ အတူနေထိုင်နေဆဲ။ အတူတူ ဆိုင်ကို ဝိုင်းကူသလိုလိုပုံစံတွေဖြင့် မိဘကို မှီခိုနေကြဆဲဖြစ်သည်။ အငယ်ဆုံး သက်ပြည့်ကတော့ အဝေးသင်တက်နေရင်း ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနက ဖွင့်သော စားဖိုမှူးသင်တန်းကိုလည်း တက်၊ အင်္ဂလိပ်စကားပြောလည်းတက်၊ ကြိုးစားရင်း ဘွဲ့လည်းရ၊ သင်တန်းလည်းပြီး ဖြစ်ခဲ့သည်။ ခုတော့ ဟိုတယ်တစ်ခုမှာ လက်ထောက်စားဖိုမှူးအလုပ် ဝင်လုပ်ကာစလေးရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်ထောင်ပြုရင် အဖေ၊ အမေတို့နဲ့ ကပ်မနေပါဘူးတဲ့ အစ်ကိုမိသားစုတွေကြည့်ရတာ ဆင်းမယ့်ပုံမပေါ်ဘူး"

ဟု သက်ပြည့်က မကြာခဏ ညည်းညူတတ်ပါသည်။ ဒါကြောင့်လည်း သူ့မိသားစုပိုင် ကုန်စုံဆိုင်ကြီးမှာ ဝင်လုပ်ရင်ရပေမယ့် မလုပ်ဘဲ အပြင်အလုပ် ထွက်လုပ်တာဖြစ်လေသည်။

နေရောင်ခြည်တို့ကျတော့ အဖေဟာ သူ့မမွေးကတည်းက အငှားကားမောင်းသမားဘဝ၊ သုံးဘီး၊ လေးဘီးခေတ်တနေ အခု "ကက"တွေအထိ မောင်းနေရဆဲဖြစ်သည်။ အမေကတော့ နေရောင်ခြည်တို့ငယ်စဉ်က အလုပ်ရှုပ်လို့ တိတိကျကျမလုပ်ပေမယ့် ကလေးတွေ အတန်းကြီးလာတော့ ပထမဦးဆုံး မုန့်ဟင်းခါးဆိုင်လေး ဖွင့်သည်။ နောက်တော့ ထမင်းကြော် ဘာညာ တွဲရောင်းရာက အခုတော့ ထမင်းဟင်းမျိုးစုံ တစ်ခါပြင်ဘယ်လောက်ဆိုတာမျိုး ချဲ့ထွင်ရောင်းပါသည်။

သိပ်အရောင်းရကြီး မဟုတ်သော်လည်း အိမ်စရိတ်လေးကာမိသည်ဆိုရုံပင်။ နေရောင်ခြည်တို့မှာတော့ ညီအစ်မနှစ်ယောက်ဲရှိတာ။ အကြီးဖြစ်သော နေရောင်ခြည်က ပညာရေးမှာ မထူးချွန်ပေမယ့် အငယ်မလေး နှင်းပွင့်ဖြူကတော့ ပညာရေးမှာ မဆိုးပါ။ နှင်းပွင့်ဖြူက အခုမှ ရှစ်တန်းရှိသေးပေမယ့် နေရောင်ခြည့်ထက်စာရင် အတန်းထဲမှာ အဆင့်တွေ၊ အမှတ်တွေက ကောင်းသဖြင့် ဆယ်တန်းအောင်နိုင်သည်၊ ဘွဲ့ရနိုင်သည်ဟု မိဘတွေက ယူဆပြီး





ကျူရှင်ကောင်းကောင်းလေးတွေ ထားပေးပါသည်။ ဒါကြောင့် နှင်းပွင့်ဖြူရဲ့ကျောင်းစရိတ်၊ ကျူရှင်စရိတ်ကတော့ အတော်တောပါသည်။

အမေ့ဆိုင်က ဝင်ငွေဟာ ကျူရှင်စရိတ်ဖြစ်သွားပါသည်။ အခုဆော့ အမေ့ဝင်ငွေရယ်၊ နေရောင်ခြည် အပ်ချုပ်ဆိုင်မှာ ပညာသင်ရင်းအတူဝင်လုပ်သော ဝင်ငွေရယ်နဲ့ စားလောက်သောက်လောက်ရုံလေးဖြစ်နေသည်။ အဖေက တစ်ဦးတည်းသောသားမို့ သူ့မိဘက အမွေထားခဲ့သည့် အိမ်လုံးချင်းလေးရှိနေ၍ အိမ်လခ ဘာညာကုန်စရာမလိုတာဘဲ တော်လှပါသည်။

"ငါ . . . ဒီနေ့လေ၊ အန်တီကနိုင်းလို့ မြို့လယ်ခေါင်ဘက် ခဏသွားရတယ်"

နေရောင်ခြည်က ဘာရယ်မဟုတ် စကားပြောစရာဆိုလို့ သက်ပြည့်ပဲရှိရာ စကားဆက်လိုက်သည်။

"အဲဒီအန်တီကလည်း သူ့ဆိုင်မှာ နင်လုပ်တာ အကူအချုပ်သမားအလုပ်ကို သူ့အိမ်ကိစ္စတွေ မြို့ထဲလွှတ်ပြီး ခိုင်းခိုင်းနေတာတော့ မကောင်းဘူး။ ငါ မကြိုက်ဘူး မိနေ"

"မကြိုက်လည်း ဘာတတ်နိုင်မလဲ၊ ငါက သူ့ဆီက ပညာယူချင်တာကို၊ သူများတွေက ပိုက်ဆံပေးပြီး သင်တာဟ၊ ငါက ပိုက်ဆံမပေးနိုင်တော့ အလကားသင်ပေးရတဲ့သဘောပဲ၊ အမေ့သူငယ်ချင်းဟောင်းဆိုတဲ့ မျက်နှာနဲ့ ငါ့ကို သူ့ပညာတွေ အလကားသင်ပေးတာဆိုတော့ ဒီလောက်တော့ လုပ်ပေးသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . နင်က အဲဒီလို ငုံ့ခံနေလို့ ဟိုက တိုးတိုးပြီး နိုင်ကောင်းနေတာ"

"သက်ပြည့်ကလည်းဟယ်၊ ငါ့ကို သူ့အိမ်မှာ ပန်းကန်ဆေးခိုင်းတာမှမဟုတ်တာ၊ မြို့ထဲမှာ ဝယ်စရာလေးဘာလေး ပေါ်တာတို့၊ မိတ်ဆွေနဲ့သွားပြီး ဆောင်ရမှာတို့၊ ဖုန်းဘီလ်ဆောင်နိုင်းတာတို့လောက်ပါ"

နေရောင်ခြည် ဝင်လုပ်နေသော အပ်ချုပ်ဆိုင်မှာ ဒီမြို့နယ်ဘက်မှာတော့ နာမည်ရ ဆိုင်တစ်ဆိုင် ဖြစ်သည်။ မော်ဒယ်တချို့မင်းသမီး၊ အဆိုတော်ပေါက်စတချို့တွေ ချုပ်ကြသလို၊ မြို့ထဲရှိ ရပ်ကွက်တွေမှာ ရှင်ပြုအလှူတို့၊ မြို့နယ်ထဲက ခန်းမမှာဆောင်တဲ့ သာမန်မင်္ဂလာဆောင်လေးတို့၊ ရပ်ကွက်က သကြြန်ယိမ်း ဘာညာတို့ဆိုရင်တော့ ဒိုင်ခံချုပ်ပေးရတဲ့ ဆိုင်မျိုးဖြစ်သည်။ ဆိုင်ရှင်အန်တီက နေရောင်ခြည်အမေနဲ့ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းဟောင်းတွေ ဖြစ်သည်။ အမေရော၊ ထိုအန်တီရော ဆယ်တန်းမအောင်လေရာ အမေကတော့ အိမ်ထောင်ပြုလိုက်ပြီး ထိုအန်တီကတော့ အမျိုးကြီးဘဝနဲ့အင်္ကျီချုပ်ဆိုင်ဖွင့်ရင်းက တဖြည်းဖြည်း နာမည်ရလာတာဖြစ်ပါသည်။ နေရောင်ခြည့်ကိုတော့ အမေ့မျက်နှာဖြင့် သူ့ပညာကို အခမဲ့သင်ပေးရင်း အလုပ်ခန့်ပေးထားတာ ဖြစ်ပါသည်။

"ကံကောင်းလို့ သိလား၊ ငါဒီနေ့ သူများကို လျော်ရတော့မလို့"

"ဘာဖြစ်ခဲ့လို့လဲ"

"အန်တီဝယ်ခိုင်းတဲ့ပစ္စည်းတွေ များလို့ အလုပ်တွေ မနိုင်





နင်းဖြစ်နေတော့ ထီးဖွင့်ဖို့ကြိုးစားတာ၊ ငါ့ထီးက သူများကားကို ရိုက်မိပြီး ခြစ်ရာဖြစ်သွားတယ်"

"ဟုတ်လား၊ နင့်ဟာကလည်း ရိုက်မိတာလေးနဲ့ ခြစ်ရာဖြစ်ရလား"

"ငါ့ထီးကို နင် မြင်ဖူးသားပဲ၊ ထိပ်မှာ သံထိပ်ဖူးဖြစ်နေတာ"

"အေး . . . ဟုတ်သားပဲ၊ နင့်အဘိုးထားခဲ့တဲ့ ဖဲထီးကြီးလေ . . . အား . . . ဟား"

"အဲဒီထီးက နိုင်လို့ ငါ ကြိုက်တယ်၊ အခုခေတ်ထီးတွေက ခေါက်ရိုးလို့ရပေမယ့် ခဏလေးပဲ ခံတယ်၊ မိုးတစ်ခါရွာလိုက်၊ လေပြင်းပြင်းတိုက်လိုက်ရင် ကျိုးပြီ၊ ပြင်ခနဲ့ မွဲမယ်"

"အဲဒါ ထားပါတော့၊ နင်ကလည်း ကားတွေကြားထဲမှာမှ ထီးဖွင့်ဖို့ လုပ်ရသလား၊ စဉ်းစားမှပေါ့"

"ငါလည်း လုပ်ပြီးမှ မှားမှန်းသိသွားတယ်၊ ဒါပေမယ့် နောက်ကျသွားပြီလေ"

"ကားပိုင်ရှင် တွေ့သွားရောလား"

"တွေ့ရုံဘယ်ကမလဲ၊ ဟိန်းလိုက်ဟောက်လိုက်တာ ပြောခနေပါနဲ့၊ ပိုဆိုးတာက ငါကလည်း လန့်ပြီး သူ့ကို ဦးလေးခေါ်မိတော့လေ၊ သူကို လည်ပင်းညှစ်သတ်တော့မလို ပုံစံနဲ့ ဖြစ်သွားတာ . . . ဟီး . . . ဟီး"

"အောင်မာ . . . ဒါကို ရယ်ရသေးတယ်နော်"

"အဲဒီလူက အသက်သိပ်မကြီးပါဘူး၊ ငါက အရမ်းလန့်နေတော့ ယောင်ပြီး ဦးလေးခေါ်မိတာပါ၊ အဲဒီနားက ထွက်လာမှ ငါလည်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ရယ်ချင်နေတယ်၊ ဦးလေးခေါ်ရလောက်အောင် အရွယ် မဟုတ်ဘဲ ဘာလို့ဦးလေးလို့ ယောင်မိပါလိမ့်လို့ဆိုပြီး...”

“အေး . . . အဲဒါ ထားပါတော့၊ ဟိုက အလျော်မတောင်းဘူး မဟုတ်လား”

“ငါကတော့ ဟန်ကိုယ့်ဖို့ဆိုပြီး လျော်ပေးရမလား မေးရ ပေါ့ဟာယ်၊ ဒါပေမယ့် မလျော်ရပါဘူး”

“ကောင်းကောင်းတော့ အဆဲခံလိုက်ရတယ်မဟုတ်လား”

“နင်လျော်လည်း အဲ့ဒိပဲ၊ ဘာညာပေါ့ဟာ၊ မဆဲပါဘူး။ ဒါပေမယ့် အနားမှာ ဘယ်သူမှသာမရှိရင် ငါ့ကို ရိုက်သတ်ပစ်ချင်တဲ့ပုံပဲ သိလား ရုပ်ကြီးကဖြစ်ပျက်နေတာ”

သက်ပြည့်က လိုက်မရယ်နိုင်။ နေရောင်ခြည့်ကို သူများ ဟိန်းဟောက်အော်ငေါက်သွားသည်ဆိုသော အဖြစ်ကို စိတ်မကောင်း ဖြစ်နေမိသည်။ အပျိုအရွယ်လေးတစ်ယောက်၊ လူတွေ သတိထား ကြည့်မိရလောက်အောင် အအော်အငေါက်ခံရရှာတယ်။ နေရောင်ခြည် ကသာ ဒါကို ခပ်ပေါ့ပေါ့ပြောပေမယ့် စိတ်ထဲမှာတော့ ရှက်နေရှာ အမှန်ပဲဟု စာနာမိပါသည်။

“ကားက အကောင်းစားကြီး သိလား၊ 4WD အကောင် စားလေ၊ အနက်ရောင်”

“ဒီလောက်ချမ်းသာရက်နဲ့ သူ့ကား ခြစ်ရာလေးဖြစ်သွားတာ ကို ဒေါသဖြစ်ပြီး အော်စရာလား၊ ငါသာပါရင် အဲဒီလူမျက်နှာ





ပိုတ်ဆံနဲ့ပေါက်ပြီး လျော်ခဲ့မယ်”

“လျော်ကြေးက တစ်သိန်းလောက်ဆို နင် ဘယ်လိုလုပ်မလဲ သက်ပြည့်”

သက်ပြည့် စိတ်ဆိုးသွားသလိုမျက်နှာနှင့် နေရောင်ခြည့်ကို ရှုတည်တည်ကြီး ကြည့်လေသည်။ ဘယ်တော့မှ အိတ်ထဲမှာ တစ်သိန်း ပြည့်အောင် မကိုင်နိုင်သူတွေဆိုတော့ ဒီစကားဟာ သူ့ကို တမင်ရိ သလိုမျိုးဖြစ်နေသည်။

“ဆောရီး...ဆောရီး...ငါက နောက်တာပါ”

“နင့်မို့လို့နော်၊ တခြားကောင်ဆို ငါ ဆွဲထိုးပြီးပြီ”

“သိပါတယ် သိပါတယ်၊ သက်ပြည့်ဆိုရင် ခွေးကအစ ကြောက် တယ်ဆိုတာ”

သက်ပြည့်က နာမည်ကသာ ခပ်အေးအေး။ ခပ်ရိုးရိုးနာမည် လေးပေမယ့် လူကတော့ တကယ့် “ဇော်” ပင်။ စိတ်လည်းဆတ်ပြီး ဆိုကနဲဆို ရပ်ကွက်ထဲမှာ သက်ပြည့်မပါတဲ့ ရန်ပွဲဆိုတာ မရှိ သလောက်ပင်။ သက်ပြည့်မှာ အသားမဖြူမည်း၊ ရုပ်ဖြောင့်ဖြောင့် လေးနဲ့ ဘွဲ့ရ၊ အင်္ဂလိပ်စကားပြောကျွမ်းကျင်၊ နာမည်ရှိသော ဟိုတယ် တစ်ခုက လက်ထောက်စားဖိုမှူးဆိုသော ဂုဏ်၊ မိဘတွေက အသင့် အတင့်ပြည့်စုံသော ဆိုင်ပိုင်ရှင်တွေဆိုသော ဂုဏ်တွေကြောင့် ဒီ ရပ်ကွက်အသိုင်းအဝိုင်းလေး အတွင်းမှာတော့ လိုချင်သူမိန်းကလေး တွေ ဝိုင်းဝိုင်းလည်နေပါသည်။ သို့သော် သက်ပြည့် မျက်လုံးထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ နေရောင်ခြည်ကသာ ချစ်ဖို့အကောင်းဆုံးလို ဖြစ်နေသည်။ သူ့ရင်ထဲမှာတော့ ဆံပင်ပါးပါးပျော့ပျော့ ဆံပင်လေးတွေ ပခုံးကျော်ရုံ ရှည်လျက် အသားဖြူဖြူ၊ ခပ်သေးသေး ကောင်မလေးသည်သာ ချစ်စရာလို့ အမှတ်ပေးကာ ဘယ်သူနဲ့မှ အစားထိုးမရအောင် ချစ်နေတာမျိုးပင်။

နေရောင်ခြည်ကသာ သူ့အပေါ် သူငယ်ချင်းလို သဘောထားပေမယ့် သက်ပြည့်ကတော့ ချစ်သူလိုကို ချစ်နေခဲ့သည်။ တစ်နေ့ကျရင် နေရောင်ခြည်ဟာ လူတစ်ယောက်ကို လက်တွဲဖို့ စဉ်းစားလာခဲ့ရင် သက်ပြည့်သည်သာ ရွေးချယ်သင့်သူဟု စဉ်းစားစေရမည်လို့ မျှော်လင့်ကာ တစ်နေ့တစ်ခေါက်လောက်တော့ နေရောင်ခြည့်ထံ မဖြစ်မနေ ရောက်ရောက်လာနေရသူ ဖြစ်နေလေသည်။

* * *

# (၂)

"ဟာ...ဘယ်လိုများ မောင်းနေတာပါလိမ့်"

ကျော်နေ ကားဘရိတ်ကို ဆောင့်နင်းကာနင်းကာ နောက်ကလိုက်မောင်းနေရသဖြင့် စိတ်ပျက်လက်ပျက် အသံထွက်အော်မိသည်။ အဲဒီကားကို ကျော်တက်ချင်တာလည်း ကျော်လို့မရ။ လမ်းက နှစ်လမ်းမောင်းဖြစ်ကာ ကျဉ်းလည်းကျဉ်းသဖြင့် ကားအသွားအလာလည်း ရှုပ်သဖြင့် ကျော်တက်လို့မရ။

ရှေ့က အငှားကားမှာ ကွေ့ပဲကွေ့တော့မလိုလို၊ အရှိန်မြှင့်လိုက်ပြီး ဆက်မောင်းတော့မလိုလို၊ ချီတုံချတုံဖြစ်နေပုံဖြင့် ကျော်နေ၏ကားကို နှောင့်ယှက်သလိုတောင် ဖြစ်နေသည်။ ကားသာ ဘရိတ်မကောင်းရင် ဝင်ဆောင့်ဖို့တောင် ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်တော့၊ ဒီလိုလုပ်နေတာ ဆယ်မိနစ်လောက်ရှိတော့မည်၊ ကျော်မနေ ကားဟွန်းကို တစ်ချက်လေး တီးလိုက်ပါသည်။

"တီ......"

ရှေ့ကားမောင်းသူက နောက်ကြည့်မှန်မှ တစ်ချက်လှမ်းကြည့်သည်။ အံ့ရော၊ ကျော်မနေရဲ့ကားကြီး နောက်ကပါလာတာကို အခုမှ မြင်ပုံဖြင့် ကမန်းကတန်း အရှိန်ကို မြှင့်မောင်းလေသည်။ ဒီတော့မှ ကျော်မနေလည်း ဟူးခနဲ တစ်ချက်လေ မှုတ်ထုတ်မိ၏။

ရှေ့ကကား မြန်မြန်သွားမှပဲ၊ ဟိုလမ်းချိုးကျော်ရင် လမ်းက နစ်စီးသွား လမ်းကြော ပြန်ဖြစ်မှာမို့ ကျော်တက်နိုင်မည်၊ နောက်ဆို ဒီအငှားကားနောက်က တစ်ချိန်လုံးလိုက်နေလို့ကတော့...

"ဟာ...ရှတ်(တ်)"

အတွေးနဲ့ အရှိန်မြှင့်မောင်းနေစဉ် ရှေ့ကအငှားကားမှာ ဖြုန်းခနဲကြီး ရပ်ချလိုက်လျှင် ကျော်မနေ ရုတ်တရက် လန့်သွားပြီး အသံကျယ်ကြီးမြည်အောင် ဘရိတ်(ခ်)ကို အုပ်ချလိုက်ရတော့သည်။

"ကျွီ...."

ဆိုသော အသံကြီးဖြင့် ကျော်မနေ၏ကားကြီးမှာ ရပ်သွားသော်လည်း အငှားကားရဲ့နောက်ဖင်ကိုတော့ ရှိတ်ခနဲ သွားဆောင့်ဖြစ်အောင် ဆောင့်လိုက်သေးလေသည်။

"တောက်...ဘာဖြစ်ရတာလဲကွာ"

ဘေးဘီက လူတချို့ကတော့ ကားချင်းရှိတ်မိတာ မဆန်းပေမယ့် ရှေ့က အငှားကားဆီ ပိုပြီး အာရုံစိုက်ကြည့်နေကြသည်။





ကျော်မနေ ကားတံခါးကို ဖွင့်ဆင်းလိုက်ရပါသည်၊ နေပူပူထဲ ဘယ်တော့မှ မထွက်လိုသော ကျော်မနေအဖို့ အပြင်က နေအပူရှိန်ကြောင့် အတော်စိတ်ပျက်သွားပါသည်။ နေကာမျက်မှန် အနက်ကို တပ်ထားတာမို့ မျက်လုံးတွေ မကျိန်းသွားသော်လည်း အကျီလွတ်နေသော အသားပေါ်မှာတော့ နေပူပူက လောင်မြိုက်အိုက်စပ်သွားစေပါသည်။ ရှေ့ကားကလူမှာ ကားချင်းရှိတ်မိတာတောင် ဆင်းမလာဘဲ နေစိမ့်နေသဖြင့် ကျော်မနေ ခါးကို ခပ်ပြေပြေထောက် ရပ်စောင့်မနေနိုင်တော့ဘဲ ရှေ့ကားဆီ လျှောက်လာစဉ်...

"ဒရိုင်ဘာ . . . ဒရိုင်ဘာဦးလေးကြီး ဘာဖြစ်သွားတာလဲ မသိဘူး၊ မျက်နှာကြီးရှုံ့မဲ့ပြီး ရင်ဘတ်ဆောင့်မိတာလားမသိဘူး၊ ရင်ဘတ်ကို ဖိထားတယ်"

"ကားချင်းရှိပ်ပေမယ့် နောက်ကားက ဘရိတ်မိလို့ တအားကြီး ဝင်မတိုက်မိပါဘူး၊ လူ ဘာမှဖြစ်စရာမရှိဘူး"

ဟူသော လမ်းဘေးက ရပ်ကြည့်နေသူတွေ၏ အသံကြောင့် ကျော်မနေ နည်းနည်းစိတ်ပူသွားပါသည်။ သူ့ကြောင့်မဟုတ်မှန်း သိပေမယ့် အမှုအခင်း၊ အရှုပ်အရှင်းတွေကို သူ ရင်မဆိုင်ချင်ပါ။

ကကအငှားကားဘေး ရောက်သောအခါ အတွင်းကို ငုံ့ကြည့်ရင်း ရင်ဘတ်ကို ဖိထား . . . တအင်းအင်း ညည်းညူရှုံ့မဲ့နေသော ကားမောင်းသူကို တွေ့ရသည်။

"ဟေ့လူ...ဟေ့လူ...ဘာဖြစ်တာလဲ၊ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင့် ......အောင့်တာ၊ အား .....ရင်ဘတ်ထဲက ....ထိုးပြီး..."

"ခင်ဗျား...နလုံးရောဂါရှိတယ်"

ကျော်ခေန အမေးမဆုံးခင် ထိုလူက အသက်ပဲငင်တော့မလိုလို သတိမေ့တော့မလိုလို ဖြစ်လာလျှင် သူ တော်တော်အကြံအိုက်သွားပါသည်။

"ဆေးရုံပို့မှဖြစ်မယ်ထင်တယ် ဆရာ"

ဘေးမှာ လာရပ်ကြည့်သူက ကျော်ခေန၏ အသွင်အပြင်ကို ကြည့်ကာ အလကားနေရင်း ဆရာခေါ်လျက် ဝင်အကြံပေးပါသည်။ အင်း...လုပ်ပြီ။ လူတွေဟာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်ဝင်ပါပြန်ပြီ။

"အပန်းမကြီးရင် ဆေးရုံပို့ပေးပါလားဗျာ"

အဲဒီလိုစကားမျိုး ထွက်လာတော့မယ်ဆိုတာလည်း အလိုလိုပင် ကြိုသိပြီးသားဖြစ်နေသည်။

"ဆေးရုံကား ခေါ်လိုက်ပါ၊ ကျွန်တော် ပို့ပေးလို့ မဖြစ်ဘူး ကျွန်တော် သွားစရာရှိတယ်"

တစ်ဖက်လူက ဘယ်လိုကြည့်နေမည်ဆိုတာကို ဂရုမစိုက်ဘဲ သူ့မိုဘိုင်းဖုန်းဖြင့် ဆေးရုံကားခေါ်ဖို့ ခလုတ်နှိပ်လိုက်သည်။

"ဆရာ့ကားနဲ့ခေါ်သွားရင်တော့ ပိုအဆင်ပြေတာပေါ့။ ဆေးရုံကားခေါ်နေရင် စောင့်ရမှာနဲ့ဘာနဲ့ဆိုတော့"

အရေးထဲ ဆရာလုပ်နေသောလူကို ဘုကြည့်ကြည့်လိုက်ပြီး...





"ခင်ဗျားနဲ့ဒီလူ ဘာတော်လဲ"

ဟု ပြန်မေးလိုက်သည်။

"ဘာမှမတော်ပါဘူး၊ လူလူချင်း စေတနာထားပြီး ကူညီတဲ့ အနေနဲ့ပါ"

"ခင်ဗျား သိပ်ကူညီချင်ရင် ခုချက်ချင်း ကားငှားပြီး ဆေးရုံ ခေါ်သွားပေးလိုက်"

ဟိုလူ နည်းနည်းစိတ်တိုသွားဟန်ဖြင့်...

"ဆရာ့မှာ ကားရှိလို့ အကူအညီပေးဖို့ ပြောနေတာပါ"

"ဒီလူ ကျွန်တော့်ကားပေါ်သေသွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ...အဲဒီလို မပြောပါနဲ့ဗျာ"

တက္ကစီမောင်းသူ လူကြီးကတော့ ရောဂါဝေဒနာ ခံစားရင်း အသက်တောင်မနည်းရှူနေရသောကြောင့် ဘာတစ်ခွန်းမှဝင်မပြောနိုင်။ သို့သော် ကျော်ခေန၏ မောက်မာသော အပြောအဆိုတို့ကြောင့် အကူအညီမယူလိုဟန်ဖြင့် လက်ကို အသာယမ်းရင်း...

"ရ...ရ...ရပါတယ်"

ဟုသာ ပြောနိုင်သလောက် ဝင်ပြောနေသည်။ ကျော်ခေန ဆေးရုံကားကိုသာ ဖုန်းဆက်ခေါ်ပေးလိုက်ပါသည်။ ပြီးတော့ သူ့ကို ဝိုင်းကြည့်နေသူအားလုံးကို လုံးဝဂရုမစိုက်ဘဲ သူ့ကားပေါ် ပြန်တက်သွားပြီး အားလုံးကိုကွေ့ရှောင်မောင်းကာ ထွက်လာလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်း နောက်ကြည့်မှန်ထဲမှ သူ့ကားကို ရပ်ကြည့်၊ ဝေဖန်ပြောဆိုကျန်ခဲ့ကြသော လူတွေကိုပြန်ကြည့်ရင်း...

"အလကားလူတွေ၊ လူတွေရဲ့စိတ်ဟာ ပိုက်ဆံရှိတဲ့သူဆိုရင် အကူအညီ တောင်းလိုက်မယ်၊ အားကိုးလိုက်မယ်ဆိုတဲ့စိတ် ရှိကိုရှိတယ်၊ ပိုက်ဆံရှိတဲ့လူမှာလည်း သူ့ဟာနဲ့သူ အလုပ်လုပ်စရာတွေ ပိုများနေမှာတော့ မတွေးကြဘူး၊ အလကားနေရင်း ပိုက်ဆံရှိနေတာမှ မဟုတ်တာ၊ အလုပ်ကို လောဘတကြီးလုပ်လို့ ပိုက်ဆံရှိနေတယ်"

ကျော်မနေ တစ်ယောက်တည်း ရေရွတ်ပြောဆိုပစ်လိုက်သည်။

လူတစ်ယောက် ပင်ပန်းကြီးစွာ အသက်ရှူရှိုက်လျက် ရောဂါဝေဒနာ ခံစားနေရတာကို သူ့ခေါင်းထဲမှာ မရှိပါ။ ကူညီဖို့လည်း စိတ်မကူးပါ။ ကျော်မနေဟာ သူ့အကျိုးမရှိလျှင် ဘာအတွက်မှ အချိန်မဖြုန်း။ ဘယ်သူ့ကိုမှ မကူညီချင်။ ဒါ့အပြင် သူဟာ ပိုက်ဆံမရှိသော လူမွဲတွေဆို အလိုလိုနေရင်း အထင်သေးလျက် အရောမဝင်ချင်သော စိတ်ဓာတ်လည်းရှိသေးလေသည်။

အိမ်ရောက်တော့မှ ကျော်မနေ သူ့ကား သူစစ်လိုက်ပါသည်။ သူ့ကားက ဘာမှမဖြစ်ပါ။ ကားဘန်ပါ ရှေ့အပါအဝင် မီးသီးကြီးတွေ အထိပါ။ ကားအောက်သံထည် ဘားတန်းလှလှကြီးတွေနဲ့ ကာထားတာမို့ ဘာမှပင်မဖြစ်လိုက်။

တကယ်တော့ သူ့မှာ ကားတစ်စီးကို နမြောကာ နေရလောက်အောင် ကားတွေ ရှားပါးနေတာလည်း မဟုတ်ပါ။ သူ့အိမ်မှာဆို





ခရီးဝေးတွေဘာတွေသွားရင် သုံးဖို့ Hiace ဟိုင်းအေ့(စ်)တစ်စီးနှင့် Camery ကင်မရီဆလွန်းတစ်စီး ရှိသေးသည်။ သို့သော် ကျော်မနေအကျင့်က ကားအသစ်ဆိုလျှင် ပိုမက်မောလျက် ပွန်းရာခြစ်ရာပင် မရှိစေချင်တာမျိုးဖြစ်သည်။

ဒီ ဂျိပ်ချယ်ရီရိုကီးဟာ ဝယ်ပြီးမှ နှစ်ခါရှိပြီ။ ပြဿနာနည်းနည်းဖြစ်တာ။ ဟိုတလောက ကောင်မလေးတစ်ယောက် ထီးချွန်ကြီးနဲ့ခြစ်သွားလို့ ပြန်ဆေးမှုတ်ထားရတယ်။ ဒီတစ်ခါတော့ တက္ကစီကားဖင်နဲ့သွားငြိတာ။ ဒါပေမယ့် တော်သေးတယ်။ ဘာမှမပွန်းဘူး။ အင်း . . . တက္ကစီကတော့ ကားနောက်ဘန်ပါကြီးချိုင့်ပြီး ပြုတ်ကျတော့မလိုတွဲလောင်းကြီးဖြစ်သွားသလားပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၃)

နေရောင်ခြည်သည် အသာမှိန်းနေသော အမေ့ကို ယပ်တောင် …ဖြင့် ခတ်ပေးရင်း အိမ်ပေါ်တက်လာသော ဧည့်သည်တစ်စုကို …မ်းကြည့်လိုက်ပါသည်။ မျက်မှန်းတန်းမိသော လူကြီးနှစ်ဦး၊ သုံးဦး ယောက်ကို အသာခေါင်းဆတ်၍ နှုတ်ဆက်လိုက်သည်။

"အစ်မကြီး…နေသာရဲ့လား"

အမေ့သတင်းကို မေးလျက် မနီးမဝေးလေးမှာ သူတို့ဘာသာ ဝင်ထိုင်လိုက်ကြသည်။

"အဲဒီနေ့က ဦးတို့လည်း တော်တော်စိတ်မကောင်းဖြစ်ပြီး ငြိမ်သွားမိတော့ အသုဘ ဘယ်နေ့ချဖြစ်မလဲဆိုတာတောင် မမေး ဘူး။ သုံးရက်တော့ ထားမှာပဲလေဆိုပြီး ဒီနေ့ကို မှန်းလာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်သည် ထိုနေ့ကို ပြန်သတိရသွားကာ မျက်ရည်တွေပြန်ဝဲတက်သွားမိသည်။

"အဲဒီနေ့ညနေပဲ ရေဝေးမှာ ချလိုက်ပါတယ်ရှင်၊ သမီးတို့လည်း သိပ်တတ်နိုင်ကြတာ မဟုတ်မှန်းသိတော့ ဆေးရုံကပဲ နာရေးကူညီမှုအသင်းကို ဖုန်းဆက်ပေးပါတယ်၊ နေ့တွင်းချင်း ချလိုက်တာဟာ အားလုံးအတွက် အဆင်ပြေဆုံးပါပဲလို့ ဆုံးဖြတ်ပြီး..."

နေရောင်ခြည် ဆက်မပြောနိုင်တော့ဘဲ အသာရှိုက်လိုက်မိသည်။ အဖေ့ကို ပြုတောင်မပြုစုလိုက်ရဘူး။ ဝိညာဉ်ကင်းမဲ့နေတဲ့ အဖေ့ခန္ဓာကိုယ်ကို ကြာကြာဆက်မကြည့်လိုက်ရဘူးဆိုသော အတွေးတွေ၊ ဝမ်းနည်းစိတ်တွေနဲ့ လူက ယူကျုံးမရဖြစ်နေတော့သည်။

"ဒါ ဦးတို့အုပ်စု ထည့်ဝင်တဲ့ ကူငွေပါ သမီး၊ များတယ် နည်းတယ်လို့မဟုတ်ဘဲ လက်ခံပါ"

"ကျေး...ကျေးဇူးတင်ပါတယ်ရှင်"

"အမှန်တော့ အဲဒီနေ့က မဖြစ်သင့်ဘဲ ဖြစ်သွားတာ"

လူတစ်ယောက်က မကျေမနပ်လိုလို ဝင်ပြောပါသည်။

"သမီးအဖေမောင်းတဲ့ ကားနောက်မှာ ကပ်ပါလာတဲ့ကားက ကူညီရင် ရသားနဲ့"

"အေးလေ . . . ငါတို့ လမ်းဘေးကကြည့်နေတာ ရှေ့ကားက တုံ့နေးတုံ့နေးဖြစ်လို့ဆိုပြီး အဲဒီကားဟာ ဒေါသတကြီး နောက်ကား ထိလုထိခင် ကပ်လိုက်လာပြီး ဟွန်းလည်းတီးသေးတယ်နော်"





"တကယ်တော့ သမီးအဖေက နှလုံးထဲက စအောင့်လာလို့ ကားသေသေချာချာမောင်းလို့မရတာ ဖြစ်မယ်"

"နောက်ကားက ဟွန်းအကျယ်ကြီး ထပ်တီးတော့ လန့်ပြီး ပြန်တစ်ချက်မောင်းထွက်သွားသေးတယ်"

သူတို့ တစ်ယောက်တစ်ပေါက် ပြောနေကြတာကို နားထောင်ရင်း ဟုတ်တယ်။ အဖေက သိပ်အားနာတတ်တာ။ သူများကို သိပ်အလိုက်သိတတ်တာ။ သူတစ်ပါး သူ့အပေါ် ငြိုငြင်မှာကို သိပ်စိတ်ပူတတ်တာလေ။ ဒီတော့ နှလုံးအောင့်တဲ့ဝေဒနာ ခံစားနေရတာတောင် နောက်ကားကပ်ပါလာပြီး ဟွန်းတီးတော့ အားနာတာ၊ စိတ်ပူတာတွေရောပြီး ကားကို ကြိုးစားပြီး ဆက်မောင်းတာဖြစ်မယ်ဟူသော အတွေးကို သူမဘာသာ အသံတိတ်ပြောနေတော့လေသည်။

"အဖေ့မှာ နှလုံးရောဂါရှိမှန်းတောင် မသိဘူး၊ အဖေက ခံစားရတာကိုလည်း သိပ်ညာတာလေ၊ သူ နည်းနည်းနေထိုင်မကောင်းရင် သူ့ဘာသာပဲ ဆေးခန်းသွားပြပြီး ဆေးကျိတ်သောက်တာမို့ သူမှာ ဘာရောဂါရှိမှန်းတောင် မသိကြဘူး"

နေရောင်ခြည် ဆွေးဆွေးမြည့်မြည့်လေး အဲဒီလောက်သာ ထုတ်ပြောနိုင်သည်။

"အဲဒီလူသာ ချက်ချင်း ဆေးရုံကို လိုက်ပို့ပေးနိုင်ရင် အသက်မီနိုင်သေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောသားပဲ၊ သူ့ကားပေါ်မှာ သေသွားရင် ဘယ့်နယ့်လုပ်မလဲဆိုပြီး ငါတို့ကို ပြန်တောင်အော်သွားတာလေ"

"ငါ အမြင်ကတ်ကတ်နဲ့ ကားနံပါတ်တောင် မှတ်ထားလိုက်သေးတယ်၊ ကားက အနက်ရောင်ကြီး၊ 4WD ပဲ၊ ပါရာဒိုတို့၊ ဆာ့(ဖ်) တို့တော့ မဟုတ်ဘူး၊ ကားနံပါတ်က (---------) တဲ့၊ တကယ့်နောက်ဆုံးနံပါတ်ပဲ"

"လူကလည်း တကယ့်ကို သူဌေးပုံပါပဲ၊ သူဆင်းလာတာနဲ့ အနားတစ်ဝိုက်မှာ အရောင်တွေလင်းသွားသလိုပဲ"

"ခင်ဗျားကလည်း အရေးထဲ မိန္ဓာနတ်ဆိုးစိတ်ရှိတဲ့သူကိုများ ညွှန်းနေရပြန်ပြီ"

"အေးလေကွာ . . . . . နတ်ဆိုးမို့ နတ်ဆိုးအရောင်ထွက်နေတာမျိုး"

"ကားနံပါတ်မှတ်ထားလိုက်ပြီး ခင်ဗျားက ဘာလုပ်မလို့လဲ"

"ထင်းခွေမကြံ့ ရေခပ်ကြံ့မှာပေါ့ဗျာ။"

တစ်ရက်ရက် လမ်းပေါ်မှာတွေ့ရင် လူလစ်တုန်း ကားဘီးဖေါက်မယ်၊ ဘော်ဒီကို သံချွန်နဲ့ခြစ်မယ်"

"ဟား . . . ဟား . . . ခင်ဗျားလုပ်သလောက်တော့ အပျော့ပဲပေါ့၊ သူဌေးတွေဗျ၊ ကားဒီလောက်ဖြစ်တာလေးကို ပိုက်ဆံပုံပေးပြီး ပြင်မှာပါ"

နေရောင်ခြည်ကတော့ အဲဒီဦးလေးကြီးတွေ တစ်ယောက်တစ်ပေါက် ပြောနေသည်ကို ဟိုလူ့မျက်နှာ ကြည့်လိုက်၊ ဒီလူ့မျက်နှာ ကြည့်လိုက်နဲ့သာ နားထောင်နေခဲ့သည်။ သူတို့ကတော့ နေရောင်ခြည်တို့သားအမိတွေ စိတ်ပြေလက်ပျောက် ဖြစ်ပါစေတော့ဆိုပြီး ပြောချင်ရာပြောနေတာပေမယ့် နေရောင်ခြည့်စိတ်ထဲမှာတော့ ကားနံပါတ် (------) နှင့် 4WD ကားအနက်ရောင်ကြီးဆိုတာကိုသာ မှတ်နေခဲ့သည်၊ သူတို့ ရယ်သလိုမောသလို ပြောပေမယ့် နေရောင်ခြည်ကတော့ သူတို့ပြောသော အကြံအစည်အတိုင်း လမ်းတွေ့ရင် ကားဘီးကို ဖောက်မယ်၊ သံချွန်နဲ့ ခြစ်မယ်ဆိုတာကို လုပ်ဖို့ စိတ်ကူးနေသည်။

အဖေဟာ ဆေးရုံကားအလာကို စောင့်နေစဉ်မှာ ပိုအခြေအနေဆိုးရွားလာပြီး လူတစ်ကိုယ်လုံး ပြာနှမ်းနေပြီဟု ပြန်သိရသည်။ ဆေးရုံကားပေါ်ရောက်တော့ ကားပေါ်မှာပါသည့် အသက်ကယ်ပစ္စည်းတွေ၊ အောက်စီဂျင်တွေ၊ ထိုးဆေးတွေနဲ့ ရအောင်အသက်ကယ်ပါသော်လည်း ကားပေါ်မှာပင် ဆုံးပါးသွားသည်ဟု ပြောပါသည်။

ဆေးရုံကိုရောက်တော့ အဖေ့ကို ဝိညာဉ်ကင်းမဲ့သော ခန္ဓာကိုယ်အဖြစ်နဲ့သာ မြင်ရသည်။ အမေဟာ မြင်မြင်ချင်း ရင်ထဲဆို့ပြီး . . .

"အမယ်လေး . . . ကိုမောင်ရဲ့"

ဟု တစ်ခွန်းသာအော်လိုက်နိုင်ပြီး သတိမေ့လဲသွားခဲ့ပါသည်။ နေရောင်ခြည်နဲ့ ညီမလေး နှင်းပွင့်ဖြူတို့ကတော့ အမေ့ကို ဝိုင်းဖက်ရင်း ငိုနေကြရပေမယ့် ဒီအဖြစ်အပျက်ကို ယုံတောင်မယုံနိုင် ဘလို ဖြစ်နေခဲ့ကြရသည်။







www.burmeseclassic.com

www.burmeseclassic.com



"မယုံနိုင်ပါဘူး၊ မယုံပါဘူး သက်ပြည့်ရယ်၊ အဖေ မနေ့ ကတောင် ကားမောင်းထွက်ဖို့ ရှင်ရှင်လန်းလန်းနဲ့ ထွက်သွားတာပါ"

နေရောင်ခြည်သည် သူမအားမှာ အစဉ်အမြဲလိုလို ကပ်ပါနေ တတ်တဲ့ သက်ပြည့်ပခုံးပေါ်မှာ မှောက်ငိုရင်း တတွတ်တွတ်ပြောနေ ပါသည်။

"အဖေ သူမောင်းသော ကားပိုင်ရှင် အုံနာကပင် စိတ်မကောင်း တွေဖြစ်လျက်..."

"ဦးမောင်၊ မနက်က ကားလာထုတ်တာတောင် သီချင်းလေး တညည်းညည်းနဲ့မို့ နောက်လိုက်ပါသေးတယ်၊ ဘာတဲ့ . . . ကြိုးကြာ ငှက်တို့ . . . မိုင်ထောင်ချီ ပျံလေပြီ . . . တဲ့၊ အဲဒီ့သီချင်း၊ ခင်မောင်တိုး သီချင်းလေး ညည်းနေတာလေ"

အန်တီကတောင် ...

"ဦးမောင်ရေ ဘာလဲ အဆောင်ရှေ့ သီချင်းများဆိုတာတွေ ပြန်လွမ်းနေပြီလားလို့"

ဟူ၍ ပြောပြရင်း အုံနာအန်တီကြီးကပင် မျက်ရည်လေးဝဲပြီး တပြောပြော။ အဖေက တက္ကသိုလ်တော့ တက်ခဲ့ဖူးပေမယ့် ဒုတိယ နှစ်မှာ ကျောင်းထွက်လိုက်သည်။ ရန်ကုန်မှာ အလုပ်ရှာရင်း အမေနဲ့ တွေ့ပြီး အိမ်ထောင်ကျတာ ဖြစ်ပါသည်။ နယ်ကနေ အဆောင်နေ ကျောင်းလာတက်သော အဖေမှာ မိဘတွေကိုယ်တိုင်က သိပ်မပြည့်စုံ တာမို့ ကျောင်းဆက်မတက်ဖြစ်တော့တာလည်းဖြစ်သည်။





"မိဘကိုငဲ့ပြီး ကျောင်းထွက်လိုက်တဲ့ သားက ရန်ကုန်မှာ အောင်တင်ပြီး မိဘကို ထောက်ပံ့မယ်ဆိုတဲ့စိတ်နဲ့ အလုပ်ရှာရင်း နေမပါရတော့ မိဘလည်း မထောက်ပံ့နိုင်၊ ကိုယ့်အိမ်ထောင်လည်း ကိုယ့်ဘာသာ ပြည့်စုံအောင် မထားနိုင်ဖြစ်ခဲ့ရတယ်"

လို့ အဖေ မကြာခဏ နောင်တရသလို ပြောတတ်တာလေးကို ကြားဖူးသည်။ အမေကတော့ ရှစ်တန်းပင် မအောင်သော သာမန်ပညာ အရည်အချင်းလောက်ကိုသာ ပိုင်ဆိုင်ပါသည်။ ဒါကြောင့် အဖေက နေရောင်ခြည့်ကိုတော့ ဘွဲ့ရပညာတတ် ဖြစ်စေချင်ခဲ့သည်။ သို့သော် အမေနဲ့တူပြီး အမေကဲ့သို့ ဉာဏ်မကောင်းလှသော နေရောင်ခြည်မှာ ဆယ်တန်းနဲ့ ရပ်လိုက်ရသည်။ ဒီတော့ အဖေ့ရဲ့ မျှော်လင့်ချက်က ညီမလေးနှင်းပွင့်ဖြူ ဖြစ်သွားပါသည်။

"နှင်းပွင့်ကတော့ ဘွဲ့ရမှာပါ။ ဘွဲ့ဆိုလို့ ဘာဘွဲ့ပဲရရ ဝိဇ္ဇာဘွဲ့ရရ၊ သိပ္ပံဘွဲ့ရရ သင်ရမယ်၊ အဖေတို့ဖြစ်အောင်ထားမယ်"

အခုတော့ အဖေမြင်ချင်သော ဘွဲ့ရပညာတတ်ဖြစ်မယ့် သမီး ကိုပင် မြင်မသွားရရှာတော့။

အဖေ ရက်လည်ပြီးသည့်တိုင် အမေ့ခမျာ အဖေ့စိတ်နဲ့ အိပ် ရာထဲလဲနေသေးရာ၊ အမေ့ရဲ့ ထမင်းဆိုင်လေးကို ပိတ်ထားရဆဲ ဖြစ်သည်။ အရင်က အဖေ ကားမောင်းပြီး ရှာဖွေပေးသော ဝင်ငွေရယ်၊ အမေ့ထမင်းဆိုင်လေးက ဝင်ငွေရယ်ကြောင့် သိပ်မကြွယ်ဝတည်း နေ ထိုင်စားသောက်နိုင်သော်လည်း အခုတော့ အဖေလည်းမရှိ။ အမေ



www.burmeseclassic.com

www.burmeseclassic.com



လည်း တရှောင်ရှောင်နဲ့ ဆိုင်မထွက်နိုင်သောအခါ ဝင်ငွေ လျော့နည်း
လာပါသည်။

နေ့စဉ် ချက်ပြုတ်စားသောက်ဖို့က လွယ်ကူသော်လည်း နှ
ပွင့်ဖြူအတွက် ကျူရှင်လခတွေ ပေးဖို့ရှိလာသောအခါ နေရောင်ခြ
စဉ်းစားရပြီ။ အမေ ဆိုင်မထွက်နိုင်ခင်ကာလမှာ သူမပဲ အမေ့ကိုယ်
ဆိုင်ထွက်ရင်ကောင်းမလား။

"သမီးတစ်ယောက်တည်း ထမင်းဟင်းချက်ပြုတ်ဖို့ ဘ
လွယ်မလဲ၊ ခါတိုင်း အမေချက်ရင် သမီး လာကူနေကျမို့ နှစ်ယော
အားနဲ့ချက်တာဆိုတော့ သက်သာတယ်၊ တစ်ယောက်တည်းက မလွ
ဘူး၊ ပြီးတော့ သမီးက လက်ချပ်တွေ၊ စီးကွင့်ထိုးတွေလည်း တစ်ပုံ
လုပ်ရဦးမှာလေ"

"အမေ့ဖောက်သည်တွေ လွှတ်ကုန်မယ်ဆို"

"ဒါတော့ ဘယ်တတ်နိုင်မလဲကွယ်၊ အမေလည်း နေကော
ချင်ပါတယ်၊ အိပ်ရာထဲ လဲနေရမယ့်အရွယ်လည်း မဟုတ်သေးပါဘူး"

အမေ သူ့ကိုယ်သူ အားမလိုအားမရဖြစ်ပြီး ပြောပါသော်
လည်း ထူထူထောင်ထောင် ဖြစ်မလာ။ ကိုယ်လေးငွေ့ငွေ့ပူလို
ချောင်းအဆက်မပြတ် ဆိုးလိုက်၊ ကိုယ်တွေလက်တွေ ကိုက်ခဲလိုက်
ဘယ်လိုမှထပြီး ထမင်းဟင်းချက်ပြုတ်ဖို့ မဖြစ်နိုင်သေးပေ။ ဆေး
သွားပြဖို့ အကြိမ်ကြိမ်တိုက်တွန်းလွန်းမက တိုက်တွန်းပြီး နေရောင်ခြ
ကိုယ်တိုင် ဆေးခန်းခေါ်သွားတော့မှ ရောဂါရှာဖွေတွေ့တော့သည်





ဓာတ်မှန်ရိုက်၊ သလိပ်စစ်သောအခါမှ တီဘီရောဂါ ဝင်နေကြောင်း
အဖြေပေါ်တော့လေသည်။

"ဩော် . . . ဖြစ်ရလေကွယ်၊ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို
ဖြစ်နေပြီ သမီးရယ်၊ နာတာရှည်ရောဂါကြီးကို ကုရဦးမယ်"

အမေ စိတ်ဆင်းရဲပြီး မျက်ရည်ကျမဆုံးဖြစ်နေတော့သည်။

"နာတာရှည် မဟုတ်ပါဘူး အမေရဲ့ ဒေါက်တာမက ပြော
သားပဲ၊ ယူနီဆက်(ဖ်)က ဆေးတွေပေးပါတယ်တဲ့၊ မြို့နယ်ကျန်းမာရေး
ဌာနတွေမှာ အလကားဝေတာပါ။ ဆေးသွားသွားထုတ်ပြီး ပုံမှန်သောက်
သွားရင် ပျောက်သွားမှာပါ။ အရင်ခေတ်တွေတုန်းကလို တီဘီဖြစ်ရင်
ဘုမရတဲ့ခေတ် မရှိတော့ပါဘူး၊ အမေ့ရောဂါ ပျောက်သွားမှာပါ"

"ရောဂါ ပျောက်မယ်မှန်းတော့ သိတာပေါ့၊ ဒီလိုပုံနဲ့ အမေ
ဘယ်လိုဆိုင်ပြန်ထွက်မလဲ"

"သမီး ထွက်ပဲ့မယ်ဆို"

"မထွက်ပါနဲ့ကွယ်၊ သမီးကို ဈေးသည်မလေး မဖြစ်စေချင်
လို့ပါ။ ဒါကြောင့် အမေ အကြောင်းမျိုးစုံပြပြီး တားနေတာ၊ အမေ
ဆိုင်ထွက်တဲ့နေရာလည်း သမီး သိသားပဲ၊ ကားဂိတ်မှာဆိုတော့ လူ
ပေါင်းစုံနဲ့၊ ပြီးတော့ လူရှုပ်လူလိမ်တွေကလည်း ရှိတယ်၊ ငါ့သမီးကို
ထိကပါးရိကပါးပြောတာ မကြိုက်ဘူး၊ အလိမ်အညာစကားတွေ ပြောတဲ့
အခါ သမီး နားဝင်ပြီး စိတ်ပါသွားမှာလည်း စိုးရိမ်တယ်"

"သမီးကတော့ ကိုယ့်အလုပ်ပဲ ကိုယ် အာရုံစိုက်မှာပါအမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို သက်ပြည့်လို သက်တူရွယ်တူ ကောင်လေးနဲ့ပဲ သဘောတူတယ်၊ ပြီးတော့ သက်ပြည့်ဆိုတာက ကိုယ့်မျက်စိရှေ့မှာတင် ကြီးလာတဲ့ကလေး၊ အဲဒီလိုကလေးမျိုးကိုပဲ စိတ်ချပါတယ်"

"သက်ပြည့်နဲ့ သမီးက သူငယ်ချင်းပါ"

"သူက သမီးကို ကြိုက်နေတာဆို"

"သမီးကတော့ သူ့ကို ခင်တယ်၊ တစ်ခါတလေကျ ကိုယ့်အစ်ကိုလို မောင်နှမလိုတောင် ထင်တယ်"

"တစ်နေ့ကျ အိမ်ထောင်ပြုရမယ်ဆိုရင်တော့ သက်ပြည့်ဟာ သမီးအတွက် အသင့်တော်ဆုံးပဲ"

"သမီးအသက် နှစ်ဆယ့်နှစ်ပဲ ရှိပါသေးတယ် အမေရယ်၊ အိမ်ထောင်ပြုဖို့ကိစ္စကို ခေါင်းထဲမှာတောင် မရှိသေးပါဘူး၊ အခုလောလောဆယ် သမီးတို့ စားဝတ်နေရေး ဘယ်လိုဖြေရှင်းရမလဲပဲ ခေါင်းထဲရှိတယ်"

နောက်ဆုံးတော့ အမေက ရွှေဆွဲပြားလေးပါသော ဆွဲကြိုးလေး ထုတ်လာသည်။

"ဒါပဲ သွားရောင်းလိုက်ပါတော့ သမီးရယ်"

"အို . . . မဟုတ်တာ၊ အမေ့ကို အဖေ မင်္ဂလာဦးလက်ဆောင်ပေးခဲ့တာမို့ အမေ သိပ်မြတ်နိုးတယ်ဆို၊ မရောင်းပါနဲ့၊ အမေ့မှာ ရွှေဆိုလို့ နားကပ်ရယ်၊ ဒီဆွဲကြိုးရယ်ပဲ ရှိတာလေ"

"ရောင်းလိုက်ပါ သမီးရယ်၊ နှင်းပွင့်ပညာရေးအတွက် သုံးတာပဲ၊ ကျူရှင်ခတွေပေးဖို့ လိုတယ်လေ၊ သူလည်း ဆယ်တန်းဖြေ





တော့မှာပဲ၊ ဒါရောင်းလိုက်ရင် ကျူရှင်ခအတွက် သုံးလို့ရတယ်၊ စာမေးပွဲပြီးသွားရင် ကျူရှင်ခလည်း ကုန်စရာမလိုတော့ဘူး၊ အဲဒီကျ တို့သားအမိတစ်တွေ စားဖို့သောက်ဖို့လောက်က ကြည့်ကျက်ဖြေရှင်းလို့ရတယ်၊ သမီးလည်း စက်ချုပ်ဆိုင်မှာလုပ်တဲ့ ဝင်ငွေရှိတယ်"

နေရောင်ခြည်မှာ အမေ့ပစ္စည်းလေးကို မရောင်းပေးချင်ပေမယ့် နောက်ဆုံးတော့ ရောင်းပေးဖို့သာ ရှိတော့သည်။ နှင်းပွင့်ဖြူရဲ့ ကျူရှင်ခတွေက ပေးဖို့တန်းစီနေတာ မဟုတ်လား။

*      *      *

www.burmeseclassic.com

www.burmeseclassic.com

## (၄)

"ဘာရှာလဲ အစ်မ၊ ဘာလိုချင်လို့ပါလဲ"

"မရှာပါဘူး၊ ပြန်ရောင်းချင်လို့ပါ"

"ရွှေဝယ်ကောင်တာက ဟိုဘက်ခြမ်းပါ"

"ဪ… ဟုတ်လား၊ မသိလို့"

သူ့နောက်ကျောဆီမှ အသံရှင် တစ်ဖက်သို့ထွက်သွားသော အခါ အရောင်းကောင်တာမှ ဝန်ထမ်းမိန်းကလေးက တခြားဝန်ထမ်း မိန်းကလေးကို…

"လာလည်းရောင်းသေး၊ မျက်နှာကလည်း ရှစ်ခေါက်ချိုး နေသေး၊ တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေကြတယ်ဆိုတဲ့ရုပ်နဲ့… တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အသံကလည်း မာရေကျောရေနဲ့"

ဟုအဖော်ညိုကာနှုန်ထွက်သွားသောရွှေရောင်းသူမိန်းကလေး၏အတင်းကို ပြောနေကြသံကြောင့် ကျော်မန သူတို့ကို မော့ပြီး အကဲခတ်လိုက်မိသည်။ ကျော်မနကတော့ မင်္ဂလာလက်ဖွဲ့တစ်ခု ပေးရန်ရှိသဖြင့် ရွှေလာဝယ်သူဖြစ်ရာ (ပြီးတော့ သူဌေးရုပ်ထွက်နေသော ပုံစံလည်းရှိသူဖြစ်ရာ) ကျော်မန ခေါင်းမော့လိုက်တာနဲ့ ဝန်ထမ်းမတွေ ပျာပျာသလဲဖြင့်…

"ဘယ်လိုပုံစံ ထပ်ကြည့်ချင်သေးလို့ပါလဲရှင်"

ဟု လေသံတွေ ချက်ချင်းပြောင်းသွားပါသည်။

"မကြည့်တော့ဘူး၊ ဒီဆွဲကြိုးနှစ်ကုံးပဲ ယူမယ်၊ တွက်လိုက်ပါ"

"ဟုတ်ကဲ့ပါရှင်"

အရောင်းဝန်ထမ်းကောင်မလေးနှစ်ယောက် ဈေးနှုန်းတွက်နေစဉ် ကျော်မနသည် ရွှေဝယ်ကောင်တာဘက်ခြမ်းကို လှမ်းအကဲခတ်လိုက်ပါသည်။

ရွှေဆွဲကြိုးလေးတစ်ကုံးကို ဘူးနီလေးထဲကထုတ်ပြီး ဘောက်ချာပြကာ ရောင်းရန်ပြနေသော မိန်းကလေးတစ်ယောက်ကိုမြင်ပါသည်။ ခုနက ဒီနားမှာ ရွှေရောင်းဖို့လာမေးတဲ့ မိန်းကလေးမှန်း သူ သိပါသည်။ ဘာကြောင့်လဲဆိုတော့ အဲဒီရွှေဝယ်ကောင်တာမှာလည်း သူမတစ်ဦးတည်းသာ ရှိနေ၍ပင်။ ကျော်မန တစ်ချက်မျှ ကြည့်လိုက်တာဖြစ်သော်လည်း သူ့စိတ်ထဲတွင် ထိုမိန်းကလေးကို တစ်နေရာရာမှာ တွေ့ဖူးသည်ဟု ထင်သည်။ ဘယ်မှာတွေ့ဖူးမှန်း စဉ်းစားမရ။





ဆံပင်ပါးပါး ပျော့ပျော့စင်းစင်းလေးတွေနဲ့ မျက်လုံးအိမ်ခပ်ကြီးကြီး၊ လူကျတော့ ဖြူဖြူပိန်ပိန်သွယ်သွယ်ပုံစံသည် သိပ်အလှအပကြီး မဟုတ်လှ။ ဒူးအပြင် သာမန်ခပ်ရိုးရိုး ဘလောက်စ်အပွလေးနဲ့ ချည်ထည်ရိုးရိုးဆင်လုံချည်တို့ကို ဝတ်ထားပုံမှာ ဘယ်လိုမှ အထင်ကြီးစရာမရှိ။ အဝတ်အစား၊ အပြင်အဆင်နဲ့တင် သာမန်အဆင့်အတန်းလောက်သာရှိမယ့် မိန်းကလေးမျိုးဆိုတာ ကျော်မနအတွက် ဘယ်နေရာမှာမှ အမှတ်တရ ဖြစ်ခဲ့စရာ၊ ဆုံခဲ့စရာပင် မရှိချေ။ ဆုံခဲ့ရင်တောင် မှတ်မိသလိုလို ရေးတေးတေး ဖြစ်နေစရာမရှိ။ အခုတော့ မှတ်မိသလိုလို၊ မြင်ဖူးသလိုလိုဖြစ်နေသော သူ့ကိုယ်သူပင် အမြင်ကတ်သွားမိသည်။

မိန်းကလေးမှာ ခပ်မှောင်မှောင်အရောင် အဝတ်အစားတွေ ဝတ်ထားပေမယ့် အသားဖြူသဖြင့် သိပ်မှုန်မှိုင်းမနေသလို၊ သတိထားမိစရာကောင်းတာက သူ့လေးရဲ့ ခြေဖဝါးတွေပင်။ ကတ္တီပါအစုပ်လုံးသိမ်းဖိနပ်အနက်လေးစီးထားတဲ့ ခြေဖဝါးမှာ နုထွေးနေကာ ခြေဖနောင့်လေးတွေက ပန်းရောင်လုံးလုံးလေးတွေ ဖြစ်နေသည်။ ခြေထောက်တော့ တော်တော်လှသူပေပဲ။

ရွှေလာရောင်းပေမယ့် ဘယ်သူ့ကိုမှ ရှိန်မနေ၊ ရှက်မနေ၊ စိုးရိမ်မနေ။ မျက်နှာငယ်လေး ဖြစ်မနေဘဲ ခပ်တည်တည်၊ ခပ်တင်းတင်း မျက်နှာလေးရှိတာတော့ ချီးကျူးစရာပင်။ ကိုယ့်ပစ္စည်းကိုယ်ရောင်းတာ ဘယ်သူ့ကြောက်စရာရှိလဲဆိုသော ပုံစံ။ ကျော်မန ဒီတစ်ချက်တော့



www.burmeseclassic.com

www.burmeseclassic.com



ချီးကျူးမိပါသည်။ သို့သော် ရွှေရောင်းကောင်တာမှ မိန်းကလေး ဝန်ထမ်းတွေကတော့ ဒါကိုပင် အပြစ်လုပ်ပြီး အတင်းပြောကြသတဲ့။ သူတို့ဆိုင်မှာ လာရောင်းတာနဲ့ပဲ သူတို့ကို ကျိုးနွံခယနေစေချင်စိတ်ကိုတော့ ကျော်မန မနှစ်မြို့လှပါ။

"အစ်ကို...ပစ္စည်းရပါပြီရှင်"

ရွှေဆိုင်ကြော်ငြာပုံပါသော စက္ကူအမာသားလက်ဆွဲအိတ်ငယ်လေးကို လှမ်းယူလိုက်ပါသည်။ ငွေချေပြီးသည်အထိ ကောင်မလေး ရွှေရောင်းလို့ မပြီးသေး။ ရွှေဆိုင်တွေရဲ့ ထုံးစံအတိုင်း မည်မျှပင် နာမည်ကြီးသောဆိုင်ဖြစ်ဖြစ် သူ့ဆိုင်ရဲ့ဘောက်ချာ ပါတာတောင် ပြန်ရောင်းရခက်နေဟန်တူသည်။ ရွှေဝယ်ကောင်တာနဲ့ အချေအတင် ပြောနေဟန်ကို တွေ့ရ၏။

ကျော်မန ဆိုင်ထဲကထွက်လာကာ ဆိုင်ရှေ့မှာပင် ပါကင်ရပ်ထားသော သူ့ကားပေါ် တက်ထိုင်စဉ် မိဘိုင်းလ်ဖုန်း မြည်လာသည်။ ကားထဲမှာထိုင်ရင်း ဖုန်းပြောနေစဉ် ရွှေလာရောင်းသော ကောင်မလေး ဆိုင်ထဲမှ ထွက်လာတာကို တွေ့သဖြင့် ငေးကြည့်မိသည်။

အံ့ဩစရာကောင်းတာက ကောင်မလေးဟာ ဆိုင်ထဲမှ ထွက်ထွက်ချင်း ကျော်မန၏ကားကြီးကို အသေအချာ ရပ်ကြည့်တာပဲဖြစ်သည်။ ကားကိုမြင်လျှင်မြင်ချင်းပဲ၊ ကားကိုကြည့်လိုက်၊ ကားနံပါတ်ကို ကြည့်လိုက်ဖြစ်ကာ တစ်စုံတစ်ရာကို အကြီးအကျယ် စဉ်းစားနေသော ပုံမျိုး တွေ့လိုက်ရသည်။





ကျော်မနလည်း ကောင်မလေး၏ အမူအရာကြောင့် ဖုန်းပြောတာကိုပင် စိတ်မဝင်စားနိုင်တော့ဘဲ စကားဖြတ်လိုက်ကာ ကားကို မောင်းမထွက်သေးဘဲ အကဲခတ်နေလိုက်သည်။ သူ့ကားကို အသေအချာသိနေသောပုံစံဖြင့် ကားကို အပြန်ပြန်အလှန်လှန် ကြည့်ဟန်မှာ ထူးခြားသောကြောင့် ကျော်မနတောင် ဇဝေဇဝါဖြစ်သွားမိပါသည်။ ကားနဲ့ ဒီကောင်မလေး ဘာအဆက်အစပ်ရှိလို့ပါလိမ့်။

သားရေပန်းလွယ်အိတ်လေးကို ရင်ဘတ်မှာပိုက်လျက် ကျော်မန၏ ကားရှိရာ ပလက်ဖောင်းဆီ ဆင်းလာလိုက်သည်။ ကျော်မနလည်း သူ့ဆီလာသည်ထင်ကာ အသင့်အနေအထားလို ပြင်ဆင်နေမိသည်။ သူ့ကားနှင့် တခြားဘေးက ကားကြားထဲ ကိုယ်ကိုလျှိုကာ လျှောက်ဝင်လာသော ကောင်မလေး၏ မျက်လုံးတွေကတော့ တစ်စုံတစ်ခုကို တွေးနေပုံပင်။

သူ့ကားနား ရောက်လာပြီ။ ကျော်မန အသေအချာပင် စောင့်နေလိုက်သည်။ သူ့ကားနားရပ်ပြီး သူ့ကို လာစကားပြောမည်ထင်တယ်။

သို့သော်အခြေအနေက သူထင်သလိုမဟုတ်ပါ။ ကောင်မလေးက သူ့ကားဘေးမှ ဖြတ်လျှောက်သွားခဲ့ပါသည်။ ကျော်မနရင်ထဲ မခံချင်သလိုလို ဖြစ်သွားလေသည်။ သူ့ဆီလာတွေ့တယ်ပဲ ထင်ခဲ့တာ။

ကောင်မလေးကတော့ သူ့ကားကို ဖြတ်ကျော်ထွက်သွားပြီး ပြီ။ ကားလမ်းမကျယ်ကို ဖြတ်ကူးမလို့ ခဏရပ်ပြီး ဘယ်ကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



ညာကြည့်လုပ်နေဟန်ကို ကားထဲမှာထိုင်ပြီး ဆက်စောင့်ကြည့်မိနေပြန်သည်။

ကြည့်နေစဉ်မှာ ကောင်မလေးဟာ တစ်ဖက်လမ်းမှ တစ်စုံတစ်ယောက်ကို လက်ပြလိုက်တာ တွေ့ရ၏။ ကျော်ခန့် တစ်ဖက်ပလက်ဖောင်းကို လှမ်းကြည့်လိုက်မိပြန်သည်။ ကောင်လေးတစ်ယောက်ပါလား။ ဆံပင်တိုတို ထောင်ထောင်နှင့် တီရှပ်အကျီ၊ ဂျင်းအနက်တို့ကို ဝတ်ဆင်ထားသော ကောင်လေးက သားရေအိတ်တစ်လုံးကိုလည်း စလွယ်သိုင်းကာ လွယ်ထားသေးသည်။

ကောင်လေးမျက်နှာမှာ ကောင်မလေးကို တွေ့ရသဖြင့် ပြုံးရွှင်ကြည်နူးနေသည်။ ဘယ်သူလဲ၊ ဒီကောင်လေးဟာ၊ သူ့ရည်းစားလား။

"ရောင်းပြီးပြီလား မိနေ"

ကောင်လေး ဒီဘက်ရောက်ရောက်ချင်း မေးလိုက်သံကို ကြားရ၏။

ဒါဖြင့် ဘယ်လိုလဲ။ ညားခါစလင်မယားလေးလား။ ပိုက် အဆင်မပြေလို့ ရွှေဆွဲကြိုးပါးပါးလေးတစ်ကုံးကို လာရောင်းကြသလား။ ကျော်ခန့်အတွေးတွေ ပြောင်းဆန်သွားပါသည်။

"ရောင်းပြီးပြီ"

"ငါလာခဲ့မယ်၊ ငါ့ကို စောင့်ပါပြောထားတဲ့ဘကိုဟာ"

"နင်လာတော့လည်း ဈေးက ပိုရမှာကျလို့"





"အဲဒါကြောင့် မဟုတ်ပါဘူး၊ နင်တစ်ယောက်တည်း ပိုက်ဆံတွေနဲ့ဆိုတော့ စိတ်ပူလို့ပါ"

"အံမယ်လေးဟယ်၊ ပိုက်ဆံလေးသုံးသိန်းလောက်ကို"

"သုံးသိန်းလည်း လုမယ့်ယက်မယ့်လူကတော့ လုမှာပဲဟ၊ လေးငါးထောင်နဲ့တောင် အလုခံရသေးတာ"

"ကဲပါ... အခုလည်း ဘာမှမဖြစ်သေးပါဘူး၊ ငါက ပြန်တော့မှာ၊ နင်လာမယ်ဆိုလို့ စောင့်ရင်းနဲ့လေ၊ ဟဲ့... သက်ပြည့်၊ ဟိုကားကို ငါတွေ့တယ် သိလား"

ကျော်ခန့်၏ရှေ့ လေကာမှန်မှာ အတွင်းကသာ အပြင်ကို မြင်နိုင်ပြီး အပြင်ကတော့ အတွင်းကို မမြင်နိုင်သော ကားမှန်အမျိုးအစားဖြစ်ပါသည်။ ဒါကြောင့် ကျော်ခန့် ကားထဲမှာ ထိုင်ကြည့်နေမှန်း သိပုံမရသော ကောင်မလေးက ကျော်ခန့်၏ကားဘက် မေးထိုးပြရင်း ကောင်လေးကို လက်ကုတ်လေသည်။ သက်ပြည့်တဲ့။ ကောင်လေးနာမည်က။ ကောင်မလေးကိုကျတော့ မိနေလို့ ခေါ်လိုက်သလားလို့။ သူတို့ကြည့်ရတာ ဘာတွေလဲ။ သမီးရည်းစားလား။ လင်မယားပေါက်စလား။ ငါ့ကားကို ဘာကြောင့် စိတ်ဝင်စားရတာလဲ။

ကောင်လေးကတော့ ကျော်ခန့်၏ကားကြီးကို လှည့်ကြည့်ပြီး နားမလည်ဟန်ဖြင့်...

"ဘာလဲ"

ဟု ပြန်မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကားလေ၊ ကားအနက်ရောင် 4WD နံပါတ် (-------) ဟာလေ၊ အဖေ့ကို အကူအညီမပေးဘဲ ပစ်ထားခဲ့တဲ့ကား"

ကျော်မနေကျော့တွေ မတ်ခနဲဖြစ်သွားသည်။ ဘာပြောလိုက်တာလဲ။ ဒီကောင်မလေးရဲ့အဖေဆိုတာ ဘယ်သူလဲ။

"ဘာဖြစ်လဲ"

"ငါ တစ်ခုခုလုပ်ပစ်ချင်တယ်"

"ဟာ..."

"ဘာ . . . ဟာလဲ၊ ငါ အဲဒီကားကို ပြန်တွေ့ရင် တစ်ခုခုလုပ်မယ်လို့ စိတ်ကူးထားတာ"

အံမာ။ ဘာလုပ်မှာလဲ ငါ့ကားကို။

"မြို့လယ်ခေါင်ကြီးမှာ မိနေရယ်၊ ပြီးတော့ လူတွေလည်း ရှုပ်နေတာ"

"အေးလေ...အဲဒါကြောင့် ငါလည်း ဘာမှမလုပ်သေးတာပေါ့"

"သူတို့လိုသူဌေးတွေက ကားလေး ပွန်းတာ၊ ခြစ်တာလောက်ကို မမှုပါဘူး မိနေရာ၊ လုပ်မနေပါနဲ့"

"နင်လည်း သေသေချာချာ မှတ်ထားနော်၊ ငါမပါဘဲ နင်တစ်ယောက်တည်း အဲဒီကားကိုတွေ့ရင်လည်း ကလဲ့စားချေပေးရမယ်"

"ဟား . . . ဟား . . . ဟား . . . ပေါက်တာရတွေ၊ ဘာစကားလုံးတွေလဲ မိနေရယ်၊ ကလဲ့စားချေရအောင် သူ ဦးမောင်ကို တိုက်သတ်သွားတဲ့ကားမှ မဟုတ်တာ"





"သူ ကူညီပြီး အချိန်မီဆေးရုံမပို့ပေးလို့၊ အဖေ ဆေးရုံကားကို စောင့်နေလိုက်ရလို့ သေသွားတာလေ၊ အဲ့ဒါ သူ လူစိတ်ကင်းမဲ့လို့ပေါ့"

ကျော်မနေ နားထောင်ရင်း ဘာတွေမှန်းမသိဖြစ်လျက် ဇဝေဇဝါဖြစ်နေသည်။

"ကဲပါ . . . နင့်ကိစ္စပြီးရင် ပြန်ကြရအောင်၊ ဒေါ်လေး စိတ်ပူနေလိမ့်မယ်"

"ငါ သူဌေးတွေကို မုန်းတယ် သိလား"

ကောင်မလေးစကားသံက မတိုးမကျယ်ဆိုသော်လည်း ကျော်မနေကတော့ တမင်နားစိုက်ထောင်နေသူမို့ ကြားနေရသည်။ တဖြည်းဖြည်းနဲ့ သူဟာ ဒီကောင်မလေးကို စိတ်ဝင်တစား စောင့်ကြည့်သူဖြစ်နေပေပြီ။

"သူတို့က သူတို့အတွက်ပဲ သိတယ်၊ အတ္တသိပ်ကြီးတယ်၊ အခု ငါသွားရောင်းတဲ့ရွှေဆိုင်လည်း အဲဒီအတိုင်းပဲ၊ ဆိုင်ဘောက်ချာနဲ့ ပြန်သွားရောင်းတာတောင် လူကို မယုံသင်္ကာလိုလိုနဲ့ စစ်လိုက်ဆေးလိုက်တာ၊ ပြီးတော့ ဈေးကလည်း ဘယ်ဘက်က ဘယ်လိုနှိမ်ရမလဲပဲ ရှာကြံနှိမ်သေးတယ်။ သူတို့ဘာသာ သိန်းကို သောင်းနဲ့ချီ ချမ်းသာပေမယ့် သူတို့ဆီ ငွေလေးတစ်ထောင်လောက် ပိုရဖို့ကို ခြစ်ကုတ်နေတာ။ အဲဒီတစ်ထောင်ဟာ သူ့အတွက် စက္ကူတစ်ရွက်လောက်သာ ဖြစ်ပေမယ့် ငါတို့အတွက်ကျတော့ တန်ဖိုးရှိတယ်ဆိုတာ သူတို့ သိလျက်သားနဲ့"

"ဟား . . . ဟား . . . ဟား . . . ရွှေဆိုင်မှာ မကျေမနပ်ဖြစ်လာတာတွေပေါင်းပြီး ဒီကားကိုပါ ခဲနဲ့ထုချင်လာတာကိုး။ ငါ ခုမှသိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားက ဒီကားသတ်သတ်ပါ။ ဒီကားပိုင်ရှင်သူဌေးလည်း လူလူချင်း ကူညီချင်စိတ် မရှိဘူး၊ သူ့ "ဗို့" ပဲ သူကြည့်ပြီး လူတစ်ယောက်ကို ပစ်စလက်ခတ်ထားခဲ့လို့ အဖေ သေရတာ၊ သူသာ ကူညီခဲ့ရင် အဖေ သေချင်မှ သေမှာ၊ ငါတို့လည်း အခုလိုမျိုး အားကိုးရာမဲ့ ဖြစ်ချင်မှဖြစ်တာ"

ဘာတွေလဲ . . . ဟာကွာ။ ကျော်ခနဲ နားထောင်နေရင်း သည်း မခံနိုင်တော့သလို ဖြစ်လာကာ ကားတံခါးကို ဖျတ်ခနဲ ဖွင့်ဆင်း ချလိုက်တော့သည်။ ရုတ်တရက် ကားထဲက လူတစ်ယောက် ထွက် လာသောကြောင့် ကောင်လေးရော၊ ကောင်မလေးပါ တအံ့တသြ ငေး ကြောင်ကာ စိုက်ကြည့်နေကြတော့လေသည်။

နေရောင်ခြည်မှာ ကားထဲက ဆင်းလာသူကိုတွေ့လျှင် ရုတ်ချင်းလိုလို မှတ်မိသွားပါသည်။ ဒီလူဟာ ပြီးခဲ့တဲ့လလောက်ကပဲ နေရောင်ခြည်နဲ့ တစ်ခါဆုံခဲ့သေးတာ မှတ်မိပါသည်။

လူပုံကြည့်လိုက်တာနဲ့တင် သူဌေးရုပ်ထွက်နေတာ၊ သူ ရောက်လာပြီဆိုရင် အနီးဝန်းကျင်တစ်ပိုက်မှာ အရောင်တွေ ထင်းလင်း သွားသလိုလို၊ သူ့ရဲ့ ကိုယ်ရောင်ကိုယ်ဝါက ထင်ဟပ်စေတဲ့ပုံစံမျိုး အသားအရေကအစ ဖြူဝင်းနေပြန်ပြီး အရပ်လည်း အတော်မြင့်ပြီး သေးသည်။ ယောကျ်ားပီပီသသ ချောမောသောရုပ်ရည်ကိုလည်း ပိုင်ဆိုင်ထားပြန်သော ဤသူဌေးသည် သူ့တွင် အရာရာကောင်းခြင်းတွေ ပြည့်စုံနေတဲ့သူသာ ဖြစ်သည်။ သူဌေးလည်း သူဌေး၊ ရုပ်ရည်ကလည်း ချောမောသေးတာမို့ ပိုပြီးတော့တောင် အရောင်အဝါ တောက်ပနေ





တော့သည်။ သို့သော် သူ့မျက်နှာအမူအရာကတော့ ပြုံးခြင်း၊ ရယ်ခြင်း ရှားပါးလျက် အမြဲလို တည်တင်းနေပြီး သူကလွဲရင် ဘယ်သူ့ကိုမှ အထင်မကြီးဘူးဆိုသော အမူအရာကြောင့် မျက်နှာမြင် ချစ်ခင်ပါစေ ဖြစ်မနေဘဲ သူ့ကို အလိုလို ရှိန်နေ၊ လန့်နေရစေသော ပုံစံပေါက် နေပါသည်။

ဒီလူပဲ၊ ဒီလူပဲပေါ့။ သူ့ကားကို မတော်တဆလေး ခြစ်မိသွား တာနဲ့ လူသတ်တော့မလိုဖြစ်ပြီး ဟောက်လိုက်ဟိန်းလိုက် လုပ်သွား တဲ့သူပဲ သက်ပြည့်ရဲ့လို့ နေရောင်ခြည် ပြောပြချင်ပေမယ့် ပြောဖို့ အချိန် မရလိုက်ပါ။

ထိုသူက အနားရောက်လာနေပြီ၊ ပြီးတော့ နေရောင်ခြည်ကို ခပ်စူးစူးစိမ်းစိမ်းကြည့်ကာ . . .

"မင်းပြောနေတဲ့ စကားတွေကို ငါ ကြားနေရတယ်၊ စကား ထဲမှာ ငါ့ကိုစွပ်စွဲနေတဲ့သဘောတွေ ပါနေလို့ ငါ သိချင်တာနဲ့ ဆင်း လာလိုက်တာပဲ၊ ကဲ . . . ပြောပါဦး၊ ငါ မင်းတို့အပေါ် ဘာအပြစ်ကျူး လွန်ခဲ့တာရှိလဲ"

ဟု အေးစက်စက်ပင် မေးလိုက်ပါသည်။ ကျော်ခနဲမှာ သူ့ကိုယ် သူ ယုံကြည်ချက်လည်း အပြည့်ရှိသည်။ သူ ဘယ်တုန်းကမှ လူ တစ်ယောက်ကို ကားနဲ့တိုက်ပြီး ပစ်ထားခဲ့တာ မရှိဘူး။ ဘယ်တော့မှလဲ သူ့ဝန်ထမ်းတွေကို မတရားသဖြင့် အလုပ်ထုတ်ပစ်ခဲ့ဖူးတာ မရှိဘူး၊ အဆင်မသင့်လို့ အလုပ်ထုတ်ပစ်ရအောင် သုံးလစာလျော်ကြေးပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်ဖူးတာပဲ ရှိတယ်၊ ဒီတော့ ဒီလိုအချက်တွေထဲမှာ ဘာ အချက်မှ ငြိစရာမရှိဘူးဟု သေချာနေသည်။

"ဟို...ဒီလိုပါခင်ဗျာ"

"မင်းကို ငါမေးတာမဟုတ်ဘူး"

သက်ပြည့် ဝင်ပြောလျှင် သက်ပြည့်ကို ပောက်ထည့်လိုက် သောကြောင့် နေရောင်ခြည် ဒေါသဖြစ်သွားပါသည်။ သက်ပြည့် လည်း သက်ပြည့်ဆိုသော နာမည်တစ်လုံးနှင့် နေသူဖြစ်လေရာ ချ ချင်း ရှူးရှူးရှဲရှဲ ဒေါသဖြစ်သွားပြီး လက်သီးကို ကျစ်နေအောင် ဆု လိုက်ကာ...

"ခင်ဗျားက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ခင်ဗျားရဲ့အလုပ်သမား မဟုတ်ဘူး၊ ဘာမှ ပောာ စရာ မလိုဘူး"

"မင်းကိုမမေးဘဲ ဝင်ပြောတယ်လေ"

"ပြောတယ်၊ ဘာဖြစ်သေးလဲ၊ သူနဲ့ကျွန်တော် ဆိုင်တယ်၊ ကိစ္စမှန်သမျှ ကျွန်တော်လည်း ပြောခွင့်ရှိတယ်"

"ဩော်...မင်းက သူ့ယောကျ်ားလား"

"မဟုတ်ပါဘူး"

နေရောင်ခြည်က ချက်ချင်း ဝင်ငြင်းလိုက်ပါသည်။





"ဟုတ်ပြီ၊ ရှင်းသွားပြီ၊ မင်းယောကျ်ားမဟုတ်ဘူးဆိုရင် ရှင်းပြီ၊ မိန်းကလေးတစ်ယောက်ရဲ့ ကိစ္စမှန်သမျှကို ပြောခွင့်၊ ဆိုခွင့်၊ သက်ဆိုင်ခွင့်ရှိတာဟာ သူ့ရဲ့ တရားဝင်လင်ယောကျ်ားပဲ၊ သူ့ရဲ့ တရားဝင်လင်ယောကျ်ားမဟုတ်ဘဲ သမီးရည်းစားတို့၊ သူငယ်ချင်းတို့ဟာ ဘာမှ ဝင်စွက်ဖက်ပိုင်ခွင့်မရှိဘူးဆိုတာ နားလည်ကြတယ်မဟုတ်လား"

"ကျွန်တော် ဝင်ပါတော့၊ ခင်ဗျား ဘာလုပ်ချင်လဲ"

"မင်း . . . ငါ့ကိုထိုးလားကြိတ်လားလုပ်မယ်ဆိုရင် ငါကတော့ ဘလေကချေဆန်ဆန် လမ်းမမှာပြန်ထိုးကြိတ်မယ့်ကောင်တော့မဟုတ်ဘူး။ ဒါပေမယ့် မင်းကို လူရိုက်မှုနဲ့ ထောင်ထဲထည့်ထားနိုင်တယ်ဆိုတာတော့ မမေ့နဲ့ပေါ့"

"ထောင်ဆိုတိုင်း ကြောက်မယ်မထင်နဲ့"

နေရောင်ခြည်မှာ မနေသာတော့ဘဲ သက်ပြည့်ကို လှမ်းဆွဲလိုက်ကာ....

"ကဲပါ...သက်ပြည့်ရယ်၊ တော်ပါ၊ လမ်းမလယ်ကောင်ကြီးမှာ၊ တော်လိုက်ပါ"

ဟု ဖျောင်းဖျပြီး သက်ပြည့်လက်ကောက်ဝတ်ကို မလွှတ်တမ်း ဆွဲထားလိုက်ပါသည်။ သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ (အထူးသဖြင့်) သူ လုံးဝမယှဉ်နိုင်လောက်သော **အရည်အသွေး၊ အနေအထား**မျိုးနှင့် ယောကျ်ားတစ်ယောက်ရှေ့မှာ **နေရောင်ခြည်က** သူ့လက်ကို တွဲထားလိုက်တယ်ဆိုသော **အသိစိတ်နှင့်ပင် သက်ပြည့်တစ်ယောက်**



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေ ငြိမ်ကျသွားပါသည်။ နောက်ပြီး ထိုလူစိမ်းရဲ့မျက်လုံးတွေ ဟာလည်း လက်တွဲထားသော သက်ပြည့်နဲ့ နေရောင်ခြည်တို့ကို အသေအချာ စိုက်ကြည့်နေတာတွေ့ရလျှင် ပိုကျေနပ်သွားရပါသည်။

"ကဲ . . . ပြော . . . မင်း ငါ့အပေါ် ဘာတွေ မကျေမနပ်ဖြစ်နေ တာလဲ၊ မင်းပြောတဲ့စကားထဲမှာ မင်းအဖေဟာ ငါ့ကြောင့်သေရသလို ပြောနေတဲ့လေသံ ကြားရတယ်၊ အဲဒါ ဘာဖြစ်တာလဲ၊ ရှင်းစမ်းပါဦး"

ထိုသူက အကုန်ကြားပြီးနေပြီဖြစ်ရာ နေရောင်ခြည်ကလည်း ပြောပြလိုက်ဖို့ ဝန်မလေးတော့ပါ။

"ရှင်...အဖေ့ကို ပစ်ထားခဲ့တယ်လေ"

"ဟာ...ဘာတွေလဲ၊ ဘယ်မှာပစ်ထားခဲ့လို့လဲ"

"(- - - -)လမ်းမှာ"

"ကျွတ် . . . မဖြစ်နိုင်တာ၊ အဲဒီလမ်းပေါ်မှာ ငါ ဘယ်သူ့ကို ကားနဲ့မတိုက်မိခဲ့ဘူး"

ဖြေလိုက်ပြီးမှ ကျော်ခနေ့ တစ်စုံတစ်ရာကိုတော့ သတိရသွား သည်။ လွန်ခဲ့တဲ့နှစ်ပတ်လား၊ သုံးပတ်လား သေသေချာချာ မမှတ် တော့တဲ့ ရက်တစ်ရက်မှာတော့ အငှားကားတစ်စီးကြောင့် ကားချိ ထိမိတာတော့ ဖြစ်ခဲ့တယ်။

"ြော် . . . နေဦး၊ မှတ်မိပြီ၊ တစ်ခုတော့ရှိတယ်၊ အငှားကာ တက္ကစီတစ်စီးနဲ့တော့ ကားချင်းထိမိတယ်၊ ဒါပေမယ့် ဘယ်သူမှ မသေ ပါဘူး"





"အဲဒီတက္ကစီမောင်းတဲ့လူမှာ Heart Attack (ဟာ့အတက်ခ်) ရနေတယ်လေ"

"ငါ ဆေးရုံကား ခေါ်ပေးတာပဲ"

"ရှင့်ကားနဲ့ ဆေးရုံပို့ပေးပါလို့ ဘေးပတ်ဝန်းကျင်ကလူတွေ အကူအညီတောင်းရက်နဲ့ ဘာကြောင့် မကူညီခဲ့လဲ။ ဘာကြောင့် အချိန် ပိုကြာအောင် ဆေးရုံကားကို စောင့်နိုင်းလဲ၊ ရှင့်ကားနဲ့သာ ချက်ချင်း တင်ခေါ်သွားခဲ့ရင် ဆေးရုံကို အချိန်မီရောက်ခဲ့ရင် ကျွန်မအဖေ မသေ နိုင်ဘူး"

ပြောရင်း . . . နေရောင်ခြည့်ရင်ထဲ ဆို့လာသဖြင့် မျက်ရည် ဝဲလာကာ အသံတွေ တိမ်ဝင်သွားပါသည်။

"ငါ့ကားနဲ့ခေါ်သွားပြီး ဆေးရုံတင်လည်း မင်းအဖေက အသက် ရှင်ချင်မှရှင်မှာဆိုတာရော၊ ထည့်မတွက်ဘူးလား"

"ရှင် မကူညီခဲ့လို့ မသေသင့်ဘဲ သေတာ"

"မဆိုင်တာ၊ အဲဒါ မတရားစွပ်စွဲချက်ပဲ"

"ရှင်တို့လိုလူတွေက လူတစ်ဖက်သားကို ကူညီဖို့ဆို သိပ် ဝန်လေးတယ်၊ ကိုယ့်အကျိုးမရှိဘဲ ဘာမှလုပ်မပေးဘူးဆိုတဲ့လူစားမျိုး"

"မင်းတို့လိုလူတန်းစားတွေကသာ အလကားနေရင်း သူများ အကူအညီကို လိုချင်နေကြတာပါ။ ကိုယ် အဆင်မပြေတိုင်း မဆိုင်တဲ့ သူကို ဟိုလျှောက်ရမ်း၊ ဒီလျှောက်ယမ်း လုပ်ချင်တဲ့စိတ်တွေ မင်းတို့မှာ ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို မုန်းတယ်၊ ဘယ်တော့မှ မေ့မယ်မထင်နဲ့"

ကျော်ခနက မတတ်နိုင်ဘူးဆိုသောဟန်ဖြင့် ပခုံးတွန့်၊ လက်ဖဝါးနှစ်ဖက်ဖြန့်လိုက်ပြီး...

"ငါ့ကိုမုန်းတိုင်း ငါ့ကားကိုတွေ့ရင် လုပ်ပစ်မယ်ဆိုတဲ့ အောက်တန်းကျတဲ့စိတ်ကို ပြင်ပါ မိန်းကလေး၊ ဒီလိုလုပ်တာဟာ ကလဲ့စားချေတာမဟုတ်ဘူး၊ စိတ်ဓာတ်မမြင့်တာလို့ ခေါ်တယ်"

ဟု ပြောလိုက်ပြီးနောက် လှည့်ထွက်လာခဲ့ပါသည်။

ကားပေါ်တက်ထိုင်၊ ကားစက်နှိုးပြီး ပါကင်နေရာမှ မောင်းထွက်လာခဲ့လိုက်ပါသည်။ ကောင်လေးနဲ့ ကောင်မလေးတို့ကတော့ လက်ချင်းတွဲကာ သူ့ကိုရပ်ကြည့်ပြီး ကျန်ရစ်ခဲ့ကြလေသည်၊ ကျွတ်... အဲဒီ့လက်တွေက ဘာကြောင့်တွဲထားရတာလဲဟု မကျေမနပ် တွေးလိုက်မိသေးသည်။

*  *  *

# (၅)

တဖြည်းဖြည်းနဲ့ ပြန်တွေးကြည့်သောအခါ ကျော်ခနရင်ထဲ အတွေးတစ်မျိုး ဝင်လာသည်။ ငါ မကူညီခဲ့လို့ပဲ ကောင်မလေးရဲ့အဖေ ဆေးရုံကို အချိန်မီမရောက်ခဲ့သလား။ ဆေးရုံကားသာ ခေါ်ပေးခဲ့ပေမယ့် ဆေးရုံကားဟာ ဘယ်အချိန်မှာ ရောက်လာခဲ့သလဲ၊ လမ်းမှာ ကားပိတ်တာဘာညာတွေ ကြုံနေလို့ နာရီဝက်တစ်နာရီများ နောက်ကျသွားသလား။ ငါ့ကားနဲ့သာ တင်ခေါ်သွားရင်တော့ ဆယ်မိနစ်ဆိုလည်းဟုတ်၊ ဆယ့်ငါးမိနစ်ဆိုလည်း ဟုတ်၊ အဲဒီ့အချိန်အတွင်းမှာ ဆေးရုံကို ရောက်မှာတော့ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးထဲမှာ ထိုသို့ တွေးမိလာသောအခါ သူ့ကိုယ်သူ စိတ်မလုံသလို ဖြစ်လာပါသည်။ လူတစ်ယောက် မသေသင့်ဘဲ သူ့ကြောင့်သေရတယ်။ ကျန်ရစ်သူမိသားစု အားကိုးရာမဲ့ရတယ်ဆိုသော သမိုင်းကို မလိုချင်ပါ။ ကျော်မနေဆိုလျှင် ဘဝမှာ အကောင်းတွေ၊ ကံကောင်းခြင်းတွေပဲ ကြုံကာ ကောင်းတာပဲလုပ်သူ၊ သူနဲ့ ဆက်ဆံရသူတိုင်းကောင်းကျိုးပဲ ဖြစ်စေသူဆိုတာမျိုးကိုသာ လိုချင်သောအတ္တမျိုး ကျော်မနေထံတွင် ရှိပါသည်။

မျက်ရည်ဝိုင်းနေသော မျက်လုံးအိမ်ကြီးကြီး၊ ဆံပင်ဖျော့ဖျော့တွေ ဝန်းရံထားတဲ့ မျက်နှာလေးကို မကြာခဏ မြင်ယောင်မိတိုင်းသူ့ကိုယ်သူ ဒေါသတကြီး ခေါင်းခါယမ်းမိပြန်သေးသည်။ မဖြစ်နိုင်တာ။ ကိုယ်နဲ့ အဆင့်မတူတဲ့မိန်းကလေး။ ပြီးတော့ ရည်းစားလက်ရှိကြီးနဲ့ဘာကြောင့် ငါက သတိရစရာရှိလဲ။

ပုံမှန်သာဆိုလျှင် ဒီလို မသားမနား အရောင်မှိန်မှိန်ကောင်မလေးတွေဟာ ကျော်မနေ မျက်စိရှုန်းပြီးတော့တောင် ကြည့်မယ့်သူမျိုး မဟုတ်။ အခုတော့ တိုက်ဆိုင်မှုတွေကြောင့် မကြာခဏ အသေအချာပင် ဂရုစိုက်ကြည့်မိသလို ဖြစ်နေခဲ့ပါသည်။ ထူးထူးခြားခြား ပိုလှနေတဲ့ရုပ်မျိုးလည်း မဟုတ်ပေမယ့် ကျော်မနေအာရုံထဲမှာတော့ မှတ်မှတ်ရရဖြစ်နေသည်။

ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိ၊ ဘယ်မှာနေမှန်းမသိသော ကိုယ်နဲ့ အဆင့်အများကြီးကွာသော မိန်းကလေးကို ဘာကြောင့်





များ ခေါင်းထဲထည့်ထားရသနည်း။ မေမေသာသိလျှင် တအံ့တသြဖြစ်မှာပင်။

"အမယ်လေး . . . ငါ့သားနှယ်၊ ရွေးလိုက်တာ၊ ရွေးနေလိုက်တာဆိုတာ၊ ဟိုလူ့လည်းမကြိုက်၊ ဒီလူ့လည်း သဘောမကျ။ အရိုးများတယ်၊ ချေးခါးတယ်ဖြစ်နေလိုက်တာ၊ သူနဲ့ တူတယ်တန်တယ်ထင်တဲ့မိန်းကလေးတောင် မရှိတော့သလိုဖြစ်နေပြီ"

ကျော်မနေ၏ အိမ်ထောင်ရေးအတွက် ဟိုလူ့စပ် ဒီလူ့စပ်နှင့်အောင်သွယ်တိုင်း တစ်မျိုးမဟုတ်တစ်မျိုး ကဲ့ရဲ့အပြစ်တင်ပြီး အရွေးလွန်နေသဖြင့် ထိုသို့ဝေဖန်ပေါင်း များပြီ။

"ရုပ်ကလေးကတော့ မှန်နေအောင်လှပါရဲ့၊ ဒါပေမယ့် ဆံပင်ညှိကြီး ဗိုရိုးဖားရားနဲ့ဖြစ်နေတာကိုမကြိုက်ဘူး၊ သူနဲ့သာနေရင် တစ်နေ့တစ်နေ့ နေရာအနှံ့ တွေ့ရမယ့်ဆံပင်ခြည်တွေ နည်းတာမဟုတ်ဘူး"

"တကာ အရမ်းတော်ပြီး ရုပ်လေးက ချစ်စရာလေးပေမယ့် အဝတ်အစားဝတ်ပုံက စတိုင်လ်လည်းမရှိဘူး၊ ပြီးတော့ အဆင့်မရှိဘူးဖြစ်နေတယ်၊ သူ့ပုံစံအနေအထားကို ကြည့်လိုက်တာနဲ့ ဆရာဝန်မတစ်ယောက်ဆိုတာ ဘယ်လိုမှ ထင်တောင်မထင်ရစေတဲ့ ရုပ်မျိုး၊ ပုံစံမျိုးဖြစ်နေတယ်"

"ရုပ်ချောပြီး ပိုက်ဆံအရမ်းချမ်းသာပေမယ့် သူ့ဘက်က မျိုးရိုးကို သေသေချာချာကြည့်စမ်း မေမေ။ အကုန်လုံးက ပိုက်ဆံသာ ချမ်းသာတယ်၊ ခေတ်ပျက်မှ သူဌေးဖြစ်တဲ့ပုံစံတွေ၊ လူတွေက နေတာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တာ၊ ပြောတာဆိုတာ အဆင့်အတန်း မရှိဘူး။ မနေ့တစ်နေ့ကမှ သူဌေးထဖြစ်လာတာတွေ"

"မျိုးနဲ့ရိုးနဲ့ ချမ်းသာတယ်၊ ရုပ်လေးကလည်း မှန်နေအောင် ချောတယ်ဆိုပေမယ့် ဉာဏ်ရည်နိမ့်တယ် မေမေ၊ ဆယ်တန်းမအောင်နိုင်တော့လို့ မိဘစီးပွားရေးဖြစ်တဲ့ ရတနာရောင်းဝယ်ရေးထဲ ဆွဲသွင်းထားရတာ၊ သူ့အရည်အချင်းက စိန်ရွှေရတနာ ရောင်းတတ်တာပဲရှိတယ်။ ပညာအဆင့်အတန်းနိမ့်တဲ့ မိန်းကလေးတွေဟာ တွေးခေါ်မြော်မြင်တဲ့နေရာမှာလည်း မမီဘူး။ အဖေရောအမေပါ တော်နေထက်နေမှ ကလေးတွေပါ တော်မှာ၊ ထက်မှာ မေမေ၊ အဖေဖြစ်ဖြစ် အမေဖြစ်ဖြစ်က ညံ့နေရင် သားသမီးထဲမှာ ညံ့တဲ့လူပါလာလိမ့်မယ်၊ ကျွန်တော်အဲဒီလို မဖြစ်ချင်ဘူး၊ ကျော်ခနရဲ့မျိုးဆက်ဟာ တော်ရမယ်၊ ထက်ရမယ်၊ အားလုံးက အားကျပြီး လက်ဖျားခါရလောက်အောင် အရည်အချင်းတွေရှိရမယ်၊ ရုပ်ရည်လည်း ချောမောသန့်ပြန့်ရမယ်၊ မြင်လိုက်တာနဲ့ သူဌေးဆိုလည်း သူဌေးရုပ်၊ ဆရာဝန်ဆိုလည်း ဆရာဝန်ရုပ်ဖြစ်နေရမယ့် Personality (ပါဆင်နယ်လ်တီ) ရှိရမယ်လို့ ခံယူထားတယ်"

ဤသို့သော စကားတွေဖြင့် တစ်မျိုးပြီးတစ်မျိုး ငြင်းပယ်၊ ပယ်ချတတ်သော ကျော်ခနကို အမေပင် ကြာတော့ အမြင်ကတ်လာရတဲ့ အထိပင်။

"မင်း . . . အဲဒီလိုသာရွေးနေရင် အသက်သာကြီးသွားမယ်၊ ရှာလို့တွေ့မှာမဟုတ်ဘူး"





"ကျွန်တော်လိုချင်တဲ့ အချက်တွေနဲ့ ပြည့်စုံတဲ့မိန်းကလေးတော့ တစ်နေရာရာမှာ ရှိကိုရှိမှာပါ မေမေ။ မဆုံသေးတာပါ။ သူ တစ်နေရာရာမှာ ရှိတယ်လို့ ထင်တယ်။ ကျွန်တော် အသက်လေးဆယ်မှ တွေ့လည်း ရတယ်၊ ယောကျ်ားဆိုတာ လေးဆယ်၊ ငါးဆယ်ထိကတော့ နုပျိုပါသေးတယ်"

ဖေဖေကတော့ ကျော်ခနကို မိန်းမယူဖို့ အားမပေးခဲ့ပါ။ ဘာကြောင့်လဲဆိုတော့...

"မင်းလို အတွေ့ကြီးပြီး ငါမှငါ၊ ငါ့လောက်တော်တဲ့လူမရှိ၊ ငါသာလျှင် အကောင်းဆုံးတွေဖြစ်ရမယ်ဆိုတဲ့လူဟာ အိမ်ထောင်ပြုဖို့ မသင့်ဘူး။ တစ်ယောက်တည်းနေတာ အကောင်းဆုံးပဲ"

ဟု ဝေဖန်ကာ ကျော်ခန၏အိမ်ထောင်ရေးအတွက် ဘယ်တုန်းကမှ မတိုက်တွန်းခဲ့ပါ။

တကယ်တော့ ကျော်ခနကသာ ဘဝင်မြင့်၊ မာနခေါင်ခိုက်၊ လူတစ်ဖက်သားဟာ သူ့လောက်မှ အဆင့်မရှိလျှင် မတူသလို၊ မတန်သလို ထက်ဆဲရျင် စသော စိတ်ဓာတ်တွေ ရှိနေတာပါ။ ကျော်ခန၏ မိဘများကတော့ အင်မတန်မှ စိတ်သဘောထား ကောင်းမွန်ပြည့်ဝကြလျက် မည်သူ့အပေါ်မဆို ညှာညှာတာတာ ဆက်ဆံပြောဆိုတတ်ကြသူတွေ ဖြစ်လေသည်။ တစ်ခွေလုံး၊ တစ်မျိုးလုံး ချမ်းသာကြွယ်ဝကြသလို၊ အဖေဘက်ပဲကြည့်ကြည့်၊ အမေဘက်ပဲကြည့်ကြည့်၊ စီးပွားရေးဘက်မှာဆိုလည်း ထိပ်ဆုံးက၊ ပညာရေးဘက်နွယ်သူတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို အတော်ဆုံးတွေဖြစ်ကာ ဆရာဝန်ဆိုလည်း အထူးကုတွေ၊ အင်ဂျင်နီယာဆိုလည်း ဘွဲ့လွန်ဒီဂရီတွေရသူတွေ၊ ရိုးရိုးမေဂျာသင်ခဲ့သူတောင် ပီအိပ်ချ်ဒီလုပ်တဲ့အဆင့်တော့ ရောက်သူတွေ စသဖြင့် သူတို့မျိုးရိုးကိုက အတော်ဆုံးတွေ၊ ထိပ်ဆုံးကလူတွေ ဖြစ်နေကြသော ကုသိုလ်ကံထူးသူတွေဖြစ်ပါသည်။

ဒါတွေကို ကျော်မနေဟာ ဘယ်သူ့မှ မသင်ကြားရပါဘဲ ငယ်ငယ်လေးကတည်းက ဂုဏ်မောက်ဝင့်ကြွားစရာအဖြစ် ယူဆထားကာ လက်မတစ်ထောင်ထောင် ရှိနေ့တတ်သည်။ သူ့ကိုယ်သူလည်း တော်အောင်လုပ်သလို သူ့ထက်မြင့်သူဆိုလျှင် မရမက အပေါင်းအသင်းလုပ် ခင်မင်တတ်ပေမယ့် သူ့ထက်နိမ့်သူဆို အဲရောတောင်မဝင်၊ လှည့်တောင်မကြည့်လောက်အောင် အဆင့်အတန်းခွဲသူလည်း ဖြစ်သည်။ သူ အဲဒီလိုဖြစ်နေလောက်အောင်လည်း ကုသိုလ်ကံက သူ့ဘက်မှာ အသာပေးလေရာ ကျော်မနေဟာ ငယ်ငယ်တည်းက ဘာလုပ်လုပ် ထိပ်ဆုံးကချည်း ဖြစ်နေခဲ့သည်။ အတန်းတိုင်းမှာ အဆင့်တစ်က မဆင်းခဲ့သော အားကစားမှာလည်း၊ တင်းနစ်စ်ချန်ပီယံဘွဲ့ကို ရခဲ့တာ ဆယ်တန်းမှာ ခြောက်ဘာသာနဲ့ အောင်ခဲ့သော ကျော်မနေ၏ဘဝမှာ ဘယ်သူနဲ့ပဲယှဉ်ယှဉ် တစ်ခါမှကို မရှုံးခဲ့ဖူးပါ။

ဆယ်တန်းကို ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်ပေမယ့် ဆေးကျောင်းတက်ဖို့ ဝါသနာမပါသဖြင့် ကွန်ပျူတာတက္ကသိုလ်ကိုသာ တက်ခဲ့သည်။ ကွန်ပျူတာဆိုင်းယင့်(ခ)ဘွဲ့ကို အမှတ်အကောင်းဆုံး

တောက်ပြောင်ထွေးထွေးသော ကောင်းကောင်းတစ်ခုအောက်မှာ



တွေနဲ့ အောင်မြင်ခဲ့ပြီးမှ စီးပွားရေးလုပ်ငန်းတွေ စတင်လုပ်ကိုင်တာ ဖြစ်သည်။ မိဘကလည်း ချမ်းသာပြီးသားဖြစ်ရာ သူ့အတွက် ဘာလုပ်ငန်းပဲလုပ်ချင်၊ လုပ်ချင်အဆင်သင့်လေး စလိုက်ရုံသာ။ အောင်မြင်အောင်လုပ်ဖို့ကျတော့မှသာ သူ့ရဲ့ ဖြတ်ထိုးဉာဏ်၊ ဦးနှောက်ဉာဏ်တွေ အသုံးချခဲ့ရတာဖြစ်သည်။

ကျော်မနေတွင် ကျော်ဇေယျာဟူသော အစ်ကိုကြီးတစ်ယောက်တော့ ရှိပါသည်။ ထိုအစ်ကိုက ကျော်မနေနဲ့ အသက်ဆယ်နှစ်လောက်ကွာသဖြင့် တစ်ယောက်နဲ့တစ်ယောက် သီးသန့်တော့ ဆန်ပါသည်။

ကျော်မနေက သုံးဆယ့်နှစ်နှစ်ထဲမှာမို့ ဦးကျော်ဇေယျာကတော့ လေးဆယ့်နှစ်နှစ်။ သားတစ်ယောက်၊ သမီးတစ်ယောက်တို့ဖြင့် အေးချမ်းသော မိသားစုဘဝထဲမှာ ပျော်မွေ့နေသလောက် ကျော်မနေကတော့ လောကမှာ သူနဲ့ တူတယ်တန်တယ်ထင်ရတဲ့ မိန်းကလေး မရှိဘူးထင်ကာ အမေစဝ်ဟယ်၊ ပြုဟယ်လုပ်သူတွေလည်း ဒိုင်ခံငြင်း၊ နောက်ပြီး သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာလည်း တွေ့နေဆုံနေရတဲ့သူနဲ့တန်းတူရည်တူတွေထဲကကိုလည်း စိတ်တိုင်းမကျဖြစ်နင့် အဖွားကြီးနေသူဖြစ်သည်။

"ကျွန်တော်ယူမယ့်မိန်းကလေးဟာ ရုပ်ရည်လည်း လှရမယ်၊ အထူးသဖြင့် ရုပ်ရည်မြင်တာနဲ့ အဆင့်အတန်းမြင့်တဲ့ရုပ်ရည် ရှိနေရမယ်၊ ဉာဏ်ပညာလည်း ထက်မြက်ရမယ်၊ ယောက်ျားနောက်လိုက်တာတဲ့ ယောက်ျားနဲ့ ရင်ဘောင်တန်းပြီး တွေးခေါ်မြော်မြင် စွမ်း





www.burmeseclassic.com

www.burmeseclassic.com



ဆောင်နိုင်တဲ့သူ ဖြစ်ရမယ်။ သူ့ကိုဆို လူတိုင်းက လေးမောအားကျပြီး လိုချင်တပ်မက်သူတွေ ဝိုင်းဝိုင်းလည်ခံရတဲ့ မိန်းကလေးမျိုးဖြစ်ရမယ်။ မိဘမျိုးရိုးလည်း မြင့်မားရမယ်။ ဒါမှ ကျွန်တော်တို့ရဲ့ မျိုးဆက်မှာ ဉာဏ်ရည်အဆင့်မြင့်၊ ရုပ်ချောမျိုးရိုးကောင်းဆိုတဲ့ ဂုဏ်တွေ ဆက်တိုက်ရှိလာမှာ”

ကျော်နေဟာ သူ့ခံယူချက်ကိုလည်း ဘယ်သူ့ကိုမဆို ပြောင်ပြောင် ပြောပြရဲသည်။ မိဘဆွေမျိုး မဆိုထားနဲ့၊ မိတ်ဆွေအပေါင်းအသင်းတွေက..

“ဘယ်လိုလဲ၊ လက်တွဲဖော် မရှာသေးဘူးလား၊ ဦးကျော်နေ စီးပွားရေးတွေလည်းအခြေကျပြီးဒီလောက်အောင်မြင်နေတာ”

ဟု မေးလာတိုင်း သူ ထိုသို့ဖွင့်ပြောရဲသည်။ သူ့ခံယူချက်ကို ကြားသိရလို့ သူ့ကို ကဲ့ရဲ့မှာ၊ ဝေဖန်မှာတွေလည်း သူ ဂရုမစိုက်။ ဘာဖြစ်လဲ။ လူဆိုတာ အကောင်းဆုံး၊ အမြင့်ဆုံးကို မှန်းကြတာချည်းပဲ။ အကောင်းတွေ၊ အမြင့်တွေကို မှန်းကြတာချည်းပဲ။ အကောင်းတွေ အမြင့်တွေကိုမှန်းမှ တော်ရုံကျမယ်။ ထိုသို့ အမြင့်ဆုံးတွေသာ ဖြစ်ချင်သော ကျော်နေအတွက် ဘာမှမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို သတိတရရ ဖြစ်နေခြင်းမှာ တော်တော်ဒေါသဖြစ်စရာ ကောင်းနေပါသည်။

တစ်ဖက်ကလည်း ထိုမိန်းကလေး စွပ်စွဲသွားသလို သူ့အဖေကို ဆေးရုံလိုက်မပို့ပေးလိုက်လို့ ဆုံးပါးသွားသလားဆိုသော





စိတ်ကလည်း သူ့ကိုယ်သူ guilty (အပြစ်ရှိ) ဖြစ်သည်ဟု ထင်တော့ ထင်မိသည်။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ သေတဲ့သူကလည်း သေသွားပြီးပြီ။ ထိုမိန်းကလေးဆိုတာကလည်း ဘယ်မှာနေပြီး ဘယ်လိုလိုက်ရှာရမှန်းမသိ။ သိခဲ့ရင်တော့ ကရုဏာကြေးဖြစ်ဖြစ် ပေးတော့ပေးချင်သား။ ကိုယ့်လိုလူအတွက် ငွေတစ်သိန်းဆိုတာ ဘာမှမရှိပေမယ့် သူတို့တွေအတွက် တစ်သိန်းဟာ တန်ဖိုးတော်တော်ရှိမှာမို့ ပေးတော့ပေးလိုက်ချင်မိပါရဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၆)

ကျော်ခနသည် Platinum ပလက်တီနမ်ဟိုတယ်ဝန်းကြီး အတွင်းသို့ ကားကို ချိုးကွေ့ဝင်လာလိုက်ပါသည်။ ဒီဟိုတယ်က သူ့ အစ်ကိုကြီး ဦးကျော်ဇေယျပိုင် ဟိုတယ်ဖြစ်ပါသည်။ ကျော်ခနက ရုပ်ရှင် မားကတ်များနှင့် ဘဏ်လုပ်ငန်းကို လုပ်ကိုင်ပေမယ့် ဦးကျော်ဇေယျ ကတော့ ဟိုတယ်လုပ်ငန်းတွေသာ သီးသန့်လုပ်သည်။ မြန်မာပြည်ရဲ့ မြို့တော်ကြီးတိုင်းမှာ ပလက်တီနမ်အမည်ဖြင့် ဟိုတယ်လုပ်ငန်းကို လုပ် ကိုင်သည်။ ကျော်ခနကျတော့လည်း မြန်မာပြည်ရဲ့ မြို့ကြီးအနှံ့မှာ ရုပ်ရှင်မားကတ်နဲ့ ဘဏ်များ ဖွင့်လှစ်ထားသည်။ ကျော်ခန၏လုပ်ငန်းစု များကတော့ Glory (ဂလိုရီ) အမည်ဖြင့် လုပ်ကိုင်ပါသည်။ Glory ၏အခမ်းပွာယ်က အောင်မြင်ကျော်ကြားခြင်းဖြစ်လေရာ ကျော်ခနက



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့လုပ်ငန်းစုများဟာ ဘယ်သူနဲ့ယှဉ်ယှဉ် အောင်မြင်ကျော်ကြားရမည်ဟူသည့် ရည်ရွယ်ချက်နဲ့ အမည်ပေးထားတာဖြစ်ပါသည်။

အစ်ကိုကြီးဦးကျော်ဇေယျရှိရာ ရုံးခန်းသို့ ဟိုတယ်အတွင်းရှိ ဓာတ်လှေကားဖြင့် တက်လာခဲ့ပါသည်။

ကျော်မနေ ရုံးခန်းထဲဝင်လာသောအခါ ဦးကျော်ဇေယျက အေးချမ်းသောအပြုံးဖြင့် ကြိုရင်း...

"မင်း ရောက်နေလည်း အောက်ကနေ ဖုန်းလှမ်းဆက်လိုက်ရောပေါ့ကွာ၊ တက်လာနေရသေးတယ်"

ဟု ဆီးပြောပါသည်။

"ဓာတ်လှေကားနဲ့တက်လာတာပဲ အစ်ကိုကြီးရာ၊ မပင်ပန်းပါဘူး"

"ငါက မင်းနဲ့ နေ့လယ်စာစားမလို့"

ဟိုတယ်အောက်ဆုံးထပ်မှာ စားသောက်ဆိုင်ကြီး ရှိသဖြင့် ကျော်မနေ တစ်ခါတစ်ရံ အစ်ကိုဖြစ်သူထံလာတိုင်း ညီအစ်ကိုနှစ်ယောက် အတူတူ စားသောက်နေကျဖြစ်ပါသည်။ အခုလည်း နေ့လယ်ထမင်းစားချိန်ဖြစ်၍ ဦးကျော်ဇေယျက စီစဉ်ထားပုံရသည်။

"တုံတုံနဲ့ဖူးဖူးရော ဘယ်လိုလဲ၊ နေကောင်းကြလား၊ ကျောင်းအခြေအနေတွေရော၊ ဘယ်လိုလဲ"

ကျော်မနေက တစ်လနေလို့ တစ်ခါပင် တွေ့ရခဲသော တူ၊ တူမ နှစ်ယောက်၏ သတင်းကို မေးလိုက်ပါသည်။ တုံတုံက Grade-5 (ဂရိတ်ဖိုက်)၊ ဖူးဖူးက Grade-3 (ဂရိတ်သရီး) တက်နေပါသည်။





"နေကောင်းကြတယ်ကွယ်၊ မင်းလည်း ခဏတစ်ဖြုတ် အိမ်ဘက်ဝင်ဝင်လာပါဦး၊ တော်ကြာ လမ်းတွေ့လို့တောင် ကိုယ့်တူ၊ ကိုယ့်တူမတွေကို မမှတ်မိဘဲနေမယ်"

"ဝင်လာချင်ပါတယ်၊ တစ်ခါတလေ ဘာတွေဘယ်လို အချိန်ကုန်သွားမှန်း မသိဘူး၊ မအားဘူး"

"တစ်ယောက်တည်းကိုများ မအားရလားကွာ၊ ငါဆို ဟိုတယ်အသစ်ဖွင့်ဖို့ကိစ္စ မအားပေမယ့် ညနေခြောက်နာရီဆို ရအောင်အိမ်ပြန်တယ်။ ညနေပိုင်းလေး တစ်ပိုင်းတော့ မိသားစုကို အချိန်ပေးရမယ်။ စနေ၊ တနင်္ဂနွေ နားရက်ယူကိုယူတယ်၊ ဒါမှ ဘဝဆိုတာ အဓိပ္ပာယ်ရှိမှာပေါ့၊ ငါတို့လည်း ပိုက်ဆံချမ်းသာပြီးသားပဲ၊ ပိုက်ဆံတွေ လောဘတကြီး ဘာကြောင့်ဆက်ရှာနေဖို့လိုမလဲ၊ လုပ်သင့်လုပ်ထိုက်သလောက်တော့ အလုပ်လုပ်ရမှာပေါ့၊ ဒါပေမယ့် ကိုယ့်ရဲ့အားလပ်ချိန်၊ အနားယူချိန်တွေတော့ အပွန်းခံပြီး အလုပ်လုပ်လို့ မဖြစ်ဘူးပေါ့"

ကျော်မနေကတော့ သူ့ခံယူချက်နဲ့သူမို့ အစ်ကိုကြီးရဲ့စကားကို အတိုက်အခံမလုပ်ပါ။ ငြင်းလည်း မငြင်းပါ။ အစ်ကိုကြီးကျော်ဇေယျက ရောင့်ရဲတင်းတိမ်နိုင်သူဖြစ်ပြီး သူကတော့ မရောင့်ရဲနိုင်သူ၊ မတင်းတိမ်နိုင်သူ၊ အမြဲတမ်း ထိပ်ဆုံးကို ရောက်ချင်နေသူ ဖြစ်လေသည်။ ဒီတော့ သူ ဘယ်တော့မှ ဝီရိယလျှော့လို့မဖြစ်ဟု ခံယူထားသည်။

"ကလေးတွေ၊ နောက်နှစ် စင်ကာပူမှာ ကျောင်းသွားနေကြမယ်ဆို၊ အဖေတို့ပြောလို့ ကျွန်တော် သိလိုက်ရတယ်၊ အဲဒါ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်နေက အစ်ကိုကြီး၏ တရားကို မနာလိုတော့သဖြင့် စကားလွှဲလိုက်ပါသည်။

“အေးကွာ . . . အဲဒါ Guardian (ဂါဒီယန်) (အုပ်ထိန်းသူ) အနေနဲ့ လိုက်နေရမှာဆိုတော့ မင်းအစ်မပဲ လိုက်နေရမှာပေါ့။ ကျောင်းတက်ဖို့ကတော့ သေချာနေပါပြီ၊ ကျောင်းလည်း ရပြီးပြီ။ လောလောဆယ်တော့အခန်း ငှားနေကြရဦးမှာပေါ့။ တစ်နှစ်လောက် အခြေအနေကြည့်ပြီးမှ အခန်းဝယ် ရမယ်။ မင်းအစ်မက ကူဖော်လောင်ဖက်လေးတစ်ယောက်လည်း ခေါ်ချင်တော့ အဲဒီအတွက်ပါ ဗီဇာအခက်အခဲလေးရှိနေတာ လုပ်ရဦးမယ်။ အိမ်မှာရှိတဲ့ ကောင်မလေးတွေရော၊ ထမင်းချက်ကြီးရောက မလိုက်ချင်ကြဘူး ဖြစ်နေတယ်။ စင်ကာပူလိုက်ရမှာကြောက်ပြီး ရှာပြန်မယ် တကဲကဲလုပ်နေလို့ အဲဒါ လိုက်ပေးနိုင်တဲ့ကောင်မလေးအသစ်တစ်ယောက် ရှာရမှာအရင်မို့ ဗီဇာကိစ္စ နောက်ရွှေ့ထားရဦးမယ်”

သူတို့နှစ်ဦး စကားတပြောပြောဖြင့် ဓာတ်လှေကားမှတစ်ဆင့် အောက်ထပ်စားသောက်ဆိုင် Restaurant (ရက်စတောရင့်) ဆီ ဆင်းလာခဲ့ပါသည်။

ဦးကျော်ဇေယျ၏ ဟိုတယ်လည်း အောက်ဆုံးထပ်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်ကြီးမှာ တရုတ်စာ၊ ဥရောပစာများအပြင်အရက်၊ ဘီယာဘားလည်း ဖွင့်လှစ်ပေးထားသည်။ ဖျော်ဖြေရေးအနေနဲ့ဘာမှ သီးသန့်မထားဘဲ Piano (ပီယာနို) စန္ဒရားကြီးတစ်လုံး





ကိုသာ စားသောက်ဆိုင်ထောင့်တစ်နေရာမှာ ခြေတစ်လှမ်းစာဖြင့် စတိတ်စင်ပေါ်တွင် တင်ထားပါသည်။ ထိုစန္ဒရားကြီးကို နေ့စဉ်ပင် ပညာရှင်တစ်ဦးက တီးလုံးချည်းတီးပြီး ဖျော်ဖြေပါသည်။ ငြိမ့်ညောင်းသော စန္ဒရားမှ တေးသံသာ ပျံ့လွင့်နေလေ့ရှိသည့် စားသောက်ဆိုင်ထဲမှာ နေ့လယ်စာစားချိန်မို့ လူစည်ကားနေပါသည်။

“တရုတ်စာပဲ စားကြမယ်”

“စားတာပေါ့၊ အစ်ကိုကြီး ကြိုက်တာမှာပါ”

ဦးကျော်ဇေယျကိုယ်တိုင် စားသောက်ဆိုင်မှာ စားသဖြင့် ဝန်ထမ်းတွေ အထူးအဆန်းတော့ ဖြစ်မနေပါ။ ဦးကျော်ဇေယျက မကြာခဏလည်း သူ့ဧည့်သည်တွေလာလျှင် ဤသို့ ဧည့်ခံနေကျပင်၊ တစ်ခါတစ်ရံ မိသားစုနဲ့ပင် ညစာစားလိုက်သေးသည်။

“ကိုယ့်ဝန်ထမ်းရဲ့လက်ရာကို ကိုယ့်ဆီမှာခန့်ထားတဲ့ Chef (ရှဲဖ်)ရဲ့လက်ရာကို အားပေးပြမှ သူတို့လည်း ဝမ်းသာမယ်၊ ပိုကြိုးစားချင်စိတ်လည်း ရှိမယ်”

ဟု သူ့အယူအဆကို ပြောပြတတ်ပါသည်။

ကျော်နေသည် အစ်ကိုဖြစ်သူနဲ့ ဆက်စကားပြောမလို့ ပါးစပ်ပြင်တုန်းမှာပင် ဦးကျော်ဇေယျ၏ မိုဘိုင်းလ်ဖုန်း မြည်လာသဖြင့် ဦးကျော်ဇေယျ ဖုန်းလက်ခံစကားပြောလိုက်သည်။ ဒါနဲ့ပဲ စားသောက်ဆိုင်ကို ခဏတစ်ဖြုတ် မျက်လုံးဝေ့ကြည့်လျှင် အမှတ်မထင်ပင် လူတစ်ယောက်ကို ဖျတ်ခနဲ လှမ်းမြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးပါးပျော့ပျော့ ပိုးမှျင်လေးတွေလိုဖြစ်နေသော ဆံပင်တို့ကို ယခုတော့ သေချာစွာ စုစည်းချည်နှောင်ထားတာ တွေ့ရသည်။ ဟိုတယ်၏ စားပွဲထိုးယူနီဖောင်းဖြစ်သော အဖြူနှင့် ခရမ်းပုပ်ရောင်ကို ဝတ်ဆင်ထားသည်။ ယောကျ်ားလေးတွေက ရှပ်လက်တို၊ Bow Tie (ဘိုးတိုင်း)ဟုခေါ်သော ဖဲပြားနက်တိုင်နှင့် ဘောင်းဘီရှည်နှင့် အနက်ရောင်။ မိန်းကလေးတွေကတော့ တံတောင်ဆစ်အောက်ထိရှည်သော ရှပ်လက်စကမှာ လက်ထိပ်ဖျားမှာတော့ အခွဲလေးပေါ် ကြယ်သီးခရမ်းပုပ်ရောင်လေးတပ်သော ပုံစံနှင့် စကတ်ထဘီရှည်၊ ဟပ်ရှူး အပါးအနက်လေး စသဖြင့်တို့ကို ဆင်မြန်းရသည်။

အပေါ်အင်္ကျီက အဖြူ။ အောက်က ဘောင်းဘီ (သို့မဟုတ်) စကတ်ရှည်ကတော့ ခရမ်းရင့်ရောင် ခပ်ပုပ်ပုပ်ရင့်ရင့်အရောင် ဖြစ်ပါသည်။

အခုတော့ ဒီမိန်းကလေးက ဟိုတယ်ဝန်ထမ်းဝတ်စုံလေး ဆင်မြန်းပြီး ဇန်းကလေးကိုင်ကာ ဟိုဒီကူးလူးပြီး စားပွဲထိုးနေတာတွေ့လျှင် ကျော်ခေန တအံ့တသြ လိုက်ကြည့်နေမိပါသည်။ သူ ဒီကောင်မလေးကို ကောင်းကောင်းပင် မှတ်မိပါသည်။ ဘယ်တုန်းက အလုပ်ခန့်လိုက်သလဲ၊ ဒီဟိုတယ်မှာ စားပွဲထိုးအဆင့်ရဖို့ဆိုတာ ဆယ်တန်းအောင်မှ၊ အင်္ဂလိပ်စကား အခြေခံကောင်းမှဆိုတဲ့ အချက်တွေတင်မက စားသောက်ဆိုင်နဲ့ ပတ်သက်သော လက်မှတ်တချို့လည်း ရှိရသေးတာ။ ဒီကောင်မလေးက အဲဒီအရည်အချင်းတွေနဲ့ ပြည့်စုံသတဲ့လား။





"အစ်ကိုကြီး"

ဦးကျော်ဇေယျ ဖုန်းပြောပြီးပြီးချင်း ကျော်ခေန စိတ်အားထက်သန်စွာ ခေါ်လိုက်မိသည်။

"ဘာလဲ၊ မင်း...ဘာမေးချင်လို့လဲ"

"ဟိုနားမှာ ဝန်ထမ်းအသစ်ကောင်မလေးကို တွေ့လို့"

"ဪ...သူလား"

ဦးကျော်ဇေယျ မေးညွှန်ရာဆီ အသာလှည့်ကြည့်လိုက်ပြီး...

"အသစ်ဝင်လာတာလေ၊ မင်း သတိထားမိတယ်လား၊ ဘယ်လိုနေလဲ"

"အလုပ်ဝင်လာတာ ကြာပြီလား"

"မကြာသေးဘူး၊ သုံးရက်ထင်တယ်၊ အင်း . . . သုံးရက်ရှိပြီ၊ ဟုတ်တယ်"

"ဒါကြောင့် သူ့ပုံစံက မျက်နှာမှာ အစိုးရိမ်ကြီးပြီး အမှားလုပ်မိမှာ ကြောက်တဲ့ပုံစံ ပေါ်နေတယ်"

"ဝင်ဝင်ချင်းဆိုတော့ သူ့ကို တစ်စားပွဲလုံး တာဝန်ယူတာမျိုး လုပ်နိုင်သေးဘူး အချိုရည်လောက်၊ ရေသန့်လောက် serve (ဆာ့ဗ်) လုပ်ဖို့ပဲ ခိုင်းပါလို့ Supervisor (စူပါဗိုက်ဇာ) ကို ပြောထားတယ်၊ မင်း သိပါတယ်၊ ဒီမှာအလုပ်ဝင်ချင်ရင် စားပွဲထိုးဖို့ သင်တန်းကို နစ်ပတ် ပေးသေးတာလေ၊ သူလည်း နစ်ပတ်သင်တန်းတက်ပြီးမှ ဝင်ရတာပေါ့၊ သူ့ဘာ့တော့ နည်းနည်းအားနည်းချက်ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေန အာရုံစိုက်ပြီး နားထောင်နေတာတွေ့တော့ ဦးကျော်ဖေယျ အံ့ဩနေသည်။ အရင်ကဆို သူ့ဝန်ထမ်းတွေအကြောင်းလည်း စိတ်မဝင်စားသလို ဂရုတစိုက်ပင် မကြည့်ဖူးသော ကျော်ခေန။ ကိုယ့်ထက် အခြေအနေ အဆင့်အတန်းနိမ့်သူဆိုလျှင် ဘာမှခေါင်းထဲမထည့်၊ လှည့်တောင်မကြည့်သော ကျော်ခေန၊ အခုကျတော့ ဘယ်လိုများ ဖြစ်နေတာပါလိမ့်။

"ဘယ်လိုအားနည်းချက်လဲ"

"ဆယ်တန်းလေးခါကျ၊ အင်္ဂလိပ်စကားလည်း Yes, No ကလွဲရင် ဘာမှမသိဘူး၊ ဆယ်တန်းကျတဲ့ဘာသာကလည်း အင်္ဂလိပ်စာနဲ့ချည်း ကျတာလို့ ပြောတယ်၊ စားပွဲထိုးပညာနဲ့ ပတ်သက်ပြီးတော့လည်း ဘာသင်တန်းမှ မတက်ဖူးဘူး၊ ငါ့ဆီကပေးတဲ့ သင်တန်းပဲ တက်ထားဖူးတယ်"

"ဟာ...ဒါတွေသိထားရက်နဲ့တောင် ဘာလို့ ဒီနေရာခန့်လဲ"

"ဒီနေရာတောင်းတာတော့ မဟုတ်ပါဘူး။ ဟိုတယ်မှာ House Keeping (ဟောက်စ်ကီပင်း) ပဲဖြစ်ဖြစ် ရရင်လည်း လုပ်မယ်လို့ ပြောတယ်။ ဒါပေမယ့် သူ့ကောင်လေးကတော့ Kitchen (ကစ်ချင်း) ဘက်ကဆိုတော့ ငါလည်း သူတို့ အတူသွား၊ အတူပြန်ကို မခွဲချင်တာနဲ့ ဒီမှာ ထည့်ပေးလိုက်တာပါကွာ၊ ဒီတစ်ယောက်လောက်ကိုတော့ Table (တေဘယ်လ်) တစ်ခုလုံး တာဝန်မပေးသေးဘဲ ခြောက်လလောက် အလုပ်ထဲမှာ လေ့ကျင့်ယူရင်းနဲ့ ထားမယ်ဆိုပြီး ထည့်လိုက်တာ၊ သူတို့





ကြည့်ရတာ ဒီလိုအခွင့်အရေးလေး ရသွားတာကို ထီပေါက်သလို ဝမ်းသာသွားလိုက်ကြတာကွာ၊ သူများစိတ်ချမ်းသာအောင် လုပ်လိုက်ရရင် ငါလည်း စိတ်ထဲမှာ အတော်ကြည်နူးပြီး စိတ်ချမ်းသာတယ်ကွာ"

ဦးကျော်ဖေယျမှာ အရင်ထဲက ဒီလိုပဲ၊ သူ့ဝန်ထမ်းတွေကို အဆင်ပြေအောင် ကြံဖန်စီစဉ်ပေးနေကျ၊ အလုပ်လိုချင်တဲ့သူကို ရအောင်ထည့်ပေးနေကျမို့ သူ့အကြောင်းသူပြောလျက် ကျေနပ်နေသည်။

"သူ့ကောင်လေးက Kitchen က ဟုတ်လား"

"ဟုတ်တယ်လေ၊ ဟိုတယ်နဲ့ခရီးသွားကဖွင့်တဲ့ Chef သင်တန်း တက်ဖူးထားတာရယ်၊ ဘွဲ့တစ်ခုရထားတာရယ်၊ အင်္ဂလိပ်လည်း တော်တော်လေးနိုင်တာရယ်ကြောင့် assistant chef (အစစ်စတန့်ရှ်ဖ်) ရာထူးနဲ့ ဒီမှာ ခန့်ထားတယ်လေ၊ တစ်နှစ်ခွဲလောက် ရှိတယ်။ ကောင်လေးက အလားအလာ ရှိပါတယ်၊ ရုပ်လည်း မဆိုးဘူးပဲ၊ Kitchen ထဲမှာ ချက်ပြုတ်နေတာဆိုတော့ မင်း ဘယ်မြင်ဖူးမလဲ၊ ကောင်မလေးကသာ ခုမှဝင်တာ၊ ကောင်မလေးကလည်း အချိန်ပိုင်း ဝက်ချုပ်သေးတယ်လို့ ပြောတယ်"

"အလုပ်နှစ်ခုတောင် လုပ်တော့ အဆင်ပိုပြေတာပေါ့လေ"

"မဟုတ်ဘူး၊ ပိုက်ဆံပိုရချင်လို့တော့ ဟုတ်ပုံမရဘူး၊ ပိုက်ဆံအဆင်ပြေအောင် ဝင်လုပ်တာထင်တယ်၊ သူ့ရဲ့အင်တာဗျူးမှာမေးတော့ အရင်က အဖေရှိတော့ သူ ဝက်ချုပ်ဆိုင်မှာ အလုပ်ဝင်လုပ်ရုံနဲ့ လောက်ငပါတယ်လို့ ပြောတယ်၊ အခု အဖေဆုံးသွားလို့ပါလို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ဆုံးသွားတယ်၊ ဟုတ်တယ်"

ကျော်မနတစ်ယောက် အိပ်မက်ထဲမှာ ယောင်ယမ်းပြောသလို အသံမျိုးနဲ့ ရေရွတ်လိုက်လျှင် ဦးကျော်ဖေယျ စိုက်ကာကြည့်နေမိလေသည်။

"သူ့နာမည် ဘယ်သူလဲ"

"နေရောင်ခြည်တဲ့၊ ဘာလဲ မနု၊ မင်း ဘာဖြစ်နေတာလဲ"

"သူနဲ့ကျွန်တော် ခဏစကားပြောလို့ရမလား"

"ဟေ... ဘယ်လို"

"အစ်ကိုကြီး ကျွန်တော့်ကို တစ်မျိုးမထင်နဲ့၊ ကျွန်တော် သူနဲ့ ဆွေးနွေးစရာရှိတယ်၊ အဲဒါကြောင့်ပါ၊ အစ်ကိုကြီး သူ့ကိုမသိခင်တုန်းက ကျွန်တော်နဲ့ ဆုံခဲ့ဖူးတယ်၊ ကျွန်တော်နဲ့သူ့ကြားမှာ ဆွေးနွေးစရာတချို့ ရှိနေတယ်"

"တယ်ထူးဆန်းပါလား၊ အေး . . . ကောင်းပါပြီကွာ၊ မင်းနဲ့သူ စကားပြောနိုင်ပါတယ်၊ ဘယ်တော့ပြောမလဲ"

"အခုပဲ"

ကျော်မန၏ အားတက်သရောပြောလိုက်သံကိုတော့ ဦးကျော်ဖေယျ မျက်ခုံးပင် မြင့်တက်သွားရပါသည်။

"ငါ့ရုံးခန်းကို အသုံးပြုပါ၊ ရုံးခန်းပေါ် ပြန်တက်ကြမယ်လေ၊ ပြီးမှ ငါ သူ့ကို ရုံးခန်းလာဖို့ ခေါ်ခိုင်းလိုက်မယ်၊ ဒီမှာတော့ ထိုင်စကားပြောလို့ မဖြစ်ဘူးပေါ့"

"ရပါတယ်၊ ကျွန်တော် နားလည်ပါတယ်"





ကျော်မနအတွက်တော့ ဒီနေ့ရဲ့နေ့လယ်စာ ဘယ်လိုစားဝင်သွားမှန်းပင် မသိလိုက်ပါ၊ ဆံပင်ပါးပါးဖျော့ဖျော့လေး ရှိပါတယ်ဆိုမှ သေသပ်အောင်ဆိုပြီး နောက်စေ့မှာ ပိုးကြိုးလေးနဲ့ စည်းထားရသေးလေရာ ခေါင်းမှာ လုံးလုံးဝိုင်းဝိုင်းတိလေးဖြစ်ကာ စာကလေးခေါင်းလိုလိုနဲ့ ကောင်မလေး။ အလုပ်စဝင်ရခါစမို့ အစိုးရိမ်ကြီးကာ နဂိုကတည်းက ဝိုင်းနေပြီးသား မျက်လုံးကိုပိုပြီး ဝိုင်းနေအောင်ပင် အလုပ်ကို စိတ်ဝင်တစားပြလျှက် ပိုကြိုးစားပြနေရသော ကောင်မလေး။ နေရောင်ခြည်ဆိုသော လုံးဝအထင်ကြီးစရာရုပ်ရည်နှင့် ပုံစံပင်မရှိသည့် ကောင်မလေးထံမှာသာ တစ်ချိန်လုံး အာရုံရောက်နေခဲ့ရ၍တည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၇)

"နေရောင်ခြည်၊ ဦးကျော်ဖေယျာက သူ့ရုံးခန်း လာခဲ့ပါတဲ့"

အုပ်ချုပ်ရေးမှူးက ခပ်တိုးတိုး လာပြောလိုက်သောအခါ နေရောင်ခြည်မှာ တုန်ခနဲနေအောင် စိုးရိမ်သွားပါသည်။ ချက်ချင်းပင် မျက်နှာလေး ဆီးဖွေ့လောက် ငယ်သွားပါသည်။ ဒီနေ့သူဌေးကြီး ကိုယ်တိုင် ဧည့်သည်တစ်ယောက်နဲ့ နေ့လယ်စာကို ရက်စတောရင့် ထဲမှာ လာစားကြောင်း နေရောင်ခြည် ဖျတ်ခနဲလှမ်းတွေ့ပြီး သိထားပါသည်။

သူဌေးကြီးကိုယ်တိုင် ဆိုင်ထဲရောက်နေသဖြင့် နေရောင်ခြည်မှာ နေစရာမရှိအောင် စိုးရိမ်လျက် အလုပ်ထဲမှာ အမှားမတွေ့ရအောင်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲ ထော်လော်ကန့်လန့်ဖြစ်မနေအောင် ကြိုးစားပြနေရသဖြင့် သူ့ဖြည့်သည်နဲ့ သူ့ကိုတောင် သေသေချာချာ လှမ်းမကြည့်ရဲခဲ့။

"ဦးကျော်ဇေယျက သိပ်သဘောထားပြည့်တာ မိနေရဲ့ သူများအခက်အခဲကိုလည်း သိပ်ကူညီတတ်တယ်၊ ညှာတာတတ်တယ်၊ သိပ်ချမ်းသာတဲ့ သူဌေးကြီးပေမယ့် ဘဝင်မမြင့်ဘူး။ သူ့ဝန်ထမ်း သူ သိပ်ကြည့်ရှုတတ်တယ်။ နင့်ကို ငါနဲ့ အတူသွား၊ အတူပြန်ရအောင်ဆိုပြီး စားပွဲထိုးနေရာထဲ ထည့်ပေးတာ၊ နင် သေသေချာချာ လုပ်နော်၊ ဒီနေရာက သက်သာတယ်၊ ရှိုးလေးနဲ့နေရတယ်၊ လခလည်း မဆိုးဘူး ဟောက်စ်ကီပင်းနေရာမှာဆို မလွယ်ဘူး။ သူ့ကိုယ်လုံးသေးသေးလေးနဲ့ အိပ်ရာကြီးတွေမပြီး အိပ်ရာခင်းလဲဖို့၊ အခန်းသန့်ရှင်းရေးလုပ်ဖို့ တော်တော်ခက်မယ်။ အမှားမရှိအောင် နေပေါ့ဟာ၊ ဦးကျော်ဇေယျက သဘောကောင်းတယ်ဆိုပေမယ့် တစ်ခါနှစ်ခါမှားရင်တော့ ခွင့်လွှတ်တယ်၊ သုံးလေးခါဖြစ်လာရင်တော့ ထုတ်တာပဲ"

သက်ပြည့်က နေရောင်ခြည့်အလုပ်ကိစ္စအတွက် ဦးကျော်ဇေယျကို တောင်းပန်ပြီး အလုပ်တစ်နေရာခန့်ဖို့ ပြောပေးခဲ့ပါသည်။ သဘောကောင်းသောသူဌေးက နေရောင်ခြည့်အခက်အခဲတွေ ကြားပြီး အလုပ်အင်တာဗျူး ချက်ချင်းခေါ်ပါသည်။ ပြီးတော့ ဘယ်တုန်းကမှ မမှန်းခဲ့ဖူးတဲ့ စားသောက်ဆိုင်စားပွဲထိုးနေရာကို ကြံဖန်ရွေးပေးခဲ့ပါသည်။ တကယ်ဆို နေရောင်ခြည့်အရည်အချင်းနဲ့ဆိုရင် သန့်ရှင်းရေးဘက်၊ ပန်းဥယျာဉ်ထိန်းသိမ်းရေးဘက်နဲ့ အခန်းရှင်းလင်းရသော ဟောက်စ်ကီပင်းဘက်တွေမှာသာ ရနိုင်တာပါ။





အဖေ့ဝင်ငွေလည်း မရှိ။ အမေလည်း ဆိုင်ကို ထွက်တစ်ရက်၊ မထွက်တစ်ရက် ဖြစ်လာချိန်မှာ နေရောင်ခြည်ရဲ့ စက်ချုပ်အကူဝင်ငွေဟာ လုံးဝမလောက်သလို ဖြစ်လာလေရာ ပုံမှန်လခရှိသော အလုပ်ကို လိုလာခဲ့သည်မို့ သက်ပြည့်ကိုပဲ အပူကပ်ပြီး သူ့ဟိုတယ်မှာ အလုပ်တောင်းခိုင်းရတာပါ။ အဲဒါကြောင့် နေရောင်ခြည်မှာ အလုပ်ပြုတ်မှာကို အလွန်ကြောက်ပါသည်။

"ဒီအလုပ်လောက် အဆင်ပြေတာ မရှိဘူး မိနေ၊ အသွားအပြန် ယ်ရီနဲ့၊ စားတာသောက်တာလည်း မနက်ဆိုင်းဆို မနက်စာ ဖရီး၊ ညနေဆိုင်းဆို ညနေစာ ဖရီးကျွေးတာဆိုတော့ စားစရိတ်လည်း မပူဘူး၊ လခလည်း မဆိုးဘူး၊ ပြီးတော့ နင် ရှိုးနဲ့နေရတယ် မိနေရဲ့ ဒီတော့ နင့်ကို ဒီအလုပ်ပေးတာ ဦးကျော်ဇေယျကို သိပ်ကျေးဇူးတင်တာပဲ"

သက်ပြည့်စကားတွေကို ကြားယောင်ရင်း နေရောင်ခြည် သက်ပြင်းလေး ခိုးချမိသည်။ ဦးကျော်ဇေယျနဲ့ သွားတွေ့ရမည်ဆိုတာကို ချုပ်ရေးမှူးမှတစ်ဆင့် သက်ပြည့်လည်း သိသွားလေရာ Kitchen ထဲမှာ မျက်ရိပ်တွေပြပြီး မေးတာတွေ့နေရသည်။ နေရောင်ခြည် အခေါ် က်ခင်မှာ…

"သက်ပြည့်၊ ငါ့ကို သူဌေးက တွေ့ချင်တယ်လို့ ခေါ်တယ်၊ မှန်းတော့ မသိဘူး၊ နင် စိတ်မပူနဲ့နော်၊ ငါသွားတွေ့လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည် သက်ပြည့်ထံ မြန်မြန်ဝင်တွေ့ပြီး ပြောပြလို သည်။

"မိနေ…ပြန်လာလာချင်း ဘာလဲဆိုတာ ငါ့ကို လာပြောနော်"

နေရောင်ခြည် အသာအယာပင် ခေါင်းညိတ်လိုက်သည်။ ရှေးသောက်ဆိုင်အတွင်းမှာရော၊ ဦးကျော်ဇေယျကိုယ်တိုင်ကပါ သ ပြည့်နဲ့ နေရောင်ခြည်တို့ကို စုံတွဲလေးအဖြစ်သာ သတ်မှတ်ထား သဖြင့် သက်ပြည့်နဲ့ ခဏသွားစကားပြောတာကို သူတို့ အံကဲခ မနေပါ။ နေရောင်ခြည်ကလည်း ဒါကို အထူးတလည် ဖြေရှင်းမနေ ဟုတ်တာလည်း မဝန်ခံ၊ မဟုတ်ဘူးလည်း မငြင်းမိသလို ဖြစ်နေသည် သက်ပြည့်ကြောင့်ပဲ ဒီအလုပ်ရထားလေရာ သက်ပြည့်နဲ့ ဘာမှမ ပါဘူးဆိုပြီး လိုက်ရှင်းနေဖို့ မသင့်ဟု ထင်မိသည်။

ဓာတ်လှေကားက အပေါ်ဆုံးထပ်ကို ရောက်ပြီမို့ ဟင် အသံမြည်ကာ ငြိမ့်ခနဲရပ်လိုက်လျှင် နေရောင်ခြည်၏ရင်မှာ ပိုပြီးခုန် မြန်လာတော့သည်။ တံခါးနှစ်ချပ် အသာပွင့်သွားတော့ ရုံးခန်းဘ မျက်နှာမှုကာ ပျောက်သွားလိုက်ပါသည်။

ဦးကျော်ဇေယျ၏ ရုံးခန်းပြင်ပမှာတော့ နံရံအကန့်လေးတွေ သူ့ရဲ့ရုံးအလုပ်ဝန်ထမ်းတွေဟာ ကွန်ပျူတာအသီးသီးနဲ့ အလုပ်လုပ် ကြသည်။ အခန်းအကန့်လေးတွေမှာ တံခါးမရှိဘဲ လူတစ်ယောက်ခ ထိုင်အလုပ်လုပ်နေရင် ကွယ်နေရုံအကန့်များသာ ဖြစ်ပါသည်။ တတ်ရပ်လိုက်လျှင်တော့ တစ်ဖက်နဲ့တစ်ဖက် မြင်ရသည်။ ဦးဇေ





ဇေယျအခန်းသည်သာ အတွင်းမှ အပြင်ကို မြင်နိုင်သော ဖိုက်တိုဂရေး မှန်အပြည့် တပ်ထားသော အခန်းဖြစ်သည်။ အပြင်ကကြည့်ရင်တော့ အတွင်းကို မမြင်ရပါ။

ဦးကျော်ဇေယျ၏ ရုံးခန်းနဲ့ ကပ်လျက်မှာတော့ စက္ကတေရီ အစ်မကြီး၏ စားပွဲရှိသည်။ နေရောင်ခြည် ရောက်လာတာမြင်တော့ ပြုံးပြရင်း…

"ဦးကျော်ဇေယျ ခေါ်ထားတယ်မဟုတ်လား၊ ဝင်လို့ရပြီလားလို့ အစ်မ မေးပေးမယ်"

ဟုပြောကာ သူမ၏စားပွဲပေါ်မှ ဖုန်းကို ခလုတ်လေးတစ်ခုသာ အသာနှိပ်လိုက်ပါသည်။ စပီကာဖွင့်ထားသောဖုန်းမို့ တစ်ဖက်မှ အပြန် အလှန်ပြောသံပါကြားရပါသည်။

"ဦးကျော်ဇေယျ"

"အေး…ပြော"

"နေရောင်ခြည် ရောက်နေပါပြီ"

"ဟုတ်ပြီ၊ အထဲဝင်ခိုင်းလိုက်ပါ"

"ဟုတ်ကဲ့ရှင်"

စကားပြောသံအဆုံးမှာ စက္ကတေရီအစ်မကြီးက လက်ဟန် ပြပြီး နေရောင်ခြည့်ကို ဝင်ခိုင်းလိုက်သည်။ တံခါးဘုလေးကို လှည့် နေသော နေရောင်ခြည့်လက်တွေမှာ တုန်ယင်နေသည်။ တံခါးပွင့်လျှင် ပွင့်ချင်း တံခါးရှိရာဘက် မျက်နှာမူထိုင်နေသော ဦးကျော်ဇေယျကို တန်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇေယျ၏ အလုပ်စားပွဲက အဝင်တံခါးဝကို မျက်နှာမူ
ထားပါသည်။ ဦးကျော်ဇေယျနှင့် မျက်နှာချင်းဆိုင်မှာ အလုပ်စားပွဲကြီး
တစ်လုံးခြားလျက် လူတစ်ယောက် ကျောခိုင်းထိုင်နေလေသည်။ ဖျော့
လွင်၍ အရောင်ပါတယ်ဆိုရုံလေးဖြစ်သော ပန်းရောင်လိုလို ရှပ်အကျ
ဝတ်ထားသော ကျောပြင်ကို နေရောင်ခြည် သတိမပြုအားပါ။ အဲဒီနား
ထိအောင်လည်း လျှောက်မသွားရဲပါ။ အဝင်တံခါးဝမှ သုံးလေးလှမ်း
အထိ ဝင်လာပြီး လက်နှစ်ဖက် အသာယှက်၍ ရပ်နေမိသည်။

"ထိုင်ပါ။ နေရောင်ခြည်"

ဦးကျော်ဇေယျက အေးချမ်းသောအသံဖြင့် သူ့မျက်နှာချင်း
ဆိုင် ဟိုလူ့ဘေးတစ်ဖက်မှာ ကျန်နေသော ဆုံလည်ခုံမှာ ဝင်ထိုင်ဖို့
လက်ပြရင်း ပြောလိုက်ပါသည်။

နေရောင်ခြည်မှာ ထိုဆုံလည်ခုံတွေပေါ် လက်တံတောင်
နှစ်ဖက်ထောက်တင်ပြီး မထိုင်ရဲသဖြင့် လက်နှစ်ဖက်ကို ခပ်ရိုရို့လေး
ပေါင်ပေါ်တင်ထိုင်လိုက်ပါသည်။

"ကဲ…ညီလေး၊ မင်းပြောချင်တာ ပြောလို့ရပြီလေ"

ဦးကျော်ဇေယျက ညီဖြစ်သူ၏ အေးစက်စက်ပုံစံကို တ
လှန့်သလို လှမ်းပြောလိုက်မိ၏။ ဒီကောင်…ဘာကောင်လဲ၊ သူပဲ စကား
ပြောချင်လှပါပြီဆိုလို့ ခေါ်လည်းပေးရသေးတယ်။ တွေ့တော့လည်
မလှုပ်တလှုပ် မထုံတက်တေးနဲ့၊ ကောင်မလေးကို မတူမတန်သလ
ပုံစံလုပ်ပြီး လှည့်တောင်မကြည့်ပြန်ဘူး။





"ဒါ့ကို မှတ်မိလား"

တုံးတိတိ၊ ခပ်ထောင့်ထောင့်အသံဖြင့် ရုတ်တရက် မေးလိုက်
လေရာ နေရောင်ခြည် ခေါင်းကို မော့လည်းမမော့၊ ငုံ့လည်းမငုံ့သော
အနေအထားလေးနဲ့ ခပ်ငှဲ့ငှဲ့စောင်းကြည့်ပါသည်။

"ဟို…ရှင်က…"

"မှတ်မိတယ်မဟုတ်လား"

နေရောင်ခြည် တအံ့တသြဖြင့် ခေါင်းညိတ်ပြလိုက်မိသလား။
ညိတ်ပြမိဘူးလားတောင် မသေချာ။ ဒီလူ…ဒီလူက…ဦးကျော်ဇေယျရဲ့
ညီတဲ့။ ဘုရားရေ။ သေတော့မှာပဲ။ ပြဿနာတော့ ဖြစ်ပြီထင်တယ်။
နေရောင်ခြည့်လက်ဖဝါးတွေ အေးနေပေမယ့် ချွေးစေးတွေလည်း စိုနေ
ပြန်သည်။

"မင်းနာမည်…"

"နေ…နေရောင်ခြည်ပါ"

သိပြီးသားဖြစ်ရက်နဲ့ မေးတာကို နေရောင်ခြည် ကြောက်
ကြောက်ရွံ့ရွံ့ပြန်ဖြေမိပါသည်။

"မင်း အရင်က ဘာအလုပ်လုပ်လဲ"

"ဒီဖိုင်နာတစ်ယောက်ဆီမှာ လက်ချုပ်ကူပါတယ်၊ ဇာပွင့်ကပ်
တာတို့၊ ကျောက်တွေ၊ ပုလဲတွေ စီးကွင်း၊ ခေါ်ကြယ်တပ်တာတို့တော့
အော်ဒါယူပြီး လုပ်ပေးရပါတယ်"

"အခုကျတော့ရော"



www.burmeseclassic.com

www.burmeseclassic.com



"အခု အဲဒါတွေ ညနေပိုင်း ဒီအလုပ်ကပြန်ရင် ဆက်လုပ်ပါတယ်"

"အရင်က ဘာလို့ဒီမှာ အလုပ်မဝင်လဲ"

ဦးကျော်ဇေယျမှာ ဘာတွေမေးနေမှန်း မသိသော ညီဖြစ်သူ ကျော်ခနကို နားမလည်နိုင်စွာ စောင့်ကြည့်နေမိသည်။ ဒါတွေလား ဆွေးနွေးစရာ၊ မေးစရာတွေဆိုတာ။

"အဖေ . . . အဖေက အရင်က ကကမောင်းတာ၊ အဖေ့ဝင်ငွေနဲ့ အမေကလည်း ထမင်းဆိုင်လေးထွက်တဲ့ငွေနဲ့ ကျွန်မ . . . ကျွန်မဝင်ငွေနဲ့ဆိုတော့ အဆင်ပြေတယ်လေ၊ အခု အဖေ ဆုံးသွားပြီ အမေကလည်း အဖေ့စိတ်နဲ့ အိပ်ရာထဲလဲရာက တီဘီဖြစ်နေတာပါ သိ လိုက်ရတော့ အမေလည်းအလုပ်သိပ်မလုပ်နိုင်တော့ဘူး။ ကျွန်မ အလုပ် များများလုပ်မှ ဖြစ်တော့မယ်၊ အဲဒါကြောင့်ပါ"

"မင်း တစ်ခါက ငါ့ကို စွပ်စွဲဖူးတယ်၊ မင်းအဖေသေရတာ ငါ့ ကြောင့်လို့"

ဦးကျော်ဇေယျ ဒီစကားကြောင့် ဟောခနဲ အာမေဋိတ်သံ တောင် ထွက်သွားပါသည်။ ဘယ်လိုအကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး ဆွေးနွေးစရာရှိတာပါလိမ့်လို့ စဉ်းစားနေတာ၊ အခုမှ အကြောင်းရင်းကို ကြားလိုက်ရတော့တယ်။

"ဟော့ကောင် ...ခနေ၊ ဘယ်လိုဖြစ်ရတာလဲ"





"အစ်ကိုကြီး၊ စိတ်ရှည်ရှည်ထားပြီး ခဏနားထောင်ပေးပါဦး၊ သူ အခု ဘာပြောမလဲဆိုတာ ကျွန်တော် ကြားချင်လို့"

"ကဲ . . . နေရောင်ခြည်၊ ဘာမှကြောက်မနေနဲ့၊ ဖြေလိုက်လေ၊ မင်း ဘယ်သူ့ကိုမှ ငဲ့စရာမလိုဘူး၊ ကြောက်စရာမလိုဘူးနော်"

ဦးကျော်ဇေယျမှာ ထိတ်လန့်ပြီး မျက်လုံးအစုံ ဝိုင်းနေသော နေရောင်ခြည့်ကို သနားပြီး အားပေးစကား ဆက်ပြောလိုက်ပါသည်။

"အဖေ...အဖေက ...အဲဒီနေ့က ကားပေါ်မှာ Heart Attack ရတယ်၊ ဆေးရုံကားပေါ်မှာ ဆုံးသွားပါတယ်"

"ဪ...ဖြစ်ရလေ"

"ကဲ...အဲဒါ ငါနဲ့ ဘာဆိုင်လဲ၊ ပြော..."

ဦးကျော်ဇေယျကတော့ အလကားနေရင်း လူကို ဟောက် သလို ဟိန်းသလိုအသံနဲ့ မေးနေသော ကျော်ခနကို စိတ်ပျက်လက်ပျက် ဖြစ်ပြီး...

"ဟော့ကောင် . . . မင်း အသံနဲ့တင် ဟိုက ကြောက်ပြီး မပြောရဲ တော့ဘူး၊ စကားပြောတာ ကောင်းကောင်းပြောမှပေါ့"

"သူက အခုမှ ကြောက်သလိုရှုံ့သလိုဖြစ်ပြီး မပြောတော့လို့ စိတ်တိုလာတာ"

"ဘာပြောစရာရှိလဲ နေရောင်ခြည်၊ ပြောလေ . . . ပြောပါ၊ မင်း စိတ်ထဲမှာထင်တာ ပြောပါလို့ ငါ ခွင့်ပြုထားတာပဲ"

နေရောင်ခြည်မှာ သူဌေးညီအစ်ကိုကို တစ်လှည့်စီ မှတ်ခွဲ လှန်ရုံလေးကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်မတို့လည်း ကိုယ့်အပူနဲ့ကိုယ်မို့ မဆိုင်တဲ့ သူကို ခဲပြီး ရန်လိုမိတဲ့သဘောပါ၊ ဦး . . . ဦး . . . ဦးကျော်ဇေယျရဲ့ ညီက ဆေးရုံကို သူ့ကားနဲ့ လိုက်မပို့ပေးတာဟာ နားလည်လက်ခံ လို့ရပါတယ်၊ သေမလား၊ ရှင်မလားမသိ ရောဂါသည်းနေတဲ့ . . ."

နေရောင်ခြည့်ရင်ထဲမှာ နင့်သလိုဖြစ်လာသောကြောင့် အသံ နစ်ဝင်သွားသဖြင့် တံတွေးကို အသာမျိုချလိုက်ပြီး နောက်မှ ဆက်ပြော ရပါသည်။

"ဘယ်ကမှန်းမသိတဲ့ လူတစ်ယောက်ကို ကိုယ့်ကားပေါ်တင် မသွားချင်တာဟာ တရားမျှတပါတယ်၊ ဦးကျော်ဇေယျရဲ့ညီအနေနဲ့ သူ ကူညီနိုင်သလောက် ဆေးရုံကားခေါ်ပေးတာကို လုပ်ပေးသွားပါတယ်၊ ကျွန်မ အဲဒီတုန်းကတော့ ဒေါသ ပွပြီး ဟိုလူ့မဲ ဒီလူ့မဲ ဖြစ်တဲ့သဘောပါ၊ တကယ်တော့ ဦးကျော်ဇေယျညီနဲ့ အဖေသေတာ ဘာမှမဆိုင်ပါဘူး"

"ငါ့နာမည် ကျော်ခေ"

ဦးကျော်ဇေယျညီ . . . ဦးကျော်ဇေယျညီနဲ့ ထည့်ထည့်ပြောနေ သဖြင့် ကျော်ခေက သူ့အမည်သူ ခပ်ဆောင့်ဆောင့်အသံနဲ့ ပြော လိုက်သည်။

"သေချာလား၊ မင်း ငါ့ကို သူ့ဖြေးညီမှန်းသိလို့ အခုမှ လျှော့ ပေးပြီး ပြောတာပါ၊ ဟုတ်တယ်မဟုတ်လား"

"မဟုတ် . . . မဟုတ်ပါဘူး၊ ကျွန်မ အခု ဘယ်သူ့ကိုမှ အပြစ် မတင်တော့ပါဘူး၊ ဖြစ်ချိန်တန်လို့ဖြစ်တယ်ပဲ ယူဆပါတယ်"





"မင်း အခုလို အလုပ်နှစ်ခုလုပ် ပင်ပင်ပန်းပန်း လုပ်နေရတဲ့ အခါ ငါ့ကြောင့် မင်းအဖေ သေသွားလို့ မင်းဘဝ ခက်ခဲပင်ပန်းရတာ ဆိုပြီး စိတ်ထဲမှာ ကျိန်ဆဲမနေဘူးလား"

"ကျွန်မ ဦး . . . ဦးကျော်ခေကို သတိတောင် မရတော့ပါဘူး"

သူ့ကို သတိမရတော့ပါဘူးဟု ပြောလိုက်သောအခါ ကျော် ခေ၏ မျက်မှောင်ကြီး ကြုတ်သွားပါသည်။

"ဘာပဲဖြစ်ဖြစ် မင်းအဖေသေရတာ ငါ့ကြောင့်လို့ မင်း စွပ်စွဲ ခဲ့တာကြောင့် ငါ့မှာ တစ်နေ့တစ်နေ့ ဒါကို ပြန်ပြီးတွေးမိတိုင်း ကိုယ့် ကိုယ်ကိုယ် လိပ်ပြာမလုံဘူး၊ ဒီတော့ အခု မင်းကို ငါ ဆုံတုန်းမှာ လျော်ကြေးပေးချင်တယ်"

နေရောင်ခြည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ထိုင်ခုံမှပင် ခုန်မိတော့မလို ဖြစ်သွားပါသည်။ ဘေးလက်တင်သော တန်းနှစ်ခုကို ဆုပ်ကိုင်ကာ ကိုယ်တို ကြွလိုက်သော နေရောင်ခြည်ကို ဦးကျော် ဇေယျက အသာလက်ကာရင်း . . .

"ခဏထိုင်ပါဦး နေရောင်ခြည်၊ စကားမှ မဆုံးသေးတာ"

ဟု တားလိုက်ပါသည်။

"မင်း . . . ဘယ်လောက်လိုချင်လဲ"

"ဟို . . . မလိုပါဘူး ဦးကျော်ခေ၊ လျော်ကြေးပေးဖို့ မလိုပါဘူး၊ ကျွန်မ အဲဒါကို မျှော်လင့်မထားပါဘူး၊ မပေးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လက်ခံရမယ် နေရောင်ခြည်၊ ငါ့ဘဝမှာ ဘယ်သူ့အပေါ်မှ ငါ့ကြောင့် ဒုက္ခရောက်ရအောင် မလုပ်ခဲ့ဘူး၊ တိုက်ရိုက်သောနည်း၊ သွယ်ဝိုက်သောနည်းနဲ့လည်း ငါ ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေခဲ့ဘူး၊ အခု မင်းနဲ့ကျမှ ငါ့ကို မင်း စွပ်စွဲဖူးတာဟာ ငါ့ကို စိတ္တဇလိုပဲ ခံစားရစေတယ်၊ မင်း . . . တစ်ခုခုတော့ လက်ခံမှဖြစ်မယ်၊ ငါ လိပ်ပြာသန့်ချင်တယ်"

ကျော်ခနေသည် သူ့ရဲ့အတ္တအတိုင်းပင် သူ့နာမည်မှာ နာမည်ဆိုးတစ်ခု မရစေဖို့ ငွေကြေးနဲ့ ချေဖျက်မည်ဟူသောစိတ်ဖြင့် ပြောနေသလိုမျိုး ဖြစ်နေပါသည်။ နေရောင်ခြည်မှာ သူဌေးညီကို စိတ်ထဲတွင် မနှစ်မြို့လှသော်လည်း သူဌေးမျက်နှာကြောင့် ကြောက်လည်း ကြောက်လှသည်ဖြစ်ရာ မျက်စောင်းတောင် မထိုးရဲပါ။ တကယ်တော့ နေရောင်ခြည် ထိုသူကို အင်မတန်မှ မုန်းကာ ရင်လည်း မဆိုင်ချင်တော့ပါ။ နေရာတကာ သူ့ဩဇာ၊ သူ့အာဏာ၊ သူ့အပြောအဆိုတွေ ပြီးရမယ်၊ လွှမ်းမိုးရမယ်ဆိုသော စိတ်ဓာတ်မျိုး သူ့ဆီမှာ အပြည့်ရှိကြောင်း လေ့လာမိနေသည်။ အရာရာကို ငွေကြေးနဲ့ ဆုံးဖြတ်ချင်သော သူ့စိတ်ဓာတ်ကို နေရောင်ခြည် မကြိုက်ပါ။ ဒီလိုလူနဲ့ သူဌေးဦးကျော်ဇေယျတို့ ညီအစ်ကိုတော်သည်ဆိုခြင်းမှာ အံ့တောင်အံ့ဩစရာ။ စိတ်ဓာတ်ချင်းက တခြားစီ၊ ဦးကျော်ဇေယျကတော့ ဘယ်သူ့ကိုမဆို စေတနာမေတ္တာနဲ့သာ ဆက်ဆံတတ်သူ၊ ဦးကျော်ခနေကတော့ ငွေကြေးနဲ့ ခွဲခြားဆက်ဆံတတ်သူ။





"ဦးကျော်ဇေယျရှင်၊ ကျွန်မ ဦးကျော်ဇေယျတို့ကို မရှိမသေ ဆက်ဆံတာလည်း မဟုတ်ပါဘူး။ ကျွန်မ ဦးကျော်ဇေယျညီဆီက ဘာကိုမှ လက်မခံချင်ပါဘူး၊ ကျွန်မကို ငြင်းပယ်ခွင့်ပေးပါ၊ ဦးကျော်ဇေယျ ကျွန်မကို ဒီအလုပ်ပေးထားတာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အရာပါ၊ အဲဒါကို လက်လွှတ်မဆုံးရှုံးရဘူးဆိုရင် ကျွန်မအတွက် ဘာမှမလိုအပ်တော့ပါဘူး။ ကျွန်မကို နားလည်ပါရှင်"

နေရောင်ခြည်သည် ပိုမိုနူးညံ့ပြီး ပျော့ပျောင်းပုံရသော ဦးကျော်ဇေယျကိုသာ စိတ်ကူးခေါ်သလိုကြည့်ပြီး ရှင်းပြလိုက်ပါသည်။ ကျော်ခနေဆိုတဲ့လူဟာ ဖြိုင်ငြင်းနေလည်းငြင်းလို့ရမယ့်သူမှမဟုတ်တာ။

"ဟုတ်တာပေါ့၊ မင်းပြောတာလည်း မှန်ပါတယ်၊ ကဲပါ . . . ညီလေးရာ၊ ငါ့ဝန်ထမ်းဘက်က ငါ ကာကွယ်ပြောရတော့မယ်။ သူ မလိုချင်တော့တာ ပေးစရာမလိုပါဘူး။ မင်းတို့ ပြောပုံဆိုပုံ နားထောင်ကြည့်ရတာလည်း ဒီကိစ္စ မင်းနဲ့မဆိုင်ပါဘူး၊ မင်းစိတ်ထဲမှာ ဘာမှမထားပါနဲ့တော့"

"သူ ကျွန်တော့်ကို အသေအချာ စွပ်စွဲခဲ့တာ"

"အဲဒီအတွက် ကျွန်မ တောင်းပန်ပါတယ်"

"ကဲ . . . ကောင်းပြီ၊ ငါ အခုမေးမယ်၊ မင်း အဲဒါတော့ သေသေချာချာဖြေ"

ကျော်ခနေအသံက ဒေါသဖြင့် မာတောင့်အေးစက်နေပါသည်။ ဦးကျော်ဇေယျကတော့ ညီဖြစ်သူ၏ ဘာမှန်းမသိသော ဒေါသကို အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ရသလို အလကားနေရင်း တစ်ဖက်သားကို ဟောက်ဟိန်းနေတာကို လည်းကြည့်မရနိုင်သလိုဖြစ်နေပါသည်။

"ဒီကရတဲ့ လခရယ်၊ မင်း ညနေဘက်မှာ အကျႌချုပ်တာ ပြုတာဘာညာတွေအတွက် တစ်လလုံးရတဲ့လခ ဘယ်လောက်ရှိသလဲ"

"ဟို...အဲဒါ"

"အမှန်အတိုင်း ဖြေပါ"

ကျော်မနေအသံက ဟိန်းထွက်နေသည်။

"ဟော့ကောင်၊ မဟောက်ပါနဲ့ကွာ"

ဦးကျော်ဇေယျ မနေသာတော့ဘဲ ဝင်ဟန့်လိုက်မိပါသည်။ နေရောင်ခြည်ကတော့ ညီအစ်ကိုနှစ်ယောက်ကြား တုတ်တုတ်တောင် မလှုပ်ရဲဘဲ စိတ်အညစ်ကြီးညစ်နေသည်။ ဒီလူ တမင်သက်သက် ရစ်သည်ဟုလည်း ထင်နေသည်။ မှန်းလိုက်တာမှ တအားပါပဲ။ ဒါပေမယ့် ကိုယ့်အခြေအနေက ကိုယ့်အမုန်းတရားကိုတောင် မပြရဲသော အခြေအနေဖြစ် နေလေရာသည်းခံနေရပါသည်။

"ခုလောလောဆယ်မှာ မင်းက ငါ့ညီပေမယ့် ငါ့လုပ်ငန်းနဲ့ မဆိုင်ဘူး၊ ငါ့ဝန်ထမ်းနဲ့မင်းနဲ့ ဘာမှမဆိုင်တဲ့အတွက် မင်း သူ့ကို ဘာအကြောင်းကြောင့်မှ ဟောက်ပိုင်ခွင့်မရှိဘူး"

"အစ်ကိုကြီးဝန်ထမ်း မဟုတ်တော့ဘဲ ကျွန်တော့်ဝန်ထမ်း အဖြစ်လွှဲပေးရင်ရော"

"ဘာရယ်..."





"အစ်ကိုကြီးဆီမှာ သူ waitress (ဝိတ်ထရက်(စ်) လုပ်တာ ဆို လခ ဘယ်လောက်ရလဲ"

"သူက အခုမှ ဝေတာ work experience (ဝေါ့ခ်အိပ်စ်ပီးရီးယင့်) လုပ်ငန်းအတွေ့အကြုံလည်းမရှိသေးတော့ လေးသောင်းခွဲနဲ့ စပေးတယ်၊ ဘာဖြစ်လို့လဲ"

"တစ်လတစ်သိန်းပေးမယ်၊ မင်း ငါ့ကုမ္ပဏီမှာ ဝင်လုပ်ပါ"

ကျော်မနေက ဦးကျော်ဇေယျ၏ မေးခွန်းကို မဖြေဘဲ နေရောင်ခြည့်ဘက်လှည့်ကာ ပြောလိုက်ပါသည်။ ဘယ်သူမှမပြောခင် သူပဲ ဆက်ပြောပြန်သည်။

"မင်း လက်ချုပ်လိုက်တာ ဘာညာတွေက အလွန်ဆုံးရလှ သုံးသောင်းထက် မပိုဘူး။ ဟုတ်တယ်မဟုတ်လား၊ ဒီကရတဲ့ လခ လေးသောင်းခွဲရယ်၊ မင်းရဲ့ အချုပ်အလုပ်ကရတဲ့ လက်ခ သုံးသောင်း လောက်ရယ်ပေါင်းမှ တစ်လဝင်ငွေ ခုနစ်သောင်းခွဲ၊ ဒီတော့ ငါက တစ်သိန်းပေးပြီး အလုပ်ခန့်မယ်ဆိုရင် မင်း ငါ့ဆီမှာ အလုပ်ပြောင်း သင့်ပါတယ်နော်"

ကျော်မနေက သူ့ညှဉ်အတိုင်း တစ်ဖက်သားကို လွှမ်းမိုးစွာပင် သူစီစဉ်ထားသမျှ ဆက်တိုက်ပြောပါသည်။

"အခုလာမယ့် တနင်္လာနေ့ကစပြီး အလုပ်ဆင်းပါ။ ဒီမှာ လိပ်စာကဒ်"

"ကျွန်မ ဘာ...ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမေးနဲ့လေ၊ အလုပ်တစ်ခုခုဖြစ်ရင် ပြီးရောမဟုတ်လား"

"ကျွန်မ . . . ဆယ်တန်းလေးနှစ်ကျပါ၊ ဘာသင်တန်းမှလဲ မတက်ဖူးဘူး၊ စပီကင်လည်း မရဘူး"

"အဲဒါ ငါ ဆုံးဖြတ်ရမှာပါ၊ ငါ အလုပ်ပေးတာ ယူပေါ့၊ မင်းကို ဘာ တတ်သလဲ၊ ညာတတ်သလဲမှ မမေးတာ"

"ကျွန်မ . . . မလုပ်နိုင်ပါဘူး"

နေရောင်ခြည် ပြန်ငြင်းလိုက်ပြီးမှ ဦးကျော်ဖေယျကိုလည်း ပူပန်သလို လှည့်ကြည့်မိသည်။ သူဒေါ်ကြီးရဲ့ညီမို့ အသံခပ်မာမာနဲ့ ပြန်ငြင်းမိတာ မှားပြီထင်တယ်၊ ဦးကျော်ဖေယျကတော့ ဘယ်သူ့ဘက်မှ မပါသောမျက်နှာဖြင့်. . . . ။

"ခန့် . . . မင်း ဘာတွေလျှောက်လုပ်နေတာလဲ၊ ဒါ ဘယ်လို ဖြစ်ရတာလဲ"

"သူ့အဖေသေရတဲ့အတွက် သူတို့မှာ အခက်အခဲရှိနေတော့ ပြေလည်စေချင်လို့ပါ၊ စားပွဲထိုးအလုပ်ဝင်လုပ်ပြီး ဘယ်အချိန် အမှား ပါမလဲ။ ဘာပြဿနာတက်မလဲ ပူပန်နေရတာထက်စာရင် ရုံးခန်းထဲမှာ သင့်တော်တဲ့နေရာတစ်ခု ဝင်လုပ်ပြီး လခကောင်းကောင်း ယူနေရရင် ပိုမကောင်းဘူးလား။ သူ့ကို ပျော်ကြေးပေးတော့လည်း မလိုချင်ဘူး ဆိုတော့ ဒီနည်းနဲ့ အကူအညီပေးတာပါ၊ သူ့အဖေ သေရတာဟာ ကျွန်တော့်အပြစ် မကင်းဘူးလို့ သူ စွပ်စွဲထားတဲ့စကားတွေကို မေ့လို့ မရသေးသရွေ့ ကျွန်တော် သူ့ဆီမှာ အကြွေးတင်နေတယ်လို့ ခံစား ရလို့ပါ"





"ကျွန်မ ဦးကျော်မနေကို စွပ်စွဲထားတာတွေ ပြန်ရုပ်သိမ်း ပါတယ်"

"မရတော့ဘူး၊ ငါ့ခေါင်းထဲမှာ စွဲနေပြီ"

"ကျွန်မ ဘာပညာမှလည်း မတတ်ဘဲနဲ့ ကုမ္ပဏီအလုပ် ဝင်လုပ် မှာပါ။ ဘယ်တော့ အမှားတွေ့မလဲ၊ အဖြုတ်ခံရမလဲဆိုပြီး တထိတ် ထိတ်နဲ့ အလုပ်ဝင်ရမှာကို လက်မခံနိုင်ပါဘူး။ ကျွန်မဘာသာ ဒီမှာပဲ လုပ်ပါရစေ။ ဒီမှာ လုပ်ရတာ ပျော်ပါတယ်"

"မင်းရှည်းစား ရှိနေလို့မဟုတ်လား"

ဦးကျော်ဖေယျမှာ တအံ့တသြပင် ညီဖြစ်သူကို ဆတ်ခနဲ လှည့်ကြည့်ပါသည်။ "မင်းရည်းစား ရှိနေလို့မဟုတ်လား" ဆိုသော ပြော ဟန်မှာ မကျေမနပ်ပုံ ပေါက်နေသည်။ ခနဲ့သလိုလို၊ ရွဲ့သလိုလိုပုံ ပေါက် နေသည်။ မနာလိုခြင်း တစ်ဝက်တလေပါသော အသံမျိုးလည်းဖြစ်နေ သည်၊ ဒီကောင် ဘာဖြစ်နေတာပါလိမ့်။ ဒီကောင်မလေးကိုများ ကြိုက် နေသလား။ ကောင်းမေ့၊ ညွန့်မေ့၊ လှမေ့၊ တော်မေ့၊ တတ်မေ့ဆိုတဲ့ မိန်းကလေးကို ရှာနေတဲ့ ကျော်ခန့၊ ခုတော့ ဘယ်လိုများဖြစ်ရတာလဲ။

"ကျွန်မကို သွားခွင့်ပြုပါ ဦးကျော်ဖေယျ။ ဦးကျော်ဖေယျဆီ

ကျွန်မ အလုပ်ဝင်လုပ်ပါရစေ၊ ကျွန်မကို ဘယ်မှမပို့ပါနဲ့နော်"

"သွားလို့မရသေးဘူးလေ၊ ငါနဲ့ ဆွေးနွေးတာ မပြီးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်နေ၊ ကူညီတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မနဲ့ မတန်မရာလို့ ခံစားရတဲ့အတွက် လက်မခံနိုင်ပါဘူး"

"မင်း...လက်ခံရမယ်လေ"

ကျော်နေမှာ သူ့ အငြင်းခံလိုက်ရတာကို မကျေမနပ်ဖြစ်လျက် ဒေါသတကြီး ထတောင်ရပ်မိတော့မလို ဖြစ်သွားသောအခါ ဦးကျော်ဇေယျကပဲ...

"ဟော့ကောင် ... နေ ... စိတ်ထိန်းစမ်း၊ ဒါ ... ငါ့ရုံးခန်းကွ။ မင်းရဲ့ရုံးခန်း မဟုတ်ဘူးဆိုတာ သတိရဦး"

ဟု မာန်မဲလိုက်ရပါသည်။

* * *

## (၅)

နေရောင်ခြည်ပြောသမျှ နားထောင်နေရသော သက်ပြည့်မှာ ပြောင်းလဲသွားသော အခြေအနေကို လက်မခံနိုင်သလို ဖြစ်နေပါသည်။ ဆံပင်ပါးပါးလျော့လျော့ ကပ်ကပ်လေးနဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေ ရှိနေတာလွဲရင် သာမန်ရုပ်ထက် ပိုထွက်မနေသော နေရောင်ခြည့်ကို ဦးကျော်နေက စိတ်ဝင်စားတာ ဘာကြောင့်ပါလိမ့်ဟု အံ့ဩသလို တွေးနေမိသည်။ သူ့အတွက်တော့ နေရောင်ခြည်ဟာ သူငယ်ချင်းသံယောဇဉ်က တစ်ဆင့် ချစ်မြတ်နိုးလာရတာပဲမို့၊ နေရောင်ခြည် လှတာ၊ မလှတာ ခေါင်းထဲသိပ်မရှိလှ။ သို့သော် တခြားယောက်ျားတစ်ယောက်အတွက် ဆိုရင်တော့ နေရောင်ခြည်ဟာ ရိုးသားပြီး အပြစ်ကင်းစင်တဲ့ပုံ ဖြစ်နေတာကလွဲရင် ဘယ်လိုမှ ဆွဲဆောင်မှုမရှိဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်ဖေယျာက ငါ့ကို စိတ်တော့မဆိုးဘူးလို့ ထင်တာပဲ သက်ပြည့်ရယ်၊ သူ ခွင့်ပြုသလား၊ မပြုသလားတောင် မပြောရသေးခင် ငါ သူ့ရုံးခန်းထဲက ထွက်လာမိတယ်"

"နင့်ကို အဲဒီဦးကျော်မနေက သဘောကျသွားတာထင်တယ်"

နေရောင်ခြည်ပြောလိုက်တာက တခြား၊ သက်ပြည့် သူ့ဘာသာ ပြောတာက တခြားဖြစ်နေသည်။ နေရောင်ခြည်က ဝိုင်းနေပြီးသား မျက်လုံးတောင် ပိုဝိုင်းသွားအောင် အံ့ဩသလို တုံ့ပြန်သည်။

"မဖြစ်နိုင်ပါဘူး"

"သူ့ကိုမယုံနဲ့နော်... မိနေ။ ပိုက်ဆံရှိတဲ့ သူဌေးတွေက အောက် ခြေကမိန်းကလေးတွေဆိုရင် အပျော်ကြံချင်ကြတာ၊ သူ ဘာပြောပြော မယုံနဲ့၊ သူခေါ်ရင်လည်း မလိုက်သွားမိစေနဲ့"

"နင်က ငါ့ကို အထင်သေးလှချည်လား သက်ပြည့်၊ ငါက ငါ့ မရင်းနှီးတဲ့လူတစ်ယောက်ကခေါ်တိုင်း လိုက်မယ့်လူလား။ ပြီးတော့ နင်ကသာ စွပ်စွဲနေတာပါ၊ သူက ငါ့ကို သဘောကျတာလည်း ဟုတ်ချင်မှ ဟုတ်မှာ၊ သူ့ကို စွပ်စွဲထားတာတွေကို မကြိုက်လို့ ပျော်ကြေးပေးပြီး ချေပစ်ချင်တာလည်း ဖြစ်ရင်ဖြစ်မှာပေါ့"

"ဟား...ဟား...ဟား...အဲဒါ လုံးဝမဖြစ်နိုင်ဘူး၊ သူနဲ့ ဘာမှ မဆိုင်တဲ့ကိစ္စကို သူက ဘာလျော်ကြေးပေးစရာလိုလဲ . . . မိနေ၊ အဲဒါ နင်ရောငါရော၊ သူရော နင့်အဖေကိစ္စကို မြင်သိရတဲ့ လူတွေအားလုံး သိတယ်၊ သူ့အကြောင်းတစ်ခုခု မရှိဘဲနဲ့ နင့်ကို သူ့အနား ခေါ်မထားဘူး





မိနေ၊ ပြီးတော့ ကြည့်ဦး၊ ငွေတစ်သိန်းပေးပြီး နင့်ကို ဘာရာထူးနဲ့ တပ္ပကိုမှာ ခန့်စရာရှိလဲ၊ နင့်ထက်ပိုတော်တဲ့ မိန်းကလေးတွေတောင် လေးငါးရှစ်သောင်းထက် မပိုတဲ့လစာနဲ့ အလုပ်လုပ်နေကြရတာ"

"ငါကတော့ သူ့ဆီမှာ မလုပ်ပါဘူး"

"မိနေ..."

သက်ပြည့် နေရောင်ခြည်ကို တမ်းတမ်းတတလေး ခေါ်လိုက်မိပါသည်။

"နင့်ကို ငါလက်ထပ်ထားမှ ဖြစ်မယ်ထင်တယ်"

"အံမာ...ဘာဆိုင်လို့လဲ"

"နင့်ကို ငါစိတ်မချတော့ဘူး"

"နင် အဆင့်တွေကျော်လာပြီ သက်ပြည့်၊ နင်နဲ့ငါ သူငယ်ချင်း တွေလေ၊ ဘာလို့ လက်ထပ်ရမှာလဲ"

"နင့်ကို ငါ ချစ်တယ်လေ"

"အဲဒါ ငါသိပါတယ်၊ ငါမှ နင့်ကို နင်ချစ်သလို မချစ်နိုင်တာ..."

"နင့်ကို ငါ အရမ်းခင်ပါတယ်၊ ရည်းစားလိုတော့ ချစ်လို့ကို မရဘူး"

"နင်က နင်ချစ်တဲ့သူကို ရှာဦးမှာလား...မိနေရယ်၊ ဘာလို့ ရှာ ချင်ရတာလဲ"

"မရှာပါဘူး၊ ဘယ်မှာရှာလို့လဲ၊ ငါ့ဘာသာ ရှာဖို့လည်း စိတ် မဝင်စားဘူး၊ ငါ့ကိုချစ်တဲ့ နင့်ကိုလည်း ချစ်လို့မရဘူး။ ဒါပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းလေး၊ ပြီးတော့အသက် နှစ်ဆယ်ကျော်လေးနဲ့ စောစောစီး အိမ်ထောင်မပြုချင်ဘူး။ အမေ့ကိုကူပြီး လုပ်ကျွေးရဦးမယ်၊ နှင်းမွှ ပညာတတ်အောင်လည်း ထားပေးရဦးမယ်၊ ငါ့ခေါင်းထဲမှာ ပြည့်နေတာ အဲဒါတွေပဲ"

"နင်က ချစ်စရာကောင်းမှန်း ဦးကျော်ခေ သိသွားလို့ နင့်ကို သူ့အနားမှာ ခေါ်ထားဖို့ ကြိုးစားနေပြီ . . . မိနေ-ငါ ရင်ပူတယ်၊ နင့်ကို ဆုံးရှုံးရမှာ ကြောက်တယ်"

"ငါက အရုပ်တစ်ရုပ် မဟုတ်ပါဘူး သက်ပြည့်ရယ်၊ ငါ့ကို သူ ခေါ်ထားချင်တိုင်းခေါ်ထားလို့ ရမှာလည်း မဟုတ်ဘူး"

သက်ပြည့် စိတ်မချခြင်းကြီးစွာနဲ့ပဲ နေရောင်ခြည့်ကို ဆက် အရေးမဆိုတော့ဘဲ တစိမ့်စိမ့်ကြည့်ကာ ရင်ပူနေခဲ့ပါသည်။

သက်ပြည့် ရင်ပူရသလိုပဲ၊ တစ်ရက်ပြီးတစ်ရက် နောက်ပိုင်းမှာ ကြုံတွေ့လာရပြန်သည်။ ပထမဦးဆုံး ကြုံတွေ့လာရတာကတော့ . . .

တစ်ရက်မှာ နေရောင်ခြည်တို့အိမ်ရှေ့ ကားတစ်စီး ရပ်လာ တာ Lite Ace (လိုက်ထ်အေ့စ်) ကားတစ်စီး,ဂျွန်းကိုင်းဖြင့် နေရောင် ခြည်တို့ အိမ်နံပါတ်ကိုမေးမြန်းပြီး ရောက်ရှုလာသည်။ အိမ်ရှေ့ရောက် တာနဲ့ အမိုးပါသော နောက်ခန်းမှ အလုပ်သမားပုံပေါက်သော လူ နှစ်ယောက် ခုန်ဆင်းလာသည်။

"မနေရောင်ခြည် . . . . မနေရောင်ခြည် ရှိပါသလား"

နေရောင်ခြည်မှာ ဘော်ကြယ်လေးတွေ ထိုင်ချုပ်နေရာ





အယောင်ယောင်အမှားမှားဖြင့် ထရပ်လိုက်မိသည်။ လက်ထဲမှာ လက် ဗွတ်ထိုးစရာလိုလို၊ ဖိုင်တစ်ခုပါသည့် ကားမောင်းသူက . . .

"လက်မှတ်ထိုးပါခင်ဗျ"

ဆင်းလာလာချင်း ဖိုင်ကိုထိုးပေးနေစဉ် ကားနောက်ခန်းမှ အလုပ်သမားနှစ်ယောက်ကတော့ ဆန်အိတ်ကြီးနှစ်အိတ်ကို ထမ်းချ နေသည်။

"ဘာ . . . ဘာတွေလဲ"

"ကျွန်တော်တို့ပွဲရုံက အိမ်တိုင်ရာရောက်မှာထားတဲ့ ဆန်၊ ဆီ၊ ကြက်သွန်တွေ လာပို့ရတာပါခင်ဗျာ၊ ရရှိကြောင်း လက်မှတ်ထိုးပေးပါ"

နေရောင်ခြည်မှာ အိတ်လိုက်တွေ ထမ်းချ၊ ဆီပုံးတွေ သယ်မချ နေသောကြောင့် ရင်မသွားပါသည်။ ဒီလို အိတ်လိုက်ဝယ်စားဖို့ ဘယ် တုန်းကမှ စိတ်မကူးခဲ့ဖူးဘူး။ အမေ ထမင်းဆိုင်ဖွင့်တုန်းကတောင် အိတ် လိုက်ဝယ်ခဲ့တာ ခပ်ရှားရှား။ အိမ်မှားသလားမသိ။

"ကျွန်မ ဘာမှမမှာထားဘူး၊ ရှင်တို့ အိမ်မှားနေပြီ"

"မမှားပါဘူး၊ ဦးကျော်ခေ ဒီအိမ်နံပါတ်မှာ ဒီလူကိုတွေ့ရင် ထားခဲ့ပါလို့ မှာပြီးပါပြီ၊ ပိုက်ဆံလည်း ရှင်းပြီးပြီ၊ ကဲ . . . အစ်မ . . . လက်မှတ်လေး တစ်ဆိတ်မစပါ၊ ကျွန်တော်တို့ အချိန်မရဘူး"

"ဦးကျော်ခေ ဟုတ်လား၊ ဦးကျော်ခေဆိုကလား"

"Glory (ဂလိုရီ) ကုမ္ပဏီက ဦးကျော်ခေပါ ခင်ဗျာ၊ ဟုတ်ပါ တယ်၊ အစ်မရယ် . . . ကဲပါ . . . လက်မှတ်မြန်မြန်ထိုးပေးပါ၊ ဒီလည်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့အောင် မနည်းရှာနေရလို့ ကျွန်တော်တို့ နောက်ကျနေပြီ၊ ဒါလေး ကူညီပါ"

အိမ်ထဲမှာ အတင်းဝင်ချနေသော ဆန်အိတ်၊ ကြက်သွန်အိတ်နဲ့ ဆီပိဿာပုံးကြီးတွေကို ဘာလုပ်ရမှန်းမသိ မျက်လုံးဝေ့ကြည့်ကာ လက်မှတ်ကိုတော့ ထိုးပေးလိုက်ရပါသည်။ နေရောင်ခြည်ထိုးနေသော ရပ်ကွက်လေးဆိုတာက တစ်အိမ်နဲ့တစ်အိမ် နီးနီးကပ်ကပ် မြင်နေရပြီး ဘာလေးပဲ အထူးအဆန်းဖြစ်ဖြစ် စပ်စပ်စုစု ကြည့်ကြတာပဲမို့ ဝိုင်းအကဲခတ်နေကြသော မျက်လုံးတွေကို ရင်မဆိုင်ရဲတော့ဘဲ လက်မှတ်မြန်မြန်ထိုး၊ အိမ်ထဲမြန်မြန်ဝင်။

"ဟဲ့…သမီးကြီး… ဒါတွေ"

အမေက အိပ်ခန်းထဲမှ ထွက်လာပြီး အံ့သြတကြီး လက်ညှိုးထိုးလေသည်။

"ဒုက္ခပါပဲ အမေရယ်၊ ဟိုလူလုပ်ချလိုက်တာ"

"ဘယ်သူလဲ"

"ဦးကျော်ခန့"

အမေ့ကိုလည်း အဖြစ်အပျက်တွေ အသိပေးထားပြီးသား အမေလည်း ဒီနာမည်ကို သိနေပါသည်။

"ဒါတွေ ပို့ပေးလိုက်တယ်၊ သမီးခုလေးတင် လက်မှတ်ထိုး လိုက်ရတယ်"

"အဲဒီလူက သမီးအိမ်ကို ဘယ်လိုသိ… ဩော်… သူက သမီး အလုပ်ရှင်ရဲ့ညီပဲ"





အမေ သူမဘာသာမေး သူမဘာသာ အဖြေရသွားပါသည်။

"သူက သမီးစွပ်စွဲထားတာကို မှတ်ထားတယ် အမေ၊ လျော်ကြေးအဖြစ် ပေးကိုပေးရမယ်လို့ ယူဆနေပုံပဲ"

"အေး . . . ဒီလောက်နဲ့ရပ်သွားရင် တော်သေးတယ်လို့ ပြောရမှာပေါ့"

"အမေ…ဘာတွေထင်လို့လဲ"

"ရှေ့ဆက်တိုးလာရင်တော့ သမီး သတိထားဖို့ လိုတယ်နော်"

"ဟုတ်တယ်၊ သက်ပြည့်လည်း သတိပေးတယ်"

"သူဌေးတစ်ယောက်က ကောက်ယူလောက်အောင် သမီးက သိပ်လှနေတဲ့သူ မဟုတ်ဘူး"

"နေရောင် သိပါတယ် အမေ၊ စိတ်ကူးလည်း မယဉ်ပါဘူး၊ အမေ စိတ်ချပါ"

"အမေ ကောင်းကောင်းနေကောင်းသွားရင် ထမင်းဆိုင် ပြန်ဖွင့်မယ်ကွယ်။ အဲဒီကျ သမီး ဟိုတယ်အလုပ်ကို ဆက်မလုပ်နဲ့တော့။ အဲဒီ သူတို့နဲ့ ပတ်သက်စရာလည်း မရှိတော့ဘူး။ သမီးဘာသာ စက်ဆိုင်လေးဖွင့်၊ တစ်နေကုန် အိမ်မှာနေ၊ ဝင်ငွေရှာ၊ အချိန်တန်ရင် သက်ပြည့်နဲ့ပဲ ယူပါ၊ ကိုယ့်အချင်းချင်းပဲ စိတ်ချပါတယ် သမီးရယ်"

အမေ့မှာ အခုတော့ တီဘီဆေးတွေ စတင်သောက်နေပြီ ဖြစ်ရာ ဆေးအရှိန်ကြောင့် ဘာအလုပ်မှ မလုပ်နိုင်တော့ဘဲ အိမ်မှာသာ အနားယူနေရသည်။ ထမင်းဆိုင်ဖွင့်ရာနေရာလည်း အမေ မဖွင့်တော့၍



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နေရာငှားသူက တခြားသူကို ပြောင်းငှားလိုက်ပြီဖြစ်ရာ အမေပြန်ဖွင့်နိုင်ရင်တောင် နေရာပြန်ရှာရဦးမှာ။ နေရာရခဲ့ရင်တောင် အရင်ကလို ရောင်းကောင်းတဲ့နေရာဖြစ်ဖို့ မလွယ်။ နေရောင်ခြည့်အနေနဲ့လည်း အမေ့ကို ပင်ပင်ပန်းပန်း ချက်ပြုတ်ဆိုင်ခင်းပြီး ရောင်းချရသောပုံစံ မမြင်ချင်တော့ပါ။ ဖြစ်နိုင်ရင် ကိုယ်ပဲ ရှာဖွေကျွေးမွေးချင်သည်။

ဆန်အိတ်တွေရောက်လာသော သတင်းကို သက်ပြည့် မသိသဖြင့်နေရောင်ခြည်မပြောဘဲတိတ်ဆိတ်နေလိုက်မိသည်။ သက်ပြည့်နဲ့ကိုယ် ဘာမှမဆိုင်ပေမယ့် သိနေရင် ရစ်နေမှာကို မခံချင်။ ထိုသို့ဖြစ်ပျက်ပြီး သိပ်မကြာသော ရက်တစ်ရက်မှာ ဦးကျော်ဇေယျက နေရောင်ခြည့်ကို သူ့ရုံးခန်းမှာ ခေါ်တွေ့ပါသည်။

"မင်းရဲ့လခ အပြောင်းအလဲကို အသိပေးထားချင်လို့ပါ"

"ရှင် ...."

"ငါပေးတဲ့ တရားဝင်လခကတော့ လေးသောင်းပေါ့ဟုတ်လား ဒါပေမယ့် လကုန်တိုင်း မင်း ခြောက်သောင်း ပိုပိုရနေမယ်၊ ဘာကြောင့်လဲဆိုတော့ ငါ့ညီ ကျော်မနေက ထပ်ဖြည့်ပေးတာပါ။ မင်းကို သူ့ဆီမှာ အလုပ်ပြောင်းလုပ်ပါ၊ လခတစ်သိန်းပေးမယ်ဆိုတာ မင်း ငြင်းခဲ့တဲ့အတွက် သူက မင်းကို ထပ်မတိုက်တွန်းတော့ဘူး။ သူထပ်ပေးချင်တဲ့ လခကို ငါ့ဆီမှာ ထပ်ဖြည့်ပေးတဲ့သဘောပဲ၊ အဲဒါကို ဘယ်သူမှ သိဖို့မလိုဘူး၊ မလိုအပ်ဘဲ တခြားဝန်ထမ်းတွေ အထင်မှား





တန်မှာစိုးလို့ပါ။ မင်းကိုပေးတဲ့ စာအိတ်ထဲမှာ အမြဲ ခြောက်သောင်းပိုပါတဲ့ကိစ္စကို ငါနဲ့ pay roll (ပေးရိုးလ်) လုပ်တဲ့ ငွေစာရင်းဌာနက ဝန်ထမ်းတစ်ဦးကလွဲရင် ဘယ်သူမှ မသိပါဘူး၊ ဒီတော့ စိတ်ချလက်ချ လက်ခံပါ၊ မငြင်းပါနဲ့၊ ထပ်မမေးပါနဲ့၊ ဟုတ်ပြီလား"

သူဌေးကြီးကိုယ်တိုင်က မငြင်းပါနဲ့၊ ထပ်မမေးပါနဲ့ဆိုသော စကားကြောင့် နေရောင်ခြည် ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ယင်ယင်နဲ့ လက်ခံလိုက်ရပြန်ပါသည်။

ဒီအကြောင်းကို ဘယ်သူ့ကိုမှ အသိမပေးစေချင်ဘူးဆိုသော ဦးကျော်ဇေယျ၏ တားမြစ်စကားကြောင့် သက်ပြည့်ကိုပင် မဟာရဲ။ လတိုင်းလတိုင်း သူများရတာထက် ခြောက်သောင်းပိုရနေမယ့်အဖြစ်ကို မပျော်နိုင်တော့ဘဲ ဘာကိုစိုးရိမ်နေမှန်းမသိ စိုးရိမ်နေမိသည်။ အဲဒီလိုအခြေအနေတွေ ပြောင်းလဲပြီး သိပ်မကြာ။ နေရောင်ခြည့်ထံသို့ လူကြုံဖြင့် ပစ္စည်းတစ်ခု ရောက်လာပါသည်။

"ဦးကျော်မနေ ပေးခိုင်းလိုက်တာ"

အမေက လာပြန်ပြီဆိုသောအကြည့်ဖြင့် ပက်လက်ကုလားထိုင်ပေါ်မှ လှမ်းကြည့်သည်။ ပါဆယ်ထုပ်ကို ထုပ်ပိုးထားသောအရာကို ဖွင့်ကြည့်လိုက်တော့ မိုဘိုင်းဖုန်းတစ်လုံး ဖြစ်ပါသည်။

"ဟယ်...ဟန်းဖုန်း"

ညီမလေးနှင်းပွင့်ဖြူက စာကျက်နေရာမှ ဝမ်းသာအားရ ပြေးလာကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

နေရောင်ခြည် ဖုန်းကို ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း ရေရွတ်မိ၏။

"နှင်းပွင့် လုပ်တတ်ပါတယ်၊ ကျူရှင်မှာ သူငယ်ချင်းတွေဆီက ခဏတောင်းပြီး ကလိနေကျ"

"မလုပ်တတ်လို့ ဒုက္ခပါပဲလို့ ညည်းတာမဟုတ်ဘူး နှင်းပွင့်၊ ငါ့ဒါတွေမှ မလိုတာ၊ လိုလည်း မလိုချင်ဘူး၊ ဘာကြောင့်ပေးတာမှန်း မသိဘဲ လက်ကိုမခံချင်ဘူး"

"မမကြီးကို အဲဒီသူဌေးကြီးက ကြိုက်လို့နေမှာပေါ့"

"ဟဲ့...အဲဒါ ကလေးပြောစရာလား"

"နှင်းပွင့်အသက် ဆယ့်လေးနှစ်ရှိပြီ၊ ကလေးမဟုတ်ဘူး"

"နှင်နဲ့ငါ ရှစ်နှစ်ကွာတယ်၊ ငါ့အတွက်တော့ နှင်ဟာ ကလေးပဲ ကဲ . . . ကဲ . . . ကလိမနေနဲ့၊ ဘူးဘူးထဲ ပြန်ထည့်ထားလိုက်၊ ငါ ပြန်ပေးမယ်"

ဗူးထဲပြန်ထည့်ထားပေမယ့် သိပ်မကြာခင်မှာ ဖုန်းက အသံ မြည်လာသည်။ ဖုန်းသံကြားတော့ ရုတ်တရက်မို့ နေရောင်ခြည်မှာ ရင်တုန်သွားကာ မထိရဲ၊ မကိုင်ရဲသလိုဖြစ်ပြီး ဖုန်းထည့်ထားသော ကတ်ထူဗူးကို စိုက်ကြည့်နေမိ၏။ သာမန်ဖုန်းခေါ်သံ "ကလင် . . . ကလင်"ဟု ခေါ်သံ ထည့်ထားသော ဖုန်းမြည်သံမှာ ကျယ်လောင်ပြီး ဆူညံနေသည်။ မကိုင်မချင်း ခေါ်မည့်ပုံစံပင်။





အမေက အသာမှိန်းနေရာမှ ကုန်းထကာ နေရောင်ခြည့်ကို ဝေးစိုက်ကြည့်နေသည်။ ဖုန်းခေါ်သံရပ်သွားလို့ ဝမ်းသာနေတုန်း နောက် တစ်ခါထပ်ခေါ်သံ ကြားရပြန်သည်။ နှင်းပွင့်ဖြူက စတောင် ဆက် တျက်နိုင်တော့ဘဲ နေရောင်ခြည့်ကို အကဲခတ်နေသည်၊ ညီမနဲ့ အမေ၏ မျက်လုံးနှစ်စုံလုံး ကိုယ့်ကိုကြည့်နေသဖြင့် နောက်ဆုံးတော့ နေရောင်ခြည် ဖုန်းကို ဘူးထဲက ထုတ်ယူလိုက်ရတော့၏။

"ဘယ်ခလုတ် နှိပ်ရမှာလဲ"

"ပေး...ပေး...နှင်းပွင့်ပြမယ်၊ ဒီမှာ"

နှင်းပွင့်ဖြူ ဝမ်းသာအားရ ပြေးထပြီးလျှင် ဖုန်းလက်ခံပြော လျှင် နှိပ်ရမည့်ခလုတ်တစ်ခုကို ပြသည်။

"အဲဒါနှိပ်လိုက်၊ ဒါဆို ပြောလို့ရပြီ"

အသံကျယ်ချင်ရင် ဒါလေးနှိပ်လိုက်၊ အဲဒါ စပီကာဖွင့်ပြောတာ၊ ဒါပေမယ့် တစ်ယောက်တည်းတော့ ကြားမှာမဟုတ်ဘူး၊ ဘေးက လူတွေပါ ကြားလိမ့်မယ်၊ အဲဒီတော့ မမကြီး စပီကာကို on (အွန်) ထားနဲ့ပေါ့"

နှင်းပွင့်ဖြူပြသည့်အတိုင်း နေရောင်ခြည် လိုက်နာလိုက်ပြီး လျှင် ဖုန်းကို နားမှာကပ်လိုက်ပါသည်။

"နေရောင်ခြည်"

တစ်ဖက်မှ တင်တင်စီးစီးနှင့် ခေါ်လိုက်သံကြားရပါသည်။

"ဒီဖုန်းကို သုံးပါ၊ လက်ခံထားပါ။ အထူးသဖြင့် ငါ ဆက်သွယ် တဲ့အခါကျရင် လွယ်ကူအောင် ပေးထားတဲ့သဘောပဲ၊ ငါခေါ်ရင် ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ဘဲ မနေပါနဲ့၊ မတော်တဆ မကိုင်လိုက်မိရင် missed call (မစ်(စ်ကောလ်) တွေ့တဲ့အခါတိုင်း ငါ့ကို ပြန်ခေါ်ပါ၊ ဟုတ်ပြီလား"

ကျော်ခနက အမိန့်ဆန်ဆန်ပင် တောက်လျှောက်ပြောချသွားပါသည်။

"ကိုင်ပုံကိုင်နည်း၊ အသုံးပြုနည်းတွေကို အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်ရှိတယ်၊ လေ့လာပြီး ဖတ်ပါ၊ မင်း နားမလည်မှာစိုးလို့ တချို့တလေ သိသင့်တာကို ငါ မြန်မာလို သီးသန့်ရေးပေးလိုက်တဲ့စာရွက် ခေါက်တစ်ရွက် တွေ့လား"

နေရောင်ခြည်မှာ ဖုန်းကိုရကတည်းက ဘူးထဲပြန်ထည့်ထားသဖြင့် ဘာပါမှန်းတောင် မသိခဲ့။ သူပြောမှ သိရသည်။

"ဦးကျော်ခနေ၊ ခဏနေဦး၊ ကျွန်မ ပြောစရာလေးတွေရှိလို့"

နေရောင်ခြည်မှာ ဖုန်းပြောပြီးပြီးချင်း ဖုန်းချလိုက်တော့မလို ပြောနေသော ဦးကျော်ခနေကို မပြောလိုက်ရမှာစိုး၍ ခပ်မြန်မြန် သူ့စကားကိုဖြတ်ပြီး ပြောလိုက်ရပါသည်။

"ဘာလဲ၊ ဘာလို့ ဒါတွေ ပေးလဲ၊ ဘာကြောင့် ထောက်ပံ့တာလဲ တွေ မေးမှာမဟုတ်လား"

နေရောင်ခြည့်မေးခွန်းတွေကို သူက ကြိုသိနေသလို ပြောလိုက်ရာ နေရောင်ခြည့်ထံတွင် ပြောစရာစကားတောင် မရှိတော့သလို ဖြစ်သွားပါသည်။

"မှတ်ထား . . . နေရောင်ခြည်၊ ငါက ငါစိတ်မပါရင် ဘယ်သူ့ နိုင်းနိုင်း ဘာမှမလုပ်ဘူး။ ဒါ ငါ့စိတ်သဘောနဲ့ငါ လုပ်တာ၊ ဘယ်သူမှ





တားလို့မရဘူး၊ ငါ တာဝန်ရှိတယ်ထင်ရင် လုပ်ကိုလုပ်မှာပဲ၊ မင်းကို ထောက်ပံ့ဖို့ ငါတာဝန်ရှိတယ်လို့ ထင်သွားပြီ။ ဒီတော့ ဘယ်သူမှ တားလို့ ရတော့ဘူး။ မင်းအိမ်အတွက် လိုအပ်တာ ဖြည့်ပေးမယ်၊ မင်းလခကို ငါ ဖြည့်ပေးမယ်၊ မင်းနဲ့ငါ ဆက်သွယ်ဖို့ ဖုန်းပေးထားမယ်၊ ဒါတွေ ခြင်းနဲ့၊ ကဲ...ငါမအားဘူး၊ ဖုန်းဆက်မပြောနိုင်တော့ဘူး"

တစ်ဖက်မှ ဖုန်းအဆက်အသွယ် ပြတ်သွားသံကို နားထောင်ရင်း တွေတွေဝေဝေဖြင့် ဖုန်းကို စိုက်ကြည့်နေမိသည်။ ရှေ့ဆက်ပြီး ဘာတွေကြုံရဦးမလဲဆိုတာ မတွေးတတ်အောင်ဖြစ်လျက် ဘာကိုစိုးရိမ်မှန်းမသိဖြစ်ကာ စိုးရိမ်လျက် ရှိနေတော့သည်။

*    *    *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

## (၉)

လက်မှာလည်း အထုပ်ကြီးနှစ်ထုပ်ဆွဲထားကာ ပိုက်ဆံအိတ် ထင်ရသော အိတ်အနက်လေးကို စလွယ်သိုင်းလျက် ကားလမ်း တ်ကူးဖို့ ဟိုကြည့်ဒီကြည့်လုပ်နေသော နေရောင်ခြည့်ကို သူ အဝေး င် လှမ်းမြင်ပါသည်။ ပထမဦးဆုံး တွေ့ဆုံစဉ်ကလို ပုံစံနဲ့ပင် ဖရို ရဲ့ မနိုင်မနင်းတွေဖြစ်နေသော ပုံစံသည် ကျော်နေမျက်စိထဲမှာ စိတ် င်းမကျနိုင်သလိုဖြစ်နေပါသည်။

လူတွေကြားထဲမှာ ထင်းနေတာမဟုတ်ဘဲ၊ မနည်းတွေ့အောင် သူရမယ့်ပုံစံနဲ့ မိန်းကလေးကို သူ ဘာကြောင့် အလွယ်တကူ တွေ့ရ နည်း။ ကျော်နေသည် သူ့ကားကြီးကို ကောင်မလေးရှေ့ ရှောခနဲ ပ်လိုက်လေသည်။

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး..."

နေရောင်ခြည်မှာ လန့်ပြီး ငုန့်ငုတ်လိုက်မိလေရာ ဟန်ရ ပျက်ပြီး ခြေထောက်မျက်သွားပါလေည်း

"အ...ကျွတ်...ကျွတ်"

အထုပ်တွေ ဘေးခကာချပြီး ခြေချင်းဝတ်ကို ခါးကိုင်းပြီး ဖိညှ နေစဉ် ကျော်မနေမှာ ကားတံခါးဖွင့် ဆင်းလာလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ"

"ဟင်..."

ကျော်မနေကို မော့ကြည့်ပြီးမျက်နှာပျက်ချင်ချင်။

"ကားက တိုက်တောင်မတိုက်မိဘဲ ဒီလောက်တောင်လန့်ပြ ရောင်ရသလား၊ အခု ခြေထောက် ဘာဖြစ်သွားတာလဲ"

"ကျွန်မ ကားလမ်းကူးမလို့ဟာ၊ ရှေ့မှာ ရုတ်တရက်ကြီး ရ ပစ်လိုက်တော့ လန့်သွားတာပေါ့"

နေရောင်ခြည်ကလည်း တစ်ခွန်းမခံလိုသောပုံစံဖြင့် ပြန် တွေ့လေသည်။ ကျော်မနေက ခါးကို ခပ်ပြေပြေထောက်ရပ်ရင်း...

"မင်းကို တွေ့လိုက်ရင် အမြဲဖရိုဖရဲ၊ မနိုင်မနင်းနဲ့၊ အဲဒါကို ကြည့်လို့ကို မရဘူး၊ ဘာကြောင့် အိမ်မှာ အလုပ်အားရက် အေးအေ ဆေးဆေးမနေဘဲ ဒါတွေလုပ်နေရသလဲ"

"ဩော် . . . ဒါတွေမလုပ်ရင် ဘယ်သူကလာပြီး ရှာကျွေ မှာလဲ၊ အမေ့ဆေးဖိုးရှိတယ်၊ ညီမလေးကျူရှင်ဖိုး ရှိတယ်"





"ကဲ...ကဲ...အဲဒါတွေ ပြောမနေနဲ့၊ ကားပေါ်တက်၊ ငါဒီနားမှာ ကြာကြာရပ်လို့မရဘူး"

"မတက်ပါဘူး၊ ဘာလို့တက်ရမှာလဲ"

"ငါအမိန့်ပေးရင် ဘယ်သူကမှ လွန်ဆန်တာ မကြိုက်ဘူး"

ကျော်မနေသည် ဘေးမှာပုံချထားသော ကြွပ်ကြွပ်အိတ်ကြီး အိတ်ကို ဖြန်းဒိုင်းနှင့် ကောက်ကိုင်လိုက်ကာ သူ့ကားတံခါးနောက် ခါးကို ဖွင့်၍ ပစ်ထည့်လိုက်ပါသည်။ မျက်လုံးအဝိုင်းသားနှင့် ကြောင် နေသော နေရောင်ခြည်ကို...

"တက်...သွားမယ်"

ဟု ခပ်မာမာထပ်ပြောလိုက်ကာ သူကတော့ ကားပေါ်တက် သွားနှင့်လေသည်။ နေရောင်ခြည်သည် ကိုယ့်ချုပ်ထည်အထုပ်ကြီးတွေ ကားပေါ်ရောက်နေပြီဖြစ်ရာ ဘယ်လိုမှ ကလန်ကဆန်လုပ်လို့မရ တော့ဘဲ ထော့နဲ့နဲ့ဖြင့် ကားဘီးသုံးလေးလှမ်းမျှ လျှောက်လာပြီး ကား တံခါးဖွင့် တက်ထိုင်လိုက်ရလေသည်။

မွှေးပြီး အေးစိမ့်နေသောကားမှာ အပြင်ပတ်ဝန်းကျင်က ရာသီ ဥတုနှင့် လုံးဝကို ခြားနားနေပါသည်။ သစ်သီးရနံ့လိုလို ဖျော့ဖျော့အနံ့ လေးဖြင့် အေးသောကားထဲမှာ နေရောင်ခြည်သည် ကိုယ့်ကိုယ်ကိုယ် င် ကျုံ့ထားမိတော့မလို ဖြစ်သွားပါသည်။ ချွေးတွေသံတွေနဲ့ ဘတ်စ် ကားတိုးစီးပြီး လူတွေကြားထဲ တိုးဝှေ့လာရသော သူမကိုယ်မှာ ချွေးနံ့ တောင် နံနေပြီလားမသိ။ တစ်သက်လုံး ဘယ်တုန်းကမှ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မယုံကြည်စိတ်၊ သိမ်ငယ်စိတ် မဖြစ်ခဲ့ဖူးသော နေရောင်ခြည် ဦးကျော်ခနဘေးမှာ ယှဉ်ထိုင်လိုက်ရသောအခါ သိမ်ငယ်စိုးရွံ့ခြင်း အလိုလိုပေါက်ဖွားလာသည်။

အသားအရေဖြူပုံခြင်းသူလိုငါလိုပေမယ့်ဦးကျော်ခနရဲ့အသား ရောင်မှာ ဝင်းနေကာ ထင်းလင်းနေသည်။ ဘေးတိုက်မြင်ရသော မေး တစ်ခြမ်းမှတစ်လျှောက် နားသယ်စပ်အထိ စိမ်းသလိုလိုလေးဖြစ် သော အမွေးစိမ်းလေးတွေကို အမှတ်မထင် နိုးကြည့်ပြီး ရင်ထဲတွင် ဖျတ်ဆိုခုန်သွားမိသည်။ အမယ်လေး . . . ဘုရားရေ၊ ငါ ဘာမှ ဖြစ်တာပါလိမ့်။ ဒီလိုယောက်ျားတစ်ယောက်ကို စိတ်ကစားစရာလား။

ကားထဲမှာရှိသော သစ်သီးရနံ့လေးနဲ့အတူ သူ့ကိုယ်မှာ ဆွတ် ဖျန်းထားပုံရသော ယောက်ျားသုံး ရေမွှေးအကောင်းစားအနံ့တို့ကို ရှူ ရှိုက်ကာ နေရောင်ခြည်မှာ အနေကျဉ်းကျပ်လာသလိုတော့ ခံစား ရသည်။

"ဦး . . . ဦးကျော်ခန . . . ဘယ်ကိုမောင်းနေတာလဲ၊ ဒါ ကျွန် ပြန်ရမယ့် လမ်းမဟုတ်ဘူး"

"တစ်ခုခု . . . စားမလို့"

"ကျွန်မ . . . မဆာပါဘူး"

"ကော်ဖီသောက်၊ မုန့်စားလောက်တော့ လုပ်လို့ရပါတယ်"

သူ့ကို အတိုက်အခံပြောလည်း ရမယ့်ပုံမမြင်လေရာ နေရော ခြည် လက်လျှော့ပြီး သူ့ဘေးက ခပ်ငြိမ်ငြိမ် ပါလာခဲ့ရပါသည်။ နာမည်





ကြီးကော်ဖီဆိုင်ကြီးရှေ့မှာ ကားကိုရပ်လိုက်တော့မှ ဆင်းရမှာ မဝံ့ရဲဖြစ်သွားပါသည်။ ကြည့်ပါဦး။ နေရောင်ခြည် ဝတ်ထားတာက ကော်တွန်သား ရယ်ဒီမိတ်ဘလောက်စ်အင်္ကျီနဲ့ ကိုယ့်ဘာသာ လက်ဖြစ်ချုပ်ထားသော ချည်သားတဖြောင့် စကတ်ရှည်လေး။ ကော်တွန်သား ဘလောက်စ်မှာ အပေါစားလမ်းဘေးမှာ ပုံရောင်းသောအင်္ကျီမှန်း လူတိုင်းသိသည်။ ချည်သားစကတ်မှာ ပုံမှန်အားဖြင့် ထဘီစပေမယ့် ထဘီဝတ်ရတာ အလုပ်ရှုပ်ပြီး ပုံပန်းလည်းမကျဟု ထင်သဖြင့် ကိုယ့်ဘာသာကိုယ်ညှပ်ပြီး ခြေမျက်စိဖုံးသော တဖြောင့်ပုံစံစကတ်ရှည်ကို ချုပ်ဝတ်ထားတာဖြစ်ပါသည်။ ဘယ်လိုပဲကြည့်ကြည့် အထင်ကြီးစရာ အဝတ်အစားမရှိသော သူမနှင့် ဦးကျော်ခနတို့ရဲ့ ခြားနားမှုက အသိသာကြီး။

ဦးကျော်ခနကတော့ အပြာဖျော့ကွမ်းရိုးစင်းလက်ရှည်၊ စတိုင်ပန် အနက်ရင့် (ရှူးစ်) တို့ဖြင့် သန့်ပြန့်ခန့်ညားနေတာမို့ သူမနဲ့သာ တွဲဝင်သွားလျှင် တော်တော့်ကို တခြားစီဖြစ်နေတော့မှာပင်။

"ဆင်းလေ"

"ဖြစ်ပါ့မလား"

"ဘာ . . ."

"ဒီဆိုင်ထဲဝင်လို့"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"ကျွန်မက ကောင်းကောင်းမွန်မွန် မဝတ်ထားဘူး၊ ကျွန်မမဆင်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ကျော်နေမှာ တစ်ခါမှ မဖြစ်ပေါ်ဖူးသော ကရုဏာသက်ခြင်းမျိုး ဖြစ်သွားကာ နေရောင်ခြည့်ကိုလည်း တစ်ခါမှ မကြည့်ဖူးသေးသော နူးညံ့သည့်မျက်လုံးများဖြင့် ကြည့်လိုက်မိ၏။

"ငါပါတာပဲ၊ မင်းကို ဘယ်သူမှ မကဲ့ရဲ့ပါဘူး"

နေရောင်ခြည်သည် ဦးကျော်နေနဲ့ အကြိမ်ကြိမ်အခါခါ ဆုံဖူးခဲ့ပြီး ဆုံလိုက်တိုင်းလည်း ဘယ်တော့မှ သူ့ကို ရအောင်မပြောနိုင် မပြောနိုင်ခဲ့ဖူးလေရာ ကားတံခါးကို ခပ်လေးလေးဖွင့်ပြီး ဆင်းလိုက်ရသည်။

ဦးကျော်နေက သူမကို စောင့်မနေဘဲ ရှေ့က သွားနှင့်နေသည်။ နေရောင်ခြည်ကတော့ ဦးကျော်နေ၏ ကျောပြင်ကိုကြည့်ရင်း ပါလာရသည်။ လူတွေက ဘယ်လိုထင်တော့မလဲ။ သားနားသန့်ပြန့်ပြီး မြင့်မှုန်နဲ့ပင် သူဌေးကြီးပုံစံထွက်နေသော ဦးကျော်နေနှင့် အပေါ်စားအဝတ်အထည်လေးတွေ ဝတ်ထားပြီး ဘယ်လိုမှ အထင်ကြီးစရာရုပ်မထွက်သော နေရောင်ခြည်တို့ကို ဘယ်လိုများ ယူဆကြမှာပါလိမ့်။ သူဌေးကြီး တစ်ယောက်ကတော့ သူ့အိမ်က အခိုင်းအစေကို ကော်ဖီဆိုင်အကောင်းစားကြီးထဲ ခေါ်လာမည်မထင်။ ဒါဖြင့် ဒီမိန်းကလေးက ဘာလဲ။

နေရောင်ခြည်သည် လူတွေက ကိုယ့်ကို သိသိသာသာကြီး မကြည့်ပေမယ့် အဲဒီလိုပင် ပြောကြဆိုကြ၊ ထင်မြင်ကြသလိုမျိုး နားထဲမှာ ကြားယောင်နေကာ စားပွဲပေါ်ကို လက်တောင် မတင်ရဲဘဲ လက်တွေ ပေါင်ပေါ်တင်လျက် အရှင်းချင်း ဆုပ်နယ်လိမ်ကျစ်နေမိရှာလေသည်။





"ဘာသောက်မလဲ"

"ဘာမှာရမှန်း မသိဘူး"

"ဒီမှာ…မီနူးရှိတယ်…ဖတ်ကြည့်"

"ကျွန်မ…မမှာတတ်ဘူး။ ဦးကျော်နေ ဘာမှာမှာလဲ"

"ငါမှာတဲ့ကော်ဖီမျိုး မင်း ကြိုက်မှာမဟုတ်ပါဘူး၊ အရမ်းခါးသိမ့်မယ်"

"ကျွန်မ ခါးတာမကြိုက်ဘူး၊ ချိုတာပဲသောက်မယ်၊ ပြီးတော့ ကော်ဖီလည်း မကြိုက်လှပါဘူး၊ အအေး သောက်မယ်၊ ရလား"

မေးပုံမှာ အားနာသလိုလိုဟန်လေး ဖြစ်နေလေရာ ကျော်နေ၏ နှင်ထဲတွင် တစ်မျိုးလေးဖြစ်သွားပါသည်။

"ရတာပေါ့၊ သောက်ပေါ့၊ ချောကလက်မွှေခ်ရှိတ် သောက်မလား၊ စတော်ဘယ်ရီ၊ ဗင်နီလာ၊ အက်ဗိုကာဒို (Avocado) သောက်မလား"

"ချောကလက် သောက်မယ်"

"မုန့်ရော…"

"မုန့် မစားတော့ပါဘူး၊ ကျွန်မ အိမ်က ထမင်းစားပြီးမှ ထွက်လာတာ"

ကျော်နေက သူ့အတွက် Short Black (ရှော့ဘလက်(ခ်)) ကော်ဖီတစ်ခွက် မှာလိုက်သည်။ ဆိုင်ထဲမှာတော့ လူက သိပ်အများကြီးလည်း မဟုတ်၊ သိပ်နည်းလှတာလည်း မဟုတ်။ ရှိနှင့်နေသော လူတွေက



www.burmeseclassic.com

www.burmeseclassic.com



တော့ ပုံစံအသွင်အပြင် ကွာခြားလှသော သူတို့နှစ်ဦးကို ခဏတစ်ဖြုတ် အကဲခတ်လိုက်မှန်းတော့ ကျော်ခန့် ရိပ်မိပါသည်။

ဟုတ်ပါရဲ့လေ။ သူ တစ်ခါမှ စိတ်ကူးတောင် မယဉ်ခဲ့ဖူးသော မိန်းကလေးမျိုးနဲ့ တွဲဝင်လာမိသတဲ့။ အကြောင်းအရာတွေသာ တိုတ် ဆိုင်ပြီး မဆုံစည်းခဲ့ကြဘူးဆိုလျှင် နေရောင်ခြည့်လိုမိန်းကလေးမျိုးဟာ ဘယ်လိုမှ သူနဲ့ တစ်စားပွဲထဲ ထိုင်စရာတောင်မရှိ။ သူ့ကားထဲမှာပါလာ ဖို့တောင်မရှိ။ သူမပြောတာဆိုတာတွေ အရေးတယူ ခေါင်းထဲတော် ထည့်ထားစရာမရှိ။ ကရုဏာသက်တဲ့မျက်လုံး၊ စာနာတဲ့အကြည့်တွေ ကြည့်မိဖို့တောင် မရှိချေ။

"ဦးကျော်ခန့်၊ ဘာပြောစရာရှိလို့လဲ"

ကျော်ခန့် လက်ပိုက်ပြီး သူမကို ခပ်တည်တည်ပင် စိုက်ကြည့် အကဲခတ်နေလေရာ နေရောင်ခြည်မှာ မနေတတ်တော့သလို ဖြစ်လာ သည်။ ရင်ထဲမှာ တထိတ်ထိတ်နဲ့ ခုန်လို့နေသည်၊ တွေ့ခါစကတော့ လူကိုငွေဂုဏ်၊ ဓနဂုဏ်မောက်ပြီး ဆူပူငေါက်ငမ်းသော ယောကျ်ား တစ်ယောက်အဖြစ် ရှုံ့မှန်းခဲ့ဖူးသည်။ အဖေ့ကို ပစ်ထားခဲ့သူ၊ လူလူချင်း ကူညီချင်စိတ်မရှိသူ၊ တစ်ကိုယ်ကောင်းဆန်သူအဖြစ် အပြစ်မြင် ဖူးသည်။ သူ့ကိုကြည့်မိတိုင်း ရင်ထဲမှာ ဘာမှမခံစားရဘဲ မုန်းသလိုလို ကြောက်သလိုလိုသာ ဖြစ်ခဲ့ဖူးပါသည်။ အခုတော့ တစ်မျိုးပါလား ဘုရားရေ . . . သူဟာ ကိုယ့်အတွက် ပုံပြင်ထဲက မင်းသားတစ်ပါး ပါပဲလား။ ဘာကြောင့် အဲဒီလို ခံစားရတာလဲ။ သူနဲ့ကိုယ်ဟာ အဆ





တောက်ပနေ့ဖွေးသော ကောင်းကင်တစ်ခုအောက်မှာ အတန်းချင်း၊ အခြေအနေချင်း မိုးနဲ့မြေလောက် ကွာခြားနေတာ။ စိတ် ကူးယဉ်စရာလား။

"မင်း အခုယူလာတဲ့ ပိတ်စတွေ ဘာလုပ်ဖို့လဲ"

ကျော်ခန့်က သူ့ကားထဲမှာ ကျန်ခဲ့သော အထုပ်နှစ်ထုပ်ကို ညွှန်ပြပြီး မေးတာဖြစ်သည်။

"အဲဒါတွေက ဘော်ကြယ်ထိုးရမယ့်ဟာတို့၊ ပုလဲလုံးတွေ၊ ဇာပ်ပန်းခွေ ထည့်ပေးရမယ့်ဟာတို့၊ တချို့ကျ စိန်လုံးတွေ၊ ကျောက် အရောင်း၊ ဖန်အရောင်းလေးတွေ စီးကွင့်တွေပေ့ါ၊ တစ်ထည်နဲ့ တစ်ထည် မတူဘူး။ အဲဒါတွေလုပ်ပေးဖို့ ယူလာတာ"

"တစ်ထည် ဘယ်လောက်ရလဲ"

"အစားစားပဲ၊ လုပ်ရတဲ့ဟာ အနည်းအများပေါ် မူတည်ပြီး သက်ကွာသွားတာ"

"အလွန်ဆုံး သုံးသောင်း၊ လေးသောင်းပေ့ါ"

"အင်း . . . ဟုတ်တယ်၊ အဲဒီလောက်ပဲ၊ ဦးကျော်ခန့် သိပြီး သားပဲ။ ဟိုတစ်ခါကတောင် ဦးကျော်ဇေယျရုံးခန်းမှာ တွေ့ကြတော့ ပြောသေးတာပဲ"

"ငါက မင်း ပင်ပန်းမှာစိုးလို့ မလုပ်စေချင်လို့ လခကို ဖြည့် ပေးထားတယ်လေ၊ ဘာကြောင့် ဆက်လုပ်လဲ"

"ကျွန်မ ပညာရအောင် ဆက်သင်တဲ့သဘောလည်း ပါတယ်။ သုံးလေးသောင်းဆိုတဲ့ ပိုက်ဆံဟာ အလကားနေရင်း လွယ်လွယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်စရာကောင်းတဲ့ ပိုက်ဆံမျိုးလည်း မဟုတ်ဘူး၊ ပိုက်ဆံ ရတော့ ပိုချောင်လည်တာပေါ့"

"မင်းဘာသာမင်းရော ချုပ်တတ်နေပြီလား"

"မဆိုးပါဘူး"

"ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်လား"

"မဖွင့်နိုင်ပါဘူး၊ စက်မှမရှိတာ"

"တကယ်ဖွင့်ခွင့်ရရင် ဖွင့်ချင်လား"

"ဖွင့်ချင်တာပေါ့"

"ငါ မင်းကို စက်ဝယ်ပေးနိုင်တယ်၊ လိုအပ်တာတွေ ဖြည့်ဆည်း ပေးနိုင်တယ်၊ ဒါပေမယ့် မလုပ်ပေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ တကုပ်ကုပ် အညောင်းမိပြီး ချုပ်လုပ်နေရတဲ့ အလုပ်မျိုး ပေးမလုပ် ချင်လို့ဘဲ"

"ကျွန်မကလည်း ဦးကျော်ခနဲ ကူညီရင်တောင် မယူပါဘူး။ တစ်ခါတော့ ငြင်းမှာပဲ၊ ကျွန်မကို လစဉ်ထောက်ပံ့နေတယ်။ ဖုန်း ပေးတယ်။ ဆန်၊ ဆီတွေ လိုအပ်တယ်ထင်တဲ့အချိန် ကူပို့ပေးတယ် အဲဒါတွေဟာ ဘာသဘောလဲ၊ ငြင်းမရလို့ လက်ခံနေရပေမယ့် ကျွန် တကယ်ပဲ လိပ်ပြာမသန့်ပါဘူး။ ကျွန်မလက်ထဲမှာ အခု ဖုန်းပါမလာ ပါလာရင် ပြန်ပေးပါတယ်"

ကျော်ခနက မာနလေး မရှိမဲ့ရှိမဲ့ကို တလှလှလွှင့်ကာ ရန်လို သော မိန်းကလေးကို မျက်မှောင်ကြီးကြုတ်ကာ ပြန်စိုက်ကြည့်ပါသည်





"အေး…အဲဒီဖုန်းကိစ္စ ပြောရဦးမယ်၊ ငါခေါ်တိုင်း မကိုင်ပါလား၊ ဒါ ဘာသဘောလဲ"

"ကျွန်မ charging (ချာဂျင်)မှ မသွင်းထားတာ၊ ဘက်ထရီ ကုန်ပြီး သူ့ဘာသာ ပိတ်နေပြီ"

"မင်းကို ဆက်သွယ်ဖို့ ငါပေးထားတာ၊ ဒီလိုမလုပ်နဲ့လေ၊ မင်း အိမ်ကို ငါကိုယ်တိုင်လိုက်လာပြီး charging သွင်းပေးစေချင်လို့လား"

"ဟာ…ဟာ…မလုပ်ပါနဲ့… မလုပ်နဲ့… မလာပါနဲ့"

"ဘာဖြစ်ရတာလဲ"

"လမ်းထဲကလူတွေ သိကုန်မယ်"

"မင်းရည်းစားကောင်လေး သိသွားမှာကို ပိုစိုးရိမ်တာ မဟုတ်လား"

"သူက ကျွန်မရည်းစားတော့ မဟုတ်ပါဘူး"

"ရည်းစားတော့ မဟုတ်ပါဘူးလည်း ပြောသေး၊ တွဲလိုက်တာ တလည်း လက်ချင်းချိတ်လို့"

တစ်ခါက ရွှေဆိုင်ရှေ့မှာတွေ့တော့ လက်ချင်းတွဲထားတာကို မြင်ယောင်ပြီး ကျော်ခနဲ ခနဲ့သလို ပြောမိပါသည်။

"လက်ချင်း မချိတ်ပါဘူး"

"တစ်ခါကတွေ့တော့ ဘာလို့ လက်ချင်းချိတ်ထားလဲ၊ အဲဒီ နေ့က မင်းကို ရွှေဆိုင်ထဲက ထွက်လာတာ ငါတွေ့လိုက်တယ်လေ"

"ရွှေလာရောင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းလက်ကို တွဲခွင့်ရအောင် မင်းတို့ရဲ့ပတ်သက်မှုက လေးနက်နေလို့ပေါ့"

နေရောင်ခြည် ဆက်ရှင်းပြမနေတော့ဘဲ သူမအတွက်မှာ ထားသော ချောကလက်ဖျော်ရည် ရောက်လာသဖြင့် ပိုက်တံလေး နဲ့မွှေကာ တစ်ချက်စုပ်သောက်လိုက်ပါသည်။ ချိုပြီး အေးသောအရသာ လေးက ရင်ထဲမှာ စိမ့်ဝင်သွားသည်။ အရသာရှိလိုက်တာ။ ကောင်းလိုက် တာဟု စိတ်ထဲမှာ အမှတ်ပေးနေမိသည်။ ဒါမျိုးတွေက ဈေးကြီးကြီး ဖြင့် ရောင်းချသော ဆိုင်တွေမှာဆိုရင် ပိုပြီး အရသာကောင်းတတ် ကြောင်း နေရောင်ခြည် အခုတော့ သိလေပြီ။

မှန်ရှိတ်အမျိုးမျိုးတွေကို အပေါ်စားအအေးဆိုင်၊ ရေခဲမုန့် ဆိုင်တွေမှာ ရောင်းတတ်ပြီး သောက်လည်းသောက်ကြည့်ခဲ့ဖူးပါသည်။ အရသာချင်းက ဆီနဲ့ရေလို အကွာကြီးကွာခြားလှကြောင်း အခုမှသိ ရတာဖြစ်သည်။

"မင်း . . . ဘယ်လိုသဘောရလဲ၊ ငါ့ဆီမှာ အလုပ်ဝင်ဖို့ ထပ် ပြောမယ်ဆိုရင်"

"ရှင်...ဘာအလုပ်လဲ"

"ကုမ္ပဏီအလုပ်ပေါ့။ ရုံးချိန်ပဲ၊ ကိုးနာရီလာ ငါးနာရီပြန်၊ တနင်္လာ ကနေ စနေနေ့ထိ လုပ်ရမယ်၊ လခ တစ်လနှစ်သိန်း"

"တစ်လနှစ်သိန်းတောင်"

"ဟုတ်တယ်၊ မင်းအတွက် အဲဒီလခဆိုရင် ကောင်းကောင်း





လောက်ပါတယ်။ အခုလိုလည်း အဝတ်အထည်တွေ သယ်ပိုးယူပြီး ချုပ်နေစရာ မလိုဘူးပေါ့"

"ဦးကျော်ခနေ၊ ကျွန်မမို့ တမင် အဲဒီလခပေးပြီး အလုပ်ခန့်တာ ဟုတ်လား"

"အဲဒါငါ့ကိစ္စပါ။ ဘာလို့သိချင်ရတာလဲ"

"ကုမ္ပဏီအလုပ်ဆိုတာ ဘယ်လိုမျိုးလဲ"

"ရုံးအလုပ်ပေါ့။ ရုံးမှာလုပ်ရင်း အလုပ်ကနေ သင်သွားမှာပေါ့။ လိုအပ်ရင် ကွန်ပျူတာလည်း သင်ပေးမယ်"

"ကွန်ပျူတာက အခု ဦးကျော်ဇေယျကိုယ်တိုင် အလှည့်ကျ လူ ရွေးပြီး သင်တန်းမှာ သွားသင်ခိုင်းမှာ၊ ကျွန်မလည်း စာရင်းပေးထား တယ်၊ အလှည့်ကျရင် ကိုယ့်အားရက်မှာ ကွန်ပျူတာသင်တန်း သွားရ မယ်တဲ့"

"မင်း...အဲဒီစားပွဲထိုးအလုပ်ကို တော်တော်ပျော်လား"

နေရောင်ခြည် တစ်ချက်စဉ်းစားလိုက်ပြီးလျှင်...

"ပျော်တယ်ရယ်တော့ မဟုတ်ပါဘူး၊ တစ်ခါတလေကျ စိတ် ထားမကောင်းတဲ့လူမျိုးရဲ့ စားပွဲမှာ တာဝန်ကျရင်တော့ စိတ်ညစ်ရတာ တွေ ရှိတာပေါ့"

"ဘယ်လိုစိတ်ထားမကောင်းတာမျိုးလဲ"

"ဘယ်လိုပြောမလဲ၊ ရစ်စရာမရှိ ရှာကြံရစ်တဲ့လူမျိုးပေါ့။ မှာ ထားတာကြာပြီ၊ ခုမှရောက်ရလားတို့၊ ကော်ဖီက အက်စ်ပရက်ဆိုမှ



www.burmeseclassic.com

www.burmeseclassic.com



ခါးတဲ့ဟာမျိုး မှာပြီး သိပ်ခါးတယ်၊ ပြင်ပေးဦးတို့၊ ဆင်းဒဝုစ်ရှိပေါင်မုန့်တ မာနေပြီ၊ လဲပေးဦးတို့၊ အမျိုးစုံပဲ၊ ခဏခဏပြန်လဲလိုက်၊ ပြင်လိုတ် လုပ်တဲ့လူမျိုးဆိုရင် သိပ်စိတ်ညစ်တာပဲ၊ နောက်ပြီး ကလေးအငယ် ပါတဲ့ စားပွဲမျိုးဆို သူတို့ထသွားရင် ရှင်းရတာလည်း စိတ်ညစ်စ ကောင်းတယ်။ ကလေးဆိုတော့ ပေပွနေအောင် လုပ်သွားတာ"

"ဒါဆိုလည်း ငါခန့်တဲ့ကုမ္ပဏီအလုပ်ကို ပြောင်းလာလိုက်ပေါ့"

နေရောင်ခြည် ခေါင်းခါပါသည်။

"ဘာလို့ ခေါင်းခါတာလဲ"

"ကျွန်မ အဆင်ပြေမှာမဟုတ်ဘူးဆိုတာ ကြိုသိနေတယ်"

"ဘာဖြစ်လို့ အဆင်မပြေစရာရှိလဲ"

"ကျွန်မ ပညာလည်း မတတ်ဘူး၊ ဘာလက်မှတ်မှလဲ မရှိဘူး ကျွန်မ ဘာမှမတတ်ဘဲ ခန့်လိုက်မှန်းသိကြရင် အချင်းချင်းတွေကြားမှ အထင်သေးကြမယ်၊ အနိုမ်ခံရမယ်၊ ပြီးတော့ ဦးကျော်မနေနဲ့ပတ်သက်ပြီ ကျွန်မကို မကောင်းတဲ့ဘက်က ပြောတာ ခံရမယ်၊ အဲဒါတွေ ကျွန်မ ကြို သိတယ်"

နေရောင်ခြည် အမှန်အတိုင်း ပြောချရဲသောအခါ ကျော်မနေ သဘောတူသွားပါသည်။

"မင်း...ဆယ်တန်းကို အောင်အောင်ပြန်ဖြေပါလား"

"ဟာ...မဖြေတော့ပါဘူး"

ထိုစကား ကြားသောအခါ တီကို ဆားနဲ့တို့လိုက်သလို ရှုံ့ တွန့်လိန်သွားတဲ့ နေရောင်ခြည့်မျက်နှာကြောင့် ကျော်မနေ အားရပါး





ရယ်မောမိသည်။ ကြည့်စမ်းပါဦး၊ သူ ဒီလို စိတ်လွတ်ကိုယ်လွတ် မရယ် မိတာ တော်တော်ကြာပြီ။ နေရောင်ခြည်နဲ့ စကားပြောနေရချိန် တစ်လျှောက်လုံးမှာ သူ့စိတ်အစဉ်မှာ ကြည်နူးချမ်းမြေ့လျက် အတွေ အားလုံးကို မေ့သွားပါသည်။

သူ့ကိုယ်သူလည်း အားမလိုအားမရဖြစ်ကာ အံ့သြမဆုံး ဖြစ် နေလေသည်။ ဘာမှမဟုတ်တဲ့ ပါမွှားမိန်းကလေးကို အရေးတယူ နေရာပေးချင်နေမိလေပြီ။ အရင်ကတော့ သူ တစ်နေ့မှာ မိန်းကလေး တစ်ယောက်ကို လက်တွဲဖို့ ရွေးမည်ဟု စိတ်ကူးဖူးသည်။ ထိုမိန်းကလေး ဟာ ပညာလည်း တတ်ရမည်။ ဘွဲ့ရသည်ဆိုလျှင်တောင် မြင့်မြင့် မားမားဘွဲ့မျိုး ရထားသူ ဖြစ်ရမည်။ ရုပ်ရည်ဆိုလည်း ငေးနေရအောင် လှသူဖြစ်ရမည်။ ဘယ်နေရာ ဘယ်ထောင့်ကပဲကြည့်ကြည့် ရှုမငြီး အောင် လှနေတာမျိုး ဖြစ်ရမည်။ ပြီးတော့ ယောကျ်ားနဲ့ရင်ပေါင်တန်း အလုပ်လုပ်နိုင်တဲ့ အရည်အချင်းရှိ၊ ထက်မြက်တဲ့မိန်းကလေးမျိုးလည်း ဖြစ်ရမည်ဆိုသော "စံ" တွေ ရှိခဲ့ဖူးပါသည်။

ခုတော့ အဲဒီ "စံ"တွေနဲ့ တစ်ချက်မှ မကိုက်ညီသော နေ ရောင်ခြည့်ကို တစိမ့်စိမ့် သဘောတူသလိုလို ဖြစ်လာကာ အနားမှာ တောင် ခေါ်ထားချင်တဲ့အထိ ဖြစ်နေပြီတည်း။

နေရောင်ခြည်ကြည့်လိုက်ရင် အသလိုလို၊ တုံးသလိုလိုပုံစံ သည်း ပေါက်နေကာ ဆယ်တန်းလေးတောင် အောင်အောင်မဖြေနိုင် သာတော့ တော်တော်ဘဝင်မကျစရာ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်ခနေ့ စကားပြောစရာကုန်ရင် ကျွန်မ ပြန်လို့ရပြီလား"

"ပြန်လေ . . . ရပြီ၊ ဒါပေမယ့် မင်းကို ငါ အသေအချာ မှာလိုက်မယ်နော်၊ ငါဖုန်းဆက်မယ်၊ ဖုန်းကို ချာဂျင်သွင်းထားပါ၊ ပြီးတော့ ဒီ အဝတ်အထည်တွေ သယ်ပိုးပြီး ထိုးတဲ့သိတဲ့ချုပ်တဲ့အလုပ် မလုပ်ပါ နဲ့တော့။ မင်းကို ငါ လခထပ်တိုးပေးမယ်။ ငါ့အစ်ကိုနဲ့ ဆွေးနွေးပြီးရင် နောက်လကစပြီး မင်းစာအိတ်ထဲမှာ နှစ်သိန်းဖြစ်နေမယ်"

နေရောင်ခြည် ခေါင်းမညိတ်၊ ခေါင်းမခါဘဲ အသာနားထောင်နေတော့လေသည်။

သူ့ကားကြီးနဲ့ ပြန်လိုက်ပို့သောအခါ နေရောင်ခြည်ခမျာ ချောင်ကျပြီး ကားဝင်ရခက်သော လမ်းထဲ သူ့ကားကြီး ဝင်မှာစိုး၍ ရှိခိုးမတတ် တောင်းပန်ရပါသည်။

"လမ်းထဲကလူတွေ ပြောကြ၊ ဆိုကြမှာ ကြောက်လို့ပါ ဦးကျော်ခနေ့ရယ်၊ နားလည်ပါ၊ လမ်းထိပ်မှာပဲ ချပေးပါ၊ ကျွန်မ ဦးကျော်ခနေ့ ဖုန်းပြောရင် နားထောင်ပါ့မယ်"

ကျော်ခနေ့သည် အထုပ်ကြီးနှစ်ထုပ် ခါးကိုင်းညွတ်အောင် တရွတ်ဆွဲပြီး လမ်းကျဉ်းတစ်ခုထဲ တိုးဝင်သွားသော နေရောင်ခြည့်ကို ငေးရင်း သူမအတွက် နောက်ထပ် အကောင်းဆုံး ဘာတွေလုပ်ပေးနိုင်မလဲဆိုတာကို စဉ်းစားလျက် ကျန်ရစ်လေသည်။

* * *

# (၁၀)

"မင်း ဘာသဘောနဲ့ လုပ်နေတာလဲ ခနေ့"

ကျော်ခနေ့ကို ဦးကျော်ဇေယျ အလိုမကျစွာပင် မေးလိုက်မိတော့လေသည်။ နေရောင်ခြည့်ကို ပုံမှန်လစာ လေးသောင်းအပြင် ကျော်ခနေ့၏ ထပ်ပံ့ပိုးပေးမှုကြောင့် တစ်သိန်းပေးနေရာမှ အခု ထပ်တိုးပြီး နှစ်သိန်းဖြစ်သွားအောင် ပေးချင်ပါသည်ဆိုလာသောအခါ ဦးကျော်ဇေယျ လက်မခံနိုင်တော့ပါ။

"ငါ့ဝန်ထမ်းကို ငါ့စည်းငါ့ကမ်းနဲ့ ပေးတယ်၊ မင်းအရေးဆိုလို့ ပေးနေကျလစာထက် သူ့ကို တိတ်တိတ်ပိုပေးနေတာတောင် လွန်လှပြီ။ ဒီသတင်းဟာ မပေါက်ကြားအောင် ထိန်းထားနိုင်ပေမယ့် တစ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



မပေါက်ကြားဘဲ မနေဘူးလို့ ပြောလို့မရဘူး။ အဲဒီကျ ငါပဲ သိက္ခာကျမှာ မင်းကြောင့်လို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူး"

"ဒါဆိုလည်း သူ့ကို အဲဒီလစာနဲ့ တန်တဲ့ရာထူး တိုးပေး လိုက်ပျာ"

"မဖြစ်နိုင်ဘူး၊ သူ့အရည်အချင်းက ဘာမှမရှိဘူး။ အေး . . . တစ်ခုတော့ ရှိတယ်၊ သူ့ကို လစာကောင်းကောင်းနဲ့ သက်သာတဲ့အလုပ် ပေးချင်ရင် ငါနဲ့မင်းအစ်မ တိုင်ပင်ထားတာ တစ်ခုရှိတယ်။ မင်းအစ်မ ကလည်း သူ့ကို သန့်သန့်ပြန့်ပြန့်လေးနဲ့ ပုံစံက အေးလည်းအေးတယ် ဆိုပြီး သဘောကျနေတာလေ၊ သူ့ကို မင်းအစ်မနဲ့ကလေးတွေ စင်ကာပူ မှာ သွားနေတဲ့အခါ ခေါ်သွားဖို့ စဉ်းစားမိတယ်၊ ဘာမှ အထွေအထူး မလုပ်ရဘူး၊ အိမ်မှာ ချက်ပြုတ်၊ သန့်ရှင်း၊ အဝတ်လျှော်၊ မင်းအစ်မကို ကူညီ၊ အဲဒါမျိုး ခိုင်းမယ်ဆိုရင်တော့ မင်းပေးချင်တဲ့ တစ်လနှစ်သိန်း ပေးဖို့တန်တယ်"

ကျော်ခနေ ဒါကိုကြားတော့ ရှုံ့မဲ့မဲ့ဖြစ်သွားသည်။

"ဟာ . . . ဒါ အိမ်ဖော်အလုပ်မျိုးပဲ၊ ဘယ်ဖြစ်မလဲ၊ သူလည်း လုပ်မှာမဟုတ်ဘူး"

"ငါ အဆင့်အတန်းခွဲခြားတာတော့ မဟုတ်ဘူး၊ သူ့အနေနဲ့ ဆို ဒီလိုအလုပ်မျိုးရမှ လခနှစ်သိန်းရနိုင်တယ်၊ အမလေးကွာ . . . မင်းက သာဖြစ်နေတာ၊ အခုခေတ်မှာ စင်ကာပူမှာလည်း သွားနေရမယ်၊ စား စရိတ် နေစရိတ်ငြိမ်း၊ တစ်လ အသားတင်နှစ်သိန်းရမယ်ဆိုရင် ဘွဲ့ရ





ပညာတတ်တွေတောင် လုပ်ချင်လိုက်ကြတာ တန်းစီလို့၊ ပြီးတော့ လူမျိုး ခြားအိမ်လည်း မဟုတ်ဘူး။ ကိုယ့်မြန်မာအချင်းချင်းအိမ်မှာ လုပ်ရမှာ"

"ကျွန်တော် သူ့ကို ပေးမလုပ်ခိုင်းဘူး"

"နေစမ်းပါဦး၊ မင်းက ဘာဖြစ်နေတာလဲ၊ အဲဒီကောင်မလေးကို ကြိုက်နေတာလား၊ ဟုတ်လား"

ဦးကျော်ဇေယျ မေးချလိုက်သောအခါ ကျော်ခနေတွင် ဖြေစရာ စကား ရှားပါးသွားပြန်သည်။ အဲဒီလိုကြီး မေးခံရရင်တော့ သူ မဖြေချင်။ နေရောင်ခြည့်ကို တစိမ့်စိမ့်မြင်ယောင်ပြီး သနားကြင်နာစိတ်တွေပိုကာ ဘယ်လိုနည်းနဲ့ ကူညီစောင့်ရှောက်ရမလဲဆိုတာကို အချိန်တိုင်း စဉ်းစား နေမိတယ်။ နိမ့်ပါးလွန်းသောဘဝကို အားမရနိုင်စွာ၊ လက်မခံနိုင်စွာ တွေ့မြင်နေရလျက် ရသလောက် မြှင့်တင်ထောက်ပံ့ပေးချင်နေမိတယ်။ ဘာမှမထူးခြားသော ရုပ်ရည်လေးကပင် သူ့နှလုံးသားထဲ တစ်စတစ်စ တိုးဝင်နေရာယူချက် ရှိနေခဲ့တာကို ငြင်းမရရင်းကပဲ ဒါကို လက်ခံ လိုက်ရတော့မလိုလို။

"မေမေတို့သိရင်တော့ လုံးဝကို သဘောတူမှာမဟုတ်ဘူး။ ငါ့ အနေနဲ့လည်း အမှန်အတိုင်းဝေဖန်ရရင် မင်းနဲ့ မတန်ဘူး မနေ၊ အထွာကြီး တာတော့ မဟုတ်ဘူး၊ လူဆိုတာ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် တန်ရာ တန်ရာ လက်တွဲရမှာပေါ့။ ရိုးရိုးဘွဲ့ရပညာတတ် သာမန်အလယ် အလတ်တန်းစားဆိုရင်တောင် စဉ်းစားလို့ရသေးတယ်။ သူတို့အခြေ အနေကကျတော့ သိပ်ကို နိမ့်နေတာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကိုပဲယူပါမယ်လို့ မပြောရသေးပါဘူး"

"ဒါဖြင့် ဘာလဲ၊ sponser (စပွန်ဆာ)လုပ်မလို့လား"

"မရိုးမသားစိတ် ဘာမှမရှိဘူး အစ်ကိုကြီး၊ ကျွန်တော် သူ့ကို သနားလို့၊ ဘဝကို သက်သောင့်သက်သာ ဖြစ်စေချင်တာ၊ ဝင်ငွေ ကောင်းကောင်းလေးရပြီး လူတန်းစေ့ နေနိုင်ရစေချင်တာပါ။ သူ့မှာ တီဘီရောဂါဖြစ်နေတဲ့ အမေရယ်၊ ရှစ်တန်းကျောင်းသူ ညီမရယ်နဲ့ ရုန်း ကန်လှုပ်ရှားနေရတာ၊ ဘယ်လောက်တာဝန်ပိနေသလဲ၊ ကျွန်တော် အဲဒါတွေသိလို့ ကူညီချင်တာပါ"

"လူတိုင်း တော်တော်များများ ပြဿနာတွေနဲ့ နေ့စဉ် ရုန်းကန် လှုပ်ရှားနေရတာပါပဲ မနေရယ်။ သူ့ကျမှ ကွက်ပြီး အဆင်ပြေစေချင် တယ်ဆိုတဲ့ ဆန္ဒကတော့ တစ်မျိုးဖြစ်နေပြီ။ မင်းသဘောနဲ့မင်း ကူညီ တာ ကူညီပါ၊ ငါ့အလုပ်ထဲဝင်ပါပြီး ကူညီတာတော့ မလုပ်နဲ့တော့ကွာ မင်းပိုက်ဆံနဲ့မင်း ကြိုက်သလောက်ကူညီ၊ ကြိုက်သလောက်ပေး ဘာမှမကန့်ကွက်၊ ဝေဖန်နေစရာ မလိုဘူး၊ မင်း အသက်သုံးဆယ် နှစ်နှစ်ရှိနေပြီ၊ ထိန်းကျောင်းညွှန်ကြားပေးနေရမယ့် အရွယ်လည်း မဟုတ်တော့ဘူး"

အစ်ကိုဖြစ်သူနှင့် ဆွေးနွေးလို့မရတော့သောအခါ ကျော်နေ လက်လျှော့ပြီး တစ်ခုခုကို ကြံစည်နေရတော့လေသည်။

နောက်ဆုံးတော့ သူ တိုက်ရိုက်ပင် နေရောင်ခြည့်ကိုပြောပြီး သူ့အကူအညီကို လက်ခံဖို့ ဆွေးနွေးဖို့သာ ရှိတော့သည်။





နေရောင်ခြည့်ကို သူ ဖုန်းပေးထားပေမယ့် မခေါ်ဖြစ်သေး လေရာ (အရင်က စမ်းခေါ်ကြည့်တော့ "လူကြီးမင်း"နဲ့သာ တိုးနေခဲ့ သည်။ ဖုန်းကို ဘက်ထရီအားပြန်မသွင်းဘဲ ထားထားကြောင်း မနေ့ တစ်နေ့ကမှ သိရတာ၊ ဘယ်လောက်ရိုက်ပစ်ချင်စရာကောင်းလဲ) ဒီ တစ်ခါတော့ ခေါ်လိုက်ပါသည်။

နေရောင်ခြည်သည် ဖုန်းကို စကတ်အိတ်ထဲ အသာထည့်ထား ရာ အသံမမြည်ဘဲ ဖုန်းလာလျှင် တုန်ခါရုံ Vibration (ဘိုင်ဘရေးရှင်း) ကိုသာ လုပ်ထားလေရာ ဖုန်းတုန်ခါမှုကို ခံစားရသည်။ ဒီလိုအသံ ထွက်ဘဲ ဖုန်းတုန်ခါရုံ လုပ်တာကိုလည်း နေရောင်ခြည် လုပ်တတ် သို့မဟုတ်၊ ညီမလေးနှင်းပွင့်ဖြူ လုပ်ထားပေးတာဖြစ်သည်။

"အလုပ်လုပ်နေတုန်း ဖုန်းခေါ်မှန်းသိချင်ရင် အသံမမြည် အောင် လုပ်လို့ရတယ်၊ ဘိုင်ဘရေးရှင်းဖြစ်ရုံလေးလေ၊ ဒီမှာ နှင်းပွင့် ပြမယ်၊ သေသေချာချာကြည့်ထား၊ မမကြီးက တစ်ခါပြထားရင် ဘယ် တော့မှလည်း မှတ်မထားဘူး၊ မေ့မေ့သွားရော၊ missed call ပြန်ရှာ နိုင်လည်း ဒီလို ဒီလို ရှာရပါတယ်ပြောလည်း မလုပ်တတ်ဘူး၊ ခဏခဏ ဘာမေးတယ်"

"ဟဲ့...ငါမှ မကိုင်ဖူးတာ"

"နှင်းပွင့်လည်း မကိုင်ဖူးပါဘူး၊ ဒါပေမယ့် တစ်ခါကြည့်ထားရင် တတ်မိတယ်"

"နင်က ဉာဏ်ကောင်းတာကိုး၊ ငါက ဉာဏ်တုံးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ညကက်ကောင်းတာ၊ တုံးတာနဲ့ မဆိုင်ပါဘူး၊ ဈေးသည်တွေ ဆိုက်ကားနင်းတဲ့သူတွေတောင် ကိုင်ကြတာပဲ"

ညီမဖြစ်သူနဲ့ ရန်ဖြစ်ပြင်းခုံရင်း ဖုန်းကိုင်နည်း၊ အသုံးပြုနည်း သင်ထားရသော နေရောင်ခြည်မှာ ဦးကျော်ခနနှင့် တွေ့ပြီးနောက် သူ ဖုန်းဆက်မည်ဆိုသဖြင့် သွားလေရာ သယ်သွားမိပါသည်။ သူ့ကို သိပ် လည်းကြည့်မရ၊ တစ်ခါတလေ မုန်းလည်းမုန်း၊ အကျောကြီးနဲ့ အမိန့် ပေးသလိုလိုပြောတာကို မခံချင်၊ စသဖြင့်သော ခံစားချက်တွေ ရော ပြွမ်းလျက်ကပင် အခုနောက်ပိုင်းတော့ သူ့အသံကို ကြားချင်နေမိသည် အထက်စီးဆန်သော စကားပြောသံသည် လူတစ်ယောက်ကို ဘာလုပ် ရမည်၊ ဘယ်သွားရမည်၊ ဘယ်လိုနေထိုင်ရမည်ဟု အမိန့်တွေပေး ပေမယ့် နေရောင်ခြည်မှာ ထိုအသံကို နားဝင်ချိုနေမိသည်။

သူနဲ့ကိုယ်ဟာ အပုံကြီးကွာခြားပြီး အဝေးကြီးဝေးလှသော အနေအထားပေမယ့် သူ ငါ့ကိုများ သဘောကျနေသလားဆိုသော မေးခွန်းမျိုးမေးကြည့်မိတိုင်း ကိုယ့်ဘာသာ ကြည်နူးရသည်ပင်။

နေရောင်ခြည်သည် ဖုန်းသံတုန်ခါနေတာ သိသိချင်း အတူ ရုပ်စောင့်ကာ ဘယ်စားပွဲ ဘာလိုသလဲဆိုတာ စောင့်ဆိုင်းစစ်ဆေး နေရသော လုပ်ဖော်ကိုင်ဖက် မေပွင့်ကို...

"ခဏနော်...တို့ Lady's room ဝင်ချင်လို့"

ဟု လိမ်ညာလိုက်ရသည်။





"ရတယ်...ရတယ်...သွား....နေရောင်ခြည့်တေဘယ်လ်ကိုပါ ကိုယ် ကြည့်ပေးထားမယ်"

အမျိုးသမီးအိမ်သာဘက်သို့ ပြေးဝင်သွားလိုက်ပြီး အိမ်သာ တစ်လုံးထဲဝင်ကာ ဖုန်းကို အလျင်အမြန် လက်ခံနားထောင်လိုက်ရ ပါသည်။

"ဦးကျော်ခနလား"

"အေးပေါ့၊ ငါမဟုတ်လို့ ဒီဖုန်းကို မင်းဆီ ဘယ်သူကခေါ်မှာ မို့လဲ"

ဖုန်းကိုင်ကိုင်ချင်း အဟောက်ခံလိုက်ရပေမယ့် နေရောင်ခြည့် စိတ်ထဲ ဘာမှမခံစားရဘဲ အသာပြုံးနားထောင်နေလိုက်ပါသည်။

"မင်း...အခု...ဘယ်နားက စကားပြောနေတာလဲ"

"ကျွန်မ...အဟင်း... ဗိုက်လက်ထဲ ခဏဝင်လာပြီး ပြော တာပါ"

"မင်း မနက်ဖြန်မှာ ဘာလုပ်ရမလဲဆိုတော့ ဒီအလုပ်က ထွက် ကိုယူပြီး ထွက်ခွင့်တင်လိုက်ပါ၊ two weeks notice (တူးဝိခ်နိုးတစ်) ရမလိုဘူး၊ ငါ့အစ်ကိုကို ငါ ပြောပြီးပြီ"

"ရှင်...ရှင်...ဘယ်လို...ဘယ်လိုဖြစ်လို့လဲ ဦးကျော်ခန၊ ကျွန်မ ဒီအလုပ်ကထွက်ရင် ဘာအလုပ်မှ မရှိတော့ဘူး၊ ထွက်လို့ဘယ် ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါအလုပ်ပေးမယ်လို့ ပြောထားတယ်"

"ဘာအလုပ်လဲဟင်"

"ငါ့မှာ မီနီမားကတ်လေးတစ်ခု ဖွင့်ဖို့ စီစဉ်ထားတာရှိတယ် ခုထိ မဖွင့်ဖြစ်သေးဘူး၊ မင်း ငါ့အစား အဲဒီဆိုင်ကို ကြီးကြပ်ပြီး ဖွင့် ပေးရမယ်၊ မန်နေဂျာသဘောမျိုးပေါ့"

"ဦးကျော်ခန့်၊ ကျွန်မကို သေသေချာချာ ပြောပြပေးပါလား ကျွန်မ အခု အလုပ်ထဲကနေ ဖုန်းပြောရတာဆိုတော့ သေသေချာချာ လည်း ပြန်ပြောလို့မရဘူး။ ကျွန်မ ညနေဘက် အလုပ်ဆင်းမှပြော ရမလားဟင်၊ ကျွန်မကို ဖုန်းဆက်ပါလား"

ကျော်ခန့် တစ်ချက်စဉ်းစားလိုက်ပါသည်။ သူက စိတ် လောကြီးပြီး ဖုန်းဆက်တာပေမယ့် နေရောင်ခြည့်ဘက်မှာတော့ အလုပ် တစ်ဖက်နဲ့ ဖုန်းဆက်ရတာမို့ ကောင်းကောင်းပြန်ပြောခွင့် မရပေ။ ဒီလို ရုတ်တရက် အပြောင်းအလဲတစ်ခုကို ကြားရတော့ သူမလည်း စိတ် လှုပ်ရှားပြီး အသေအချာ သိချင်ပေလိမ့်မည်။

ဒီတော့ သူ စဉ်းစားဆုံးဖြတ်ကာ...

"ညနေကျ မင်း ငါနဲ့ ဒင်နာလိုက်စားပါ၊ ငါ လာခေါ်မယ် ဟုတ်ပြီလား"

"ဟို...ကျွန်မ"

"ဘာမှဆက်မပြောနဲ့တော့၊ ငါစီစဉ်တဲ့အတိုင်း လိုက်နာဖို့ ရှိတယ်၊ ညခုနစ်နာရီမှာ ငါ လာခေါ်မယ်"





"ဦး...ဦးကျော်ခန့်၊ ခဏ...ခဏနေပါဦး၊ ဖုန်းမချပါနဲ့ဦး၊ အိမ် ကိုတော့ လာမခေါ်ပါနဲ့၊ ကျွန်မ ထွက်ခဲ့ပါမယ်"

"ဘာဖြစ်တာလဲ၊ မင်းအိမ် ဘာလို့ မလာစေချင်တာလဲ"

"အဲဒီတစ်ချက်လေးတော့ ကျွန်မကို လိုက်လျောပေးပါရှင်"

ဘာလဲ သက်ပြည့်ဆိုတဲ့ကောင် ချက်ချင်းသတင်းကြားပြီး ဒေါသနာ လုပ်မှာကြောက်လို့လားဟူသော မေးခွန်းကို မေးလိုက်ချင် သည်။ သို့သော် ကျော်ခန့်မှာလည်း သူ့စိတ်ကူး၊ သူ့အကြံအစည်နဲ့သူမို့ ဆိုစကားနဲ့ ခန့်မနေတော့ဘဲ...

"ကောင်းပြီ၊ လမ်းထိပ်မှာ စောင့်မယ်၊ မင်း ထွက်လာခဲ့"

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

အိမ်ရောက်တော့ အမေက စူးစမ်းသောမျက်လုံးတွေနဲ့ ထိုင်စောင့်နေတာ တွေ့ရသည်။ တီဘီဆေးတွေကြောင့် ညှိုမည်းပိန်ချုံးနေသော အမေ့ရဲ့မျက်လုံးတွေ စူးစမ်းစိတ်ဖြင့် တောက်ပနေတာကို နေရောင်ခြည် သတိထားမိပါသည်။

"အမေ...ဘာလဲ"

"ဒီမှာလေ..."

ဒီတော့မှ နေရောင်ခြည်လည်း အမေ့ရှေ့ စားပွဲပေါ်တွင်ထားသော ကြိုးဆွဲအိတ်လှလှ သုံးလေးအိတ်တို့ကို သတိထားမိသည်။ အမည်ကြီးတံဆိပ် အဝတ်အစားတွေသာ ရောင်းသော ဖက်ရှင်ဆိုင်တံဆိပ်ပါသည့် အိတ်တစ်အိတ်၊ လှူသိမျှားသော လက်ကိုင်အိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းသည့်ဆိုင် အမှတ်တံဆိပ်ပါသည့် အိတ်၊ နာမည်ကြီး ဖိနပ်ဆိုင်
တံဆိပ်ပါသည့် အိတ်နှင့် Loreal ပဆိပ်ပါ အိတ်တစ်လုံးတို့ကို အ
အရှိ တွေ့ရပါသည်။

"ဦးကျော်နေ ပို့ခိုင်းလိုက်တာပါဆိုပြီး ရောက်လာတာပဲ"

အိတ်တစ်လုံးကို ယူကြည့်လိုက်တော့ လှပသော ဝတ်စုံလေ
တစ်စုံ ထွေးခနဲ ထွက်ကျလာသည်။ ပုံးလိုလို၊ ကတ္တီပါလိုလို ထူ
ပျော့ပျော့ အစဖြင့် ချုပ်ထားဟန်တူေ  အင်္ကျီလေးမှာ အ
အောက် တစ်ဆက်တည်း ဂါဝန်ရှည်ပုံစံဖြစ်သည်။ ခရမ်းရင့်ရောင် ရ
မှိုင်းနေပေမယ့် ပိတ်စမှာ စိန်မှုန်လေးတွေ ပါနေသလိုလိုဖြင့် လှ
လိုက်တိုင်း အရောင်တလက်လက် ဖြစ်နေသည်။ လည်ပင်းပုံစံ
မဟိုက်ဘဲ ဘေးဘက်ကို ခပ်ကျယ်ကျယ်မှာ ..ာက်ကတော့ ပန်းတင်
ပုံစံ ခပ်ရှိုးရှိုးနှင့် ခါးမှာ ခါးပတ်ပြားလိုလို ကွဲရက်ပါကာ အင်္ကျီ
အောက်ပိုင်းကို A (အေ) ပုံစံ ခပ်ကားကားလေးဖြစ်လျက် ခြေသလ
အလယ်လောက်ဆီသာ ရှည်ပါသည်။ အင်္ကျီနောက်ကျောမှာ ချိတ်ထ
သော ဈေးနှုန်းကိုကြည့်တော့ မြန်မာကျပ်ငွေနဲ့မရေးဘဲ ထိုင်းဘ
ငွေနဲ့ ဈေးနှုန်းကို ပြထားသည်။

လက်ကိုင်အိတ်ကျတော့ ပြားပြားရှည်ရှည် အနက်ရော
စီးကွင့်အိတ်လေးဖြစ်သည်။ ဖိနပ်ကလည်း လက်ကိုင်အိတ်နဲ့ အရော
တူ အနက်ရောင်ကြိုးသိုင်း ဒေါက်မြင့်လေးဖြစ်ကာ ခြေဖမိုးမှာ ကြ





နစ်ချောင်း ရှင်းရှင်းလေးပေမယ့် ကြိုးလေးတွေပေါ်မှာ စိန်လုံးလှလှ
လေးတွေနဲ့မို့ တစ်မျိုးတော့ ဆန်းနေသည်။

အလှပြင်ပစ္စည်းအိတ်ထဲမှာတော့ နေရောင်ခြည် သုံးတောင်
သုံးဖူးသော လိုးရှင်း၊ အောက်ခံကရင်မ်၊ မိတ်ကပ်ရည်၊ ပေါင်ဒါ၊
နှုတ်ခမ်းဆိုးဆေး၊ အိုင်းရှဲဒိုး၊ မက်စ်ကာရာ၊ ပါးနီဆိုးဆေးတို့အပြင်
Ja'dore (ဂျာဒေါ်) ဟု တံဆိပ်တပ်ထားသော ရေမွှေးပုလင်းတစ်လုံး
လည်း ပါသည်။ ပုလင်းလေးက ဖင်ဝိုင်းဝိုင်းနဲ့ အဖုံးမှာ ရှည်မျော
မျောလေး။

"အများကြီးပဲ သမီး၊ ဈေးတွေကလည်း ခေါင်ခိုက်နေမယ့်
အဝတ်အစား၊ အသုံးအဆောင်တွေနော်၊ ဘာလုပ်ဖို့ ဝယ်ပေးတာတဲ့လဲ"

အမေက နေရောင်ခြည် မျက်နှာရိပ်မျက်နှာကဲကို ကြည့်ကာ
မေးသည်။

"မသိဘူး အမေ၊ သမီးလည်း စဉ်းတောင်မစဉ်းစားတတ်မိ
အောင်ပဲ၊ ဒါမျိုးတွေ တစ်ခါမှလည်း မဝတ်ဖူးဘူး၊ မိတ်ကပ်ဆို သုံး
တောင်မသုံးဖူးဘူး"

ထိုအချိန်တွင် ဖုန်းခေါ်သံ ကြားရသည်။ အမေက အလိုမကျ
သလိုမျက်လုံးတွေနဲ့ ကြည့်ပေမယ့် အနှောင့်အယှက်မပေးလိုဟန်ဖြင့်
အနားက ထွက်သွားပါသည်။

"ဦးကျော်နေ၊ အတော်ပဲ ဖုန်းဆက်တာ၊ ကျွန်မ မေးစရာရှိလို့"

www.burmeseclassic.com



"မင်းမေးမှာ ငါသိပါတယ်၊ အိမ်ကိုရောက်နေတဲ့ ပစ္စည်းတွေ အကြောင်း မဟုတ်လား"

"ဟုတ်တယ်"

"အဲဒါ ညနေကျ ငါနဲ့ဒင်နာသွားစားတဲ့အခါ ဝတ်လာဖို့၊ အလှ ပြင်လာခဲ့ဖို့ ပို့ပေးလိုက်တာ"

"ကျွန်မ ဝတ်လည်း မဝတ်ရဲဘူး၊ သုံးလည်း မသုံးချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ တစ်ခါမှ မသုံးဖူးတာတွေမို့ပါ"

"မသုံးဖူးတော့ ဘာဖြစ်သလဲ၊ အခု သုံးဖူးသွားပြီပေါ့။ ငါပေးတာ လက်ခံပါ။ ငါနဲ့ ဒင်နာသွားစားမယ်ဆိုရင် မင်းပုံစံက စုတ်ပြတ်နေလို့ မဖြစ်ဘူး။ ငါသွားမယ့်နေရာဟာလည်း သာမန်စားသောက်ဆိုင် မဟုတ် ဘူး။ ဒီတော့ အခုလောက်ဝတ်စားမှ အဆင်ပြေမယ်၊ မင်း အဲဒါတွေ ဝတ်၊ ပြင်ရမှာစိုးလို့ မသွားတော့ဘူးဆိုပြီး ဆုံးဖြတ်ရင်တော့ ငါ မ အိမ်ကို လာရလိမ့်မယ်။ မင်းအမေကိုပါ လာတွေ့ပြီး ငါ အလုပ်ပေးချင် အကြောင်း အသိပေးရလိမ့်မယ်"

"ဟာ…အိမ်ကိုတော့ မလာပါနဲ့၊ မဖြစ်ပါဘူး"

"ထင်သားပဲ၊ အဲဒီစကားကြားရင်း မင်း အသေအလဲငြင်းတော့ မယ်ဆိုကာ…"

"မလာတာချင်လို့ မဟုတ်ပါဘူး။ ကျွန်မတို့လမ်းထဲကို ဦးကျော် နေလိုမျိုး ကျူပစ်ယောက် ရောက်လာတာဟာ အထူးအဆန်းဖြစ် အတင်းအဖျင်းပြောစရာ ဖြစ်တတ်လို့ပါ"





"ကဲ…ဘယ်လိုလဲ၊ မင်း လာမှာလား"

"ဦးကျော်ခန့ ဘာလို့ သာမန်စားသောက်ဆိုင်မှာ မစားချင် တာလဲ"

"ငါက အကောင်းကြိုက်တယ်၊ အစားအသောက်၊ အနေ အထိုင်၊ အလုပ်အကိုင် ဘာမဆို ကောင်းနေမှကြိုက်တယ်။ ဒီတော့ သာမန်နေရာမှာ ညစာကို မစားချင်ဘူး"

"ဦးကျော်ခန့ ဘယ်မှာစားမှာမို့လဲဟင်"

"မမေးနဲ့လေ…"

"သာမန်ဆိုင်တော့ မဟုတ်ပေမယ့် အစားအသောက်ကောင်း တဲ့ဆိုင်မျိုး ကျွန်မ သိလို့ပါ"

"နေရောင်ခြည်၊ မင်း ဘာကြောင့် ငါ့ကို ဆရာလုပ်ပြီး လျှာရှည် နေရတာလဲ၊ ငါပေးတဲ့ အဝတ်ကို ဝတ်လာခဲ့၊ ပြင်တတ်သလောက် ပြင်လာခဲ့၊ တော်ပြီ၊ ငါ စကားဆက်ပြောဖို့ အချိန်မရှိတော့ဘူး၊ ည ခုနစ်နာရီမှာ ထွက်လာခဲ့ပါ။ ဆယ်နာရီလောက် အိမ်ပြန်ရောက်မယ်လို့ မင်းအမေကို ပြောခဲ့လို့ရတယ်"

တစ်ဖက်မှ ဖုန်းချသွားသံကို နားထောင်ရင်း နေရောင်ခြည် အသာသက်ပြင်းချလိုက်မိပါသည်။ နာရီကြည့်လိုက်တော့ ခြောက်နာရီ ရှိနေပြီမို့ ရေကို အမြန်ပြေးချိုးလိုက်ပါသည်။ နေရောင်ခြည်ကို ရပ် ကွက်ကအိမ်တွေမှာ ရေချိုးခန်းရယ်လို့ အိမ်ထဲမှာ သီးသန့်မရှိပါ။ နောက်ဖေးမီးဖိုချောင်က ဆင်းရင် ကျန့်သော မြေကွက်လပ်မှာ ရေ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကီတွေ ချထားပြီး ရေချိုးဖို့ဝါးကပ်တွေနဲ့သာ ကာရံထားပါသည်။ ရေကတော့ စက်နဲ့မောင်းပြီး ရေတင်ပေးသောအိမ်က မနက်တစ်ခါ ညနေတစ်ခါသာ ဖြည့်ပေးပြီး ဖြည့်သောရေတိုင်ကီပေါ် မူတည်ကာ ရေမိုးပိုက်ဆံ ရှင်းရတာမျိုးဖြစ်သည်။

ဟိုဘက်အိမ်၊ ဒီဘက်အိမ်တွေကတော့ ကျိုးတို့ကျဲတဲ ခြံစည်းရိုးတွေ၊ ပုဏ္ဏရိက်ပင်၊ ဆူးခြံပင်တွေနဲ့သာ ခြားထားပါသည်။

ရေချိုးပြီးတက်လာတော့ နှင်းပွင့်ဖြူတစ်ယောက် ကျူရှင်က ပြန်ရောက်နေကာ နေရောင်ခြည့်အကျီကို သဘောတကျ ကိုင်လျက် ကိုယ်မှာ ကပ်ကြည့်လိုက်၊ မတော်တရော် ဒေါက်မြင့်ဖိနပ်ကို စွပ်ကြည့်လိုက်ဖြင့် မှန်ရှေ့မှာ ဟန်ရေးပြနေပါသည်။

"ဟီဟိ . . . လှလိုက်တာ၊ မမကြီးတော့ ပွတာပဲ၊ သူဌေးကြီးက သဘောကျပြီး ဝယ်ပေးတော့ ဖိမ်ပဲ"

"ဟဲ့...ဘာတွေပြောနေတာလဲ၊ တိုးတိုးလုပ်"

"ကိုယ့်အစ်မ ကောင်းစားရင် နှင်းပွင့်တို့လည်း ကောင်းစားမှာပဲ၊ စိတ်ကူးမလွဲနဲ့ သိလား၊ sponser (စပွန်ဆာ) ပေးရင်လည်း ယူလိုက်၊ သူများတွေများ စပွန်ဆာရချင်လွန်းလို့ ရှာလိုက်ရတာ၊ မမကြီးက ကံကောင်းပြီး မရှာဘဲရတာ၊ မိုက်တယ်"

"နှင်းပွင့်နော်၊ နှင်းပွင့် ငါ တီးထည့်လိုက်ရ . . . သွား . . . လာမရှုပ်နဲ့"

"နှင်းပွင့် ကြည့်ချင်လို့ပါ"





နေရောင်ခြည် ညီမဖြစ်သူကို အော်ထုတ်မနေတော့ဘဲ အလျင်အမြန် ပြင်ဆင်လိုက်ရပါသည်။ ခြောက်နာရီခွဲတော့မှာ မဟုတ်လား။ အလှလည်း ပြင်ရဦးမယ်။ မဝတ်ဖူးတဲ့ အဝတ်တွေ၊ ဒေါက်ဖိနပ်တွေ ဝတ်ပြီးတော့လည်း အပြင်ထွက်ရဦးမယ်။ ရင်တုန်ပါဘိ။

"ဒါက Day Cream (ဒေးခရင်မ်)တဲ့၊ ဒါကို အောက်မှာ အရင်လိမ်းလိုက် မမကြီး၊ ဒီမိတ်ကပ်ရည်လေး တွေ့လား၊ အပေါ်မှာ ထပ်လိမ်းရတာ၊ မျက်နှာပေါ် အစက်လေးတွေ လျှောက်တို့လိုက်ရုံပဲ၊ နှင်းပွင့်တို့ သနပ်ခါးလိမ်းရင် အောက်ခံပင်တိုင်စံမိတ်ကပ်တို့၊ စန္ဒာပုလဲတို့ လိမ်းသလိုလိမ်းရုံပဲ၊ ပွတ်ဆွဲလိုက် . . . ဟော . . . တွေ့လား၊ မျက်နှာလေးက မိတ်ကပ်ရောင်လှလှလေးနဲ့ ဝင်းသွားပြီ၊ အပေါ်က မိတ်ကပ်ရိုက်လိုက်လေ၊ ပြီးရင် မျက်ခုံးကို ဒီလိုဆွဲ၊ အထူကြီးမဟုတ်ဘူး။ မမကြီး မျက်ခုံး ရှိပြီးသားလေးအတိုင်းပဲ၊ အရောင်တင်ရုံပဲ၊ ပါးနီလုပ်မလား၊ လုပ်ရင်လည်း နေ့၊ အရမ်းထင်းနေမှာမှ မဟုတ်တာ၊ ထင်တယ်ဆိုရုံလေးပါ၊ နှင်းပွင့် လုပ်ပေးမယ်။ မျက်ခွံကို ခရမ်းရင့်ရောင်လေး . . . ဟာ . . . အများကြီးမဟုတ်ဘူး၊ စိတ်ချ။ အကျီအရောင်နဲ့ လိုက်ရုံလေးပါဆို"

နှင်းပွင့်ဖြူတစ်ယောက် သူတစ်ယောက်တည်း ဘေးက တတွတ်တွတ်ပြော၊ တတွတ်တွတ်ညွှန်ကြား ဝိုင်းကူပြင်ဆင်နှင့် အပျော်ကြီးပျော်ကာ ကျူရှင်အပြန်ကတည်းက လွယ်လာတဲ့ ကျောပိုးအိတ်ကို တောင် မချရသေးဘူး။ အမေဝင်လာတော့....

"ဟဲ့...နှင်းပွင့်၊ ကျောပိုးအိတ် ချလေ၊ ဘာဖြစ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပီးပီး . . . မေ့သွားလို့ အမေ၊ ဒီမှာ မမကြီး ကြည့်ပါဦး လုလိုက်တာနော်"

အမေက အရောင်ထွက်ကာ အလှကြီးလှနေသော၊ ပုံ ပြောင်းနေသော နေရောင်ခြည့်ကို ငေးကြည့်နေလေသည်။ ကိုယ့်အ ပေမယ့် အမေ့ရှေ့မှာ ဒီလိုပုံစံနဲ့ ရပ်နေရတော့ နေရောင်ခြည်မှာ ရှိုး ရှန့်တန့်ဖြစ်ကာ သေသေချာချာ မရပ်ရဲသလိုတောင် ဖြစ်နေသည်။

ပါးပါးပျော့ပျော့ ဆံပင်လေးတွေ ချထားသော မျက်လုံးဝိုင်းဝိုင်း ချစ်စရာရုပ်ချော်လေးနဲ့ နေရောင်ခြည်မှာ အခုတော့ အလှကြီးလှ ရေမ်းရောင်အင်္ကျီလေးနဲ့ လိုက်ဖက်နေတော့သည်။

"အမေ . . . သမီး ဒါတွေဝတ်ရတာ စိတ်မပါလိုက်တာ၊ တစ်မျိုး ကြီးပဲ"

"ဝတ်သွားလိုက်ပါ၊ သမီးနဲ့ သိပ်လိုက်တာပဲ၊ တကယ်တော့ သမီးက ရုပ်မှမဆိုးတာ၊ ခပ်နွမ်းနွမ်းလေးတွေ ဝတ်ရတာတောင် ချစ်စ ကောင်းနေသေးတာ။ အခုလို ကောင်းမွန်တာတွေ ဝတ်လိုက်ရတော့ ပိုပြီးလှသွားတာပေါ့၊ အမေ ကျေနပ်ပါတယ်လေ"

အမေ ဘာကိုကျေနပ်မှန်းမသိ ပြောပြီး ဆက်၍ရပ်ကြည့် နေသည်။ နေရောင်ခြည်မှာ မှန်ထဲမှာမြင်ရသော ကိုယ့်ကိုယ်ကို သဘောကျမိပေမယ့် ကြာကြာမကြည့်ရဲ၊ ခုနစ်နာရီထိုးနေပြီ မဟုတ် လား။ ဦးကျော်နေ လာစောင့်နေတော့မယ်။ မြန်မြန်သွားမှ၊ အမေ လေး . . . ပြင်ရဆင်ရတာ ဘာမှသာမဟုတ်တယ်၊ အချိန်တော့ ပေါ် တော်ကုန်သား။





အိမ်ပြင်ထွက်လိုက်ပြီး လူရိပ်လူခြည်ကြည့်ကာ လမ်းမကို သုတ်ခြေတင်ရပါသည်။ ခုနစ်နာရီ မှောင်ရီပျိုးပျအချိန်ပေမယ့် ဘယ်သူ ဘယ်ဝါရယ်ဆိုတာ သဲသဲကွဲကွဲမြင်ရသေးသည်ဖြစ်ရာ နေရောင်ခြည့်ကို မြင်သူတွေမှာ တအံ့တသြ ငေးကြည့်ကြသည်။

"ဟဲ့ . . . နေရောင်ခြည် လှလို့၊ ဘယ်လဲဟယ်၊ လှတောင် လှားတယ်"

တမင် လှမ်းနှုတ်ဆက်ပြီး စပ်စုချင်သူတွေကို မျက်နှာပြောင် ပြောင်နဲ့ပင် ရှောင်ထွက်ကာ လမ်းထိပ်ကို မပြေးရုံတမယ် ခြေလှမ်း တွေနဲ့ ထွက်လာခဲ့ရသည်။ တော်ပါသေးရဲ့လေ။ ဦးကျော်နေ ပေး လိုက်တဲ့ဖိနပ်က ဒေါက်မမြင့်လှတာမို့ မြန်မြန်လျှောက်လို့ရနေတာ။

လမ်းထိပ်မှာ ဘွားခနဲတွေ့လိုက်ရသော ဦးကျော်နေ၏ ကား ခေါင်မြင့်အကြီးကြီးဆီကို နေရောင်ခြည် အမြန်သွားလိုက်မိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

Summit Parkview (ဆန်းမစ်ပါ့ခ်ဗျူး) ဟိုတယ်၏ ရက်ဘောရင့်ခန်းမကြီးထဲတွင် ဒီတစ်ခါတော့ နေရောင်ခြည်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် သိမ့်ငယ်မှုမရှိတော့ဘဲ ကိုယ်လေးမတ်လျက် ထိုင်ရဲနေပါသည်။ ဦးကျော်ခနကတော့ သူ ဝတ်စားနေကျ ပုံစံအတိုင်း ရှပ်အပြာဖျော့လက်ရှည်၊ စတိုင်ပန့်တို့ဖြင့် ကြည့်ကောင်းနေသည်။ သူကတော့ သူဌေးကြီးလည်းဖြစ်ပြန်၊ ရုပ်ရည်ကလည်း သန့်ပြန့်ချောမောသူမို့ ဘယ်တော့ကြည့်လိုက်ကြည့်လိုက် အရောင်ထွက်နေသူပင်။

"မင်း...ဒီလိုဝတ်စားလိုက်တော့လည်း လှတာပဲ"

ဦးကျော်ခန ထုတ်ပြီးချီးကျူးလိုက်တော့ နေရောင်ခြည် ရင်ထဲ၌ များကာ ဘာဖြေရမှန်းမသိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်လည်း မိန်းကလေးပီပီ ကိုယ့်ကိုယ်ကို သိ(ပါ)သည်။ ကိုယ်ဟာ ရုပ်ရည်သိပ်လှတဲ့သူထဲမှာ မပါလှလေရာ ရှိသော(ရုပ်)လေးကိုပင် ကြည့်ကောင်းအောင် ပြင်ထားရတာ။ သူမမှာ ထူးခြားတာ ဆိုလို့ မျက်လုံးလေးတွေ ဝိုင်းကြည်ပြီး အရည်လဲ့နေတာကလွဲရင် ဝိုင်း ဆွဲဆောင်မှုရှိတဲ့ အလှမျိုး ဘာမှမရှိချေ။ ဒီကြားထဲ ပိုက်ဆံလည်း မတတ်နိုင်လှတာမို့ အဝတ်အစားကလည်း ပြောင်ပြောင်ရောင်ရောင် သိပ်မဝတ်ရလေရာ ဘယ်တော့မှ လှလှပပဖြစ်နေတယ်ရယ်လို့ မ(ရှိ) သက်ပြည့်မို့ ငယ်သံယောဇဉ်နဲ့ရော၊ ခင်မင်မှုနဲ့ရော ပေါင်းပြီး အချစ်(ကြီး) ချစ်၊ အစွဲကြီးစွဲနေတာ ဖြစ်ပါသည်။ သက်ပြည့်အကြောင်း ရုတ်တရက် ခေါင်းထဲဝင်လာသောအခါ ဦးကျော်ခနက သက်ပြည့်ကို နေရော(င်) ခြည်ရဲ့ရည်းစားလို့ ထင်နေသေးသလားဆိုတာကိုပါ အမှတ်တမဲ့ တွေး(မိ) သေးသည်။

"ဦးကျော်ခန အလုပ်အကြောင်း ပြောမလို့ဆိုရင် ပြောလေ(ကွာ) ကျွန်မ သိချင်ပါတယ်"

"အလုပ်အကိုင်အကြောင်းတင် မကဘူး။ အဲဒီအလုပ်(ကို) လက်ခံပါဆိုတာကိုပါ တစ်ခါတည်း အသိပေးချင်တာ၊ မင်းကို အလု(ပ်) လက်ခံပါလို့ ကမ်းလှမ်းတာမဟုတ်ဘူး။ လုပ်ကိုလုပ်ရမယ်၊ ဒီအလု(ပ်) ဟာ မင်းအတွက်ပဲ ရည်ရွယ်ပြီး ပေးတယ်ဆိုတဲ့သဘောပဲ"

ကျော်ခနက သူ့ရှေ့မှာရှိသော ဝိုင်နီတစ်ခွက်ကို အသော(က်) သောက်လိုက်ပါသည်။ မှာထားသော အစားအသောက်တွေ မလာ(သေး)





(တ)ရည်တစ်မျိုးမျိုး အရင်သောက်ရမည်ဖြစ်ရာ သူကတော့ နေရောင် (ခြ)ည်ပါနေသည့်အတွက် အပျော့စားဝိုင်နီကိုသာ တစ်ခွက်မှာလိုက် (သ)ည်။ နေရောင်ခြည်ကတော့ မိန်းကလေးပီပီ (ပြီးတော့ ဒီလိုအသိုင်း (အ)ဝိုင်းက ဆိုင်တွေမှာ ညစာစားရလေ့မရှိရာ ဝိုင်လောက်တောင် (မ)သောက်တတ်သူပီပီ) လိမ္မော်ရည်တစ်ခွက်သာ မှာပါသည်။ လိမ္မော် (သီး)စစ်စစ်ကို အရည်ညှစ်ထည့်ထားသော လိမ္မော်ရည်၏ ဖန်ခွက်ထိပ် (မှ)ာတော့ အလှစိုက်ထီး သေးသေးလေးတစ်လက်ရယ်၊ ချယ်ရီသီးလေး (တ)စ်လုံးစိမ်ထားတာရယ်၊ ဖန်ခွက်နှုတ်ခမ်းမှာ သံပရာသီးအဝိုင်းလိုက် လေးခြမ်းပြီး စိုက်ထားတာရယ်ကြောင့် မာတီနီခွက်လိုလို ဘာလိုလို။ နေရောင်ခြည်ကတော့ ဟိုတယ်ကြီးရဲ့ စားသောက်ခန်းမဆိုသော အရှိန် (အ)ဝါကြောင့် ထင်သည်။ လိမ္မော်ရည်ခွက်ကို တစ်ချက်မျှပင် ယူမသောက် ကြည့်သေး။ ထိုင်တာနှင့်တောင် ကိုယ်လေးကို မတ်ထိုင်နေကာ ဟိုမကြည့် (န)ဲ့ ဒီမကြည့်ရဲ ဖြစ်နေသည်။ ကြည့်ကလည်း ကြည့်ချင်။ ကြည့်လိုက် (ပြ)န်လည်း သူမကို သူများတွေ အထင်သေးသွားမလား ဟူသော (စ)ိုးရိမ်စိတ်မျိုးနဲ့ မဝံ့မရဲဖြစ်နေဟန်ကို ကျော်ခန သတိထားမိလျက် (က)ရုဏာသက်ရလေသည်။ မင်းကို ဒီလိုနေရာမျိုးတွေမှာ ဝင်ဆန့် (အ)အောင် တော်တော်လေ့ကျင့်ပေးရဦးမှာပဲ။

"ကျွန်မ လက်ခံမယ်၊ လက်မခံဘူးဆိုတာ မသိဘဲနဲ့ လုပ်ကို (လ)ုပ်ရမယ်လို့ ဘာကြောင့် ဦးကျော်ခန ပြောရဲတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နေရောင်ခြည်၊ မင်း ဒီအလုပ်ကိုစွန့် ပတ်သက်ရင် ငါ့ကို ဘာမှပြင်းမနေနဲ့၊ မင်းကို သက်သက်သာသာနဲ့ အိုးမကွာအိမ်မကွာ အလုပ်ရစေချင်လို့ ပေးတာ၊ မင်းအမေကို လိုက်ပြောရင်လည်း မင်း အမေ သဘောတူမှာပဲ၊ မင်းညီမလေးလည်း ဝမ်းသာမှာပဲ"

"ရှင် . . . အိုးမကွာအိမ်မကွာ ဟုတ်လား၊ ဦးကျော်ခနပြော တော့ မီနီမားကတ်မှာ လုပ်ရမှာဆို"

"ဟုတ်တယ်လေ၊ မီနီမားကတ်ပါပဲ၊ ဒါပေမယ့် လူနေအိမ်ပါ တွဲထားတယ်"

"ဘယ်လို...ဘယ်လိုနေရာမျိုးလဲ"

ဦးကျော်ခန ရေရွတ်ပြလိုက်သော ရပ်ကွက်ကြီးတစ်ခုရဲ့ အမည်ကို ကြားလိုက်ရတော့ နေရောင်ခြည် အံ့သြပြီး ဘုရားတသွား ပါသည်။

လူစည်ကားလှပြီး ရန်ကုန်မြို့လယ်နဲ့လည်းနီးသော နာမည် ကြီးရပ်ကွက်ကြီးဟာ သီတင်းကျွတ်လို၊ တန်ဆောင်တိုင်လို၊ သကြီန် လိုပွဲတော်တွေမှာဆို အကြီးအကျယ် ပွဲတွေလမ်းတွေ၊ မဏ္ဍပ်တွေနဲ့ ကျင်းပလေ့ရှိသော ရပ်ကွက်တစ်ခု ဖြစ်သည်။ ရန်ကုန်မြို့မှာ နေဖူး သူတိုင်း၊ ရန်ကုန်မှာ ရှိနေကြသူတိုင်း မသိမရှိတဲ့ ထိုရပ်ကွက်ကြီးမှာ...

"အဲဒီလမ်းမကြီးပေါ်မှာ ငါပိုင်တဲ့ ကွန်စတက်ရှင်ကနေ တိုက် ခန်းတွဲအကျယ်ကြီးတွေပါတဲ့ ရှစ်ထပ်တိုက်တစ်တိုက် ဆောက်ထား တယ်။ ဆောက်ပြီးကတည်းက မြေညီထပ်တစ်ထပ်လုံးကို ငါ တမင်





ရောင်းဘူး။ မီနီမားကတ်ဖွင့်ဖို့ နှစ်ခန်းတွဲရက် လုပ်မယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ Hall (ဟောလ်) ပုံစံ ထားထားတယ်။ မြေညီထပ်နဲ့တွဲရက် ထပ်မအလွှာကိုလည်း မရောင်းဘဲ ထားလိုက်တယ်၊ လိုအပ်တဲ့ ဆိုင်နဲ့ ပတ်သက်တဲ့ပစ္စည်းတွေ သိုလှောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့၊ အခု တော့ ဆိုင်ကြီးက ဖွင့်ဖို့အသင့်ပဲ၊ မင်းတို့သားအမိတွေ ဆိုင်နဲ့တွဲရက် ထပ်မလွှာကို ပြောင်းလာပြီးတာနဲ့ တစ်ပတ်၊ ဆယ်ရက်အတွင်း ဆိုင် ဖွင့်ရုံပဲ"

ဒါ . . . ဒါတွေ သူ တမင်ဖန်တီးပေးနေသလား။ တမင်လုပ် ပေးနေသလားရယ်လို့ နေရောင်ခြည်မှာ သံသယတောင် ဝင်လာ ပါသည်။

"မင်းနေတဲ့အိမ်ကနေဆို ဆိုင်ကို မနက်ရှစ်နာရီလာဖွင့်၊ ည ဆယ်နာရီပိတ်ပြီးမှပြန်ဖို့၊ နေ့တိုင်းပိတ်ရက်မရှိဖွင့်နေဖို့ဆိုတာ လုံးဝမဖြစ် နိုင်ဘူး။ မင်းရတဲ့လခ နှစ်သိန်းနဲ့တောင် မတန်အောင် နေ့တိုင်း အလုပ် ဆင်းဖို့ လာရမယ်။ ညဆယ်နာရီ ဆိုင်ပိတ်ပြီးမှ ပြန်ရင် ဘယ်လိုပြန်မလဲ၊ အဲဒီအခြေအနေတွေ ရှိတယ်၊ ဒီတော့ မင်းတို့သားအမိသုံးယောက် ပြောင်းလာနေလိုက်တာ အကောင်းဆုံးပါပဲ၊ အိမ်လခ၊ မီတာခ ဘာမှ မလိုဘူး၊ စားစရိတ်လည်း မင်း နေ့စဉ် ဈေးဝယ်ထွက်ဖို့ပဲ ကုန်မယ်၊ ဆန်၊ ဆီ လိုသလောက် ငါပို့ပေးနေကျအတိုင်း ပို့ပေးမယ်၊ မင်း လုပ်ပေးနေ ရတဲ့အလုပ်က ငါ့ဆိုင်ကို အောင်မြင်အောင် ကြီးကြပ်ဖွင့်ပေးပါ၊ ဒါပဲ"

"ဘာကြောင့် အဲဒီအလုပ်ကို ကျွန်မကိုမှ ပေးရတာလဲဟင်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မန်နေဂျာလို ရာထူးမျိုးဟာ ဘွဲ့ရပညာတတ်တွေ လုပ်ချင်နေတာ ပုံလို့ပါပဲ၊ ကျွန်မက ဘာပညာမှလည်း မတတ်...”

“ဟော့ . . . နေရောင်ခြည် တော်တော့၊ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စိတ်ဝင်အောင် ဘာလို့ ဒါကို ခဏခဏ ထည့်ပြောနေတာလဲ”

“ဒါ အမှန်တရားပဲလေ၊ မေ့ထားလို့ ဘယ်ဖြစ်မလဲ၊ ဦးကျော်မနေရဲ့”

“မေ့ထားဖို့ ပြောတာမဟုတ်ဘူး၊ ဒါကို သူများသိအောင် ခဏခဏ ထုတ်ပြောနေဖို့ မလိုဘူးလို့ ငါ သတိပေးတာ၊ လောကမှာ ဆယ်တန်းမအောင်တိုင်းလည်း ဒီလူကို သုံးမရဘူး၊ ဉာဏ်မရှိဘူး တုံးတယ်၊ ဖျင်းတယ်လို့ သတ်မှတ်လို့ မရဘူး။ သူဟာ ကျောင်းဘက်မှာ မထူးချွန်ပေမယ့် တခြားတစ်နေရာမှာတော့ ထူးချွန်မှာပဲ၊ စာမတော်ပေမယ့် တခြား လူမှုရေး၊ စီးပွားရေးတွေ၊ ဖက်ရှင်အတွေးအခေါ်တွေ၊ အရောင်းအဝယ်တွေမှာ ထူးချွန်နေတဲ့သူတွေမှ အများကြီး မီနီမားကတ်တစ်ခုကို အုပ်ချုပ်ဖို့ စီမံခန့်ခွဲဖို့မှာ ဆယ်တန်းအောင်စရာ မလိုဘူး။ ကွန်ပျူတာ ကျွမ်းကျင်နေစရာ မလိုဘူး။ အင်္ဂလိပ်စကားတ ွတ်နေအောင် ပြောဖို့မလိုဘူးဆိုတာရော မင်း သိရဲ့လား”

သူနဲ့ အရှေ့အတောင် အငြင်းအခုံဖြစ်နေရင်းမှ နေရောင်ခြည် ရင်ထဲမှာ ပျော်ရွှင်တက်ကြွလာသည်။ တစ်ခါမှ အကြီးအကဲနေရာ မနေခဲ့ရဘဲ သူများနိုင်းတာ လုပ်ခဲ့ရသော ဘဝကနေ သူများတွေကို



ခေါက်ပဉ္စနွေးထွေးသော ကောင်းကင်တစ်ခုအောက်မှာ ၁၅၃

စီမံခန့်ခွဲ အုပ်ချုပ်ရမည်ဆိုတာဟာ ဘယ်လောက်စိတ်ဝင်စားစရာကောင်းလဲ။

“အဓိကက ကိုယ့်ကိုယ်ကိုယ် ဟိတ်နဲ့ဟန်နဲ့ နေပါ။ ဒီဆိုင်မှာ မန်နေဂျာ၊ ငါလုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့် ရှိတယ်ဆိုတဲ့ အမူအရာနဲ့ အုပ်ချုပ်ပါ။ အလကားနေရင်း အော်နေ၊ ဟောက်နေ၊ အမိန့်ပေးနေဖို့ ပြောတာ မဟုတ်ဘူး။ ကိုယ့်ဝန်ထမ်းကိုယ် နိုင်အောင်ထိန်းဖို့ပဲ လိုတယ်။ င်းတာဝန်က ဆိုင်မှာ အလေအလွင့်နည်းအောင်၊ ဆိုင်ရောင်းကောင်းအောင်၊ အောင်မြင်အောင် လုပ်ဖို့ပဲ၊ ငွေသိမ်းကောင်တာ Cashier (တတ်ရှိရှာ)က လူဟာ ကွန်ပျူတာ တတ်ကိုတတ်နေရမယ်။ အရောင်းန်ထမ်းဟာ ထမင်းစားရေသောက် အင်္ဂလိပ်စကားတော့ ပြောတတ်နေရမယ်၊ သူတို့ ဘွဲ့ရတာ မရတာ၊ မင်း ဘာမှပူနေစရာမလိုဘူး၊ ငါ ဒီဆိုင်ကို ပိုင်တယ်၊ ငါ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ ခေါင်းထဲထည့်ပြီး လုပ်ရင် ဘာကြောင့် ဒီအလုပ်ကို မလုပ်ရဲစရာရှိလဲ”

ကျော်မနေက နေရောင်ခြည့်ကို စိတ်ဓာတ်မြှင့်တင်ပေးချင်တာကြောင့် တွန်းအားတွေပေးပြီး ဆက်တိုက် ပြောနေပါသည်။ တကယ်တော့ နေရောင်ခြည့်လို ဘာမှသိပုံ၊ တတ်ပုံ၊ ကျွမ်းကျင်ပုံမရသော မိန်းကလေးတစ်ယောက်ဟာ မီနီမားကတ်တစ်ခုရဲ့ မန်နေဂျာတာဝန်ကို ယူဖို့ဆိုတာ လုံးဝကို မဖြစ်နိုင်။ ရယ်စရာကောင်းလှသည်။ စိုးရိမ်စရာလည်း ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အရိပ်ထဲမှာထားပြီး သူလေးကို စောင့်ရှောက်ပေးချင်တာနဲ့ပဲ ဒီကိစ္စကို ချက်ချင်း ခေါင်းထဲမှာ အကောင်အထည်ဖော်ကာ Risk (ရစ်ခ်) ယူလိုက်ရတာ ဖြစ်ပါသည်။ မလုပ်တတ်မကိုင်တတ်၊ ဘာဗဟုသုတမှ မရှိသောသူ့မို့ ဆုံးရှုံးမှု၊ အဆင်မပြေမှုတွေတော့ ကြုံရဖို့ သေချာသည်။ ဒါပေမယ့် ဒါတွေကို သူကိုယ်တိုင်အဆုံးရှုံးခံရင်း တဖြည်းဖြည်း ဘေးကနေ သင်ပေးသွားရမှာပင်။

အိုးမကွာအိမ်မကွာ ဒီဆိုင်ကို ဦးစီးရင်း ကွန်ပျူတာသင်တန်းပြေးတက်နိုင်းလိုက်၊ အင်္ဂလိပ်အခြေခံသင်တန်းလေးတွေ ပြေးတက်နိုင်းလိုက်လုပ်ပြီး အလုပ်ထဲမှာ ကျွမ်းကျွမ်းကျင်ကျင် သိမြင်လာအောင်သင်ပေးဖို့ အချိန်ယူရပါဦးမည်။

"ကျွန်မ အဲဒီလိုကြားရတာ ဝမ်းလည်းသာပါတယ်။ လုပ်လည်းလုပ်ကြည့်ချင်ပါတယ်၊ ဒါပေမယ့် ကြောက်လည်းကြောက်တယ်"

"ဘာကိုကြောက်တာလဲ"

"ဦးကျော်မနေက အများကြီးရင်းနှီးပြီး ဖွင့်ရမှာလေ၊ ကျွန်မ စီမံကွပ်ကဲတာတွေညံ့လို့ အရှုံးပေါ်ရင် ဘယ့်နှယ်လုပ်မလဲ။ ကျွန်မ ဒါကိုပထမဦးဆုံး စလုပ်ရမှာလေ၊ မလုပ်တတ်မကိုင်တတ်နဲ့ ကံစွပ်ပြီး ရုတ်ချင်း အောင်မြင်မယ်လို့ အတပ်မပြောရဲဘူး"

" Good Question (ဂွတ်ထ်ကွက်ရှင်)"

ကျော်မနေက ကောင်းလိုက်တဲ့မေးခွန်းပဲဟု နှုတ်မှ ထုတ်ဖော်ချီးကျူးလိုက်သည်။ နေရောင်ခြည့်ကို သဘောကျတာ အဲဒီအချက်ပဲ





မရဖူးတဲ့ ရာထူးမျိုးနဲ့၊ မလုပ်ဖူးတဲ့အလုပ်ကို လုပ်ရမယ်ဆိုပြီး ငမ်းငမ်းတက်ချက်ချင်းပဲ လုပ်ပါ့မယ်၊ လုပ်ချင်ပါတယ်၊ ဘယ်နေ့ စရမလဲဆိုတဲ့ မေးခွန်းမျိုးများ လာမလားလို့ နားစွင့်နေခဲ့ပေမယ့် ဒီလိုပုံစံမျိုးနဲ့ မေးသင့်တဲ့ မေးခွန်းတစ်မျိုး မေးလိုက်တာဟာလည်း သူမရဲ့ အရည်အချင်းပဲ။

"မင်းကို ငါ ကြားတာမဟုတ်ဘူး။ ဒီဆိုင်တစ်ဆိုင်လုံး ဆုံးရှုံးသွားရလို့လည်း ငါ မမှုဘူး။ ငါ့မှာ တခြားလုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒီဆိုင်ကတော့ မင်းအတွက် Risk ယူလိုက်တာပဲ၊ စွန့်စားမှုတစ်ခုပါပဲ၊ မင်း ကြိုးစားရမယ်၊ ငါလည်း မင်းကို ကူညီမှာပါ၊ ဆိုင်ကို ဦးစီးနေရင်း ကွန်ပျူတာသင်တန်းလည်း တက်ရမယ်၊ အင်္ဂလိပ်စာလည်း တတ်သင့်သလောက်တတ်အောင် သင်ရမယ်၊ ခွဲမလျှော့ရဘူး၊ ဒီဆိုင်ကို ငါပိုင်တယ်၊ ငါ အောင်မြင်အောင်လုပ်ရမယ်ဆိုတဲ့ စိတ်လေးနဲ့ပဲ လုပ်ပြစမ်းပါ"

မှာထားသော စားသောက်ဖွယ်ရာများ ရောက်လာသောအခါ ကျော်မနေက သူပဲဦးဆောင်ပြီး နေရောင်ခြည့်ပန်းကန်ထဲကို ထည့်ပေးပါသည်။ နေရောင်ခြည့်အတွက်တော့ ဒီလို ဟိုတယ်စာတွေဟာ သိပ်တော့အဆန်းအပြား ဖြစ်မနေပါ။ ဦးကျော်နေရဲ့ အစ်ကိုကြီး ဦးကျော်ဧယျပိုင်သော Platinum (ပလက်တီနမ်)ဟိုတယ်မှာလည်း ဒီလိုမျိုး တရုတ်စာ၊ ဥရောပစာ၊ အီတာလျံစာတွေ အလျှံပယ် မြင်ဖူးနေကျပါ။ ဟိုတယ်အဆင့်ချင်းသာကွာသဖြင့် ဟိုတယ်အပြင်အဆင် ကွာခြားနေတာပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုနေလဲ၊ ငါ့အစ်ကိုဟိုတယ်က လက်ရာနဲ့ ဒီက လက်ရာ"

ကျော်မနက စားသောက်ရင်း နေရောင်ခြည့်ထင်မြင်ချက်ကို မေးနေသေးသည်။

"အတူတူလောက်ပါပဲ။ Chef (ရှက်ဖ်)တွေ အကုန် သူ့ပညာနဲ့ သူဆိုတော့ လက်ရာက တစ်မျိုးစီပေါ့"

"ဩော် . . . ဒါနဲ့ မင်းရည်းစားကောင်လေးကလည်း လက်ဖက်ထောက်စားဖိုမှူးရာထူးနဲ့ လုပ်နေတာနော်၊ သူလည်း တက်လမ်းရှိတာပဲ၊ ဘယ်ဆိုးလို့လဲ"

"သက်ပြည့်လား"

"မင်းမှာ သက်ပြည့်အပြင် ဘယ်ရည်းစားရှိသေးလို့လဲ"

"ကျွန်မရည်းစား မဟုတ်ပါဘူး။ သိပ်ခင်တဲ့ သူငယ်ချင်းတွေပါ"

"မင်းတို့ကို အားလုံးက ရည်းစားလို့ တွဲမြင်နေတာကျတော့ မင်းတို့ မငြင်းပါလား"

"ဒါကတော့..."

နေရောင်ခြည်မှာ ဖြေစရာမဲ့သွားပါသည်။ အလုပ်ရချင်တာနဲ့ပဲ သက်ပြည့်ရဲ့ရည်းစားလိုလို နာမည်ခံပြီး ဝင်ခဲ့ရတာ မဟုတ်လား။

"မင်းနဲ့သူ ရည်းစားတွေ မဟုတ်ကြဘူးဆိုရင် ပြီးတာပဲလေ။ မင်းမှာ ရည်းစားရှိလည်း ငါက ဒါကို ခေါင်းထဲထည့်နေမယ့်ကောင် မဟုတ်ပါဘူး"





သူပြောနေတာက ဘာအဓိပ္ပာယ်မှန်းမသိပေမယ့် နေရောင်ခြည်ကတော့ ကျေနပ်သွားပါသည်။ ရည်းစားရှိရှိ၊ မရှိရှိ ဂရုမစိုက်ဘူးဆိုတော့.. အင်း...

"မနက်ဖြန် အိမ်ပြောင်းဖို့ ပြင်ဆင်တော့၊ ဟုတ်ပြီလား၊ ညနေဘက်ခါမှာ ပြောင်းရွှေ့ရင် သယ်ဖို့ပြုဖို့ ငါ့အလုပ်သမားတွေနဲ့ ငါ့ ကော်ရုံတစ်ရုံက ကားကို လွှတ်လိုက်မယ်။ မင်းတို့ ဘာမှသယ်စရာ မလိုဘူး။ သူတို့ အကုန်သယ်ပေးလိမ့်မယ်၊ မလိုအပ်ဘူး ထင်တဲ့ ပစ္စည်း . . . အင်း . . . ရှင်းရှင်းပြောရရင်ကွာ၊ သိပ်စုတ်ပြတ်ပြီး လူမြင်ကောင့်တယ်တော့တဲ့ ပစ္စည်းဆိုရင်တော့ သယ်မနေပါနဲ့၊ ထားခဲ့ပါ။ ဖြစ်နိုင်ရင် တစ်ပိုင်တစ်နိုင်ပစ္စည်းပဲယူပြီး ပြောင်းစေချင်တာ။ ငါ့အခန်းမှာ ဘာမှမလိုဘူး။ မွေ့ရာ၊ ခုတင်၊ အဝတ်ဗီရို၊ ဧည့်ခန်းမှာထားတဲ့ ဆက်တီ၊ ထမင်းစား စားပွဲ၊ ရေခဲသေတ္တာလိုမျိုးတွေက လူမနေပေမယ့် ငါ ဆင်ပဲ ဝယ်ပြီး ထည့်ထားပြီးသား၊ မင်းတို့ သုံးလို့ရတယ်"

"အမေ့ကို တိုင်ပင်ရင် ကောင်းမယ်"

"မတိုင်ပင်ပါနဲ့၊ အသိပေးတဲ့သဘောသာ ပြောလိုက်ပါ။ တိုင်ပင်ရင် ကန့်ကွက်တာ၊ မသွားနိုင်းတာတွေ ပေါ်လာဦးမယ်။ ဒီမှာ နေရောင်ခြည်၊ ခုချိန်မှာ မင်းက ဒီမိသားစုကို ဦးဆောင်နေရပြီပဲ၊ တိုင်ပင်ဆွေးနွေးနေစရာ မလိုပါဘူး၊ ကောင်းမယ်ထင်လို့ လုပ်တာ သူတို့ ကောင်းဖို့ချည်းပဲလေ၊ မိဘကို ချောင်ထိုးဖို့ တိုက်တွန်းနေတာ မဟုတ်ဘူးနော်၊ တစ်ခါတလေကျ ကိုယ့်ဘာသာဆုံးဖြတ်ပြီး လုပ်ဖို့လည်း လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေက...မလိုက်ဘူးဆိုရင်ရော..."

ကျော်မနေက ခေါင်းမာမာဖြင့် ဆက်အငြင်းအခုံဖြစ်နေ သော နေရောင်ခြည့်ကို ခပ်တည်တည်၊ ခပ်စူးစူးကြည့်လိုက်ကာ...

"မင်းကတော့ ငါ့အစီအစဉ်ကို ငြင်းဖို့မလိုဘူး၊ မင်း အဲဒီ့အသို အဝိုင်းကနေ ထွက်ကိုထွက်လာခဲ့ရမယ်လေ၊ နားလည်လား နေရော ခြည်၊ မင်းအမေ မလိုက်ဘူးဆိုရင် မင်း ဘာလို့ထွက်မလာရဲစရာရှိလဲ"

ဦးကျော်မနေ ဒါတွေ ဘာကြောင့် လုပ်ပေးနေရသလဲ။ ဘ ကြောင့် ကျွန်မကို အရေးပေး စောင့်ရှောက်နေရသလဲ၊ ရှင့်ရင်ထဲ ဘာတွေရှိသလဲ၊ ဦးကျော်မနေရယ်၊ ကျွန်မ သိချင်လိုက်တာ။ ရုပ်ရှင်ဇ ဝတ္ထုတွေမှာသာ ရှိခဲ့ဖူးတဲ့ လူချောသူဌေးတစ်ယောက်ရဲ့ ချစ်မြတ်နိုး ရွေးချယ်မှုကို ခံရတဲ့ သာမန်အညာတရမိန်းကလေးဆိုတဲ့ ဇာတ်လ ဟာ တကယ်ပဲဖြစ်လာပြီလား။

"သန်ဘက်ခါ ပြောင်းခဲ့၊ ဟုတ်ပြီနော်၊ ကိုယ်ဝတ်မယ့်အဝတ အစား အသုံးဆောင်လေးဘာလေးကလွဲရင် ကျန်တာ ဘာမှမယူ တော့လို့ ငါ ခုပဲ ဆုံးဖြတ်တယ်၊ စုတ်ပြတ်နေတဲ့ပစ္စည်းတွေဆို ငါ မမြ ချင်ဘူး။ ဒီတော့ အစုတ်တွေ သယ်မလာနဲ့၊ မင်းလိုအပ်တာ ဝယ်ခြမ် ငါ စီစဉ်ပေးမယ်၊ ချက်တဲ့ပြုတ်တဲ့ အိုးခွက်ပန်းကန်ကအစ ဟောင်း စုတ်နေရင် မယူလာနဲ့၊ မင်းလိုချင်ရင် မဖွင့်ရသေးတဲ့ မီနီမားကတ်ထဲ စတိုခန်းထဲမှာ အသင့်သွားယူသုံးလိုက်ပါ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"





နေရောင်ခြည့်မှာ ငြင်းဆန်စရာအခွင့်အရေး မရှိတော့သလို ဖြစ်ကာ ခေါင်းညိတ်လက်ခံလိုက်ရပါသည်။ စကားပြောရင် ပြတ်သားပြီး တစ်ဖက်လူလည်း အားနာတတ်ဟန်မရှိသော ဦးကျော်မနေ၏ စကားသံ တို့က နေရောင်ခြည့်အပေါ်လွှမ်းမိုးနေပါသည်။

စားသောက်ပြီးနောက် ဟိုတယ်အပြင်ကို အတူထွက်လာ တော့လည်း ဦးကျော်မနေနဲ့အတူ တွဲထွက်နေလေရာ လိုက်လံစူးစမ်းပြီး ကြည့်သော မျက်လုံးတွေကြောင့် နေရောင်ခြည့်ရင်ထဲ မြူးကြွနေသည်။

"ဟယ်...Glory (ဂလိုရီ)ကုမ္ပဏီက ဦးကျော်မနေမဟုတ်လား၊ ဘယ်သူနဲ့တွဲနေတာတဲ့လဲ၊ ကောင်မလေးက အတော်ငယ်ပုံပဲ"

ဟူသော ခပ်သဲ့သဲ့ပြောသံတို့ကြောင့် နေရောင်ခြည် ခေါင်း တောင် ပိုမော့မိတော့မလို ဖြစ်သွားပါသည်။ ခေါင်းအမော့ကောင်း လိုက်တာနဲ့ တစ်ချက်တော့ ဒေါက်မြင့်ဖိနပ်ယိုင်သွားကာ ချော်လဲတော့ မလိုဖြစ်သွားလေသည်။

"ဟော့...ဟာ...လဲတော့မလို့"

ဦးကျော်မနေက သတိရှိစွာပင် နေရောင်ခြည့်လက်မောင်းကို ဆွဲပြီး ထိန်းလိုက်၍သာ အရှက်မကွဲတာ။ နေရောင်ခြည် နည်း နည်းတော့ ရှက်သွားသည်။ ဦးကျော်မနေက လက်မောင်းကို ဆွဲကိုင် ထားရာမှ လွှတ်လိုက်ပြီး ပခုံးကို အသာထိန်းဖက်ပြီး တွဲလျှောက်စေ သောအခါမှာတော့ နေရောင်ခြည့်စိတ်ဝိညာဉ်တွေဟာ မိုးကောင်းကင် အမြင့်ကြီးပေါ်မှာ ပျံဝဲနေတော့သည့်ပမာ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

## (၁၃)

"ဖုန်းလာပါတယ်၊ မနေရောင်ခြည်နဲ့ ပြောချင်လို့ပါတဲ့"

Glory (ဂလိုရီ) မီနီမားကတ်၏ နောက်ဖက်စတိုခန်းလေး းမှာပင် မန်နေဂျာရုံးခန်းလေးအဖြစ် အခန်းကန့်ဖွဲ့ပေးထားသည်။ ပွဲ၊ ကုလားထိုင်အပြည့်အစုံနဲ့ ဝန်ထမ်းတွေ ကိုယ်ရေးအကျဉ်း CV orm များ၊ ပစ္စည်းအဝင်အထွက်နှင့် ငွေစာရင်းများကို သိုလှောင် သော ဗီရိုတစ်လုံး၊ လိုင်းခွဲဖုံးတစ်လုံးကလွဲရင် ဘာမှမရှိသော အခန်း ထဲမှာ နေရောင်ခြည် တကုန်းကုန်းဖြင့် စာရင်းဇယားများကို ရေးလာ နိုက် အရောင်းဝန်ထမ်း မိန်းကလေး လာပြောပါသည်။

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်လိုက်ပြီနော်၊ အပြင်က ဖုန်းတင်လို့ရပြီ"

"အစ်မနေရောင်ခြည်က ကိုင်လိုက်ပြီ၊ ဖုန်းတင်လိုက်ဦး မသင်းရေ"

ဖုန်းရှိသောကောင်တာမှ မိန်းကလေးကို အော်ပြောသံ ကြားပြီးလျှင် နေရောင်ခြည် ဖုန်းကို ထူးလိုက်သည်။

"ဟယ်လို"

"အခြေအနေတွေ ပြောင်းသွားလိုက်တာ၊ မျက်လှည့်ပြလိုက်သလိုပဲ၊ မယုံနိုင်လောက်အောင်ပါပဲလား မိနေ"

"ဟယ်...သက်ပြည့်"

နေရောင်ခြည် ဝမ်းသာအားရ ခေါ်လိုက်မိသည်။

"နှုတ်တောင်မဆက်သွားဘူးနော်၊ ဝုန်းဒိုင်းနဲ့ အိမ်ပြောင်းသွားတယ်၊ အလုပ်ကလည်း ဘာသံမှမကြားဘဲ ထွက်သွားတယ် အေးလေ ပိုင်တာကိုး။ အားလုံး ပိုင်ပြီးသားဆိုတော့ ဘယ်သူ့မှ ရှာမစိုက်တော့ဘူးပေါ့"

"သက်ပြည့်၊ စကားကောင်းကောင်းပြောပါဟယ်၊ ငါ နင့်ကို ပြောပြချင်ပါတယ်"

"ပြောလေ...ပြောပြလေ။ ဘာမှမဖြစ်ခင် ပြောပြပါလား၊ အခု ပြောပြချင်ပါတယ်ဆိုတော့ ငါက ဘာလုပ်ရမှာလဲ"

"ဒါက ငါ့ကိုယ်ရေးကိုယ်တာဆိုတော့..."





"ဘာ...ဘာ...ပြော်...ဒီလိုဖြစ်ကုန်ပြီလား၊ နင့်ကိုယ်ရေးကိုယ်တာက ငါနဲ့ မဆိုင်တော့ဘူးပေါ့ ဟုတ်လား၊ နင်နဲ့ငါ ဘာမှမဆိုင်တော့ဘူးဆိုတဲ့သဘောလား"

"နင်နဲ့ငါ သူငယ်ချင်းပါ၊ သက်ပြည့်ရယ်၊ အရမ်းခင်တဲ့ သူငယ်ချင်းတွေပါ။ ငါ ဒုက္ခရောက်တုန်းက ကူညီခဲ့တာတွေအတွက်လည်း နင့်ကို ငါ ကျေးဇူးတင်ပါတယ်။ နင်က ငါ့အတွက် သူငယ်ချင်းကောင်းပါ"

"ဟား...ဟား...ဟား...တစ်တန်း၊ နှစ်တန်းတုန်းက မြန်မာစာ စာစီစာကုံးရေးသလို "သူငယ်ချင်းကောင်း" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ နာမည်ကို ထားပါတယ်ပေါ့ ဟုတ်လား၊ ငါက သူငယ်ချင်းမှ မဟုတ်တာ။ ငါက နင့်ချစ်သူလေ၊ ဘာလို့ အခြေအနေကို ပြောင်းပစ်ရတာလဲ"

"ငါနဲ့နင်နဲ့ ဘာမှမဆိုင်ဘူးလေ၊ အဲဒါ နင် သိပါတယ်၊ ငါ ဘယ်တုန်းကမှ နင့်ကို အဖြေမပေးခဲ့ဘူး"

"ဒါပေမယ့် အားလုံးက ထင်ကြေးပေးတော့ နင် ဘာလို့ မဖြေရှင်းလဲ"

"အဲဒါ ငါ့အမှားပါ၊ ငါ ဝန်ခံပါတယ်၊ နင့်ကို မက်လုံးတွေပေးသလိုဖြစ်ခဲ့တယ်"

"ငါ ဘယ်လောက် အရှက်ကွဲကျန်ခဲ့တယ်မှတ်လဲ၊ ရပ်ကွက်ထဲမှာရော၊ အလုပ်ထဲမှာပါ ဒီကိစ္စနဲ့ပတ်သက်ပြီး မေးကြမြန်းကြ၊ စကြ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြတာ ခံရပေါင်းများလို့ ငါ ရန်ပွဲဘယ်နှစ်ပွဲ နွှဲခဲ့ပြီးပြီလဲဆိုတာ နင် မကြားချင်ဘူးလား"

သက်ပြည့် လက်ယဉ်ပြီး စိတ်ဆတ်တာ၊ ရန်ဖြစ်လွယ်တာတွေ သိထားဖူးပြီးဖြစ်သော နေရောင်ခြည်မှာ ထိုသတင်းကြောင့် မျက်ရည် တောင် ဝဲသွားပါသည်။ သက်ပြည့်အတွက် စိတ်မကောင်းဖြစ်ရလွန်း တာကြောင့် ရင်ထဲမှာ နင့်နေသည်။ သက်ပြည့်ကို ချစ်လည်းမချစ်နိုင် ဘဲနဲ့ ကိုယ်အဆင်ပြေဖို့လေးတစ်ခုကို ကြည့်ပြီး ချော်လဲရောထိုင် မဖြေရှင်းခဲ့ခြင်းက အခုတော့ နေရောင်ခြည့်ကို နောင်တရစေလေသည်

"သက်ပြည့်ရယ် ... ငါ ဒီလိုကြားရတာ တကယ်စိတ်မကောင် ပါဘူး။ နင် အခု အားရင် ငါ့ဆီလာလည်လို့ရပါတယ်၊ ငါ ဆိုင်မှာ အမြဲရှိ တယ်၊ အိမ်မှာလည်း ရှိပါတယ်၊ ငါ ဘယ်မှ သိပ်မသွားပါဘူး၊ အခ ကလည်း နင်လာရင် ဝမ်းသာမှာ"

"မလာဘူး မိနေ၊ လုံးဝမလာဘူး၊ ဘာကြောင့် မလာ သိလား"

သက်ပြည့်၏ သက်ပြင်းရှိုက်သံအကျယ်ကြီးကို ကြားရသည်

"ငါ့အမေကအစ နင့်ရဲ့စာရိတ္တကို အံ့သြလို့မဆုံးဘူး၊ အခ ကတော့ နင်တို့ ဘယ်လောက်ပဲအခက်အခဲတွေရှိရှိ အမေက နင့်တို့ ချွေးမတော်ဖို့ အသင့်ပဲ၊ နင့်ကို ချစ်ကိုချစ်တယ်၊ နင်ကလွဲရင် မျက်စိထဲမှာ ဘယ်မိန်းကလေးမှကို ကြည့်လို့မရဘူးလို့ ပြောခဲ့တ ခုတော့ နင်က ငွေမက်ပြီး ကိုယ့်ကိုယ်ကို တန်ဖိုးမထားတော့





တောက်ပဉ္စနွေးထွေးသော ကောင်းကင်တစ်ခုအောက်မှာ

မိန်းကလေးမှန်း သိလိုက်ရတော့ သိပ်ကို ရွံမုန်းသွားပြီတဲ့၊ ဒါကြောင့် အမေက နင့်ဆီမသွားဖို့၊ အဆက်အသွယ်မလုပ်ဖို့၊ နင်နဲ့မရောဖို့ ငါ့ကို အပြတ်ပြောပြီးသား၊ ငါက အမေ့စကားကို နားထောင်လို့တော့ မဟုတ် ဘူး၊ ငါကိုယ်တိုင်က နင့်ကို ရွံသွားပြီ"

နေရောင်ခြည်မှာ ကြားရသော စကားတွေကြောင့် ရင်ထဲ ဆလုပ်လှုပ် ဖြစ်လာသည်။

"ဘာ ... ဘာပြောနေတာလဲ သက်ပြည့်၊ ငါက ဘာတွေလုပ် နေလို့လဲ"

"အားလုံးပြောပြီး ကျန်ခဲ့ကြတဲ့သတင်းကို နင်မသိရင် ငါပြော ယ်၊ နင် Sponsor (စပွန်ဆာ) ရသွားပြီ၊ ဦးကျော်နေရဲ့ ဘယ် ခ်ယောက်မြောက်သော တရားမဝင် အငယ်ဖြစ်သွားပြီတဲ့၊ ကဲ..."

နေရောင်ခြည့်နားထဲမှာ ပူလောင်သွားပါသည်။ ရင်ထဲမှာ တုန် ခင်နေကာ တဒိတ်ဒိတ်ဖြင့် နလုံးခုန်မြန်လာသည်။ လည်ချောင်းထဲ ဆို့လာကာ အသံတောင် မထွက်နိုင်တော့သလို ဖြစ်သွားပါသည်။

"ငွေကြေးမပြေလည်တာကို အဲဒီနည်းနဲ့ ဖြေရှင်းချင်တဲ့ နင့် ဓာတ်ကို အံ့သြတယ် မိနေ၊ ငါကတော့ စိတ်ကူးယဉ်လိုက်ရတာ၊ နဲ့ အလုပ်အတူတူတွဲလုပ်ရင်း တစ်နှစ်လောက်နေရင် နင့်ကို တ်ထပ်မယ်၊ နင့်မိသားစုတာဝန်တွေပါ ငါ ဝိုင်းယူမယ်၊ နင်းပွင့် လည်း ငါ့ညီမလေးလို သဘောထားပြီး ဆရာဝန်ဖြစ်တဲ့အထိ ပံ့ပိုး ယ်လို့ စိတ်ကူးယဉ်ထားမိတယ် မိနေ၊ နင် ... နင် သိပ်ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ သိပ်လှပ်ရက်တယ်၊ ဖြတ်လမ်းနည်းနဲ့ အမြင့်ကို ခုန်တက် လွန်းတယ်၊ နင်မို့ မရှက်တယ်၊ အဲဒီဘဝကို အလွယ်တကူလက် လိုက်ဖို့ ဘာကြောင့် စိတ်ကူးတာလဲ၊ ဘာကြောင့် နင့်စိတ်ဓာတ် ပျက်ပြားသွားတာလဲ”

နေရောင်ခြည် ဆက်နားမထောင်နိုင်တော့။ မဟုတ်မမှန် စကားတွေကို မကြားချင်တော့။ ဖုန်းကို ချပစ်လိုက်မိတော့သည် လက်ဝါးနှစ်ဖက်ထဲ မျက်နှာကို နှစ်ထားမိကာ အသံတိတ် မျက်ရည် နေမိခဲ့သည်။ ငါ့ဘဝကြီးက ဒီလိုပုံစံ ဖြစ်သွားပြီလား။ ပတ်ဝန်း အသိုင်းအဝိုင်းမှာ ဒီလိုပုံနှံ့နေပြီလား။ Sponcer ရသွားပြီ။ တရား အငယ်အနှောင်းဖြစ်သွားပြီ။ ဟင့်အင်း . . . မဟုတ်ဘူး။ ဘာမှမ သူတို့ ပြောနေကြတာ။ ဦးကျော်ခနဲ့ငါ ဘာမှမဖြစ်ပါဘူး။ ငါကသာ . . ငါကသာ . . . သူ့ကို စိတ်ကူးထဲမှာ ချစ်နေမိတာ။ တစ်ဖက်သ လေးစားချစ်ခင်နေမိတာ၊ သူကတော့ ငါ့ကို သူ့ရဲ့ ဘယ်လိုနေရာ ပတ်သက်မှုပေးနေသလဲဆိုတာ ငါ မခန့်မှန်းတတ်ပါဘူး။ သူ့အကြော တွေဆိုတာလည်း ငါ ဘာမှသိရတာမဟုတ်ဘူး။ သူ့မှာ မိန်းမရှိ ကလေးရှိလား။ သူ့လုပ်ငန်းတွေက ဘာလဲ။ Glory ဆိုတာဖြ ဒါ ဦးကျော်ခနေပိုင်တဲ့ လုပ်ငန်းပဲလို့ လိုက်ကြည့်မိတာကလွဲရင် သူ ဘာတွေပိုင်ဆိုင်သလဲဆိုတာ သိခွင့်ပေးတာမဟုတ်ဘူး။ ငါက အတွက် အညာတရပါ။ ငါ့ကို သူနဲ့ မထင်မရှားဘဝတောင် သူ သွင်းစဉ်းစားမယ် မထင်ဘူး။





အတွေးတွေ ယောက်ယက်ခတ်လိုက်၊ ကိုယ်မဟုတ်ဘဲ သတင်းထွက်နေသည့်အတွက် စိတ်မကောင်းဖြစ်လိုက်။ စိတ်ဆင်းရဲ ရလွန်း၍ ဦးကျော်ခနေကို သတိရကာ တမ်းတလိုက်ဖြင့် နေရောင်ခြည် တစ်ယောက်တည်း ခံစားချက်များစွာဖြင့် မူးဝေနေတော့လေသည်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၄ )

ကျော်နေ ဆိုင်ထဲဝင်လိုက်သောအခါ မီနီမားကတ်လေးက ရေးဝယ်သူတွေဖြင့် စည်ကားနေသော မြင်ကွင်းကြောင့် ကျေနပ်သွားပါသည်။ ဖွင့်ခါစ သုံးလအတောအတွင်းမှာ ဒီလို စည်စည်ကားကား ရောင်းနေရတာဟာ မဆိုးဘူးဆိုသော အခြေအနေထဲမှာ ပါသည်။ ဘွည်းလေးတစ်ခုခု အရေးတကြီးလိုချင်ရင် ဒီဆိုင်မှာ သွားရှာဝယ်လို့ ရတယ်ဆိုသော ပုံစံဖြစ်အောင် အဘက်ဘက်က ပြည့်စုံဖြည့်ဆည်းပြီး ရှင့်ပေးထားရကျိုး နပ်ပါသည်။

နေရောင်ခြည့်ချောလည်း ဘယ်တော့ကြည့်လိုက်ကြည့်လိုက် စာရင်းစာအုပ်လေးတစ်ကိုင်ကိုင် တစ်နေရာပြီးတစ်နေရာ စစ်ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိုက်၊ ဖြေရှင်းလိုက်၊ မှာကြားလိုက်ဖြင့် မန်နေဂျာနှင့်မတွေ့အောင်ပင် အအားမနေ၊ ထိုင်မနေဘဲ ဘယ်လောက်တောင် ကြိုးစားထားတယ်ဆိုတာ ကျော်မန သိပါသည်။ ခုတော့ ခါတိုင်း ဆိုင်လာတိုင်း တွေ့နေကျလိုမျိုး ဆိုင်ထဲမှာ ဟိုပြေးဒီပြေး အလုပ်များနေတာ မတွေ့ရဘဲ ပျောက်နေတာကြောင့် အနည်းငယ်တော့ ပူပန်မိသွားသည်။ ဘာများဖြစ်လို့လဲ။ နေများမကောင်းဘူးလား။ ရုံးခန်းထဲမှာများလား ဘာများ အဆင်မပြေတာ ရှိနေလဲ။

"မန်နေဂျာရော…"

ဦးကျော်မနကို ပိုင်ရှင်သူဌေးမှန်း သိနေသူ ဝန်ထမ်းမိန်းကလေးက…

"ခုနကတော့ တွေ့လိုက်ပါတယ်ရှင်၊ အခန်းထဲမှာများလား မသိဘူး" ဟု မရေမရာ ဖြေပါသည်။

ရုံးခန်းဆိုသည်မှာ ပစ္စည်းများ သိုလှောင်ရာ၊ ဝန်ထမ်းမိန်းကလေးများ ထမင်းစားရာ၊ နောက်ဖေးခန်း အကျယ်ကြီးရဲ့ ထောင့်လေးမှာ အခန်းဖြစ်ရုံလေး ဖွဲ့ထားခြင်းဖြစ်သည်။ သစ်သားဘောင်တွေအောက်ခြေခံကာ အပေါ်တစ်ဝက်မှာတော့ မှန်ကာထားပါသည်။ ထိုမှန်တို့ကို Blints (ဘလိုင်းစ်) ဟုခေါ်သော အဖွင့်အပိတ် လုပ်လို့ရသည့် ယင်းလိပ်အကာလေးတွေ ကာထားပါသည်။

ရုံးခန်းထဲမှာ ထိုင်နေရင်တောင် နေရောင်ခြည်ဟာ ဘယ်တော့မှ ဘလိုင်းစ်ကို ပိတ်ထားလေ့မရှိဘူး။ ဖွင့်ထားသဖြင့် အထဲမှာ သူမ အလုပ်ထိုင်လုပ်နေကြောင်း ဘယ်ကကြည့်ကြည့် မြင်နိုင်ပါသည်။





ရုံးခန်းထဲမှာ ရှိမနေကြောင်း တွေ့လိုက်ရသဖြင့် ကျော်မန သူ့ဖုန်းဖြင့် နေရောင်ခြည့်ကိုပေးထားသော ဖုန်းအား ဆက်လိုက်ပါသည်။

နေရောင်ခြည်တို့ကို သူပိုင်သောအခန်းမှာ ပေးနေသည်ဆိုသော်လည်း ကျော်မနဟာ ဘယ်တော့မှ ဖုန်းမဆက်ဘဲ သွားခဲ့တာမျိုး မရှိပါ။ ဖုန်းဆက်အကြောင်းကြားပြီးမှသာ သွားတတ်ပါသည်။ မိနစ်အနည်းငယ်ကတည်းက လှေကားက တက်လိုက်ရင် နေရောင်ခြည်တို့နေထိုင်သော အပေါ်လွှာကို ရောက်မှာပေမယ့် ဖုန်းတော့ တစ်ချက်ဆက်လိုက်ပါသေးသည်။

"ဦးကျော်မန…ရောက်နေပြီလား"

ဖုန်းကိုင်ကိုင်ခြင်း နေရောင်ခြည် တန်းမေးလိုက်တာကို ကြားရသည်။

"မင်းကို ရုံးခန်းမှာ မတွေ့လို့ပါ"

"ခေါင်းမကြည်လို့ အခုလေးတင် အပေါ်ခဏပြန်တက်သွားတာ၊ ဦးကျော်မန တက်လာခဲ့လေ၊ ရပါတယ်၊ ကျွန်မ ခဏခဏပြောထားတာပဲ၊ ဦးကျော်မန လာချင်ရင် တံခါးခေါက်ပြီး လာခဲ့ရုံပါလို့၊ အထူးတလည် ဖုန်းဆက်မနေပါနဲ့လား"

"ငါ တက်လာခဲ့ပြီ"

ကျော်မနသည် နေရောင်ခြည့်စကားတွေကို အလုံးစုံ နားထောင်မနေတော့ဘဲ စကားဖြတ်လိုက်ကာ လှေကားပေါ် တက်လာခဲ့လိုက်ပါသည်။ အပေါ်မရောက်ခင်မှာပင် တံခါးကြီးဖွင့်ထားသံ ကြားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေရောင်ခြည်တို့နေသော အခန်းကိုရောက်တော့ နေရော
ခြည်က ကြိုစောင့်နေပါသည်။ ထိုအချိန်မှာ အပေါ်လွှာမှ အမျိုးသ
နှစ်ယောက် သူတို့အခန်းထဲက ထွက်လာတာ တွေ့ရလိုက်ပေမယ့်
ကျော်ခနကတော့ အမှုမဲ့အမှတ်မဲ့ မကြည့်မိ၊ နေရောင်ခြည်ဖွင့်ပေး
ထားသော အခန်းထဲဝင်လိုက်ပြီးချိန်မှာပဲ...

"ဟယ်...ကိုကျော်ခနေ...ကိုကျော်ခနေမဟုတ်လား"

ဟု တဒိုင်းဒိုင်း ပြေးဆင်းလာသော ခြေသံနှင့်အတူ ခေါ်
ကိုပါကြားလိုက်ရသည်။ ကျော်ခနက နေရောင်ခြည့်ကို...

"တံခါးမြန်မြန်ပိတ်တာ မဟုတ်ဘူး"

ဟု မဲပြီး ခပ်တိုးတိုးဟောက်လိုက်မိသည်။ တကယ်တော့
သူ့အသိမိတ်ဆွေထဲက ဘယ်သူနဲ့မှ မတွေ့ချင်။ မဆုံချင်။ သူ ဒီ
မားကတ်ဖွင့်ထားပြီး နေရောင်ခြည့်တို့ကို သူပိုင်ထားသော အခန်းတွေ
ထဲက တစ်ခန်း ပေးနေစေတယ်ဆိုတာ သူ့အသိုင်းအဝိုင်းမှာ ဘယ်သူ
မသိစေချင်။ အခုတော့ သူ့ကို တရင်းတနှီးခေါ်ပြီး ပြေးဆင်းလာသေ
အပေါ်ထပ်က မိန်းမနှစ်ယောက်တို့ကို ရှောင်လွှဲလို့ မရတော့ချေ။

"ကိုကျော်ခနေ . . . အမလေး . . . မြင်ရဲ့သားနဲ့ မမြင်ရ
ယောင်ဆောင်ပြီး အခန်းထဲ ပြေးဝင်သွားတယ်၊ မနည်းလိုက်ခေါ်လို့
ရတာနော်၊ ဟင်း..."

အခုမှပင် ထိုအမျိုးသမီးနှစ်ယောက် ဘယ်သူဘယ်ဝါဆိုတာ
အသေအချာကြည့်မိသည်။





"ဩော် . . . မဒိုရာ (Dora) တို့ပဲ၊ ဘယ်သူတွေလဲလို့၊ ဘယ်
လာကြတာလဲ"

"အပေါ်ထပ်က သူငယ်ချင်းလေ၊ ကွဲနေတာ ကြာပြီ၊ ဟိုဘက်
ကျောင်းမှာ Gathering (ဂဲသားရင်း) ပွဲလုပ်လို့ ပြန်ဆုံတော့မှ ဒီမှာ
အခန်းငှယ်ပြီး နေနေတာ သိတယ်၊ ဒီအခန်းရဲ့ အပေါ်ထပ်ပဲလေ၊
သူတို့က နှစ်လွှာငှယ်ထားတာ၊ သားလေးတစ်ယောက်နဲ့ နေနေတယ်၊
သူ့ယောက်ျားက အလုပ်ကိစ္စနဲ့ ခဏခဏ နိုင်ငံခြားထွက်ရလို့ အိမ်မှာ
တွေ့ရနည်းတယ်တဲ့၊

"ကိုကျော်ခနေရော၊ ဒီအောက်ခန်း ငှယ်နေနေတာလား"

ဒိုရာ့ဘေးမှာပါသော ဖြူစင်လား၊ ကြည်စင်လား၊ သူ သေသေ
ချာချာ မမှတ်မိသည့်တစ်ယောက်က ကျော်ခနေ၏ ပခုံးနောက်မှာ ကပ်ရပ်
လျက် ကြည့်နေသော နေရောင်ခြည့်ကို အကဲခတ်ရင်း စပ်စုနေသည်။

"မဟုတ်ပါဘူး၊ ကျွန်တော့်မိတ်ဆွေအိမ် ခဏလာတာပါ"

"ဩော်...ဟုတ်လား၊ ဆောရီးနော်"

"ကိုကျော်ခနေ၊ အိမ်တောင်မကျသေးဘူးပေါ့၊ လူပျိုကြီးတော့
မလုပ်နဲ့နော်၊ ရှာမတွေ့သေးရင်ပြော၊ ဒိုရာ့မှာ အချောအလှညီအစ်မတွေ၊
ဘူမတွေ၊ သူငယ်ချင်းတွေ အများကြီးပဲ၊ အောင်သွယ်ပေးမယ်"

"ကဲ . . . ခွင့်ပြုပါဦး၊ ကျွန်တော် အလုပ်ကိစ္စလေးရှိလို့ ဒီကိုလာ
တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်မနေ ခပ်ရိုင်းရိုင်းပင် စကားဖြတ်လိုက်ကာ သံပန်းတံခါးကို ဆွဲပိတ်တော့လေသည်။ ကိုယ်တစ်ဝက်မျှ အခန်းထဲဝင်တော့မလိုဖြစ်ကာ အခန်းထဲကို လှေ့လာစပ်စုလိုဟန် မျက်လုံးတွေနှဲ ကျိုးကန်းတောင်းမျှော်ကြည့်နေသော ဒိုရာရော၊ နောက်တစ်ယောက်တို့ပါ အထိတ်တလန့်ပင် ရှောင်လိုက်ရလေသည်။ မရှောင်လျှင် တံခါးဘောင်နှဲ့ အသေအချာပင် ရိုက်မိသွားပေမည်။

အခန်းအပြင်ဘက်မှ ခြေသံတွေကို နားစွင့်ရင်း ကျော်မနေက သူ့နားမှာရပ်လျက် မျက်လုံးပြူးလေးနှင့် ကြည့်နေသော နေရောင်ခြည့်ကို...

"မင်းလည်း နောက်ဆို တံခါးမြန်မြန်ပိတ်တတ်ဖို့၊ မလိုအပ်ဘဲ တခြားလူတွေနဲ့ အတွေ့မခံမိဖို့ဆိုတာတွေကို ခေါင်းထဲထည့်ဦး"

ဟု ထပ်၍မဲပြီး ဆူလိုက်ပြန်သည်။

"အဲဒီမိန်းမတွေနဲ့ ဦးကျော်မနေက ဘယ်လိုပတ်သက်နေလို့လဲ"

နေရောင်ခြည်ကလည်း မခေ။ ပက်ခနဲ ပြန်မေးရဲသည်။

အခုနောက်ပိုင်းမှာ သူတို့ချင်းချင်း အနည်းငယ် ပိုရင်းနှီးလာသလိုလိုရှိလေရာ နေရောင်ခြည်ဟာ အရင်ကလို အလကားနေရင်း ကျော်မနေကို ရှိန်နေ၊ ကြောက်နေတာမျိုး မရှိတော့။ မဟုတ်မမှန်ဘူး ထင်လျှင် ပက်ခနဲ ပြန်ပြောရဲ၊ ပြန်အော်ရဲ၊ မေးစရာရှိရင် ပြန်မေးရဲ ရှိလေသည်။





"အထက်တန်းကျောင်းကနေ တက္ကသိုလ်တက်တဲ့အထိ သိက္ခာမဲ့ခဲ့ဖူးတာပဲ ရှိတယ်၊ အတင်းလိုက်ခေါ်ပြီး နှုတ်ဆက်ရလောက်အောင် မခင်ဘူး၊ သူတို့ဘာသာ စပ်စုချင်လို့ ငါ့ကို အတင်းလိုက်ခေါ်တာ၊ မင်းကလည်း သူတို့ စပ်စုချင်လောက်အောင် အနားလာရပ်နေသေးတယ်"

နေရောင်ခြည့်ရင်ထဲ နာသွားပါသည်။ သူနဲ့ တွဲရပ်နေမိတဲ့အတွက် ငါ့ကြောင့် သူ သိက္ခာကျရတယ်ဆိုတဲ့သဘောလား။ ဘာကြောင့် ငါနဲ့သူ့ရဲ့ပတ်သက်မှုကို မသိစေချင်တာလဲ။

နေရောင်ခြည် မျက်နှာညှိုးသွားတော့မှ ကျော်မနေလည်း သူ့စကားသူ နောင်တရသွားပြီး ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘာမှဆက်မပြောတော့ဖို့ စကားလမ်းကြောင်း ပြောင်းလိုက်ပါသည်။

"မင်းအမေရော၊ မင်းညီမရော"

"နှင်းပွင့်က ထုံးစံအတိုင်း ကျူရှင်ပေါ့"

"အမေကတော့ ဟိုမှာကျန်ခဲ့တဲ့ အိမ်လေးကို လူငှားတင်ဖို့ကိစ္စ ပြောဖို့ဆိုဖို့ရှိလို့ အဲဒီဘက် ခဏသွားတယ်"

မကျဉ်းမကျယ် မြေကွက်လေးထဲမှာ ဆောက်ထားသည့် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်အိမ်အဟောင်းလေးကို ထားရစ်ခဲ့ရပေမယ့် နေရောင်ခြည့်အမေဟာ ထိုအိမ်အပေါ် တော်တော်သံယောဇဉ်ရှိပုံရသည်။ မကြာခဏ သွားကြည့်တတ်ကြောင်း၊ အဲဒီဘက်ရပ်ကွက်ကို သွားလည်တတ်ကြောင်း၊ ကျော်မနေ ခဏခဏ ကြားဖူးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ညှော်ခန်းမှာရှိသော ဆိုဖာဘက်ဆီမှာ ဝင်ထိုင်လိုက်ရင်း…

"မင်း ခေါင်းမကြည်ဘူးလို့ ခုနက ပြောတယ်၊ အဲဒါ ဘယ်လိုနေလဲ၊ သက်သာလား"

ဟု ဆက်မေးလိုက်၏။ နေရောင်ခြည့်မျက်နှာ သိပ်မကောင်းလှတာကိုလည်း သတိထားမိနေသည်။ အရင်ကဆို သူလာတိုင်း အရှည်လုံ့လုံ့ မျက်လုံးဝိုင်းလေးတွေဟာ အရောင်တဖျတ်ဖျတ်လက်အောင် တောက်ပသွားတတ်လျက် အတွေ့အကြုံသစ်တွေကို ပြောပြဖို့ စိတ်အားထက်သန်နေတတ်ပါသည်။

"သက်သာပါတယ်"

"မလိမ်နဲ့နော်"

"မလိမ်ပါဘူး"

"မင်း မျက်နှာမရွှင်ဘူး"

"- - - - - - - - - - -"

"ဘာအခက်အခဲရှိလဲ၊ ငါ့ကို ပြောလေ၊ မင်းတို့ကို ငါ အစအဆုံး ကူညီမယ်လို့ ပြောထားတာပဲ၊ တစ်ခုခုပြောဖို့ အားနာမနေနဲ့"

နေရောင်ခြည်မှာ အပြောရခက်နေသည်။ သူ့ကိုကြည့်လိုက်ရင် ဘယ်တော့မှ ကိုယ့်အပေါ် မရိုးမသားဖြစ်နေတဲ့ပုံစံလည်း မတွေ့ရ။ သူများ ငါ့အပေါ် ချစ်နေမိလေမလားလို့ စိတ်ကူးယဉ်ကြည့်ချင်ရင်တောင် အမြဲတမ်း လူကို ပေါက်သလို၊ ကြောသလို၊ မာန်မဲသလို





ပြောတတ်တဲ့ စကားပြောဆိုပုံရယ်။ "မင်းနဲ့ငါ" ဟု သုံးနှုန်းပြောတတ်သော တရင်းတနှီးမရှိတဲ့ စကားပြောဆိုဆက်ဆံမှုရယ်တွေကြောင့် စိတ်ကူးယဉ်ကြည့်လို့တောင် မရခဲ့ပါ။ နေရောင်ခြည်ကသာ သူ့ရဲ့ ချောမောတဲ့ရုပ်ရည်ကြောင့် တစ်စတစ်စ ရင်ထဲမှာ စွဲလာကာ ကိုယ့်ဘဝကို အလုံးစုံ ပြည့်စုံလုံခြုံအောင် ကာကွယ်ပေးခဲ့တာကြောင့်လည်း အားကိုးမှုဖြင့် မြတ်နိုးခင်တွယ်နေရသူတည်း။

သူ့အပေါ် နေရောင်ခြည်ကတော့ ရင်ထဲ၊ အသည်းထဲက ချစ်ခင်တွယ်တာမိတာပေမယ့် "သူ ချမ်းသာလို့ ဒီလိုဖြစ်တာ" ဟူသော စွပ်စွဲချက်တစ်ခုနဲ့ ခြားခံရမှာကြောက်ကာ ကိုယ့်ရင်တွင်းခံစားချက်ကို ဘယ်သူမှမရိပ်မိအောင် ကြိုးစားဖုံးဖိထားတတ်နေပါသည်။

"နေရောင်ခြည်"

ကျော်မနေ စိတ်မရှည်တော့သလို တစ်ချက်ခပ်ဆတ်ဆတ် ခေါ်လိုက်မိသည်။ ကြည့်လေ . . . လူပုံက မထုံတက်တေး၊ လှုပ်တလှုပ်နဲ့ ကိုင်ဆောင့်ပစ်ချင်စရာ။

"ဘာဖြစ်နေတာလဲ"

"ကျွန်မ ဘာဖြစ်နေတယ်ဆိုတာကို ဦးကျော်မနေကို ပြောပြရင် ကျွန်မကို အထင်မသေးရဘူးနော်"

"ငါက ဘာအထင်သေးစရာတွေမှာမို့လဲ"

"ဦးကျော်မနေလိုလူအတွက် ဒီဟာ အထင်သေးစရာဖြစ်ရင် ဖြစ်သွားမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...နိဒါန်းတွေဘာတွေ စမနေပါနဲ့ မင်း ဘာပြောချင်တာလဲ ငါသိရမှဖြစ်မယ်"

နေရောင်ခြည်၏ မျက်လုံးဝိုင်းဝိုင်းကြီးတွေဖြင့် မျက်လုံးထဲ ကြည့်လိုက်လျှင် ကျော်နေရင်ထဲ တစ်မျိုးတော့ဖြစ်သွားပါသည်။ ဒီရု လေးက ချောသလိုလို၊ မချောသလိုလိုနဲ့ လူတစ်ဖက်သားကိုတေ ရင်ခုန်အောင် လုပ်တတ်သားပဲ။ တစ်ခါတစ်ရံတွေမှာ နေရောင်ခြ အဲဒီလိုကြည့်လိုက်ပြီဆိုရင် ကျော်နေရင်ထဲ တဒိတ်ဒိတ်နဲ့ခုန်ကာ ဘ ဖြစ်မှန်းမသိ ခံစားရတတ်သည်။ ဒီရုပ်လေးများ ငါ ဒီလိုဖြစ်စရာလား သူ့ကိုယ်သူ အမြဲမကျေမနပ်ဖြစ်ရဖူးလေသည်။

"နေရောင်ခြည့်ကို သူများတွေ စွပ်စွဲနေမှာ စွန်ဆာရသွားပြီလို့ ပြေ ကြတယ်"

"ဘာရယ်..."

"ဟို . . . ဟိုဟာ . . . ဦးကျော်နေက အလုပ်တွေပေး၊ အိမ်ရေ ပေးပြီး စောင့်ရှောက်တာကိုလေ၊ အဲဒါ . . . . ဟို . . . ဦးကျော်နေရဲ့ . . ဟို...နံပါတ်ပေါ့....အဲဒါမျိုး..."

နေရောင်ခြည်မှာ ဆက်မရှင်းရဲဘဲ ထစ်ငေါ့လျက် ခေါင်းကို ငုံ့ သွားသည်။ လက်အချင်းချင်း ဆုပ်နယ်နေမိကာ ရင်ထဲမှာ ဝမ်းနည် အားငယ်နေသည်။ ဦးကျော်နေက တကယ်ပဲ ကိုယ့်ကို မထင်မရှ နေရာတစ်နေရာ ပေးခဲ့ရင်တောင် နေချင်ပါရဲ့။ အခုတော့ သူ





ကိုယ့်ကို စိတ်မဝင်စားလို့ နေရာတစ်ခုမှာတောင် မထားခဲ့တာလို့ မိုက် မိုက်မဲမဲ၊ ရူးသွပ်စွာပင် တွေးမိနေပြန်ပါသည်။

"ဘယ်သူတွေက ပြောတာတဲ့လဲ"

"ကျွန်မနေခဲ့တဲ့ နေရာမှာရော၊ ပြီးတော့ အရင်အလုပ်မှာရော"

"မင်းအကောင် လာပြောပြလို့ သိတာမဟုတ်လား"

"ဦးကျော်နေကလေ၊ သက်ပြည့်ဟာ ကျွန်မရဲ့ရည်းစားမဟုတ် ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ ခဏခဏပဲ အဲဒါကို ထိုးနိုက်ပြီး ပြော နေတာပဲ"

နေရောင်ခြည် စိတ်ဆိုးဆိုးဖြင့် အော်ပစ်လိုက်မိပြီးမှ ပြန် လန့်သွားသည်။ စိတ်ညစ်ရတဲ့ကြားထဲ သူက သက်ပြည့်နဲ့ပတ်သက် ရင် "မင်းအကောင်"တို့၊ "မင်းရည်းစား"တို့ ထည့်ထည့်ပြောနေတာ ဆိုတော့ ကြာတော့ စိတ်က သည်းမခံနိုင်တော့ဘူး။

"မင်းကို သူက လာပြောတာလား"

ကျော်နေက ခပ်ပြုံးပြုံးနဲ့ပင် ဆက်မေးပါသည်။

"ဖုန်းဆက်ပြောတာ"

"မင်းက အဲဒါကို သိပ်ခံစားနေရတာလား"

"ရှင် . . . ဘယ်လိုမေးလိုက်တာလဲ ဦးကျော်နေ၊ ကျွန်မ ဘက်က ဘယ်လောက်နစ်နာရသလဲဆိုတာ ရှင် ဘာလို့ မတွေးပေး တတ်တာလဲ။ မိန်းကလေးတစ်ယောက်ကို စွပ်စွဲနေမှာ စွန်ဆာရသွားပြီလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ခံရတာဟာ အခုခေတ်မှာ ဘယ်လိုအခြေအနေကို ပြောတယ်ဆိုတာ ဦးကျော်ခန့် သိပါတယ်"

"မင်းမှ အဲဒီလိုမဟုတ်တာ၊ မဟုတ်ရင် မဟုတ်တဲ့အကြောင်း ဖြေရှင်းလိုက်ပေါ့"

"ဖြေရှင်းတော့ရော၊ ဘယ်သူက ယုံမှာမို့လဲ"

"ဒါဆိုလည်း မဖြေရှင်းနဲ့ပေါ့၊ နေရောင်ခြည်၊ ဘာမှအရေးမပါတဲ့အရာကို မင်းခေါင်းထဲထည့်ထားတော့ ကိုယ့်ကိုယ်ကိုယ်ပဲ နှိပ်စက်ရာ ရောက်တယ်၊ မင်းခေါင်းထဲမှာ ရှိရမှာက ကိုယ့်ဘဝကိုယ် ပိုတိုးတက်အောင်လုပ်ဖို့ စီးပွားရေးလုပ်ငန်းတွေကို နားလည်ဖို့တွေပဲ ရှိတယ်၊ အရေးမပါ အရာမရောက်တဲ့ သတင်းစကားတွေအတွက် ခံစားနေရရင် ကိုယ့်ရဲ့တက်လမ်းမှာ အနှောင့်အယှက်ဖြစ်သွားစေတယ်ဆိုတာ မင်း မသိဘူးလား၊ သူတို့ပြောချင်ရင် ပြောပါစေလေ၊ ဘယ်နှစ်ရက်ပြောနိုင်မလဲ၊ ဘယ်နှစ်လ ပြောနိုင်မလဲ၊ ပြောပေါ့၊ လူတိုင်းမှာ ကိုယ့်ဘဝကိုယ် ရုန်းကန်ကျင်လည်နေရတာချည်းပဲ၊ သူများအကြောင်းကို အချိန်အားတိုင်း ထိုင်ပြောနေဖို့ ဘယ်သူမှ အချိန်မရှိဘူး၊ မင်းအကြောင်းကို တစ်နေ့တစ်နာရီလောက်ပဲ သတိတရ ပြောနိုင်တာကို မင်း ခံစားနေရတယ်၊ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေတာနဲ့ အတူတူပဲ"

"ဦးကျော်ခန့်"

ကျော်ခန့် စကားဆုံးအောင် နားထောင်ပြီးမှ နေရောင်ခြည် တစ်ခွန်း တည်တည်ငြိမ်ငြိမ် ခေါ်လိုက်ပါသည်၊ ကျော်ခန့်က မျက်ခုံး





တွေဝိုင်းလျက် တည်ငြိမ်နေသော မျက်နှာလေးကို တစ်ချက်ငေး ကြည့်မိသွားပါသည်။

"ဦးကျော်ခန့် ကျွန်မရဲ့ရှေ့ရေးအတွက် ဒီလို စီးပွားရေးလုပ်ငန်းတွေ နားလည်တတ်ကျွမ်းနေဖို့ စီစဉ်ပေးတယ်ဆိုရင် ကျွန်မရဲ့ရှေ့ရေးမှာ ကြုံရမယ့် လူမှုရေးအတွက်ရော၊ ခေါင်းထဲမှာ ဘယ်လိုရှိလဲ"

"ဘာကိုပြောတာလဲ"

"တစ်နေ့ကျရင် ကျွန်မသဘောကျတဲ့လူတစ်ယောက် တွေ့လာခဲ့မယ်၊ အဲဒီလူကို ကျွန်မ ရွေးချယ်ချင်လာမယ်။ ကျွန်မရဲ့ ခင်ပွန်းသည်အဖြစ် လက်တွဲချင်လာမယ်ဆိုရင်ရော..."

"မင်း သဘောကျတဲ့လူယူတာ ငါက ဘာတားမြစ်စရာလိုလဲ"

ကျော်ခန့်အသံမှာ မကျေမချမ်းသံ ဖြစ်နေသည်။ ဘာကြောင့် ဒါတွေ ဆွေးနွေးချင်ရသလဲဟု ဒေါသတကြီး အော်ငေါက်ပစ်ချင်လာသည်။

"ဦးကျော်ခန့်နဲ့မဆိုင်လို့ မတားပေမယ့် ကျွန်မဟာ ဦးကျော်ခနံ့ရဲ့ စပွန်ဆာတစ်ယောက်ပါဆိုတာကို အဲဒီလူ သိလာမယ်။ သူ့ဘာအသိုင်းအဝိုင်းက သိလာမယ်ဆိုရင် သူဟာ ကျွန်မကို ကြည်ကြည်ဖြူဖြူနဲ့ လက်ခံချင်ပါ့မလား၊ ယောကျ်ားတွေဟာ ကိုယ်သာ ကြိုက်သလောက် ပွေချင်ပွေမယ်၊ ရှုပ်ချင်ရှုပ်မယ်၊ ဒါပေမယ့် ကိုယ်ယူမယ့် မိန်းမကျရင်တော့ ခြောက်ပြစ်ကင်းသဲလဲစင်၊ ဖြစ်နိုင်ရင် ရည်းစားထောင်မထားဖူးတဲ့ မိန်းမမျိုးကိုမှ လိုချင်ကြတယ်ဆိုတာ အားလုံးသိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မမှာ အခုလို အမည်းစက်ကြီး ရှိခဲ့ဖူးတယ်၊ နာမည်ပျက်ရှိခဲ့ဖူးတယ်ဆိုရင် ကျွန်မရဲ့အိမ်ထောင်ရေး၊ လူမှုရေးတွေမှာ အဆင်ပြေနိုင်ပါ့မလား။ အောင်မြင်နိုင်ပါ့မလား ဦးကျော်ခနက ကျွန်မအတွက် အားလုံးအဆင်ပြေ အောင်မြင်အောင် ဖန်တီးပေးချင်တယ်ဆိုပေမယ့် အဲဒီတစ်ခုမှာကျတော့ ဦးကျော်ခန ဖန်တီးပေးလို့ မရတော့ဘူး"

ကျော်ခန ဒီစကားတွေကို ဆက်နားမထောင်ချင်တော့ဟန်ဖြင့် ဝုန်းခနဲ ထရပ်လိုက်ပါသည်။ ဘာမှမပြောမဆို နှုတ်မဆက်ဘဲ တံခါး ဆီထွက်သွားပါသည်။ နေရောင်ခြည်မှာ အလိုလို ထရပ်လိုက်မိပြီ သူ့နောက်က လိုက်လာစဉ် သူက ဖြုန်းဆို ရပ်ပစ်လိုက်ကာ နေရောင်ခြည် ဘက် ပြန်လှည့်ကြည့်၏။

သူနဲ့အတော့်ကိုနီးကပ်သွားကာမျက်နှာချင်းဆိုင်တစ်ယောက် ကိုတစ်ယောက် စိုက်ကြည့်မိသလို ဖြစ်သွားပါသည်။ ကျော်ခနက နေရောင်ခြည့်မျက်ဝန်းတွေထဲ စိမ်းစိမ်းစိုက်ကြည့်ကာ . . .

"ပြောစမ်း . . . နေရောင်ခြည်၊ ငါ မင်းကို ကူညီနေတာတွေဟာ မင်းအတွက် အဆိပ်အတောက်ဖြစ်နေပြီလား၊ ပြောလိုက်စမ်းပါ"

ဟု ဒေါသလည်းမေးရင်း နေရောင်ခြည့်ပခုံးနှစ်ဘက်ကိုပါ အသာ လှုပ်ခါလိုက်မိသည်။

"ငါ မင်းဘဝကို မြှင့်တင်ချင်တယ်၊ မင်းကို လှလှပပ၊ ကောင်း ကောင်းမွန်မွန် ဝတ်စားပြင်ဆင်ပြီး အဆင့်မြင့်မြင့်လေး နေစေချင်တယ် အဲဒါ ငါ မင်းအပေါ်ထားတဲ့ စေတနာပဲ၊ အဲဒါတွေကို ငါ ရုပ်သိမ်းပစ်လိုက်





ဘယ်တော့မှ မစဉ်းစားဘူး၊ မင်းဟာ ငါ့ရဲ့ စောင့်ရှောက်မှုအောက်မှာပဲ အမြဲရှိရမယ်၊ မင်းဘဝ အမြဲလုံခြုံရမယ် နေရောင်ခြည်"

နေရောင်ခြည့်ငယ်ထိပ်လေးကို ဖိကာ တစ်ချက်လှုပ်ပစ် လိုက်ပြီးမှ ချာခနဲ လှည့်ထွက်သွားတော့လေသည်။

နေရောင်ခြည်မှာ လှေကားမှတစ်ဆင့် ဆင်းသွားသော သူ့ ခြေလှမ်း ညင်ညင်သာသာကို နားစွင့်ရင်း တစ်ယောက်တည်း အသံ တိတ်ငိုကာ ကျန်ခဲ့သည်။ သိပ်ကို နားလည်ရခက်တဲ့ သူရယ်။

*　*　*

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၅ )

"သားငယ်...မင်း...အားရင်...အိမ်ဘက် ကောလာခဲ့ပါဦး"

missed calls တွေ့လို့ ပြန်စစ်တော့ ဖုန်းထဲမှာ message ထည့်ထားခဲ့သော မေမေ့အသံကို ကြားရလေသည်။

အသက်နှစ်ဆယ့်ငါးနှစ် ကျော်လာကတည်းက ကျော်နေဟာ မိဘအိမ် တစ်ဝက်၊ သူ့ဘာသာ သီးသန့်ဆောက်ထားသော အိမ်မှာ တစ်ဝက် နေနေခဲ့ပါသည်။ မိဘအိမ် ညနေစောင်းမှရောက်လို့ဆိုတဲ့ နေ့တွေမှာတော့ မိဘအိမ်မှာ အိပ်ချင်အိပ်လိုက်တာမျိုး၊ မိဘတွေနဲ့ပဲ စားသောက်အချိန်ဖြုန်းတာမျိုး လုပ်တတ်သလို အလုပ်တွေများပြီး အားလို့ မိဘအိမ်ဘက် ခြေဦးတောင် မလှည့်နိုင်ရင်တော့လည်း သူ့အိမ်မှာပဲ ပြန်အမနေများသောရက်တွေလည်း ရှိတတ်ပါသည်။

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ မိဘအိမ်မှာ ပြန်နေတာ နည်းလာကာ သုံးလေးရက်၊ တစ်ခါတလေဆိုရင် တစ်ပတ်ဆယ်ရက်ထိကြာမှ တစ်ချက်လောက် ခေညှ့်သွားခေညှ့်လာပုံစံ ပြန်နေတတ်လာသည်။ ကျော်ခန့်ရဲ့ အကျင့်စရိုက်ကိုက ချုပ်ချယ်မှုကို မနှစ်သက်၊ လွတ်လွတ်လပ်လပ်နေလိုသည်။ ပြီးတော့ အိမ်တစ်အိမ်မှာဆို သူပဲ အကြီးအကဲ၊ သူပဲ အမိန့်ပေး၊ သူပဲ ထိန်းချုပ်ဆိုတာမျိုး ဖြစ်ချင်သည်။ အဲဒါနဲ့ပဲ တဖြည်းဖြည်းနှင့် သူ့ဘာသာ အိမ်ခွဲနေသလိုပုံစံပင် ဖြစ်သွားပါသည်။

အခုတော့ သူ အိမ်ဘက်မရောက်တာကြာသဖြင့် မေမေ ဖုန်းဆက်ခေါ်ပေပြီ။ ပြောစရာအကြောင်းအရာရယ်လို့ အရေးတကြီးမရှိရင်တော့ ခေါ်လေ့မရှိပါ။ အခုတော့ တစ်ခုခု ပြောစရာရှိလို့ထင်တယ်။

အလုပ်ကိစ္စတွေလည်း သိပ်မရှိတာကြောင့် ကျော်ခန့် ချက်ချင်းပင် မိဘတွေအိမ်ဘက် ခဏပြန်ကြည့်ဖို့ ကားမောင်းထွက်လာခဲ့သည်။

ကားမောင်းနေစဉ် သူ့မိုဘိုင်းမြည်လာသဖြင့် နားကြပ်တပ်ကာ ဖုန်းပြောလိုက်ပါသည်။

"ဦးကျော်ခန့်၊ နေရောင်ခြည်ပါ"

"အေး…ငါသိတယ်၊ ဖုန်းနံပါတ်ပေါ်နေတာပဲ"

"ဦးကျော်ခန့်…အခု…ဘယ်မှာလဲ"

"ငါ…ကားမောင်းနေတယ်"

"ဟယ်…ဖုန်းပြောလို့ဖြစ်ပါ့မလားမသိဘူး"



"ရတယ်၊ ပြော၊ ငါနားကြပ်နဲ့ပြောနေတယ်"

နေရောင်ခြည့်အသံလေးကိုကြားရတော့ ရင်ထဲမှာ အေးချမ်းနေသလို ခံစားရသည်။ အရင်ကတော့ မသိလိုက်မသိဘာသာပေမယ့် အခုနောက်ပိုင်းတွေမှာတော့ သူလေးနဲ့ပတ်သက်ရင် ရင်ထဲမှာ တစ်မျိုးပြီးတစ်မျိုး ခံစားတတ်မိတာတွေကို သူ သတိထားကြည့်မိသည်။ သတိထားစောင့်ကြည့်နေပါတယ်လို့ ပြောရင်တောင် ပိုမှန်မလားမသိ။ ဒီလောက်ရုပ်ရည်၊ ဒီလောက်အဆင့်အတန်း၊ ဒီလောက်အခြေအနေနဲ့ ဒီနီးကလေးဟာ သူ ရွေးချယ်လက်တွဲလိုသော "စံ"တွေနဲ့ လုံးဝမကိုက်လှသောကြောင့် သူ့စိတ်ရဲ့ သာယာမှုကို သူကိုယ်တိုင် အသိအမှတ်မပြုချင်သေး။

"ဦးကျော်ခန့်ဆီမှာ ခွင့်တောင်းချင်လို့ပါ"

"ဘာလဲ"

"အမေက ဒီအခန်းလေးမှာနေတာလည်း ကြာပြီ၊ အိမ်တက်ဆွမ်းဆိုတာလည်း မကျွေးဖြစ်ခဲ့ဘူးတဲ့၊ အဲဒီတော့ ဆွမ်းကျွေးချင်တယ်လို့ ပြောပါတယ်။ ပြီးတော့ ကျွန်မမွေးဇန္နရက်နဲ့လည်း တိုက်နေတော့ ဆွမ်းကျွေးကုသိုလ် လုပ်ချင်တယ်တဲ့၊ ကျွန်မက ဦးကျော်ခန့်ရဲ့အခန်းဆိုတော့ ခွင့်တောင်းရဦးမယ်ပြောပြီး တားထားလို့ပါ"

"ခြော် . . . လုပ်ပါ၊ လုပ်လိုက်ပါ၊ ငါ့အခန်းလို့ ထည့်ထည့်မပြောပါနဲ့၊ မင်းတို့သားအမိတွေ နေနေတာ၊ မင်းတို့အခန်းပေါ့၊ နေစမ်းဦး မင်းမွေးနေ့ ဟုတ်လား၊ ဘယ်တော့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုလာမယ့် စနေနေ့ပါ"

"အသက်ဘယ်လောက်ပြည့်တာလဲ"

"နှစ်ဆယ့်သုံးပါ"

"မင်း တော်တော်ငယ်သေးတာပဲ"

သုံးဆယ့်သုံးနှစ် ပြည့်ခါနီး သူ့အသက်နဲ့ယှဉ်ကာ တော်တော် ငယ်သေးတာပဲလို့ ပြောလိုက်မိသည်။ ပြီးမှ သူနဲ့ငါ အသက်ကွာတာ ဘာဆိုင်လဲလို့ သူ့ဘာသာ ဒေါသတကြီး ပြန်တွေးမိပြန်သည်။

"ဒါဆို အခုလာမယ့် စနေနေ့မှာ ဆွမ်းကျွေးမယ်နော်၊ ဆိုင် လည်း မလစ်ဟင်းစေရပါဘူး၊ ကျွန်မ တစ်နာရီခြားတစ်ခါလောက် ဆင်းပြီး စစ်ပါ့မယ်"

"အဲဒီနေ့ကို Day off (ဒေးအော့ဖ်)ယူလိုက်ပါ၊ ရပါတယ် မင်းလည်း ဆိုင်စဖွင့်ကတည်းက တစ်ရက်မှ ခွင့်မယူဘဲ အလု ဆင်းနေတာပဲ"

"အဟင်းဟင်း . . . ခွင့်ယူစရာမှမလိုတာ၊ ဆိုင်က အော ထပ်လေးတင်"

"မင်းသဘောပဲ၊ ခွင့်ယူချင်လည်း ယူ၊ ငါ ဘာမှမတားဘ ကဲ…မင်းပြောချင်တာ ဒါပဲလား"

"ခဏ…ခဏလေး…ဦးကျော်ခန့်"

"ပြော…"

"ဦးကျော်ခန့် အဲဒီနေ့ အားလားဟင်"





ထိုသို့ ညင်သာနူးညံ့စွာ၊ မဝံ့မရဲစွာ၊ သို့သော် လိုလားတောင့်တစွာ မေးလိုက်သံမှာ ကျော်ခန့်၏ရင်ထဲကို နွေးသောစီးကြောင်းတစ်ခု စီးဝင်သွားသည့်နှယ်။ ရင်ထဲမှာ နွေးလိုက်၊ အေးလိုက်ဖြစ်စေသော ခံစားမှုတွေကို ပေးနိုင်သူမှာ နေရောင်ခြည်တည်း။

"မနက်ပိုင်းလား"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့မေးတာလဲ"

"ဦးကျော်ခန့် လာစေချင်လို့ပါ"

"ကတိတော့ မပေးဘူး၊ ဒါပေမယ့် ကြိုးစားမယ်လေ၊ လာဖြစ်အောင်၊ ဟုတ်ပြီလား"

"ဆက်ဆက်လာခဲ့နိုင်ရင် ကျွန်မ သိပ်ကိုဝမ်းသာမိမှာပါ"

"အိုကေ…ငါ…ဖုန်းချပြီ"

ကျော်ခန့်မှာ နေရောင်ခြည်ရဲ့ မျက်လုံးဝိုင်းလေးတွေကို မြင်ယောင်လျက် တစ်ယောက်တည်း ပြုံးမိကာ ဖုန်းကိုဖြတ်လိုက်ပါသည်။

မေမေတို့အိမ် ရောက်သောအခါ ဖေဖေနဲ့မေမေကို အသင့် တွေ့ရလေသည်။ ကျော်ခန့်တို့ဖေဖေက အရင်ကတော့ စီးပွားရေး လုပ်ငန်းတွေ အများကြီးလုပ်ခဲ့ပေမယ့် အခုတော့ သားနှစ်ယောက်ကို ခွဲပေးလိုက်ကာ ဘာစီးပွားရေးမှ ဆက်မလုပ်တော့။ နားနားနေနေပဲ မနက်ဆို ဂေါက်ရိုက်လိုက်၊ အိမ်မှာ တီဗွီကြည့်လိုက်၊ ညနေဆို အိမ်က ခြေကူးကန်မှာ ရေကူးလိုက်လုပ်ခြင်းဖြင့် တစ်နေကုန်စေသလို၊ မေကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏလည်း နိုင်ငံခြားခရီးတွေကို လင်မယားနှစ်ယောက် Tour အုပ်စုထဲ အတူဝင်ကာ သွားလာတတ်ပါသည်။

"မြန်မာပြည်အနှံ့လည်း ရောက်ဖူးပြီးသလောက်ရှိနေပြီ၊ ကမ္ဘာပတ်ဖို့ပဲ လိုတော့တယ်"

ဟု ဖေဖေရော၊ မေမေပါ စိတ်တူကိုယ်တူ ခရီးတွေ ထွက်နေတတ်ကြသည်။ အာရှတစ်ခွင်၊ ဥရောပတစ်ခွင်၊ အမေရိကတိုက်တစ်ခွင်မှအစ အာဖရိကတိုက်ပါမကျန် လည်နိုင်သေးသရွေ့ လည်ကြမည်ဟုလည်း အသိပေးထားပါသည်။

"ကြည်ရေ...မင်းသား ရောက်လာပြီ"

ဖေဖေက အားကစားဂျာနယ်တစ်စောင်ဖတ်ရင်း အိမ်ထဲကို လှမ်းပြောသည်။

"မွှေးနေတာပဲ၊ မေမေ ဘာချက်နေလို့လဲ"

"မသိဘူး၊ ချက်နေတာပဲ၊ မင်းအမေက ကောင်မလေးတွေ လက်ရာ မကြိုက်တော့ ဟိုဟာတွေက ဘေးက ဝိုင်းကူရုံပဲ၊ သူ့စိတ်ကြိုက် သူဝင်ချက်စားပြီး တစ်နေ့တခြား ဗိုက်ပူလာတာပဲ ကြည့်"

"အံမာ . . . သူကပဲ တစ်ပြန်ပြောရသေးတယ်၊ သူ့ဗိုက်ကျ မပူတာမှတ်လို့"

"ပူတာ အပြစ်မပြောပါဘူးကွာ၊ အသက်ပဲ ကြီးလာပြီ၊ ပူပါစေ အသက်လည်း ခုနစ်ဆယ်တောင် ပြည့်ခါနီးနေပြီပဲ၊ လှဖို့ပဖို့ မလိုတော့ပါဘူး"





ဖေဖေရောမေမေပါ သက်တူရွယ်တူတွေဖြစ်ကာ အသက်လည်း ခြောက်ဆယ့်ရှစ်နှစ်ကိုယ်စီ ရှိနေကြပြီ။ သို့သော် ခြောက်ဆယ့်ရှစ်နှစ်ပေမယ့် ချူချာပြီး ကျန်းမာရေးချို့တဲ့နေတာမျိုး မဖြစ်ကြ။ ရောဂါရယ်လို့ ကြီးကြီးမားမား သိပ်မရှိတာကလည်း ကုသိုလ်အတော်ကောင်းသည်ဟု ဆိုရပေမည်။ ခြောက်လတစ်ခါလောက် ဝန်ကောက်ဆေးရုံမှာ ကျန်းမာရေးစစ်ဆေးပြီး သူတို့ညွှန်ကြားသည့်အတိုင်း သောက်သုံးသင့်တဲ့ အားဆေးတို့၊ နေထိုင်စားသောက်မှု ပုံစံတို့အတိုင်း လိုက်နာနေနိုင်တာကြောင့်လည်း ကျန်းမာရေးကောင်းနေတာဖြစ်သည်။

ဖေဖေနဲ့မေမေက ပျော်ပျော်လည်းနေတတ်ပြီး တစ်ယောက်ကို တစ်ယောက်လည်း တော်တော်ချစ်ကြသည်။ ဟိတ်ဟန်မာနတွေ သိပ်မရှိဘဲ ဘဝကို ပေါ့ပေါ့ပါးပါးပင် ဖြတ်သန်းတတ်ကြသူတွေဖြစ်ရာ သူတို့မျက်နှာကြည့်လိုက်လျှင် အမြဲပြုံးပျော်နေတာပဲ တွေ့နိုင်ပါသည်။

"သား...ရောက်တုန်း ထမင်းစားသွား"

"စားမှာပါ မေမေ၊ မေမေ့လက်ရာ မစားရတာ ကြာပြီ"

"မင်းအိမ်မှာ ဘယ်သူချက်ကျွေးလဲ"

မေမေမေးလိုက်သော စကားကြောင့် ကျော်ခနဲ မေမေ့ကို အံ့တသြ ပြန်ကြည့်မိသည်။

"အိမ်မှာ ဦးသန်းတို့သားအဖ နေတယ်လေ မေမေ၊ ဦးသန်းက



www.burmeseclassic.com

www.burmeseclassic.com



ဟင်းချက်ကောင်းပါတယ်၊ သူချက်တာ စားတာပေါ့၊ မေမေ သိပြီး
သားကို အထူးအဆန်းလုပ်ပြီး မေးနေလို့ အံ့ဩနေတာ”

ကျော်ခနေအိမ်တွင် ဦးသန်းတို့သားအဖ လာနေပါသည်။ ဦးသန်
မှာ ကျော်ခနေ၏ အထည်ချုပ်စက်ရုံတစ်ရုံမှ အလုပ်ကြပ်တစ်ဦး၊ သူ
သားကတော့ မွေးရာပါ ဉာဏ်ရည်နိမ့်နေသော ရောဂါတစ်မျိုးကြောင့်
ကျောင်းလည်းမနေ၊ အလုပ်လည်း မလုပ်နိုင်ဘဲ အိမ်မှာပဲ ထားရသည်
ဦးသန်းမိန်းမရှိတုန်းကတော့ သားကို သူမ ဈေးရောင်းထွက်လေရာ
ခေါ်သွားပြီး စောင့်ရှောက်နိုင်ပေမယ့် လွန်ခဲ့တဲ့နှစ်က ဦးသန်းမိန်း
ဆုံးသဖြင့် သားကို အချိန်ပြည့် ကြည့်မယ့်လူလည်းမရှိ။ ဒီတော့ ဦးသန်
အလုပ်ထွက်ဖို့ဖြစ်လာ၊ ဦးသန်းအလုပ်မရှိရင် နေဖို့စားဖို့ခက်ခဲ. . . စသော
ပြဿနာတွေကြားရ၍ ကျော်ခနေလည်း သူတို့သားအဖ ပြေလည်
စေချင်တာကြောင့် သူ့အိမ်မှာ ခြံစောင့်အလုပ်ပေးပြီး ခြံထဲမှာ လာ
စေခဲ့သည်။

ခြံစောင့်၊ ခြံရှင်းရင်း ကျော်ခနေအတွက် လိုအပ်ရင် လိုအ
သလို ချက်ပြုတ်ကျွေးမွေးပေးနေသော ဦးသန်းနှင့် ဉာဏ်ရည်မပြ
ပေမယ့် လက်တိုလက်တောင်းအလုပ်၊ ဥပမာ-ကားရေဆေး၊ ပန်း
ရေလောင်း၊ အိမ်ထဲမှာ ဖုန်စုပ်တော့ လုပ်ပေးနိုင်သော ဦးသန်းရဲ့သ
တို့ကို အဖော်ပြုကာ ကျော်ခနေ အတူနေနေခဲ့တာ မေမေတို့ သိပြီး
အခုမှ ဘယ်သူချက်ကျွေးလဲမေးလာတော့. . .။





“ကောင်မလေးတစ်ယောက်ကို အိမ်တစ်ဆောင်မီးတစ်ပြောင်
နဲ့ထားထားတော့ သူကများ သားကို ချက်ကျွေးနေသလားလို့”

“ခင်ဗျာ. . . .”

“သား . . . ငါ့သား၊ မင်း ဘာတွေလုပ်နေတာလဲ၊ မင်းအမေကို
ရှင်းပြလိုက်ဦး၊ သူ သိပ်သိချင်နေတယ်”

ဖေဖေရော မေမေရော ဗိုင်းမေးလေရာ ကျော်ခနေ အတော်
စိတ်ပျက်သွားပါသည်။

“မင်းသူငယ်ချင်း ဒိုရာကနေ သူ့အမေကို ပြော၊ သူ့အမေက
တစ်ဆင့် မေမေ ပြန်ကြားရတာလေ၊ သားကြီးလည်း ဒီသတင်းကြား
တော့ အံ့ဩနေတယ်။ သူသိထားတာက မင်း အဲဒီကောင်မလေးကို
အလုပ်ခန့်ချင်လို့ သူ့ဆီကနေ အလုပ်ထွက်ခိုင်းသွားတယ်ဆိုတာ
လောက်ပဲတဲ့၊ အခုလို အိမ်ခန်းဝယ်ပေးပြီး ထားထားမယ်ဆိုတာ
ဘာတော့မသိရဘူးတဲ့၊ အဲဒါ မင်း ဘာတွေလုပ်နေတာလဲ. . .သား”

မေမေက မိန်းမပီပီ စကားရှည်ရှည်ဝေးဝေးပြောကာ သူ
သိထားသမျှကို ပြောသည်။ မေးလည်းမေးသည်။

“မင်း . . . ယူချင်ရင် ဘယ်မိန်းမမဆို ယူခွင့်ရှိတယ် သား၊
ဒါပေမဲ့ သူများမိဘတွေလို ဟိုလူ့ယူရမယ်၊ ဒီလူ့ယူရမယ်လည်း မပြော
ဘူး”

“ကောင်မလေးက မင်းကို သဘောကျရင်လည်း တရားဝင်
လိုက်ပါကွယ်၊ ဒီလိုချည်း တိတ်တိတ်ပုန်းပုံစံ ထားထားတာတော့



www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး၊ ကိုယ်လည်း သိက္ခာကျတယ်၊ မိဘတွေအတွက်လည်း မကောင်းဘူး"

"သားကြီးပြောတော့ ကောင်မလေးက တော်တော်ငယ်တယ်ဆို၊ ဘယ်လောက်တောင် ငယ်သလဲ"

"အို့ရှင် . . . ကိုကိုကျော်ကလည်း ဘယ်လောက်ငယ်ငယ် တစ်ယောက်နဲ့တစ်ယောက် သဘောကျကြရင် ယူကြပေါ့၊ ဒီလိုပုံစံ ဖုံးကွယ်နေစရာလား"

ကျော်နေသည် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ပြောဆိုဆွေးနွေးနေကြသော မိဘနှစ်ပါးကို အပြန်အလှန်ကြည့်ရင်း စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်ကာ...

"ကဲပါ...ကဲပါ...ဖေဖေနဲ့မေမေ၊ တော်ပါတော့၊ ကျွန်တော့် စကားပြောခွင့်ပေးပါဦး"

ဟု ဖြတ်အော်လိုက်ရတော့သည်။

"မေမေတို့ထင်သလို မဟုတ်ဘူး၊ ကျွန်တော် သူ့ကို တိတ်တိတ်ပုန်းယူထားတာလည်း မဟုတ်ဘူး"

"ဟင်...ဒါဖြင့် တရားဝင်လား"

"ဟာဗျာ . . . ပြောမှ ပိုရှုပ်ကုန်ပြီ၊ တရားဝင်လည်း မဟုတ်ဘူး၊ ဘာမှကို မဟုတ်ဘူး၊ သူတို့သားအမိတစ်တွေ ဒုက္ခရောက်နေလို့ ကျွန်တော် စောင့်ရှောက်ထားတဲ့သဘောပဲ၊ ဦးသန်းတို့ကို စောင့်ရှောက်သလို ပုံစံမျိုးပဲ"





"သားအမိတွေအကုန် ဟုတ်လား"

"သူ့မှာ အမေရှိတယ်၊ ညီမ ရှိတယ်၊ သူနဲ့အတူတူ အဲဒီအခန်းမှာ နေတယ်၊ ကျွန်တော် သူ့ကို အလုပ်ခန့်ထားတယ်၊ ကျွန်တော်ဖွင့်ထားတဲ့ မီနီမားကတ်တစ်ခုမှာ သူ့ကို မန်နေဂျာရာထူးပေးပြီး ခန့်ထားတယ်၊ ဒါပဲ၊ ဘာမှမရှုပ်ဘူး"

"သားကြီးကပြောတော့ မင်း ကောင်မလေးကို ကြိုက်နေတာတဲ့၊ ကောင်မလေးမှာ ရည်းစားရှိနေတော့ အတင်းခွဲထုတ်သွားပြီး မင်းရဲ့အလုပ်မှာ နေရာပေးလိုက်တာတဲ့၊ ပြီးတော့ ဒိုရာကလည်း အတိအကျကို ပြောတာ၊ မင်း အဲဒီအခန်းကို နေ့တိုင်းလာတယ်တို့၊ ကောင်မလေးနဲ့ ခဏခဏ တွဲသွားတယ်တို့ သိနေတယ်တဲ့၊ မင်း ကောင်မလေးရဲ့ အပေါ်ထပ်မှာ ဒိုရာ့သူငယ်ချင်းတစ်ယောက်နေတော့ သူ အကုန်ပြန်သိနေပြီပေါ့၊ သူ့အမေကလည်း ပါးစပ်ဖွာကဖွာနဲ့၊ အသိုင်းအဝိုင်းထဲမှာ ဘယ်လောက်တောင် လျှောက်ဖွပြီးပြီလဲ မသိဘူး"

ကျော်နေဟာ သူ့ကို ဒီလိုစွပ်စွဲရပုံမလားဆိုပြီး အံကိုကြိတ်လိုက်၊ လက်သီးဆုပ်လိုက်ဖြင့် ဒေါသတွေ အလိပ်လိပ်တက်နေလေသည်၊ ဒီလိုအဆင့်အတန်းလောက်ရှိတဲ့ ကောင်မလေးများ ငါက [illegible]ရာပေးစရာလား၊ ငါက ဒီလိုမိန်းကလေးမျိုးကိုပဲ ယူမယ့်သူလား။

"သူ့ဘာသာ ဖွချင်သလောက်ဖွပါစေ၊ ကျွန်တော် ဂရုမစိုက်ဘူး၊ ကျွန်တော် အဲဒီကောင်မလေးကို တိတ်တိတ်ပုန်းလည်း မယူဘူး။ တရားဝင်လည်း မယူဘူး၊ သူက ကျွန်တော်နဲ့ အဆင့်သိပ်ကွာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပညာလည်း မတတ်ဘူး၊ ရုပ်လည်း သိပ်အလှကြီးမဟုတ်ဘူး၊ ဒီတော့ ကျွန်တော့်လိုလူက ရွေးစရာလား၊ မေမေတို့ ကျွန်တော့်အကြောင်း သိသားပဲ၊ ကျွန်တော်က ဘယ်နေရာမှာမဆို အကောင်းဆုံးတွေရနေမှ ကျေနပ်တာ၊ သူများထက် သာနေမှ ကြိုက်တာ၊ ထိပ်ဆုံးမှာပဲ နေချင်တာလေ၊ ဒီတော့ စီးပွားရေးမှာ သူများထက်သာနေပြီးမှ အိမ်ထောင်ရေးမှာကျတော့ ကိုယ့်မိန်းမဖြစ်မယ့်သူဟာ တခြားလူမိန်းမနဲ့ယှဉ်ရင် ပိုပြီးမမြင့်ဘဲ နိမ့်နေတဲ့အခြေအနေရှိမယ့်သူကို ယူဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ကျွန်တော်ယူမယ့်မိန်းမဟာ ရုပ်ရည်လည်း ချောနေရလောက်အောင် ချောမောရမယ်၊ ပညာလည်း ထူးချွန်ရမယ်၊ အသိုင်းအဝိုင်းကလည်း ပြည့်စုံတဲ့အသိုင်းအဝိုင်း ဖြစ်ရမယ်"

ကျော်ခေ စကားဆုံးသောအခါ ဖေဖေနဲ့မေမေမှာ သူ့ကို ငေး၍သာ ကြည့်နေတော့လေသည်။

"ကဲ...ဒါဖြင့်လည်း..."

ဖေဖေက မေမေ့ကို စစ်ကူခေါ်သလို လှမ်းကြည့်လိုက်ပြီးမှ...

"မေမေ ရှာတွေ့ထားတဲ့တစ်ယောက်ကိုဆိုရင်တော့ မင်းကြိုက်မယ်ထင်ပါရဲ့"

ဟု ဆက်ပြောပါသည်။

"ဖေဖေတို့ပဲ အိမ်ထောင်ရေးကို မစီစဉ်ပေးပါဘူးဆို"

"စီစဉ်တာ မဟုတ်ပါဘူး၊ ရှာတွေ့ထားတာပါ၊ သူ့ကို ယူမယ်မယူမှာ မင်းအပိုင်းပါပဲ၊ မင်းပြောတဲ့ "စံ" တွေနဲ့ ကိုက်တဲ့ မိန်းကလေး





တစ်ယောက်တော့ ရှိတယ်။ အခုတလောမှ ယူကေက ပြန်ရောက်လာတာ၊ ကျောင်းသွားနေတာပေမယ့် ပညာတော်သွင်းလို့ ပညာတော်သင်ဆုရပြီး သွားနေရတာနော်။ နှစ်နှစ်နေပြီး ပြန်လာတော့ ယူကေကရတဲ့ ပီအိပ်ချ်ဒီဘွဲ့နဲ့ ချောမောလှပခြင်းနဲ့၊ မိဘချမ်းသာတာနဲ့ ဂုဏ်ပုဒ်တွေ တစ်လှေကြီးဆိုတော့ ရွေးမတော်ချင်တဲ့လူတွေမှ ဝိုင်းဝိုင်းလည်နေတာပဲ၊ အဲဒီမှာ မေမေလည်း ပါတယ်၊ ဒါပေမယ့် သားကို အတင်းအကျပ် မတိုက်တွန်းချင်ဘူး၊ မစီစဉ်ချင်ဘူးဆိုတော့ သားသဘောကို မေးဖို့ အရင်ဆုံး တွေးမိပြီး မေးတာပါ"

ကျော်ခေနှရင်ထဲမှာ သိပ်ပြီး လှုပ်လှုပ်ရှားရှား စိတ်ဝင်စားမိတာမျိုး ဖြစ်မလာပါ။

"မင်းစိတ်ဝင်စားရင် မေမေနဲ့ လိုက်ခဲ့လို့ ရတယ်။ အခု အပတ်စနေမှာ သူတို့မိသားစုလှူထားတဲ့ သိမ်ရေစက်ချပွဲ ရှိတယ်။ တစ်မိသားစုလုံးကို ဖိတ်ထားတာ၊ မင်း လိုက်ကြည့်ရင် ကြည့်လို့ရတယ်၊ ကောင်မလေးနာမည်က မြတ်သင်းမွှေးတဲ့"

*    *    *

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၆ )

အမျှော်ကြီး မျှော်နေမိပေမယ့် ဦးကျော်ခေ ရောက်မလာသောအခါ နေရောင်ခြည့်မျက်နှာ ညှိုးနေမိတော့သည်။ အမေကာ ရိပ်မိပြီး...

"ညည်းကလည်းအေ၊ သူက သူဌေးကြီးပဲ၊ အလုပ်ဒီလောက်များတာ၊ ဘယ်လာနိုင်ပါ့မလဲ"

ဟု ဖျောင်းဖျပေမယ့် နေရောင်ခြည်ကတော့ မဖြေသိမ့်နိုင်။ ဖုန်းဆက်ပြီး ပြောပြစဉ်တုန်းကတော့ လာမယ်၊ မလာဘူးဆိုတာ သူကတိမပေးပေမယ့် လာဖြစ်မယ့် ပုံစံမျိုးနဲ့ နေရောင်ခြည် မျှော်လင့်ရဲတာလည်း ဖြစ်သည်။

ဦးကျော်ခေနဲ့ပတ်သက်ရင် နေ ခင်ခြည်ဟာ ဦးကျော်ခေ၏ ရင်ထဲကို မမှန်းဆတတ်ပေမယ့်လည်း ဦး ကျော်ခေကတော့ နေရောင်



www.burmeseclassic.com

www.burmeseclassic.com



ခြည်ရဲ့ရင်ထဲကို မြင်သည်။ နေရောင်ခြည် ဘာကိုမျှော်လင့်သလဲဆို တာကို သိနေသည်ဟု ထင်ပါသည်။

နေရောင်ခြည် မျှော်လင့်သူ ဦးကျော်မနကတော့ ရောက်မလာ ပေမယ့် ညနေပိုင်းလောက်မှာတော့ နေရောင်ခြည် ဆိုင်ထဲမှာရှိနေစဉ် သက်ပြည့် ရောက်လာခဲ့ပါသည်။

"မိနေ"

"ဟယ်...သက်ပြည့်"

"ဒီနေ့...နင့်မွေးနေ့နော်"

နှစ်တိုင်း နေရောင်ခြည့်မွေးနေ့တွေဆို အမှတ်တရလက် ဆောင်လေးတွေ အတင်းပေးတတ်သော သက်ပြည့်က အခုလည်း လက်ဆောင်လေးတစ်ခုဖြင့် ရောက်လာခဲ့သည်။

"ငါ ခန့်တော့မခန့်ချင်ပါဘူးလေ၊ ဒါပေမယ့် ငါပေးတဲ့လက် ဆောင်ဟာ ဦးကျော်မနရဲ့လက်ဆောင်ရဲ့ အစွန်အဖျားတောင် မရှိပါဘူး ဒါပေမယ့် ငါ့လက်ဆောင်မှာ မေတ္တာအစစ်အမှန်တွေပါတယ် မိနေ"

ပိုးအပျော့သားအကျီစလေးနှင့် ချည်အကောင်းစားဖြင့် ရက် ထားသော အချိုပ်ဆင်လုံချည်စတို့မှာ သက်ပြည့်ရဲ့လက်ဆောင် ဖြစ် ပါသည်။ နေရောင်ခြည်ကတော့ ကိုယ့်ကို သတိတရ လက်ဆောင် လာပေးတာနဲ့တင် ဝမ်းသာကြည်နူးမိတာကြောင့် သက်ပြည့်ရဲ့ ခန့် စကားကိုတောင် ဂရုစိုက်မနေအားပါ။ သက်ပြည့်ဆိုတာက အရင်း

Synergy Publications



နှီးဆုံး သူငယ်ချင်း၊ ကိုယ့်အစ်ကိုလို၊ မောင်လိုပါ ခင်တွယ်ရသူ ပေါ့တော်လား။

"သက်ပြည့် . . . နင် ဘာစားမလဲ၊ အိမ်မှာတော့ မနက်က ဘုန်းကြီးဆွမ်းကပ်ထားတော့ ဟင်းတွေအစုံရှိတယ်၊ ထမင်းစားချင် လည်း စားလို့ရတယ်၊ မစားချင်ရင်လည်း ငါနင့်ကို မုန့်လိုက်ကျွေးမယ်"

"အပြင်မှာပဲ လိုက်ကျွေးတော့၊ နင်က ထောနေတယ်ဆိုတော့ နင့်ပိုက်ဆံနဲ့ စားရမယ်"

"အံမယ်...မထောပါဘူး။ ငါရတဲ့လခပဲ ရှိပါတယ်"

"လခနှစ်သိန်းက အသားတင်ပဲလေ၊ အိမ်လခ၊ မီတာခ၊ ရေဖိုး ဘာမှမပေးရဘူးဆို၊ ဆန်၊ ဆီလည်း အပြည့်ဝယ်ပေးထားတာဆို"

"အမေ နင်တို့ဆီလာလည်ရင် အဲဒီလိုတွေလျှောက်ပြော တတ်လွန်းလို့ ငါက မလွှတ်ချင်တာ၊ အခုတော့ ငါ့သတင်းတွေက မကောင်းတော့ဘူး မဟုတ်လား"

"သူများတွေ ဘာထင်ထင်၊ ငါကတော့ နင့်ကို ယုံတယ် မိနေ"

"ဒါနဲ့များတောင် ဟိုတစ်ခါက ဖုန်းဆက်ပြီး ဆဲသေးတယ်နော်"

"ဒါကတော့ ကြားကြားချင်းဆိုတော့ ဘာမှခေါင်းထဲမထွေး ဘူး၊ ရင်ထဲမှာ နာကျင်ပြီး ဒေါသတွေပဲ ဖြစ်နေခဲ့တာလေ"

နာမည်ကြီးလက်ဖက်ရည်ဆိုင်ကြီးထဲမှာ လက်ဖက်ရည်၊ မုန့် တွေမှာပြီး သက်ပြည့်ကို ညှေ့ခံပါသည်။

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ကတော့ လက်မခံဘူးဟ၊ အများပြောတဲ့စကားပဲ နားထောင်ပြီး ငါ့ကို နင်နဲ့ မဆက်သွယ်ဖို့ အပြတ်တားတာ"

"ဒါကတော့ မိဘကိုး၊ ကိုယ့်သားသမီးကို မကောင်းတာနဲ့ တွေ့မှာစိုးတော့ တားမှာပေါ့"

"နင်က ဘာမကောင်းတာ ဖြစ်နေလို့လဲ မိနေ။ နင့်ကို ငါ ယုံတယ်လို့ ပြောထားပြီးပြီ။ အမေတို့ ဘာပြောပြော ငါကတော့ နောက်မဆုတ်ပါဘူး၊ နင့်ကို လက်ထပ်မယ်။ လက်ထပ်ပြီးရင် နင်လည်း ဦးကျော်ခနဲ့ ပေးနေတဲ့အခန်းမှာ မနေနဲ့တော့၊ သူပေးတဲ့အလုပ်ကို တော့ ဆက်လုပ်ရင် လုပ်ပေါ့၊ သူ့အိမ်မှာတော့ မနေနဲ့၊ ငါ အိမ်ငှားမယ်။ နင့်အမေနဲ့ နှင်းပွင့်လည်း နေချင်ရင် နေနိုင်တယ်"

သက်ပြည့်မှာ မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေနှင့် တက်ကြွပြီး စကားတွေ သွက်နေသည်၊ သက်ပြည့် ဒီလိုမျှော်လင့်နေသေး မှန်းသိတော့ နေရောင်ခြည့်ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ်ပင် မုန်းမိသည်။ ကိုယ့်အပေါ် ချစ်နေသူကိုတော့ ပြန်မချစ်နိုင်။ ကိုယ့်ကို တစ်စက် လေးမှတောင် စိတ်ဝင်တစား မရှိသောသူကိုကျတော့ မျှော်တလင့်လင့် လုပ်နေမိသည်။ မရနိုင်မှန်းသိလျက်နှင့် မျှော်လင့်နေတာဟာ သိပ်ကို မိုက်မဲတာပဲပေါ့"

"သက်ပြည့်၊ ငါ နင့်ကို မချစ်ဘူးလို့ ပြောထားပြီးပြီလေ။ စိတ်ကူးတွေ ယဉ်မနေပါနဲ့"





"နင် ချစ်ချစ်၊ မချစ်ချစ် ငါကတော့ ချစ်တယ်၊ နင့်ကို ငါ စောင့် ရှောက်မယ်။ ငါ့ကို နင်ချစ်ဖို့ မလိုပါဘူး မိနေ၊ ငါ့ကို အားကိုးပါ၊ နင့်ဘဝ လုံခြုံအောင် ငါ စောင့်ရှောက်မှာပါ၊ ထိုသို့ သက်ပြည့် ပြောလိုက်သော အခါ နေရောင်ခြည်မှာ ဒီလိုစကားမျိုး ပြောခဲ့ဖူးသော ဦးကျော်ခနဲ့ကို ပြေးမြင်ကာ သတိရသွားမိပါသည်။

"ဦးကျော်ခနဲ့က ဘာသဘောလဲ၊ နင့်ကို သူ့အိမ်မှာ ပေးနေ တယ်၊ လခလည်း အဆမတန်ပေးပြီး ဆိုင်ကို အုပ်ချုပ်ခိုင်းတယ်၊ သူ နင့်ကို နည်းနည်းမှတောင် စိတ်မဝင်စားဘဲနဲ့ ဒီလိုတွေလုပ်ပေးနေ တာတော့ မဖြစ်နိုင်ဘူး၊ သူ ဘာကိုမျှော်လင့်နေတယ်လို့ နင်ထင်လဲ"

"အဲဒါတော့ ငါ ဘယ်သိမလဲ၊ နင် သွားမေးကြည့်ပါလား"

"တကယ်ပြောတာလား၊ တကယ်လား၊ ငါမမေးရဲဘူးထင်လား"

"နင်မေးရဲမှန်း ငါ ယုံပါတယ်"

"အေး…ငါ တစ်ရက်ကျရင် ငါ သွားမေးကို မေးမယ်"

ထိုအချိန်တွင် နေရောင်ခြည့်မိုဘိုင်းလည်း ဖုန်းအသံမြည်လာ ပါသည်။ သက်ပြည့်က နေရောင်ခြည့်ပိုက်ဆံအိတ်ထဲမှ ထွက်လာသော အသံကို မကျေမနပ် စိုက်ကြည့်လေသည်။

နေရောင်ခြည်ကတော့ ဦးကျော်ခနဲ့ရဲ့ဖုန်းကို မျှော်နေသူဖြစ် ရာ ချက်ချင်းပင် ဖုန်းကိုဖွင့်၍ နားထောင်လိုက်လေသည်။ သက်ပြည့် ကတော့ နေရောင်ခြည့်အမူအရာတို့ကို မမိတ်မသုန် အကဲခတ်နေ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေရောင်ခြည်"

နေရောင်ခြည် ဖုန်းကို လက်ခံလိုက်လျှင်ပဲ ဦးကျော်ခန့်၏အသံ ခပ်မာမာဖြင့်ခေါ်သံကို ကြားရ၏။

"ဟုတ်ကဲ့ ဦးကျော်ခန့်၊ ကျွန်မ နားထောင်နေပါတယ်"

"ငါ...ဆိုင်မှာရောက်နေတယ်"

"ရှင်...ဟုတ်လား"

"မင်းတို့ကို ငါ မစောင့်တော့ဘူး၊ မင်းအတွက် မွေးနေ့လက်ဆောင်ကို ထားခဲ့တော့မယ်၊ ယူလိုက်၊ ဟုတ်ပြီလား"

"အို...မဟုတ်ဘူး၊ မဟုတ်ဘူး၊ ခဏနေပါဦး... ဦးကျော်ခန့်၊ ကျွန်မ ဦးကျော်ခန့်ကို စကားပြောချင်ပါသေးတယ်။ တွေ့လည်း တွေ့ချင်ပါတယ်၊ ကျွန်မ အဝေးကြီးမှာရောက်နေတာ မဟုတ်ပါဘူး။ အခုပဲ ထွက်လာရင် နောက်ငါးမိနစ်ဆို ပြန်ရောက်မှာပါ၊ ခဏလေးစောင့်ပါ...စောင့်ပါနော်"

"မင်းနဲ့ငါ တွေ့ဖို့မလိုပါဘူးလေ၊ မင်းမွေးနေ့အထိမ်းအမှတ်ဖို့ ငါလက်ဆောင်လာပေးတာပါ၊ မတွေ့လည်းရတယ်၊"

"ကျွန်မ ဦးကျော်ခန့်ကို တွေ့ချင်လို့ပါ"

ဦးကျော်ခန့်ထံမှ ဘာမှတုံ့ပြန်သံ မကြားရပေမယ့် နေရောင်ခြည်ကတော့ ဖွတ်ပင်...

"ကျွန်မ... လာခဲ့ပြီနော်"

ဟု ထပ်၍ပြောကာ ရုက်ချင်း ထရပ်တော့လေသည်။ နေ





ရောင်ခြည့်ကို မေးထောက်ကာ ထိုင်ကြည့်နေသော သက်ပြည့်ရဲ့ မျက်လုံးတွေကို ပြန်စိုက်ကြည့်လိုက်ရင်း...

"သက်ပြည့်"

ဟူ၍ တစ်ခွန်းသာ ခေါ်လိုက်သည်။ သက်ပြည့်က ခပ်မဲ့မဲ့ပြုံးလိုက်ရင်း...

"သွားပါ မိနေ၊ ငါ ဒီလောက်ဆို သဘောပေါက်ပါတယ်၊ ငါ့ကို ထားခဲ့ပါ"

"ငါသူ့ကို ဒီနေ့ သိပ်တွေ့ချင်နေတာ"

နေရောင်ခြည် ဤတစ်ခွန်းသာ ပြောခဲ့ပြီးလျှင် မြန်ဆန်သော ခြေလှမ်းတွေဖြင့် ဆိုင်အပြင်ကို မပြေးရုံတမယ် ထွက်လာခဲ့တော့သည်။ သက်ပြည့်မျက်နှာ ဘယ်လိုဖြစ်ကျန်ခဲ့မလဲဆိုတာ နေရောင်ခြည့်ခေါင်းထဲတွင် လုံးဝမရှိ၊ အခုလောလောဆယ် နေရောင်ခြည်သိတာက ဦးကျော်ခန့်ကိုတွေ့ရဖို့ပင်။

ဆိုင်ရှေ့မှာရပ်ထားသော ဦးကျော်ခန့်၏ 4WD အမြင့်ကြီးကို မြင်ရတာနဲ့တင် ရင်တွေခုန်နေပြီ။ နေရောင်ခြည် ကားနားရောက်လာမှ ဦးကျော်ခန့် ကားတံခါးကို တစ်ချပ်ဖွင့်လိုက်ပြီး လူကတော့ ဆင်းမလာဘဲ စောင့်နေပါသည်။

နေရောင်ခြည် ကားနံဘေးမှာ ရပ်လိုက်လျှင်...

"မနက်က ငါ့မိဘတွေနဲ့ အလှူတစ်ခုသွားနေလို့ မင်းဆီ ရောက်မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကျွန်မ နားလည်ပါတယ်"

"ရော့...မင်းအတွက်"

စက္ကူအမာစားဖြင့် လုပ်ထားသော ကြိုးဆွဲစက္ကူအိတ် အသေး

လေးကို ကမ်းပေးလေသည်။

"ဦးကျော်ခေ ကူညီပေးထားတာတွေ များနေပါပြီ၊ တကယ်

တော့ လက်ဆောင်တောင် ပေးဖို့မလိုပါဘူး၊ ဦးကျော်ခေကြောင့်

ကျွန်မမှာ ဆိုင်ကြီးတစ်ဆိုင်ကို စီမံခန့်ခွဲအုပ်ချုပ်တဲ့ အတွေ့အကြုံ

ရတယ်။ ကွန်ပျူတာပညာကို သင်ခွင့်ရတယ်၊ လူရာဝင်အောင် အနည်း

အကျဉ်း အသုံးပြုပြောဆိုနိုင်တဲ့ အင်္ဂလိပ်စာအခြေခံကို သင်ခွင့်ရတယ်။

ဒါတွေဟာ ဘဝအတွက် အင်မတန်မှ တန်ဖိုးရှိတဲ့ လက်ဆောင်တွေပါ"

"အဲဒါတွေ မဆိုင်ပါဘူးလေ၊ ဒါကတော့ သီးသန့်လက်

ဆောင်ပေါ့"

"ကျေးဇူးတင်ပါတယ်"

လက်ဆောင်အိတ်လေးကို ဟကြည့်တော့ နာမည်ကြီးတံဆိပ်

နာရီအမျိုးအစားထည့်ထားသော လက်ပတ်နာရီဘူးလေးကို တွေ့

ပါသည်။

"ဦးကျော်ခေ၊ အိမ်ပေါ်တက်ပါဦး"

"မတက်တော့ဘူး၊ ဒါနဲ့ နေပါဦး၊ မင်း မနက်က ဘုရားသွား

သေးလား"





"မသွားဖြစ်ပါဘူး၊ အိမ်ကဘုရားမှာပဲ သေသေချာချာဆွမ်း

တော်ပြီး ရှိခိုးလိုက်ပါတယ်၊ ဆွမ်းကျွေးဖို့လည်း အလုပ်ရှုပ်နေတော့လေ"

"ဒါဆို...ကဲ...အခုတက်၊ ငါမင်းကို ဘုရားလိုက်ပို့ပေးမယ်"

"ရှင်..."

"ရွှေတိဂုံသွားမလား၊ ဒါမှမဟုတ် ဆူးလေဖြစ်ဖြစ်၊ ဗိုလ်

တစ်ထောင်ဖြစ်ဖြစ်၊ ရွှေဘုန်းပွင့်ဖြစ်ဖြစ် သွားမလား၊ မင်းဆုံးဖြတ်"

ကိုယ်ချစ်နေရသူနဲ့ ဘုရားအတူတူသွားရမည်ဟု သိရသော

အခါ နေရောင်ခြည်တစ်ယောက် မိုးမမြင်လေမမြင် ဖြစ်ရလေပြီ။

"ရွှေတိဂုံပဲ သွားချင်တယ်"

ကျော်ခေ တစ်ချက်ပြုံးလိုက်ပြီး နေရောင်ခြည်တက်ဖို့ ကား

တံခါးကို အတွင်းကနေ အသင့်ဖွင့်ပေးထားလိုက်ပါသည်။ ပြုံးပျော်

နေကြသွားသော နေရောင်ခြည့်မျက်နှာလေးကိုကြည့်ရင်း ကျော်ခေ

အသာပင် သက်ပြင်းချမိလေသည်။ နေရောင်ခြည်ထက် အသက်

များကြီးပိုကြီးသော သူတစ်ယောက်ပီပီ၊ (အမှန်အတိုင်း ပြောရရင်

ယောကျ်ားတစ်ယောက်ပီပီ) သူကလေးဟာ ကိုယ့်အပေါ် ဘယ်လို

သဘောထားတွေနဲ့ တွယ်ငြိစွဲလမ်းနေသလဲဆိုတာ ရိပ်မိသင့်

သလောက် ရိပ်မိပါသည်။ သို့သော် သူကတော့...

ရွှေတိဂုံဘုရားပေါ် အတူတူပြီး တစ်ပတ်ပတ်ရသောအခါမှာ

တော့ နေရောင်ခြည့်ခြေထောက်တွေဟာ မြောက်ကြွမြောက်ကြွ

ဆောင် ဖြစ်နေပြီလားမသိဟု ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိနေသူမှာ



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်တည်း။ သူ့ ကိုယ့်အပေါ် လိုက်လိုက်လျောလျော ဂရု တစိုက် လိုက်ပို့ပေးလိမ့်မယ်လို့တောင် မထင်ခဲ့ပါ။ သူဟာ လှိုက်လှိုက် တတ်သောလူလား၊ အမူအရာတွေ သိပ်ကို သိုဝှက်တတ်တာပဲလား တော့ မသိ။ သူ့အမူအရာတွေကို နေရောင်ခြည် ဘယ်တုန်းကမှလည်း အကဲမခတ်တတ်ခဲ့ပါ။

"ဒီလောက်အကူအညီတွေပေးနေတာဟာ ညည်းကို ကြိုက် နေတာကလွဲရင် ဘယ်ဟာဖြစ်နိုင်မှာမို့လဲ"

ဟု အမေကတော့ သုံးသပ်ပါသည်။ သို့သော် ဒီလောက်နဲ့လည်း နေရောင်ခြည် မယုံ။

"သူများတွေ ဘာပြောပြောပါ၊ စပွန်ဆာပေးနေတယ်ပဲ ပြော ပြော၊ ဘာပြောပြော နှင်းပွင့်ကတော့ အဲဒီလိုကို မထင်ပါဘူး၊ မမကြီးတို့ ဦးကျော်ခနက ချစ်လို့ သူနဲ့လက်တွဲနိုင်အောင် အရင် မြူစုပျိုးတော်း ပေးနေတာပါ။ အရည်အချင်းရှိပြီး လူတောတိုးလာနိုင်တဲ့ မိန်းမဖြစ် သူ့ လက်ထပ်မှာ၊ မယုံကြည့်နေ"

ဟူ၍ နှင်းပွင့်ဖြူကတော့ အတိအကျကို ပြောနေလေသည်။

ဒါပေမယ့် နေရောင်ခြည်ကတော့ ဦးကျော်ခနရဲ့ မျက်ဝန်း တွေထဲမှာ သူမနဲ့ပတ်သက်သော အရောင်ကို မဖတ်တတ်လေ ဘယ်သူ့စကားကိုမှ မယုံကြည်ခဲ့ပါ။

"မင်းက ....စနေသမီးလား"

"ဟုတ်တယ်"





နေရောင်ခြည် စနေထောင့်ရောက်တော့ ရပ်လိုက်ပြီး ဝယ် လာသော ပန်းတွေလှူဖို့လုပ်လျှင် ပိုက်ဆံအိတ်တွေရော၊ ပန်းစည်း တွေရော၊ ရှုပ်ယှက်နေသဖြင့် ဦးကျော်ခနက...

"ပေး...ပေး...ပိုက်ဆံအိတ် ငါကိုင်ထားမယ်"

ဟု ပိုက်ဆံအိတ်လေးယူကိုင်ပေးတော့ နေရောင်ခြည့်ရင်ထဲ ကြည်နူးသွားပါသည်။ အေးလူတွေက ဘယ်လိုထင်မလဲ။ ဒီစုံတွဲလေး တွေတူ ဘုရားလာတာ ကောင်မလေးပန်းလှူတုန်း ကောင်လေးက ပိုက်ဆံအိတ်လေးကိုင်ပြီး စောင့်ပေးနေတယ်ပဲပေါ့။

"ဦးကျော်ခနကရော၊ ဘာနေ့သားလဲ"

"စနေပဲလေ"

"ဟင်...ဟုတ်လား"

"ဘာဖြစ်လို့ အံ့ဩရတာလဲ"

"တနင်္လာထင်လို့"

"ရှေ့ဆုံးနာမည် "ကျော်" က ငါ့အဖေနာမည်ထဲမှာပါလို့ ယူ တာပါ၊ ငါ့အစ်ကိုက ကျော်ဇေယျလေ"

"သြော်...ဟုတ်သားပဲ"

"ပြီးပြီလား၊ ပြီးရင် သွားမယ်လေ"

"ဦးကျော်ခနလည်း စနေပဲဟာ၊ ဒီမှာ ရေလှူလိုက်ပါဦးလား"

"မင်းမွေးနေ့အတွက်လာတာ၊ မင်းပဲလှူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . မရဘူး၊ ဦးကျော်ခနေလည်း လူ့ရုပ်မှာပေါ့၊ ဓနေ
အတူလူ့မှ . . ."

"ဘာဖြစ်လဲ"

"နောက်ဘဝမှာ ရေစက်ဆုံရမှာပေါ့"

နေရောင်ခြည်က ရင်ထဲမှာရှိတာကို ပြောချလိုက်မိတော့
လေသည်။

ကျော်ခနက နေရောင်ခြည့်ကို စိုက်ကြည့်ရင်း ရင်ထဲမှာ တစ်
တော့ ဖြစ်သွားပါသည်။ မင်း အဲဒီလောက်တောင် ကိုယ့်အပေါ်
လမ်းတွယ်တာနေပြီလား နေရောင်ခြည်၊ မဖြစ်သေးပါဘူး။ ငါ မင်း
ရွေးချယ်လိုက်ဖို့ မဖြစ်နိုင်ဘူး။

"နောက်ဘဝဆိုတာကို ယုံလို့လား"

"ဦးကျော်ခနက ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်တယ်ဆို
နောက်ဘဝကို ဘာမယုံစရာရှိလဲ"

"အေးပါ၊ ထားပါတော့၊ အငြင်းမပွားတော့ပါဘူး၊ မင်းပဲ ဓ
လိုက်ပါ၊ ငါ့အတွက်ပါ လူချင်တယ်ဆိုလည်း မင်းပဲရောပြီး လူ
လိုက်ပါ၊ ဟုတ်ပြီလား၊ စိတ်ချမ်းသာပြီလား"

ဘုရားက ပြန်ဆင်းလာသောအခါ အမှောင်ထုက ကြီး
နေလေပြီ။ တိတ်ဆိတ်စွာ ကားမောင်းပြီးပြန်လာသော အိမ်ပြန်
နေရောင်ခြည်ကတော့ မချင့်မရဲဖြစ်မိလေသည်။ ဘာကယ်တော့
နိုင်ရင် သူ့ရင်ထဲက တစ်စုံတစ်ရာကိုဖြစ်ဖြစ် ကြားရချင်ပါရဲ့၊ သူ





အရာတွေဟာ ခန့်မှန်းရခက်ပေမယ့်လည်း အမှတ်မထင်ဖြစ်ဖြစ် သူ့
နှုတ်ဖျားကထွက်ကျလာမယ့် မျှော်လင့်တမ်းတမိနေသော စကားမျိုးကို
ကြားရချင်ပါရဲ့။

နေရောင်ခြည်သည် အရာမထင်သော အိပ်မက်တွေကို စိတ်
ကူးယဉ်လို့ ကောင်းနေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၇ )

မြတ်သင်းမဥ္စူဟူသော မိန်းကလေးကို မေမေ မိတ်ဆက်ပေးသည်ကတော့ ငါရှာနေတဲ့ ဒီလိုမိန်းကလေးမျိုးပဲဟု ခေါင်းထဲမှာ ချက်ချင်းတွေးမိလေသည်။ ရုပ်ရည်၊ ပညာအရည်အချင်း၊ မိဘမျိုးရိုးနှင့် ယုမရဲ့ ကြာခြေသိက္ခာ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိသော အနေအထားမို့ နေရောင်ခြည့်မွေးနေ့ ဆွမ်းကျွေးကိုပယ်ပြီး မြတ်သင်းမဥ္စူတို့၏ သိမ်အလှူ ရေစက်ချပွဲကို လာခဲ့ရကျိုးနပ်သည်ဟုတောင် ထင်မိသည်။

ယခုတော့...

နှစ်ယောက်အတူတွဲပြီး ဆုံစည်းစကားပြောဆိုကြသောအခါ တော့်ခနေရဲ့စိတ်တွေ ဒီမိန်းကလေးထဲမှာ အာရုံစူးစိုက်လို့မရသဖြင့် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သေချာစွာ ပြင်ဆင်ထားသော အရှည်ထားသည့် လက်သည်းလှလှလေးတွေကို ငေးလိုက်၊ တိုတိတိနှင့် ဘာဆေးရောင်မှလဲ ဆိုးမထား၊ ဘာအရောင်မှလည်း တင်မထားသော သာမန်ပန်းရောင် လက်သည်းလေးတွေရဲ့ပိုင်ရှင် နေရောင်ခြည့်ကို သတိရလိုက်။

ရှည်လျားကော့ညွတ်အောင် ပုံဖော်ထားသော မျက်တောင် တဖျပ်ဖျပ်တွေကို အသာကြည့်လိုက်၊ မျက်တောင်ထူထူစိပ်စိပ်လေးတွေနဲ့ ကော့လည်းမကော့၊ ရှည်လည်းမရှည်သော နေရောင်ခြည်ရဲ့ မျက်တောင်တွေကို သတိရလိုက်။

မထူမပါးနှင့် လှပသော နှုတ်ခမ်းလွှာလေးတွေကို အသာ လှမ်းကြည့်မိစဉ် ခပ်ထူထူစုစုလေးနှင့် ချစ်စဖွယ်ကောင်းသော နေရောင်ခြည်ရဲ့ နှုတ်ခမ်းလေးတွေကို သတိရမိလာပြန်သည်။ အဲဒီနှုတ်ခမ်းလေးတွေက တစ်စုံတစ်ခုကို အံ့အားသင့်သွားတာမျိုး၊ လန့်သွားတာမျိုး၊ ဒါမှမဟုတ် စိတ်ဝင်တစားဖြစ်နေတာမျိုးတွေဆိုလျှင် ခပ်ဟဟ လေးပွင့်သွားတတ်ကြောင်းပါတွေ့ပြီး သတိရလာသည်။

လှပစွာ ပုံဖော်ထားသော လိုင်းတွန့်ဆံပင်လေးတွေ တလွင့်လွင့်နှင့် ခေါင်းလေးခပ်မြင့်မြင့်၊ မေးကလေး ခပ်မော့မော့ဖြင့် စကားပြောတတ်သောဟန်ကို မြင်နေရတော့ ပါးပါးပျော့ပျော့ဆံပင်လေးတွေ ခေါင်းမှာကပ်နေတတ်သော မျက်လုံးဝိုင်းဝိုင်းနဲ့ နေရောင်ခြည့်ကိုသာ ပိုပြီး တမ်းတလာသည်။

"ဘာဖြစ်လို့လဲ ကိုခနေ၊ မဒ္ဒူပြောတာကို နားမလည်လိုက်ဘူးလားဟင်"





ကျော်ခနေ ယောင်ပြီး ခေါင်းခါမိသွားသောအခါ မြတ်သင်းမဒ္ဒူက တွေ့သွားပြီး မေးလိုက်တော့မှ ... ကျော်ခနေ အလဲလဲအပြိုပြို ... ရှိုဖရဲအမှုအရာတွေဖြစ်ကာ ...

"ဟာ...မဟုတ်ပါဘူး...မဟုတ်ဘူး"

ဟု ဖြေလိုက်ရသည်။

"ဘာလို့ ခေါင်းခါတာလဲဟင်"

"ဩော် ... အဟင်း ... ခေါင်းထဲမှာ အလုပ်ကိစ္စတစ်ခု တွေးမိရင်း မဖြစ်နိုင်ဘူးလို့ စဉ်းစားမိတာနဲ့ ယောင်ပြီး ခေါင်းခါမိတာ ထင်တယ်"

ကျော်ခနေ ကမန်းကတန်း လိမ်ညာလိုက်ရသည်။

"ကိုခနေက သိပ်အလုပ်လုပ်တာပဲနော်၊ မဒ္ဒူ ကြားဖူးနေတာ ကြာပြီ၊ ခုမှ လူချင်းတွေ့မှပဲ တကယ်ပါလားလို့ သိတော့တယ်၊ စကားပြောနေရင်းနဲ့တောင် အလုပ်အကြောင်းတွေးနေတယ်နော်"

မြတ်သင်းမဒ္ဒူက ခနဲ့သလိုပြောရင်း ခပ်သဲ့သဲ့ရယ်လေသည်။ သူမစိတ်ထဲမှာလည်း အလိုမကျတော့ ဖြစ်သွားသည်။ ဘယ်လိုလူလဲ။ သူပဲ တစ်နေရာရာမှာ စကားပြောရအောင်၊ ဆုံကြရအောင်လို့ ဖုန်း ခဏခဏဆက်သွယ်တာမို့ ...

"ကျော်ခနေလိုလူဟာ တော်ရုံမိန်းကလေးကို အရေးပေးတာ မဟုတ်ဘူး၊ သမီးကိုကျမှ ခဏခဏဖုန်းဆက်၊ စကားပြောနဲ့ တွေ့ဖို့ဆုံဖို့ ချိန်းတာဆိုတော့ သူ သမီးကို သဘောကျလို့ပဲပေါ့။ သူ့လိုလူက ဂဘာ်ခ



www.burmeseclassic.com

www.burmeseclassic.com



သင့်တဲ့သူပဲ . . . သမီးရေ။ သမီးကံကောင်းလို့ သူသဘောကျတာ ဖြစ်နိုင်ရင် လက်ခံလိုက်"

မိဘတွေကတော့ ကျော်နေလိုလူမျိုးဟာ မိဘတိုင်း သမက်တော်လိုသောလူမို့ သဘောတူလိုက်တာမှ တစ်ပိုင်းကို သေနေပြီ။ မြတ်သင်းမဉ္ဇူကိုယ်တိုင်ကလည်း လူပုံခပ်ချောချော ခပ်ဖြောင့်ဖြောင့်နဲ့ စီးပွားရေးမှာ နာမည်ကြီးလှသော Glory အုပ်စုရဲ့ပိုင်ရှင်ကြီးမို့ ကျေကျေနပ်နပ်ကို လက်ခံချင်သွားခဲ့သည်။

စိတ်ထဲမှာ ချစ်တာကြိုက်တာထက် သူဟာ ငါ့ကိုကျူမှ ရွေးတယ်၊ ငါ့ကိုကျူမှ လက်ထပ်လိုတယ်ဆိုသောအသိက ဘဝင်ကို တော်တော်လေးမြှောက်လေရာ ထိုသူ သုံးခါမြောက်ဖုန်းဆက်ပြီး စကားလေး ဘာလေးပြောရင်း...

"ဘယ်လိုလဲ၊ အားလား၊ အပြင်မှာ တစ်ခုခုသွားစားကြမလား"

ဆိုလာတော့ ဟန်လုပ်အကြောင်းပြမနေတော့ဘဲ လက်ခံလိုက်တာဖြစ်ပါသည်။

အခုကျတော့ စကားတွေသာ ရှာကြံပြောနေရတယ်။ သူ့ပုံစံက အင်းမလုပ်၊ အဲမလုပ်။ စိတ်နဲ့လူနဲ့ပဲ မကပ်သလိုလို။ တစ်နေရာရာကိုပဲ စိတ်ရောက်နေသလိုလို။ အဲဒီလိုကျတော့ မြတ်သင်းမဉ္ဇူရဲ့မာနကို လာထိပါးသလိုပါပင်။ မြတ်သင်းမဉ္ဇူဆိုတာကလည်း မာနကို တလူလူလွှင့်ကာ တော်ရုံယောကျ်ားကိုတောင် လှည့်ကြည့်ခဲ့တာမဟုတ်ဘူး။

"ကိုမနေ . . . တွေးစရာတွေ၊ အလုပ်ကိစ္စတွေ ပြည့်နေရင်လည်း





မဉ္ဇူကို ဘာကြောင့် တစ်ခုခုသွားစားမယ်ဆိုပြီး ချိန်းလဲ၊ အေးအေးဆေးဆေးဖြစ်မှ ချိန်းရောပေါ့"

"ဆောရီး...ကိုယ့်အမှားပါ"

"ပြန်ကြမယ်"

"အင်းလေ...ပြန်တာပေါ့"

မြတ်သင်းမဉ္ဇူကတော့ "ဟာ . . . မပြန်ပါနဲ့ဦး၊ အချိန်ရသေးတာပဲ၊ ခဏလောက်ထိုင်ပါဦးလား" ဟူသော စကားမျိုးကို မျှော်လင့်မိပေမယ့် ကျော်နေက အလွယ်တကူပင် ထရပ်လိုက်တာကြောင့် ရင်ထဲမှာ တော်တော်အောင့်သွားပါသည်။ သူ့ပုံစံက ဒီကနေ ဖြစ်နိုင်ရင် ချက်ချင်းတောင် ပြန်ထွက်ချင်နေတဲ့ ပုံစံပဲ။ ဘာများဖြစ်လို့ပါလိမ့်။ ငါပြောတဲ့စကားတွေထဲမှာ ဘာများသဘောမကျစရာပါလဲ။

ဘာမှတော့ မပါလောက်ဘူးဟု ထင်သည်။ စင်ကာပူမှာ နှစ်နှစ်ကျောင်းတက်၊ ပြီးတော့ အင်္ဂလန်မှာ သုံးနှစ်တက်ပြီး ဒီပြန်လာ . . . စသော အကြောင်းအရာတွေ၊ နိုင်ငံတကာမှာကြုံရတဲ့ အတွေ့အကြုံတွေဟာ ဘာသဘောမကျစရာရှိလဲ၊ တခြားမိန်းကလေးတွေ ဟိုတယ်ဇက်ရှင်က ဘယ်လို၊ ဘယ်ရှော့ပင်းမောလ်မှာ ဈေးဝယ်လိုက်တာ ဘယ်လိုဆိုပြီး သုံးတဲ့ဖြုန်းတဲ့အကြောင်းပြောတာလည်း မဟုတ်ပါဘူး ဟု မြတ်သင်းမဉ္ဇူ တတွေးတွေးဖြစ်လာသည်။

နှစ်ယောက်သား တိတ်ဆိတ်စွာပြန်လာရသောလမ်းမှာ ကျော်နေကတော့ သူ့ခေါင်းထဲမှာ အစီအစဉ်တွေဖြင့် ရှုပ်ထွေးနေသည်။ မြတ်သင်းမဉ္ဇူကလည်း မာနကို ထိပါးခံရသလိုဖြစ်ကာ သူ ဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



ချော့လာမလဲဆိုသော မျှော်လင့်ချက်ဖြင့် တမင်ကို တိတ်ဆိတ်နေခဲ့သည်။

မြတ်သင်းမဠှုကို အိမ်မှာချပေးပြီးသောအခါမှာတော့ ကျော်ခနေထံတွင် ဆုံးဖြတ်ချက်တစ်ခု အသေအချာပင် ပါလာခဲ့ပြီဖြစ်သည်။ မေမေမေးလာရင်တော့ ကျွန်တော် တကယ်လက်ထပ်သင့်တဲ့ မိန်းကလေး တွေ့ပြီဟု ပြောလိုက်ရုံပင်။

ကျော်ခနေ ကုမ္ပဏီရုံးခန်းသို့ ပြန်ရောက်သောအခါမှာတော့ မျှော်လင့်မထားသော သူတစ်ယောက် စောင့်နေတာကို ကြုံရသည်။ ထိုသူကား သက်ပြည့်ဆိုတဲ့ကောင်လေးပဲ ဖြစ်ပါသည်။

"ဦးကျော်ခနေ . . . အပြင်မှာ Lunch လန့်ချ်သွားစားတယ် တစ်နာရီလောက်တော့ ပြန်ရောက်နိုင်တယ်ဆိုလို့ ကျွန်တော် ထိုင်စောင့်နေတာပါ။ ကျွန်တော် ခဏစကားပြောလို့ရမလားခင်ဗျာ"

ကျော်ခနေသည် ရုပ်ရည်သန့်သန့်လေးနဲ့ ငယ်ရွယ်ကာ၊ ထက်မြက်သော သက်ပြည့်ကို အလိုမကျသလိုကြည့်ရင်း . . .

"ဘာကိစ္စများလဲ၊ ငါ အချိန်တော့ သိပ်မပေးနိုင်ဘူး။ နှစ်နာရီမှာ ကုမ္ပဏီအစည်းအဝေးလည်း ရှိတယ်"

"ကျွန်တော် ပြောမယ့်စကားက နာရီနဲ့ချိန်ပြီးတော့ မကြာပါဘူး"

ကောင်လေးက လေသံပျော့နေရာမှ ခပ်မာမာအသံ ပြောင်းသွားကာ ပြန်ပြောပါသည်။

"ကောင်းပြီ၊ ရုံးခန်းထဲ ဝင်လာခဲ့ပါ"





ဦးကျော်ခနေနောက်သို့ သက်ပြည့် ဝင်လိုက်လာခဲ့ပါသည်။ ကျယ်ဝန်းသော ရုံးခန်းထဲတွင် အံဆွဲအဆင့်ဆင့်များပါသော ရုံးသုံးအလုပ်စားပွဲများ၊ မီးဖိုချောင်ငယ်လေးသဖွယ် ပြင်ဆင်ထားသော အကန့်၌ ကော်ဖီစက်၊ ရေခဲသေတ္တာ၊ မိုက်ခရိုဝေ့ဖ်မီးဖိုတစ်လုံး၊ ပေါင်မုန့်တင်စက်များ အစီအရီ နံရံကပ်ဗီရိုထဲမှာ ကော်ဖီမှုန့်၊ လက်ဖက်ရည်ဖျော်သော Lipton လစ်ပ်တန်အထုပ်၊ သကြားဘူး၊ ကော်ဖီခွက်၊ ပန်းကန်ပြား၊ ပန်းကန်လုံး၊ ဇွန်းခက်ရင်း စသဖြင့် အစီအရီ သေသပ်စွာ စီထည့်ထားတာ တွေ့ရသည်။

ဦးကျော်ခနေကတော့ ဆုံလည်ထိုင်ခုံကြီးမှာ ဝင်ထိုင်လိုက်၏။ သက်ပြည့်ကတော့ ဦးကျော်ခနေနဲ့ စားပွဲတစ်လုံးခြားသော ကုလားထိုင်မှာ ထိုင်ရသည်။

"ကဲ . . . ပြော"

ဦးကျော်ခနေက ဆုံလည်ကုလားထိုင်၏ နောက်မှီပေါ် ကျောကို ခပ်ပြေပြေမှီထိုင်၊ လက်နှစ်ဖက်ကိုလည်း ဝိုက်လိုက်ရင်း သက်ပြည့်ကို စိုက်ကြည့်ကာ ပြောလိုက်လေသည်။

"ဒီလိုပါ။ ကျွန်တော် အတိအလင်း သိချင်တာလေးတစ်ခု ရှိလို့ပါ"

သက်ပြည့်က အင်းမလုပ်အဲမလုပ် အမူအရာဖြင့် ခပ်တည်တည်ကြည့်နေသော ဦးကျော်ခနေကို သူကလည်း ယောက်ျားပီပီ ခပ်တည်တည် ပြန်ရင်ဆိုင်ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“တကယ်လို့များ ကျွန်တော်က မိနေ…အဲ…နေရောင်ခြည်ကို ပတ်သက်ချင်တယ်ဆိုရင် ဦးကျော်မနေ ခွင့်ပြုနိုင်မလားဆိုတာပါ”

ကျော်မနေရင်ထဲ လှုပ်ခနဲဖြစ်သွားပါသည်၊ ဒီလိုမေးလာလိမ့် မယ်လို့ မျှော်လင့်မထားမိပါချေ။ ရင်ထဲမှာ တဖြည်းဖြည်း တင်း ကျပ်လာသလိုလည်း ခံစားလာရသည်။

“ဘေးပတ်ဝန်းကျင်က ပြောကြဆိုကြတာတွေ၊ ထင်မြင်ကြ တာတွေကို ကျွန်တော် မယုံပါဘူး၊ ကျွန်တော် မိနေနဲ့ ငယ်ငယ်ထဲက ပေါင်းလာတဲ့ သူငယ်ချင်းပါ။ ပြီးတော့ သူ့ကို ငယ်ငယ်တုန်းကလည်း ချစ်လာခဲ့တဲ့သူပါ၊ မိနေရဲ့ စိတ်နေသဘောထား၊ အကျင့်စရိုက်ကို ကျွန်တော့်လောက် ဘယ်သူမှ မသိနိုင်ဘူး။ မိနေကို ကျွန်တော် ယုံတယ်၊ သူ့ဘဝမှာ ဘယ်သူမှ အားကိုးတိုင်ပင်စရာမရှိတဲ့ အခြေ အနေတုန်းကတည်းက ကျွန်တော်ဟာ သူ့ရဲ့တစ်ဦးတည်းသော တိုင်ပင် ဖော်၊ တိုင်ပင်ဖက်၊ အားကိုးဖက် အဖော်ကောင်းပါ၊ ဒီတော့ ကျွန်တော် မိနေကို လက်ထပ်ယူပြီး စောင့်ရှောက်ဖို့ကို အဆင်သင့်ပါပဲ”

“ကျော်မနေ ခေါင်းတစ်ချက် ညိတ်လိုက်ပါသည်။ ဘာကြောင့် လဲဆိုတော့ နေရောင်ခြည့်အနားမှာ ဘယ်သူမှ မရှိခင်ကတည်းက သူဟာ တိုင်ပင်ဖော်” ပါဟု ပြောလိုက်သော သက်ပြည့်၏စကားကို လက်ခံမိ၍ပင်။ နေရောင်ခြည်ရွှေဆိုင်မှာ ရွှေစလေးတွေ လာရောင်း တာမြင်ရတဲ့ သူတို့နှစ်ယောက်ရဲ့မြင်ကွင်းကအစ Platinum (ပလက် တီနမ်) ဟိုတယ်ထဲမှာ အလုပ်ရဖို့ ကြိုးစားပေးတာကအဆုံး သက်





ပြည့်ဟာ နေရောင်ခြည့်အပေါ် ဘယ်လောက်ထိ ကူညီခဲ့သလဲ၊ အရေး ပါခဲ့သလဲဆိုတာ သိသာပါသည်။

“ဦးကျော်မနေ ခွင့်ပြုမယ်ဆိုရင်…”

“နေပါဦး၊ နေစမ်းပါဦး သက်ပြည့်ရဲ့ ငါ ခွင့်ပြုမယ်ဆိုရင်ဆိုတဲ့ စကားကို ဘာကြောင့် ထည့်ပြောရတာလဲ”

“မိနေက ခုလောလောဆယ်မှာ ဦးကျော်မနေရဲ့အရိပ်အောက် မှာ နေနေတယ်။ ဦးကျော်မနေရဲ့ သြဇာခံတစ်ယောက်လို ဖြစ်နေတယ်။ မိနေသဘောထားက ဦးကျော်မနေက ဒါလုပ်ပါဆိုရင် လုပ်မယ်၊ မလုပ် နဲ့ဆိုရင် မလုပ်ဘူးဆိုတဲ့သဘောမျိုးပုံစံ ဝင်နေတယ်။ သူက ဦးကျော် မနကို ကျေးဇူးရှင်တစ်ယောက်လို ကိုးကွယ်ပြီး ဦးကျော်မနေ သေဆိုသေ၊ ရှင်ဆိုရှင် နာခံမယ့်သဘော ဖြစ်နေတယ်”

“ဟား…ဟား…ဟား…ဟား”

သက်ပြည့်ရဲ့ ဝေဖန်စကားကို ကျော်မနေ ရယ်လိုက်မိပါသည်။ ဒီလောက်တောင်ပဲလား နေရောင်ခြည်။ သက်ပြည့်ဟာ နေရောင်ခြည် စိတ်နေသဘောထား၊ အမူအရာတွေကို ဒီလောက်တောင် လေ့လာ အကဲခတ်နေတတ်သလား။

“ငါက သူ့ရဲ့အုပ်ထိန်းသူ မဟုတ်ပါဘူး၊ မင်း သွားမေးရမှာက သူ့အမေပါ”

“ဒေါ်ဒေါ်က ကျွန်တော့်ကိုဆို အချိန်မရွေး လက်ခံပြီးသားပါ”

“သူနဲ့ငါ ဘာမှမဆိုင်ဘူး၊ ဟိုကဒီကတွေပြောသလို စဉ်းဆော လည်း မဟုတ်ဘူးဆိုတာရော၊ မင်း တကယ်ယုံလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်၊ ဦးကျော်ခနလိုလူက အဲ . . . ဟို . . . ကျွန်တော် ဝေဖန်ရင် စိတ်မဆိုးပါနဲ့"

"ရတယ် . . . ပြောပါ"

"ဦးကျော်ခနလိုလူက မိနေလိုမိန်းကလေးကို စိတ်မဝင်စားနိုင်ဘူးလို့ ထင်တယ်"

"ဘာဖြစ်လို့လဲ"

"မိနေက မလှဘူး၊ ချစ်စရာကောင်းတဲ့ရုပ်လေးပဲ ရှိတာ ပြီးတော့ ပညာလည်း မတတ်ဘူး၊ လူရည်လည်း မလည်ဘူး၊ အလည်းအတယ်၊ လူတောမတိုးဘူး"

သက်ပြည့် ဝေဖန်တာတွေဟုတ်နေသဖြင့် ကျော်ခန တဟားဟား ရယ်မိသည်။ ဒီကောင် နေရောင်ခြည့်ကို တော်တော်ချစ်တာပါပဲလား။ သူပြောနေတာတွေဟာ နေရောင်ခြည့်ရဲ့ Character (ကာရိုက်တာ) တွေပါပဲလား။

"ဦးကျော်ခနကတော့ ကျွန်တော်ကြားထားတဲ့ သတင်းတွေအရဆိုရင် အကောင်းဆုံး၊ အမြင့်ဆုံးကိုမှ ကြိုက်တယ်။ မိန်းမဆိုလည်း ချောပေ့ လှပေ့၊ ထက်မြက်ပေ့ဆိုတဲ့ မိန်းကလေးမျိုးကိုမှ ရွေးမယ်လို့ သိထားတယ်။ ပြီးတော့ ဦးကျော်ခနက ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုလည်း သိပ်ဂရုစိုက်တယ်၊ အဲဒီလိုလူမျိုးက ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို နာမည်အပျက်ခံပြီး စပွန်ဆာပေးမယ်လို့ ထင်တာ မထင်ပါဘူး"





"ကောင်းလိုက်တဲ့ ဝေဖန်ချက်ပါပဲ မောင်ရင်"

"ဦးကျော်ခနက တိုက်တွန်းမှု၊ ခွင့်ပြုမှု မိနေက ကျွန်တော့်ကို လက်ခံလိမ့်မယ်လို့လည်း ထင်နေတယ်။ အဲဒါ ဘာကြောင့်လဲလို့တော့ မမေးပါနဲ့ခင်ဗျာ"

သက်ပြည့် ခပ်နှင်နှင်အသံဖြင့် ပြောလိုက်သောအခါ ကျော်ခနသည် သူ့ကိုကြည့်လိုက်တိုင်း မြတ်နိုးအားကိုးတွယ်တာလိုသော၊ တစ်စုံတစ်ရာကို မျှော်လင့်သော ခံစားချက်တွေပါနေတတ်သည့် နေရောင်ခြည်၏ မျက်လုံးဝိုင်းလေးတွေကို သတိရသွားမိပါသည်။ ဒီတော့ ရင်ထဲမှာ နွေးသွားသည်။

သို့သော် ထိုခံစားချက်ကို ဖျောက်ပစ်လိုက်ရပါသည်။ သက်ပြည့်ဟာ သူ့ထက်တောင် နေရောင်ခြည့်ကို ပိုပြီး အကဲခတ်တတ်သူဖြစ်လေရာ နေရောင်ခြည့်ရင်ထဲမှာ ဘာရှိသလဲဆိုတာ သိကိုသိနေပြီမို့ ဒီလိုစကားမျိုး ပြောလာတာ ဖြစ်လိမ့်မည်။

ဒီတော့ ငါ ဘာလုပ်ပေးနိုင်မလဲ။

"မိနေကို လက်ထပ်ပြီးရင် ကျွန်တော် သူ့တို့သားအမိတွေကို ခေါ်ထုတ်သွားမှာပါ၊ ဦးကျော်ခနရဲ့ အခန်းမှာ မနေပါဘူး။ မိနေကတော့ ဦးကျော်ခန ဆက်အလုပ်ပေးမယ်ဆိုရင် ဦးကျော်ခနဆိုင်ရဲ့ မန်နေဂျာအလုပ်ကို ဆက်လုပ်ရင် လုပ်လို့ရပါတယ်။ ကျွန်တော်ကတော့ သူ့တို့အားလုံးကို တာဝန်ယူနိုင်ဖို့ အားလုံးပြင်ဆင်ပြီးနေပါပြီ။ ကျွန်တော် အခုမှ ခွင့်တဲ့ (- - - - - -) Hotel ကြီးမှာ Chef (စားဖိုမှူးကြီး) ရာထူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရပြီးပါပြီ။ လခကလည်း နိုင်ငံခြားသား Chef တွေကိုပေးတဲ့ လခအတိုင်းရမှာဆိုတော့ အင်မတန်မှ လုံလောက်တဲ့လခပါ"

"ဂုဏ်ယူပါတယ်ကွာ၊ ကြားရတာ ဝမ်းသာပါတယ်၊ ငယ်ငယ် ရွယ်ရွယ်နဲ့ Chef ဖြစ်ရတာ ဂုဏ်ယူစရာပါ"

ကျော်ခနရဲ့အစ်ကိုကြီး ဦးကျော်ဇေယျပိုင်သော Platinum ထက် အဆင့်ပေါင်းများစွာသာတဲ့ မလေးရှားမြန်မာ ဖက်စပ်လုပ်သော ဖိုက်စတားအဆင့် ဟိုတယ်ကြီးရဲ့ Chef ရာထူးကို ရသွားသော သက်ပြည့်၏ ကြိုးစားမှုကို အသိအမှတ်မပြုဘဲမနေနိုင်။

"နေရောင်ခြည်နဲ့ပတ်သက်လို့ ငါ ဘာမှ ခွင့်မပြုစရာမရှိဘူး သူ့ကို ငါ ချုပ်ကိုင်မထားပါဘူး၊ သူ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့် ရှိတယ်"

"သူ့ဆုံးဖြတ်ချက်ဟာ ဦးကျော်ခနရဲ့ တိုက်တွန်းမှုပေါ်တွင် မူတည်နေတယ်ဆိုရင်ရော"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

"ဦးကျော်ခန . . . စဉ်းစားပေးပါ၊ တစ်နေ့ကျရင် ဦးကျော်ခ ဟာ ဦးကျော်ခနရဲ့ "စံ" တွေနဲ့ ကိုက်ညီတဲ့ မိန်းမတစ်ယောက် လက်ထပ်သွားမှာပါ၊ အဲဒီကျရင် မိနေကို ဒီလိုအထောက်အပံ့တွေ ထားဖို့ မသင့်တော်ဘူး၊ ထားလို့လည်း မရတော့ဘူးဆိုတာ ဦးကျော်ခ သိပါတယ်။ နောက်ပြီး ကျွန်တော်မို့ အားလုံးကိုနားလည်ပြီး မိနေ





သုံ့လို့ ယုံယုံကြည်ကြည် စိတ်ရှင်းရှင်းနဲ့ လက်ထပ်နိုင်တာပါ၊ ကျွန်တော်နဲ့ သု မဆုံစည်းခဲ့ရရင် သူ့ဘဝမှာ အခြားတစ်ယောက်နဲ့ လက်ထပ်ဖြစ် ခဲ့တဲ့အခါမှာ "တစ်ချိန်က ဦးကျော်ခနနဲ့" ဆိုတဲ့ ကောလာဟလတွေ ကြောင့် သူ့အိမ်ထောင်ရေးဟာ အဆင်ပြေချောမွေ့ချင်မှ ချောမွေ့ လိမ့်မယ်။ သူ့ဘဝတစ်လျှောက်လုံး ခံစားနာကျင်သွားရမှာကို ကျွန်တော် မလိုလားဘူး၊ ကျွန်တော့်လိုလည်း ဦးကျော်ခနလည်း လိုလားမယ် မထင်ဘူး"

* * *

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၈ )

"မင်းကို ငါ ပြောစရာရှိတယ် နေရောင်ခြည်၊ ငါ အခု ဖုန်းဆက်ပြီး တစ်နာရီအတွင်း လာခေါ်မယ်၊ အသင့်ပြင်ထားပါ"

နေရောင်ခြည်တစ်ယောက် ဒီဖုန်းပြောသံကို လက်ခံရပြီး တတည်းက တမျှော်မျှော်၊ တစောင့်စောင့် ဖြစ်နေတော့လေသည်။

နေရောင်ခြည်က အလှအပလည်း သိပ်ပြင်တတ်သူမဟုတ်လို့ ဆိုင်မှာ နေ့စဉ်အလုပ်လုပ်နေကျ ပုံစံလေးအတိုင်းပင် ဝတ်ထားပြီးသားဖြစ်ရာ ဘာမှပြင်ဆင်စရာလဲ မလိုပါ။ ရိုးရိုးမီနီမားကတ်မှ ဆိုင်ဝန်ထမ်းမှာလည်း ဝတ်စုံရယ်လို့ သီးသန့်မရှိသဖြင့် နေရောင်ခြည်လည်း ဝတ်စုံဝတ်စရာ မလိုပါ။

အခုနောက်ပိုင်းတော့ ငွေကြေးချောင်လည်ပြီး နည်းနည်းလည်း သုံးနိုင်စွဲနိုင်လေရာ အဝတ်အစား ကောင်းကောင်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဝတ်လေ့ရှိပါသည်။ ခေတ်လူငယ်မို့ ထဘီကိုတော့ သိပ်ဝတ်လေ့မရှိပေမယ့် နေရောင်ခြည်က ဘယ်တုန်းကမှလဲ ရှေ့ပင်သိမ်းကွာတားတွေ မဝတ်ဖူးခဲ့လေရာ အခုတော့ ဂျင်းစကတ်ရှည်လေးတွေ ကိုရီးယားစကတ်ရှည်လေးတွေ၊ ကိုယ်တိုင်ပိတ်စဖြင့်ချုပ်သော စကတ်လုံချည်လေးတွေတော့ ဝတ်ပါသည်။ ရယ်ဒီမိတ်အင်္ကျီလေးတွေ၊ တီရှပ်လေးတွေနှင့် ရိုးရိုးရှင်းရှင်း ဝတ်စားတတ်သော နေရောင်ခြည်မှာ လှလွန်းသည်မဆိုသာပါဘဲ ဘယ်လိုချစ်စရာကောင်းမှန်းမသိ ဆွဲဆောင်မှုရှိနေသော ပုံစံလေးဖြစ်နေသည်။

ဒါကြောင့်လည်း သက်ပြည့် မကြာခဏ ရောက်လာတတ်ပြီး တဖေးဖေး၊တသသဖြစ်ကာ စိတ်မချနိုင်ဖြစ်လာကာ…

"နင့်ကို လက်ထပ်ချင်တယ် မိနေ၊ ငါ့ကို လက်ခံပါတော့ဟာ"

ဟု ခဏခဏ ပူဆာတတ်တာဖြစ်သည်။ အမေကတော့…

"သမီးရဲ့ ကိုယ်ကျင့်တရားကိုယုံပြီး ကိုယ့်အပေါ် မပြောင်းမလဲ မေတ္တာရှိနိုင်တာဆိုလို့ သက်ပြည့်ပဲ ရှိတယ်၊ သက်ပြည့်ကိုမှ မယူရင် တခြားလူကိုတော့ ယူဖို့မစဉ်းစားနဲ့တော့၊ ဦးကျော်မနေနဲ့ ပတ်သက်ထားခဲ့တာတွေကြောင့် အိမ်ထောင်ရေးမှာ ပြဿနာဖြစ်နိုင်တယ်"

ဟူ၍ သက်ပြည့်ကိုသာ လက်ခံစေချင်သော စကားတွေ ပြောနေတတ်ပါသည်။

နေရောင်ခြည်ကတော့ တိတ်တခိုးနဲ့ ဦးကျော်မနေဆီက ကြားရမယ့် စကားတစ်ခွန်းကို ယောင်ယမ်းမှန်းဆ မျှော်လင့်နေမိသည်





ဆိုလျှင် ဒါဟာ ရူးသွပ်မှုပါလို့ ဝေဖန်လည်း ခံရမှာပင်။ ကိုယ့်အဆင့်နဲ့သူ့အဆင့်ဟာ မိုးကောင်းကင်နဲ့ မြေကြီးလောက် ကွာခြားမှန်းသိရက် တစ်နေ့တစ်နေ့ မျှော်လင့်ချက်တွေနဲ့ ရှုးရတာဟာ ဘယ်လောက်မိုက်မဲလိုက်ပါလိမ့်။

ဦးကျော်မနေ၏ ကားကြီး ဆိုင်ရှေ့ရပ်လိုက်သောအခါ နေရောင်ခြည် ချက်ချင်းပဲ ပြေးထွက်သွားမိပါသည်။ ဆိုင်ကကောင်မလေးတွေကတော့ ငေးပြီး ကျန်ခဲ့သည်။ သူဌေးနှင့် မန်နေဂျာမဟာ ဘာလိုလိုဆိုသောသတင်းစကားလည်း သူတို့ကြားမှာ ရှိနေလောက်ပြီထင်သည်။

Passenger Seat (ပတ်ဆင်ဂျာဆိတ်) နေရာတွင် ဝင်ထိုင်လိုက်သော နေရောင်ခြည့်ကို ဦးကျော်မနေက…

"အဆင်သင့်ဆိုရင် သွားမယ်"

ဟု တစ်ခွန်းသာပြောပြီး ကားကို မောင်းထွက်လိုက်ပါသည်။ စကားကို ဝေဝေဆာဆာ သိပ်ပြောလေ့မရှိသောသူမို့ နေရောင်ခြည်ကသာ စကားမစရင် သူ့ဆီမှာ ဘယ်တော့မှ ပြောစရာစကား များများမရှိလေရာ အခုလည်း တိတ်ဆိတ်နေပါသည်။

အေးချမ်းငြိမ်သက်ပြီး လူသိပ်မရှုပ်လှသော ဆာကူရာအပေါ်ဆုံးထပ်မှ သီရိပစ္စယာကော်ဖီဆိုင်ကို ဓာတ်လှေကားဖြင့် အတူတက်လာခဲ့ကြသည်။ ရန်ကုန်မြို့ကို အပေါ်စီးမှ မြင်ခွင့်ရသောနေရာကို အခုမှ နေရောင်ခြည် ရောက်ဖူးတာဖြစ်သည်။ မြင်ကွင်းကို တအံ့တသြ



www.burmeseclassic.com

www.burmeseclassic.com



ဝေးရင်း နေရောင်ခြည် သဘောအကျကြီးကျနေဟန်ကို ဦးကျော်ခေနက ပြုံးကြည့်ရင်း…

"မင်း…ဘယ်ထောင့်ကိုကြိုက်လဲ၊ ရွေးထိုင်လေ"

"အကုန်လုံး ကြိုက်နေတယ်၊ ဟင်းဟင်း . . . ဦးကျော်ခေနေ့ပဲ ရွေးလိုက်ပါ"

ဘယ်နေရာသွားသွား ဦးကျော်ခေနကသာ ဦးဆောင်မှာနေ ကြမို့ နေရောင်ခြည့်ကို မေးမနေတော့။ ကော်ဖီအိုးရောက်လာတော့ အသီးသီး ကော်ဖီဖျော်ကာ တစ်ခွက်စီ ရှေ့မှာချလျက် စကားစ ပြင်သည်။

"မင်းဘဝကို အကောင်းဆုံးဖြစ်အောင် ငါ လုပ်ပေးနေတာတွေ အတွက် မင်းစိတ်ထဲမှာ ဘယ်လိုနေလဲ နေရောင်ခြည်"

"ရှင်"

နေရောင်ခြည် ရုတ်တရက် အံ့သြသလိုဖြင့် ပြန်ကြည့်လေ သည်။ ဘာအဓိပ္ပာယ်နှင့် မေးမှန်းမသိရာ မဖြေတတ်တာလဲ ပါပါသည်။ ဒီမေးခွန်းကိုမေးဖို့ ဒီအထိ ခေါ်လာရသလားဟု တွေးမိတာလည်း ပါသည်။

"ငါ မင်းဘဝကို အကောင်းဆုံးဖြစ်စေချင်တယ် နေရောင်ခြည်"

"အခုလည်း တော်တော့်ကို ကောင်းနေပါပြီ၊ ဦးကျော်ခေ ကျေးဇူးကြောင့် အခုဆို ကျွန်မ ဆိုင်တစ်ဆိုင်ကို ဘယ်လိုအုပ်ချုပ်ရ မလဲဆိုတာလည်း ကျွမ်းကျင်သွားပြီ။ ကွန်ပျူတာအခြေခံလည်း တတ်





သွားပြီ၊ ငွေရေးကြေးရေးမှာလည်း စုမိဆောင်းမိလာပြီမို့ အစစအရာရာ အဆင်ပြေနေပါပြီ"

"နောက်ဆုံးတစ်ခု လုပ်ပေးဖို့ ကျန်သေးတယ်၊ မင်းသိလား"

"ရှင်…ဘာကိုလဲ"

"မင်းဘဝကို လုံခြုံစွာ စောင့်ရှောက်ပေးနိုင်မယ့် လူကောင်း တစ်ယောက် မင်းအနားမှာထားပေးဖို့၊ အဲဒါ ငါ့ရဲ့ မင်းအတွက် စီစဉ်ပေး နိုင်တာတွေထဲက နောက်ဆုံးတစ်ခုပါပဲ"

"ဦး…ဦးကျော်ခေ…ဘာပြောတာလဲဟင်၊ ကျွန်မ နားမလည် တော့ဘူး"

"မင်းကို ငါ စိတ်ချတဲ့သူနဲ့ လက်ထပ်ပေးချင်တာကို ပြောနေ တာ၊ မင်းတို့ကို ငါကိုယ်တိုင် စီစဉ်လက်ထပ်ပေးမယ်၊ မင်းတို့အတွက် ဘဝမှာ အဆင်ပြေပြေ၊ ချောချောမွေ့မွေ့ လျှောက်နိုင်ဖို့ အားလုံးပြင်ဆင် ပေးပြီး လက်ထပ်ပေးမှာ"

"ဟင်…အဲဒါ"

နေရောင်ခြည့်ရင်ထဲ စူးပြီး နင့်သွားလျက် ရင်ထဲမှာလည်း မွန်းကြပ်ပိတ်ဆို့သလို ခံစားလိုက်ရပါသည်။

"သက်ပြည့်ဟာ မင်းအပေါ် နားလည်ပေးနိုင်ဆုံးပါပဲ၊ မင်းကို မေတ္တာစစ်နဲ့လည်း ချစ်နိုင်တဲ့လူကောင်လေးတစ်ယောက်ပဲ၊ မင်းကို ငါ သူနဲ့ပဲ သဘောတူနိုင်တယ်၊ သူနဲ့ပဲ စိတ်ချနိုင်တယ်၊ သူတစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းဘဝကို လုံခြုံအောင် စောင့်ရှောက်ပေးနိုင်ပြီး မင်းဘဝကို အကောင်း
ဆုံးဖြစ်အောင် လုပ်ပေးနိုင်မယ့်သူလို့ ငါမြင်ထားတယ်"

သက်ပြည့် . . . သက်ပြည့် . . . ဩော် . . . သက်ပြည့်နဲ့တဲ့လား

နေရောင်ခြည်မှာ အံ့အားသင့်ရခြင်းနဲ့ ဝမ်းနည်းရခြင်း ခံစားချက်
ရောပြွန်းကာ လည်ချောင်းဝမှာတင် ပြောစရာစကားတွေ တစ်ဆို့
သလို ခံစားရပါသည်။ သူဟာ အပြတ်သားဆုံးသော ဖြေရှင်းနည်း
သူနဲ့ငါ့ရဲ့ပတ်သက်မှုကို အဆုံးသတ်ပစ်လိုက်တော့မယ့်သဘောလား။

"မင်းတို့ လက်ထပ်ပြီးရင် အခုအိမ်မှာပဲ ဆက်နေပါ၊
အိမ်ကို မင်္ဂလာလက်ဖွဲ့အဖြစ် ပေးမယ်။ မီနီမားကတ်ကို မင်းပဲဦး
လုပ်ကိုင်နိုင်တယ်၊မင်းဟာ အဲဒီမီနီမားကတ်ရဲ့ မန်နေဂျာပဲ၊ ဒီတာ
ကို ဆက်ယူပါ၊ သက်ပြည့်ကလည်း သူ့ရာထူး၊ သူ့အလုပ်အကိုင်နဲ့
တယ်နေ့ပြီ။ မင်းမှာလည်း အလုပ်အကိုင်ကောင်းနဲ့ အဆင်ပြေနေ
မင်းတို့ဘဝ အားလုံး အစစအရာရာ အဆင်ပြေသွားမှာပါ"

နေရောင်ခြည်မှာ မျက်ရည်မကျအောင် စိတ်တင်းထားပေမ
မရ။ ရစ်ဝိုင်းလာသော မျက်ရည်တွေက မျက်ဝန်းအိမ်ထဲပြည့်လာ
မျက်တောင်တစ်ချက်အခတ်မှာ ပြုတ်ကျလာသည်။

"ဘာဖြစ်လို့ ငိုတာလဲ၊ သက်ပြည့်ဟာ မင်းရဲ့ငယ်သူငယ်ချင်း
မင်းကို တစ်သက်လုံး ချစ်လာနိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲ၊
အချစ်ကို ငါ တကယ်လေးစားပါတယ်၊ ဒီတော့ သူ့လောက် မင်းအ
ဘယ်သူမှ ပိုမကောင်းနိုင်ပါဘူး နေရောင်ခြည်၊ ငါစီစဉ်တာကို လက်ခံ





တောက်ပ၍ခွေးတွေးသော ကောင်းကင်တစ်ခုအောက်မှာ

"ဘာကြောင့် အခုမှ အဲဒါတွေ ဖြစ်လာရတာလဲ"

နေရောင်ခြည်ရဲ့ မျက်ရည်တွေဟာ ဘာကြောင့်ကျသော
ကျက်ရည်မှန်း ကျော်မနေ အလိုလို ရင်ထဲမှာ သိနေပါသည်။ သို့သော်
င်ထဲမှာ ထိုအသိကို လျစ်လျူရှုဖို့ကြိုးစားလျက် အတည်ငြိမ်ဆုံးဖြစ်
အောင် ဟန်ဆောင်ကာ....

"ဘာကြောင့်လဲဆိုတာတော့ မင်းသိအောင် ပြောပြရရင် ငါ
ည်း မကြာခင်မှာ လက်ထပ်တော့မယ်။ ငါကိုယ်တိုင်သဘောကျလို့
ထားတဲ့ မိန်းကလေးနဲ့ လက်ထပ်တော့မယ် နေရောင်ခြည်၊ ငါ
က်ထပ်သွားခဲ့ရင် မင်းနဲ့ငါ အခုလိုဆက်ဆံမှုတွေကို ရပ်ရတော့မယ်။
န်းမဖြစ်လာမယ့် သူဟာ ဒါတွေကို နားလည်နိုင်မှာ မဟုတ်ဘူး၊
င်းကို ငါ ကူညီစောင့်ရှောက်နေတာတွေကို သူ ဘယ်လိုမှ ယုံ
ကြည်မှာမဟုတ်ဘူး။ ဒီတော့ ငါ မင်းအနားမှာ မရှိနိုင်တော့ရင် သက်
ည့်ဟာ မင်းကို စောင့်ရှောက်ပေးနိုင်တဲ့သူပဲလို့ မြင်လာတဲ့အတွက်
စီစဉ်တာပဲ"

နေရောင်ခြည့်ရင်ထဲမှာ ကွဲကြေလွင့်စဉ်သံတွေ ကြားနေရ
ည်ဟု ထင်မိလေသည်။ ဦးကျော်မနေ သဘောကျတဲ့မိန်းကလေးတဲ့။
ကျော်မနေ ရွေးချယ်လိုက်တဲ့ မိန်းကလေးတဲ့။ ဦးကျော်မနေရဲ့နှလုံးသား
အဲဒီမိန်းကလေးက အပိုင်စားရသွားသတဲ့လား။ ဟင့်အင်း . . .
ဘူး။ ဦးကျော်မနေဟာ နေရောင်ခြည့်ကိုပဲ ချစ်နေခဲ့တာပါ။ အဲဒါ
ရောင်ခြည် ယုံတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်မနေ ... လက်ထပ်တော့မယ်၊ ဘယ်တော့လဲ"

"ဘယ်တော့လဲ မမေးပါနဲ့၊ မင်းနဲ့သက်ပြည့် လက်ထပ်ပြီးတာနဲ့ ငါ့ပွဲပဲလို့ ငါစီစဉ်ထားတယ်"

"ဦးကျော်မနေ၊ အဲဒီမိန်းကလေးကို ယူရင်ယူပါ၊ ကျွန်မကို စောင့်ရှောက်ထောက်ပံ့နေရင် သူ အထင်လွဲမယ်ဆိုလည်း ကျွန်မတို့ သားအမိ အရင်နေနေကျအိမ်မှာ ပြန်နေရုံပဲ၊ ကျွန်မ လုပ်နေကျအလုပ်တွေကို ပြန်လုပ်ရုံပါပဲ၊ ကျွန်မကို တစ်သက်လုံး ကူညီထောက်ပံ့ပါ စောင့်ရှောက်ဖို့လည်း ကျွန်မ မမျှော်လင့်ခဲ့ပါဘူး၊ ကျွန်မဘဝကို အခု လောက် မြှင့်တင်ပေးခဲ့တာတွေ၊ စောင့်ရှောက်ကူညီခဲ့တာတွေနဲ့တင် ဦးကျော်မနေကျေးဇူးဟာ ဆပ်လို့မကုန်တော့ပါဘူး"

နေရောင်ခြည် မျက်ရည်တွေကို ပွတ်သုတ်ပစ်လိုက်သည်။ မျက်ရည်ဆက်မကျမိတော့ဖို့ စိတ်ကို တင်းလိုက်ပါသည်။ အေးလေ သူ့လိုလူက ငါ့လို အောက်ခြေလွှာက မိန်းကလေး၊ ဘာရုပ်ရည်မှ မတ် လောက်စရာမရှိတဲ့ မိန်းကလေးကို သူ့ရဲ့ မိဖုရားနေရာ မပေးတာ မဆန်းပါဘူး၊ လွမ်းနေစရာ မလိုဘူး၊ ခံစားနေစရာ မလိုဘူး။ ကြေကွဲ နေစရာ မလိုဘူး။ ဒါကို စိတ်တင်းနိုင်ရမယ်။

"ကဲ ... ဒါဖြင့် ငါမေးမယ်၊ မင်းဟာ သက်ပြည့်ကို မယူဖြစ်ခဲ့ရင် တစ်နေ့ကျရင် မင်း လိုလိုလားလား လက်တွဲယူချင်လာမယ့် ယောက်ျား တစ်ယောက် ရှိမလာနိုင်ဘူးလို့ မင်း အာမခံနိုင်လား"

"သေချာတယ်၊ ကျွန်မ ဘယ်ယောက်ျားကိုမှ လက်တွဲဖြစ်မှာ မဟုတ်ပါဘူး"





"အဲဒီလို ချက်ချင်းမဖြေနဲ့လေ၊ ဘယ်သူမှ အနာဂတ်ကို မမြင် နိုင်ဘူး။ ဗေဒင်ဆရာတောင်မှ ကြိုမဟောနိုင်ပါဘူး။ ဗေဒင်က ဟော ထားလို့ ဘာလို့ဆိုတာတွေ မယုံဘူး"

"ဦးကျော်မနေ၊ ဘာကြောင့် ကျွန်မရဲ့ အနာဂတ်ကို ခေါင်းထဲ ထည့်တွေးနေတာလဲ"

"မင်း အဲဒီလို ကလန်ကဆန်မေးခွန်းတွေ မမေးနဲ့၊ မင်းနဲ့ ပတ်သက်သမျှ ငါ တာဝန်ရှိတယ်လို့ ငါ့စိတ်ထဲမှာ ခံယူထားတယ်၊ ဘာ ကြောင့်လဲလို့ မမေးနဲ့၊ မင်းမေးစရာ မလိုဘူး၊ ဒီတော့ ငါ အခု မင်းကို မေးထားတဲ့ မေးခွန်းကိုသာ ငါ့ကိုဖြေ"

"ဘာမေးခွန်းလဲ"

နေရောင်ခြည့်အသံမှာ ဂျစ်ကန်ကန်အသံမျိုး ပေါက်နေသည်။ ကျော်မနေကိုလည်း ကျားနာမလေးတစ်ကောင်ရဲ့ အကြည့်မျိုးတွေနဲ့ ခပ်ရဲရဲ ကြည့်နေသေးလေသည်။ အရွဲ့တိုက်လိုသော ပုံစံမျိုးတွေကို တွေ့နေရသည်။ ခြော် ... နေရောင်ခြည်၊ နေရောင်ခြည်၊ ဆောရီး ပဲကွာ။ မင်း ဘာလိုချင်လဲဆိုတာ ငါ သိပါတယ်၊ ဒါပေမယ့် ငါ မပေး နိုင်ဘူး။ အဲဒါ ငါ့ရဲ့အားနည်းချက်ပဲ။

"မင်း . . . အခု သက်ပြည့်ကို မယူဘူး။ ငြင်းခဲ့ရင် တစ်နေ့ ကျရင် တခြားတစ်ယောက်ကို ယူဖြစ်သွားတာမျိုး ရှိရင်ရှိလာနိုင်မယ် လို့ မတွေးမိဘူးလား"

"ဦးကျော်မနေ ... ဘာကိုဆိုလိုချင်တာလဲ၊ တည့်တည့်ပဲပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်မနေသည် နေရောင်ခြည်၏ ဂျစ်ကန်ကန်၊ ရွဲ့တဲ့တဲ့ အပြောကို ခွင့်လွှတ်သလို ပြုံးလိုက်ပြီးနောက် တည်ငြိမ်သော အသံဖြင့်...

"တည့်တည့်ပြောရရင် အခု မင်းနဲ့ငါ့အခြေအနေဟာ ဘေးပတ်ဝန်းကျင်အမြင်မှာ ဘယ်လိုတွေရှိတယ်ဆိုတာ မင်းသိမှာပါ၊ ဒါဟာ ဘယ်လိုမှ ရှင်းပြလို့မရတဲ့ အနေအထားဖြစ်နေတာမို့ မင်းဘဝမှာ အမည်းစက်လိုဖြစ်နေတယ် နေရောင်ခြည်"

ကျော်မနေက ပြောရင်း နေရောင်ခြည့်မျက်နှာကို အကဲခတ်ပေမယ့် နေရောင်ခြည့်မျက်နှာ တစ်စက်မှမပျက်တာကို အံ့သြနေသည်။ သူ့ကို ဒီလိုပြောခံရတယ်ဆိုတာကို စကြားခါစကတော့ အင်မတန်မှ တုန်လှုပ်ပြီး ကျော်... ...ရှမှာတောင် ရင်ဖွင့်ခဲ့ဖူးတယ်။ ဒီအမည်းစက်ကြီးကို မထင်စေချင်... ...ပုံစံမျိုး ပြောခဲ့ဖူးတယ်၊ အခုတော့ နေရောင်ခြည့်ပုံစံဟာ ဒါကို မမှုတော့တဲ့ပုံ... ...ကျေနပ်နေတဲ့ပုံစံမျိုး၊ လိုလားနေတဲ့ပုံစံမျိုး။

"မင်းပဲ ပြောခဲ့ဖူးတယ်လေ၊ တစ်နေ့ကျရင် မင်း တစ်ယောက်ယောက်ကို လက်ထပ်ခဲ့ရရင်..."

"သိပါတယ်၊ သိပါတယ်၊ ကျွန်မဘဝအတွက် ဒါဟာ အိမ်ထောင်ရေးအဆင်မပြေမှုကို ရင်ဆိုင်ရစေမယ်လို့ ကျွန်မကိုယ်တိုင်ပဲ ပြောခဲ့ဖူးပါတယ်"

နေရောင်ခြည်မှာ ကျော်မနေ စကားမဆုံးခင် ဖြတ်ပြောလိုက်ပါသည်။





"အဲဒီတော့ ကျွန်မက ဘာကြောင့် သက်ပြည့်ကိုပဲ ယူရမှာလဲ"

"သက်ပြည့်ကတော့ သူကိုယ်တိုင်ပဲ ငါ့ဆီမှာ လာဝန်ခံပြီး ...င်းကို သူ လက်ထပ်ချင်တဲ့အကြောင်း၊ မင်းရဲ့ ကိုယ်ကျင့်တရားကို ...ုံသလို၊ ငါ့ကိုလည်း ဘယ်လိုလူစားမျိုးလဲဆိုတာ ယုံကြည်တဲ့ ...အကြောင်းပြောပြပြီး ငါ့ကို မင်းရဲ့ အုပ်ထိန်းသူတစ်ယောက်နေရာ ...ားပြီး လာခွင့်တောင်းတဲ့သူပါ"

ဪ... သူဟာ ငါ့ရဲ့အုပ်ထိန်းသူတဲ့လား။ နေရောင်ခြည့် ...င်ထဲ နာကျင်စွာ တွေးနေမိသည်။

"ဒီတော့ မင်းဘဝကို အစစအရာရာ တာဝန်ယူထားတဲ့သူပီပီ ...င်းကိုလည်း သင့်တော်တဲ့သူနဲ့ ငါကိုယ်တိုင် လက်ထပ်ပေးရမှ ငါ ...က်အေးလိမ့်မယ် နေရောင်ခြည်၊ မင်း ငါ့ကျေးဇူးကို ဆပ်ချင်တယ်ဆိုရင် ...စီစဉ်တာကို လက်ခံလိုက်ပါ"

"ဦးကျော်မနေ"

"ပြော...နေရောင်ခြည်"

"ကျွန်မ ... သက်ပြည့်ကို ယူလိုက်မှ ဦးကျော်မနေအတွက် ...နဲ့ထုပ်ဝန်ပိုးကြီး လျော့မယ်လို့ ဆိုလိုတာလား"

"အဲဒီ့သဘော မပါပါဘူး နေရောင်ခြည်၊ ငါ မင်းကို အထပ်ထပ် ...ခါ ပြောဖူးသားပဲ၊ မင်းဘဝကို အကောင်းဆုံးဖြစ်စေချင်တယ်၊ ...း စိတ်ချမ်းသာစေချင်တယ်၊ ဒါကြောင့် ငါစီစဉ်ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သက်ပြည့်ကိုယူရင် ဦးကျော်မနေ စိတ်ချမ်းသာမယ်ပေါ့"

"ဒါပေါ့"

"ကောင်းပြီ၊ ဒါဖြင့် ယူမယ်"

နေရောင်ခြည့်အသံမှာ အေးခဲပြီး ပြတ်သားနေသည်။ ချက်ချင်းပြောင်းလဲသွားသော ဆုံးဖြတ်ချက်ကြောင့် ကျော်မနေပင် အံ့သြယူရသည်။ စပြောခါစက တော်တော့်ကို ငြင်းဆန်နေတာမို့ မနည်းပြောယူရမယ် ထင်နေခဲ့တာ။ နေရောင်ခြည့်မျက်ဝန်းတွေမှာ မျက်ရည်မကျအောင် ထိန်းထားရသော မျက်ဝန်းတွေမျိုး ဖြစ်နေပြီး အသက်မဲ့သလိုလည်းဖြစ်နေသည်ဟု ထင်မိသည်။

"တစ်ခုတော့ ရှိတယ်"

နေရောင်ခြည် သူမသဘောနဲ့ သူမပြန်ဖို့ ထရပ်လိုက်သဖြင့် ကျော်မနေပါ လိုက်ရပ်လိုက်တော့မှ...

"ကျွန်မတို့ကို ဦးကျော်မနေကိုယ်တိုင် လိုက်ပြီး တရားရုံးမှာ လက်ထပ်ပေးပါ၊ ဘာညှေ့ခံပွဲ၊ ညာညှေ့ခံပွဲတွေ မလိုချင်ဘူး၊ ဘာမှကို မလိုချင်ဘူး၊ ဦးကျော်မနေကိုယ်တိုင် အသိသက်သေလုပ်ပြီး လက်ထပ်ပေးပါ၊ ကျွန်မ လက်ထပ်တဲ့နေ့မှာ ဦးကျော်မနေ ရှိနေပေးပါ"

ဟူသော စကားလုံးတွေကို တစ်လုံးချင်းပင် အိပ်မက်ထဲမှာ ရေရွတ်နေသလိုမျိုး ကယောင်ကတမ်းအသံဖြင့် ပြောလိုက်လေတော့သည်။ ကျော်မနေ၏ရင်ထဲတွင် ဘာတွေပေါက်ကွဲလွင့်စင်သွားမှန်းမသိဖြစ်ကာ ဆူညံနေသည်၊ ရင်ဘတ်တစ်ခုလုံး တင်းကျပ်နေသည်၊





အသက်ရှူမဝတော့သလိုလို၊ နားထဲကလေတွေ ထွက်လာသလိုလို ခံစားလာရသည်။ နေရောင်ခြည့်ရှေ့မှာ ဟန်ဆောင်နေရပေမယ့် လူက ချက်ချင်းပင် အားအင်မဲ့သွားတဲ့အတိုင်း ပြိုလဲတော့မလိုပင် ခံစားနေရသည်။

အိမ်အပြန်လမ်းမှာ အင်မတန်ကို တိတ်ဆိတ်နေခဲ့ပြီး သူတို့နှစ်ယောက်စလုံး အသက်ကင်းမဲ့နေပြီဖြစ်တဲ့ စက်ရုပ်တွေလိုပဲ လှုပ်ရှားနေမိခဲ့ကြလေတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၉ )

မျက်လုံးအစုံကို အသာမှိတ်ကာ မျက်နှာပေါ်မှာ တို့ထိပြေးလွှားနေသော လက်ချောင်းတို့၏ အထိအတွေ့ကို မေ့ပစ်ဖို့ ကြိုးစားနေရသည်။ စိတ်မပါစွာ ပြင်ဆင်နေရသော နေ့ရက်တစ်ရက်ကို ရောက်လာခဲ့ပြီ။ ဒီနေ့ဟာ နေရောင်ခြည့်ဘဝကို တစ်စုံတစ်ယောက်က အပြီးပိုင်ဆိုင်သွားဖို့ ပေးအပ်လိုက်ရတဲ့နေ့။

တစ်နည်းအားဖြင့်ပြောရရင် သက်ပြည့်နဲ့ လက်မှတ်ထိုး လက်ထပ်ရမယ့်နေ့။

"စိတ်လှုပ်ရှားနေတာလားဟင်၊ သတို့သမီးလေးက အသံကိုတိတ်လို့၊ မျက်လုံးဖွင့်ကြည့်ပြီး ဘယ်နေရာဘာဖြည့်ချင်လဲ၊ ပြောပါဦး"

အလှပြင်ပေးသော မိတ်ကပ်ဖန်တီးရှင်မာမီက သူ့ပြင်ဆင်ပေးမှု ပြီးဆုံးတော့မှာမို့ မျက်လုံး ဖွင့်ကြည့်ဖို့ တိုက်တွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း . . . မျက်လုံးတွေ မှိတ်ထားပါရစေ။ မျက်လုံးမှိတ်ထားမှ ကိုယ်ချစ်ရတဲ့သူ့ရဲ့ပုံရိပ်ကို မြင်ယောင်ကြည်နူးနေခွင့်ရမှာလေ။

"သမီး...မျက်စိဖွင့်ကြည့်လို့ရပြီတဲ့၊ ကြည့်ပါဦး"

အမေ့အသံကပါ ပေါ်လာသဖြင့် နေရောင်ခြည် စိတ်မပါစွာ မျက်လုံးတွေ ဖွင့်လိုက်ရသည်။ မှန်ထဲမှာတော့ အလှဆုံးပြင်ဆင်ထားသည့် မိန်းမတစ်ယောက်၏ ပုံရိပ်ကို တွေ့နေရသည်။ ဒါလား . . . လက်ထပ်တော့မယ့် သတို့သမီးလောင်းရဲ့ ပုံရိပ်။ အသက်ကင်းမဲ့နေသော မျက်လုံးတွေကို နေရောင်ခြည် ခပ်စူးစူးပြန်ကြည့်နေမိသည်။

"လှလိုက်တာနော်...အမေ...အမေ့သမီး လှသွားပြီ၊ သဘောကျရဲ့လား"

မိတ်ကပ်မာမီက အမေ့ကို အဖော်ညှိသလို မေးလာသည်။

သတို့သမီးက ဘာမှမပြောတော့ သူတောင် သူ့ပညာကို စိတ်ပူယ်သွားပုံရတယ်၊ မလှလို့များလားပေါ့၊ ပြီးတော့ ကြည့်ပါဦး၊ သတို့သမီးဟာ လောကကြီးကို စိတ်ကုန်ခန်းနေတဲ့ မျက်နှာကြီးနဲ့ဟု မိတ်ကပ်မာမီ စိတ်ထဲတွင် ကျိတ်ကဲ့ရဲ့နေမိပြန်လေသည်။

"ဟုတ်တယ် သမီးကြီး၊ သိပ်လှတာပဲ၊ ကျေးဇူးတင်ပါတယ်ကွယ်၊ ဆံထုံးလေးကလည်း ချစ်စရာလေး"

"သတို့သားလေးမြင်ရင်တော့ အရမ်းကို သဘောကျမှာနော်"

"အမယ်လေး . . . ဟုတ်ပ့ါ၊ သူက မနက်အစောကြီးတည်းက





ဒီလာချင်နေတာ၊ သမီးကို ပြင်ဆင်တာ သူပါ ထိုင်ကြည့်ချင်တယ်ပြောနေတာ၊ သမီးက မလာနဲ့လို့ ဟောက်ထားလို့"

အမေကတော့ နေရောင်ခြည့်ခံစားချက်ကို နားလည်သူဖြစ်လေရာ နေရောင်ခြည့်မျက်နှာ မရွှင်လှတာကို အရေးလုပ်မေးမနေတော့ချေ။ မနေ့ညကတောင် . . .

"ကိုယ်မရနိုင်တဲ့အရာကို တမ်းတပြီး စိတ်ဆင်းရဲနေတာဟာ အလကားပဲ သမီး၊ လူဆိုတာ ကိုယ်နဲ့တန်ရာတန်ရာပဲ ရတတ်တယ်၊ သက်ပြည့်နဲ့သမီး တန်လို့ရတယ်ပဲ မှတ်ပါ၊ ဦးကျော်မနေ သမီးကို မယူတာဟာ သူ့အနေနဲ့ဆို သမီးနဲ့သူဟာ မတန်ဘူးလို့ သူကိုယ်တိုင်တွက်လို့ မယူတာဘဲ၊ သူ မပေးနိုင်တာကို ဘာဖြစ်လို့ လိုချင်ရတာလဲ သမီးရယ်၊ သက်ပြည့်နဲ့ လက်ထပ်ပြီးရင် အားလုံးကို သမီး မေ့လိုက်ပါ၊ ကိုယ့်ဘဝကိုယ် ပျော်အောင်နေပါ၊ အမေကတော့ ဦးကျော်မနေကိုယ်တိုင် စီစဥ်ပေးပြီး သမီးတို့ကို လက်ထပ်ပေးတာဟာ သိပ်ကို မှန်ကန်တဲ့ လုပ်ရပ်ပဲလို့ ထင်တယ်၊ ဦးကျော်မနေကိုလည်း အဲဒီအတွက် ကျေးဇူးတင်ပါတယ်လေ"

ဟူ၍ နေရောင်ခြည့်ကို ဖျောင်းဖျနစ်သိမ့်စေသော စကားတို့ဖြင့် ဆုံးမခဲ့သေးသည်။

အမေ ဘယ်လောက်ပဲ ဆုံးမပါစေ၊ နေရောင်ခြည်မှာ မဖြေသိမ့်နိုင်၊ မမေ့ပျောက်နိုင်၊ ဦးကျော်မနေကို ချစ်နေခဲ့တာကိုလည်း မရပ်တန့်နိုင်၊ နေရောင်ခြည် အခုမှ ပိုပြီးရူးရပါပြီ၊ ဒီလူ့ကိုကျမှ တမ်းတခွဲ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိပြီး သူထားရာနေ စေရာသွားပါ့မယ်လို့တောင် ဆုံးဖြတ်ခဲ့ပြီးကာ
သူကတော့ ပစ်ပစ်ခါခါ စွန့်ပစ်ရက်ခဲ့တယ်။ သံယောဇဉ်ကို တိ
အောင်ဖြတ်တောက်ပစ်ရက်ခဲ့တယ်။

"မမကြီးက အဖြူရောင်လေးနဲ့ လိုက်တယ်၊ ဒါကြောင့် နှ
ပွင့်က အဖြူဝတ်ဖို့ အကြံပေးတာ၊ အခု ကြည့်စမ်း၊ အဖြူရောင်လေး
ဘယ်လောက်လှလိုက်သလဲ"

အဖြူရောင်ပိုးရင်ဖုံးအင်္ကျီလက်ရှည်၊ အဖြူခံပေါ် ငွေမင်ရော
ချိပ်ဆင်လုံချည်တို့ကို ဝတ်ဆင်ပြီးသောအခါ အားလုံးဟာ နေရောင်ခြ
ကိုငေးကြည့်နေရတော့သည်။

တကယ်ပဲ နေရောင်ခြည် သိပ်ကိုလှနေခဲ့ပါသည်။ မိတ်က
မာမီရဲ့ အစွမ်းအစကလည်း နေရောင်ခြည့်ကို သိပ်လှသော သ
သမီးလေးအဖြစ် ဖန်ဆင်းပေးနိုင်ခဲ့ပါသည်။

"ဟော...ရောက်လာပါပြီ"

"ကက" တက္ကစီပေါ်မှ ဆင်းလာသော သက်ပြည့်ကိုမြင်တေ
အမေက ဝမ်းသာအားရလှမ်းပြောသည်။

သက်ပြည့်က တိုက်ပုံအဖြူကိုတော့ ဝတ်မလာသေးဘဲ လ
တံတောင်မှာ ချိတ်ထားပါသည်။ လည်ကတုံးရှပ်အဖြူလက်ရှည်၊
ပုဆိုးအဖြူတို့ဖြင့် သက်ပြည့်ရုပ်လေးက သန့်ပြန့်နေကာ မွှန်ရည်
မောနေသည်။ သက်ပြည့်မျက်နှာက အပြုံးတို့ကတော့ ဖိတ်လျှံ
နေပြီး ဘေးပတ်ဝန်းကျင်ကိုပင် အရောင်ဟပ်နေသလိုပင်။





"ငါ့မိဘတွေကတော့ လုံးဝမကျေနပ်ကြဘူး၊ အသိအမှတ်
မပြုဘူးလို့ ပြောတယ် မိနေ၊ ဒါပေမယ့် ငါ ဘယ်သူ့ကိုမှ မမှုတော့ဘူး၊
နင့်မျက်နှာတစ်ခုတည်းကို ကြည့်ပြီး ငါ အားလုံးကို ကျောခိုင်းခဲ့
တော့မယ်"

သက်ပြည့် ကြိုတင်အသိပေးထားတဲ့အတိုင်းပဲမို့ သက်ပြည့်
ဘက်မှာ ဘယ်သူမှ မပါပါ။ သက်ပြည့်ကို Chef (စားဖိုမှူး) ကောင်း
တစ်ယောက်ဖြစ်အောင် ပညာကုန်သင်ပေးခဲ့သော သက်ပြည့်ရဲ့ဆရာ
ဟု သိထားသည့် စားဖိုမှူးကြီးတစ်ယောက်သာ သူနဲ့အတူ ပါလာသည်။
ဘယ်မိဘ၊ ဘယ်ဆွေမျိုး၊ ဘယ်မောင်နှမ၊ သူငယ်ချင်းမှ သက်ပြည့်
ဘက်ကမပါချေ။

"သူငယ်ချင်းတွေကအစ နင်နဲ့လက်ထပ်မှာကိုတော့ အားပေး
အားမြှောက် မကူညီနိုင်ဘူးလို့ ပြောခံထားရတဲ့ကောင်ပါ မိနေ၊ ငါ နင့်ကို
အဲဒီလောက်ထိတောင် ချစ်တာပါ၊ ငါ့ဘက်က အရာအားလုံးနဲ့ ဆန့်
ကျင်ပြီး နင့်ဘက်က ပါခဲ့ရတယ်"

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ၊ နင့်ကို ပြန်ချစ်ပေးရမှာလား"

"နင် မပေးနိုင်တာကို ငါ မတောင်းတော့ပါဘူး မိနေ၊ နင့်ဆီမှာ
ငါလိုချင်တာ မရှိတော့မှန်း သိပါတယ်"

"ဒါဖြင့် နင် ငါ့ကို ဘာကြောင့် လက်ထပ်ချင်သေးလဲ"

"နင် ငါ့ကိုချစ်တာ၊ မချစ်တာ ငါနဲ့ မဆိုင်ဘူး၊ ငါကတော့ နင့်ကို
ချစ်တယ်၊ နင့်ကိုချစ်နေရရင် ကျေနပ်တယ်၊ ငါချစ်တဲ့သူကို ငါ ပိုင်ဆိုင်
ထားချင်တယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်ပြည့်ကလည်း အဲဒီလိုလူမျိုးပင်၊ သူ့ကို မချစ်တဲ့ နေရောင်ခြည့်ကို သူကသာ ချစ်လိုသူဟု ကြေညာပြီးတော့ အားလုံးကို ကျော်နိုင်းခဲ့တဲ့သူ ဖြစ်လေသည်။

"ကျွန်တော်မှာထားတဲ့သူ ရောက်ပြီလား ဒေါ်ဒေါ်"

"မရောက်သေးဘူး"

သက်ပြည့် ရောက်ရောက်ချင်း အမေ့ကို အမောတကော မေးသံကြားရသည်။

"ကျွန်တော် အိမ်လိပ်စာ အသေအချာ ပြောထားပါတယ်၊ သူ့ကို ပါ ခေါ်မှာမို့ "ကက" တောင် နာရီနဲ့ အပြတ်ငှားလာခဲ့တာ၊ ဦးကျော်ခနကားနဲ့ဆို အားလုံး ဆန့်မှာမဟုတ်ဘူးလေ၊ ဟော . . . ပြောရင်းရောက်လာပါပြီ"

ကင်မရာအိတ်လွယ်ထားသော လူငယ်တစ်ယောက် ဝင်လာတာတွေ့ရသည်။

"သက်ပြည့်…အဲဒါ ဘာလဲ"

"ဓာတ်ပုံဆရာလေ…မိနေ"

"မလိုပါဘူး၊ ဘာဓာတ်ပုံမှ မရိုက်ချင်ဘူး"

"ဟဲ့…သမီးကြီး၊ အဲဒီလို မပြောနဲ့လေ"

အမေက မျက်နှာပျက်သွားသော သက်ပြည့်ကြောင့် ဝင်ဟန့်လေသည်။





"အမှတ်တရပေါ့ . . . မိနေရဲ့ နောင် အနှစ်ငါးဆယ်ကျရင် ဒီဓာတ်ပုံတွေ ပြန်ကြည့်တဲ့အခါ ဘယ်လောက် ကြည်နူးစရာကောင်းလိုက်မလဲ"

သက်ပြည့်က နေရောင်ခြည့်ကို အစွမ်းကုန် ခွင့်လွှတ်သော အသံဖြင့် အေးဆေးညင်သာစွာ ပြောလေသည်။ ဓာတ်ပုံဆရာ၊ မိတ်ကပ်မာမီနှင့် သက်ပြည့်၏ဆရာ စားဖိုမှူးဟူသော လူစိမ်းသုံးယောက်တို့ကတော့ မျက်နှာအမူအရာ တစ်စက်မှ ကြည်သာခြင်းမရှိသော သတို့သမီးကို မသိမသာ အကဲခတ်လို့ပင်။

"ကိုးနာရီတောင် ကျော်နေပြီ"

သက်ပြည့်က နာရီကို တစ်ချက်ကြည့်ရင်း ရေရွတ်လေသည်။

"ဦးကျော်ခနက လာမှာ သေချာလား"

"သေချာပါတယ်၊ ဘာလို့ မသေချာရမှာလဲ၊ သူ့ကို ငါ ပြောထားတယ်၊ သူကိုယ်တိုင် ငါ့ဘက်က အသိသက်သေအဖြစ် လိုက်ပေးရမှာ"

အားလုံး ဦးကျော်ခနကို စောင့်နေရသောအနေအထားမှာ ဖြစ်သွားပါသည်။ နေရောင်ခြည့်ဘက်မှာ အမေရယ်၊ ညီမနှင်းပွင့်ဖြူရယ်နဲ့ ဦးကျော်ခန ပါမှာဖြစ်ပြီး သက်ပြည့်ဘက်ကတော့ သူ့ဆရာ စားဖိုမှူးကြီးရယ်၊ ဓာတ်ပုံဆရာရယ်သာ ပါပါသည်။

နာရီလက်တံတွေက တရွေ့ရွေ့သွားနေပါသည်။ သက်ပြည့်ကတော့ အလှဆုံး ပြင်ဆင်ထားသည့် နေရောင်ခြည့်ကို တကြည့်ကြည့်ဖြင့် ချစ်မြတ်နိုးမဆုံးဖြစ်ကာ မကြာမီနာရီပိုင်းအတွင်းမှာ သူ့ နေရောင်



www.burmeseclassic.com

www.burmeseclassic.com



ခြည့်ကို အပြီးပိုင်ဆိုင်ရတော့မည့်အဖြစ်အတွက် ရင်ခုန်နေမိသည်။ ဓာတ်ပုံဆရာနှင့် စားဖိုမှူးကြီးတို့ကတော့ နေရောင်ခြည့်အမေ ချည်း ကျွေးမွေးထားသည့် ကော်ဖီမုန့်တို့ကို သုံးဆောင်ရင်း သူ့အကြောင်း ကိုယ့်အကြောင်း အပြန်အလှန် ပြောဆိုမိတ်ဆက်နေကြသည်။

အမေကတော့ ဝရန်တာဘက်ထွက်ရပ်ပြီး ဦးကျော်ခနေ့ကို မျှော်လိုက်၊ ပြန်ဝင်လာလိုက်၊ သက်ပြည့်ကို ဦးတည်ပြီး…

"မလာသေးဘူး"

"အရိပ်အယောင်တောင် မမြင်သေးပါဘူး"

"ကားလမ်းများ ပိတ်နေလို့လားမသိ"

စသဖြင့် သူ့ထင်မြင်ချက်တွေ ပြောလိုက်၊ လူကြီးပီပီ စိတ် လှုပ်ရှားရင်း ရေနွေးသောက်လိုက်၊ အိမ်သာဝင်လိုက်၊ တစ်ယောက် တည်း အလုပ်ရှုပ်နေပါသည်။ နှင်းပွင့်ကတော့ ကလေးပီပီ ဒီနေ့ အသစ်ထုတ်ဝတ်ရသည့် ဝတ်စုံနှင့် ဒေါက်ဖိနပ်တို့ကို တကြည့်ကြည့် သဘောကျနေကာ မှန် ခဏခဏ ပြေးကြည့်နေရ၍ ဦးကျော်ခနေ့ နောက်ကျနေတာကို သတိတောင်မရ။

သက်ပြည့်ကသာ…

"မိနေ့… ဆယ်နာရီထိုးနေပြီ"

ဟု သတိပေးသလိုပြောကာ စိတ်မသက်မသာ ဖြစ်နေဟန်ဖြင့် ထိုင်လိုက်၊ ထလိုက်။

"ဦးကျော်ခနေ့ဆီ ဖုန်းတစ်ချက်ဆက်ကြည့်ပါလား မိနေ့"





"နင် ဘယ်လိုဖြစ်နေတာလဲ၊ သူ လာမယ်ပြောထားရင် လာမှာ ပဲပေါ့"

"ဆယ်နာရီခွဲနေပြီမို့ပါ"

"ဟုတ်သားပဲ သမီး၊ ဖုန်းဆက်ကြည့်ပါဦး"

"နှင်းပွင့်… ရော့… နင်ခေါ်လိုက်"

နေရောင်ခြည် ဖုန်းကို နှင်းပွင့်ဖြူလက်ထဲ ထည့်လိုက်ပါသည်။ နှင်းပွင့်ဖြူက ဦးကျော်ခနေ့အမည်ဖြင့် ထည့်ထားသော ဖုန်းနံပါတ်ကို ခေါ်လိုက်ပါသည်။

"မရဘူး . . . မမကြီး၊ ခေါ်လို့မရဘူး၊ "လူကြီးမင်း" နဲ့ တိုး နေတယ်"

"သူ အလုပ်ကိစ္စများ ပေါ်နေလို့လားမသိဘူး၊ ဒါကြောင့် ဖုန်း ပိတ်ထားတာထင်တယ်နော်… သမီး"

"တကယ်ဆို သူ ဒီနေ့ မိနေ့ကိစ္စကို လိုက်လုပ်ပေးရမယ် မှန်းသိရင် အလုပ်ကိစ္စ ဘယ်လောက်အရေးကြီးကြီး လုပ်ဖို့မသင့် ဘူးဗျာ"

"ကဲ… ဘယ်လိုလုပ်ကြမလဲ… သမီး"

"အမေကလည်းလေ . . . ဘယ်လိုဖြစ်နေတာလဲ၊ ဘယ်လို လုပ်လို့ရမှာလဲ၊ ဦးကျော်ခနေ့ လာမယ်ပြောထားတာပဲဟာ"

"အမေပြောတာ သူမပါလည်း တရားရုံးကိုသွားပြီး လက်မှတ် ထိုးလို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မိနေ၊ သူ့လိုလူက အမြဲအလုပ်များနေတာ၊ ဒီကိစ္စကို ခေါင်းထဲထည့်မယ် မထင်ဘူး၊ သူ့အတွက် ဒါဟာ အသေးအမွှားပဲ"

နေရောင်ခြည့်မျက်နှာမှာ အေးစက်မာကျောစွာပင် ...

"သူ လာမယ်ပြောထားရင် လာမှာပေါ့၊ သူမပါဘဲ မသွားဘူး"

ဟု ဖြေလေရာ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကုန်ကြလေသည်။

"ဦးကျော်မနေဆီက ကတိကို တောင်းပြီးသား၊ သူကိုယ်တိုင် လိုက်ပြီး လက်ထပ်ပေးမှ နင့်ကို ငါ လက်ထပ်မယ်လို့ ပြောထားတယ်။ သူကလည်း ကတိပေးတယ်၊ သူကိုယ်တိုင် နင်နဲ့ငါ့ကို အသိသက်သေ လုပ်ပြီး လက်ထပ်ပေးမှာ ..."

အမေက စိတ်ကုန်သလို ခေါင်းခါရင်း ...

"ဟဲ့ ... သူက အုပ်ထိန်းသူလား၊ ငါက အုပ်ထိန်းသူလား"

ဟူ၍ အော်သံကျယ်ကျယ်ဖြင့် အော်ချလိုက်လေသည်။ ကျန်သော သူစိမ်းနှစ်ယောက်တို့ကတော့ . . . (စားဖိုမှူးနှင့် ဓာတ်ပုံဆရာ) အခြေအနေကို တအံ့တဩပင် စောင့်ကြည့်နေသည်။

"ဘာမဟုတ်တာကို ခေါင်းမာမနေနဲ့ မိနေ၊ ညည်းကို သက်ပြည့်မို့ ဒီလောက်ထိ သည်းခံနေတာ၊ ဟင်း . . . ငါပြောရရင် မကောင်းဘဲရှိတော့မယ်"





"အမေ ကြိုက်သလို ပြောပါ။ စိတ်ထဲမှာရှိတာ ထုတ်ပြောလိုက်ပါ။ သက်ပြည့် အားလုံးသိပါတယ်၊ သူသိသွားမှာကိုလည်း သမီး မစိုးရိမ်ပါဘူး"

"တော် . . . တော်ကြပါတော့ ဒေါ်ဒေါ်ရယ်၊ မိနေ စိတ်ချမ်းသာသလို လုပ်ပါစေ"

"သက်ပြည့် . . . နင် သူတော်ကောင်း လုပ်ပြမနေနဲ့၊ နင် ငါ့ကို ခွင့်မလွှတ်ချင်စရာတွေ ရှိရင်ရှိနေမယ်၊ ဒီတော့ ဘာမှမလွန်ခင် နောက်ဆုတ်ရင် ဆုတ်လို့ရသေးတယ်နော်၊ ငါကတော့ အပြတ်ပြောပြီးသား၊ ဦးကျော်မနေ မလာရင် ဒီနေ့ လက်မထပ်ဘူး၊ သူလာမှ လက်ထပ်မယ်၊ သူကိုယ်တိုင် လက်ထပ်ပေးတာကိုပဲ ငါ လက်ခံမယ်"

သက်ပြည့် ခေါင်းငိုက်စိုက်ကျနေသည်။ ရင်ထဲမှာ မုန်တိုင်းထန်သလိုပဲ၊ ဝုန်းဒိုင်းကြဲနေတော့သည်။ ဒေါသလား၊ ကြေကွဲခြင်းများမသေချာသော မုန်တိုင်းထဲမှာ နေရောင်ခြည့်ကို မုန်းတဲ့စိတ်တော့ တစ်စက်မှ မပါပါ။

နေ့လယ်ဆယ့်နှစ်နာရီနား နီးလာသောအခါ သက်ပြည့်မှာ ဦးကျော်မနေ တမင်များ မလာတော့သလားဟု သံသယတောင် ဝင်လာပါသည်။ အသိသက်သေအဖြစ် ခေါ်လာသော ဆရာ့ကိုလည်း ရှက်ပြီး မျက်နှာပူကာ ကြည့်တောင်မကြည့်ရဲ။ ဓာတ်ပုံဆရာကိုလည်း မျက်လုံးချင်းတောင် မဆိုင်ရဲ။ ဝရန်တာဘက် ထွက်ရပ်ပြီးတော့ လမ်းကိုသာ ငေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နေရောင်ခြည်၏ဖုန်းကို ခေါ်သံကြားရသည်။

"ဦးကျော်မြနေဆီက ဖုန်းလား"

နေရောင်ခြည်က စိတ်မပါစွာ လှမ်းမေးလိုက်သည်။ ဖုန်းက နှင်းပွင့်လက်ထဲမှာ ရောက်နေ၍ပင်။

"မဟုတ်ဘူး...မမကြီး၊ တစ်ခါမှ မမြင်ဖူးတဲ့နံပါတ်"

"ကိုင်လိုက်ပါ...နှင်းပွင့်"

အမေက ဝင်ပြောသဖြင့် နှင်းပွင့် ဖုန်းကို လက်ခံနားထောင်လိုက်လေသည်။

"နေရောင်ခြည်နဲ့ ပြောချင်တယ်တဲ့ မမကြီး"

"ဘယ်သူလဲ"

"မသိဘူး၊ မိန်းမတစ်ယောက်အသံပဲ"

နှင်းပွင့်ဖြူလက်ထဲ လာထည့်သောဖုန်းကို နားနားကပ်ကာ နားထောင်လိုက်ပါသည်။

"ဟုတ်ကဲ့...နေရောင်ခြည် ပြောနေပါတယ်ရှင်"

"တို့က မင်းကိုသိလို့တော့ မဟုတ်ဘူး၊ ကိုကျော်မြနေ ကယောင်ကတမ်းရေရွတ်နေလွန်းလို့ သူ့မိဘတွေကတစ်ဆင့် မင်းနဲ့ပတ်သက်မှုကို သိလိုက်ရတာပါ။ အေးလေ . . . အဲဒါထားပါတော့၊ ကိုကျော်မြနေ အက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်နေတယ်၊ ခုထိ သေသေချာချာ သတိမရသေးပေမယ့် မင်းနာမည်ကိုပဲ တမ်းတနေတော့ ခေါ်ပေးသင့်တယ်ထင်လို့ ခေါ်လိုက်တာပါ"





"ရှင် . . . ရှင် . . . ဟုတ်လား၊ ဦးကျော်မြနေ အခြေအနေ စိုးရိမ်ရလား"

"အဲဒါတော့ မသိသေးဘူး၊ ခုထိတော့ လိုအပ်တဲ့ စစ်ဆေးစမ်းသပ်မှုတွေ လုပ်နေဆဲပဲ၊ သတိတော့ ရလိုက်၊ မရလိုက်ပေါ့။ သူ သတိရချိန်ခဏလေးမှာ မင်းကိုပဲ တမ်းတနေတယ် နေရောင်ခြည်"

နေရောင်ခြည်သည် တစ်ဖက်မှ ဖုန်းပြောနေသောအသံတွေကို ကြားလိုက်၊ မကြားလိုက်ဖြစ်ကာ လူက တုန်ရီချောက်ချားလာသည်။ ရှိုက်ကြီးတငင်ငိုရှိုက်လိုက်ရင်း ဖုန်းကို ပစ်ချလိုက်တော့သည်။ ဘယ်သူ့ကိုမှ ဘာစကားမှ ပြောမနေတော့ဘဲ ပြေးထွက်လာခဲ့ခြင်း၊ "ကက" တစ်စီးပေါ် ပြေးတက်သွားခြင်းတို့ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းမှာပင် အားလုံးရှေ့မှာ ဖြစ်ပျက်သွားခဲ့သောအခါ ကျန်ခဲ့တဲ့သူအားလုံး ပျာယာခတ်ဗျာများပြီး နေရောင်ခြည့်နောက်ကို လိုက်ဖို့ပြင်ဆင်ကြရတော့သည်။

သက်ပြည့်မှာ တစ်စစီပဲ့ကြွေသွားသော သူ့နှလုံးသားအသံကို ခံနာစွာပင် နားဆင်နေရတော့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

"နေရောင်ခြည်ဆိုတာလား"

"ဟုတ်ပါတယ်"

"တို့က ကိုကျော်ခနန့် စေ့စပ်ဖို့စီစဉ်ထားတဲ့ မြတ်သင်းမဥ္စူပါ၊ အိုကေလေ၊ အဲဒါ ထားလိုက်ပါတော့၊ တို့ ဒီနေ့ပဲ နားလည်လိုက်တယ်၊ ကိုကျော်ခနပဲ တို့အတွက် ဘယ်လိုမှ လက်မတွဲသင့်တဲ့ ယောက်ျား တစ်ယောက်ဆိုတာ သိသွားခဲ့ပြီ၊ ဒီတော့ မင်းဟာ သူ့ရဲ့အမိကဦးစားပေး တစ်ဦးတည်းသော မိန်းကလေးပဲ နေရောင်ခြည်"

နေရောင်ခြည်မှာ ရှောမောလှုပလွန်းပြီး အဆင့်မြင့်လှသည့် ရုပ်ရည်ပိုင်ရှင် အမျိုးသမီးကို ဘယ်လိုမျက်လုံးတွေနဲ့ ရင်ဆိုင်ကြည့် ရမှန်းပင် မသိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဝင်တွေ့လိုက်ပါ"

မြတ်သင်းမဥ္ဇူက ခပ်မဲ့မဲ့တစ်ချက်ပြုံးလိုက်ပြီး မာနကြီးသော ခြေလှမ်းတွေဖြင့် ကျော်ခေ့၏အခန်းကို ကျောခိုင်းထွက်လာခဲ့တော့လေသည်။

နေရောင်ခြည်ကတော့ ဦးကျော်ခေ့၏ အခန်းတွင်းသို့ အပြေးတစ်ပိုင်း ခြေလှမ်းတွေဖြင့် ဝင်သွားခဲ့မိတော့သည်။

အခန်းထဲမှာတော့ ဦးကျော်ခေ့၏ မိဘတွေဟု ခန့်မှန်း၍ရနိုင်သော ဦးကျော်ခေ့၏ ရုပ်ရည်နဲ့ ခပ်ဆင်ဆင် အမျိုးသားကြီးနှင့် အမျိုးသမီးကြီးတို့ကို ရင်ဆိုင်ရသည်။ ဦးကျော်ခေ့ကတော့ ဆေးရုံခုတင်ပေါ်တွင် ပတ်တီးတွေ၊ ဆေးပိုက်တွေ၊ စက်တွေဖြင့် ငြိမ်သက်စွာ လဲလျောင်းနေဆဲဖြစ်ပါသည်။

"နေရောင်ခြည် . . . မဟုတ်လား"

အမျိုးသမီးကြီးက နေရောင်ခြည့်လက်ကို လာဆွဲကာ ချိုသာနူးညံ့စွာ မေးသည်။

"ဟုတ်ကဲ့ပါရှင်"

"သားက မင်းကို သူများလက်ထဲ ထည့်လိုက်ရမယ်ဆိုကတည်းက စိတ်တွေ စပြီးထွေပြားတော့တာပဲ၊ ညညဆို မအိပ်နိုင်တာကြာပြီ၊ နေ့စဉ်ရက်ဆက်လည်း သောက်တယ်၊ သိပ်သောက်လေ့မရှိတဲ့ စီးကရက်လည်း ဘူးလိုက်ချနေတော့တာပဲ၊ အစားအအိပ် မမှန်တော့ဘူးဆိုတာတွေ၊ အန်တီတို့ သူ့လူယုံတွေဆီကတစ်ဆင့် ပြန်ကြား





ရတာ ကြာပြီ၊ ဘယ်လိုမှ ဆိုဆုံးမမရ၊ နားချမရဘဲ သူလုပ်ချင်တာတွေလုပ်နေတာပါ။ အန်တီတို့က သူ့ကို ဘာမှမချုပ်ကိုင်ဘူး၊ သူ့စိတ်၊ သူ့မာန၊ သူ့အတ္တတွေကပဲ သူ့ကို ချုပ်ကိုင်ထားတာ"

"အခု . . . အခုက ဘယ်လိုဖြစ်သွားတာပါလဲရှင်၊ သူ ပြန်ကောင်းပါဦးမလား"

"ညက တစ်ညလုံး မအိပ်ဖြစ်ခဲ့ဘူး၊ မနက်ကျ မင်းကို လက်ထပ်ပေးရမယ်ဆိုပြီး ကားနဲ့ထွက်လာခဲ့တယ်၊ အိပ်ပျက်တဲ့ညတွေလည်းများ၊ စိတ်ကလည်း ဒွိဟတွေနဲ့ ရှုပ်ထွေးနေတော့ ကားမောင်းနေတဲ့လူတစ်ယောက်ဟာ ဘယ်မှာ အာရုံစိုက်နိုင်တော့မလဲ။ ကားအက်ဆီးဒင့်ဖြစ်ပြီပေါ့"

နေရောင်ခြည်မှာ ပတ်တီးတွေကြားထဲမှာ မြင်နေရသည့် ဦးကျော်ခေ့၏ မျက်နှာကိုသာ တမေ့တမော စိုက်ငေးနေမိတော့လေသည်။

"သူ သတိလုံးဝမရနိုင်သေးဘူး၊ ဆေးပညာစကားနဲ့ပြောရရင် Coma (ကိုမာ) ရနေပြီလို့ ပြောကြတယ်၊ အသက်ရှူနေသေးတယ်၊ ကိုယ်ခန္ဓာထဲက အင်္ဂါအစိတ်အပိုင်းတွေ အလုပ်လုပ်နေသေးတယ်၊ ဒါပေမယ့် သတိတော့ မေ့နေဦးမယ်"

"အဲဒါ . . . အဲဒါ ဘယ်လောက်တောင် ကြာမှာလဲ၊ သူ ဘယ်တော့မှ သတိရမှာလဲဟင်"

ဦးကျော်ခေ့၏ဖခင်ဖြစ်သူက ခေါင်းအသာခါရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဘယ်သူမှ အတပ်မပြောနိုင်ကြဘူး၊ တစ်ရက်လည်း ဖြစ်ချင်ဖြစ်မယ်၊ တစ်ပတ်၊ တစ်လ၊ တစ်နှစ်၊ ဆယ်နှစ်ကြာရင်လည်း ကြာမယ်…မိန်းကလေးရဲ့ မင်း…စောင့်နိုင်ရင် စောင့်ပါ၊ မစောင့်နိုင်ရင်လည်း မင်းကို ဘယ်သူမှ အပြစ်မတင်ပါဘူး"

*　　*　　*

BURMESE CLASSIC .com

## ( ၂၁ )

နေရောင်ခြည်သည် နေ့တစ်နေ့၏ နံနက်ခင်းတစ်ခုဝတိုင်းမှာ….

"ဦးကျော်ခနကို ကျွန်မ ချစ်တယ်၊ ကျွန်မကိုလည်း ဦးကျော်ခနချစ်တယ်လို့ ဘယ်တော့ပြောမှာလဲဟင်၊ ကျွန်မကြားချင်လှပါပြီ"

ဟူသော စကားလုံးတချို့တို့ဖြင့် ဦးကျော်ခနထံပါးမှာ ရေရွတ်နေခြင်းဖြင့် ကျေနပ်စွာ အသက်ဆက်ရှင်ရစမြဲ ဖြစ်နေခဲ့ပါသည်။

မျှော်လင့်ချက်ရောင်ခြည် များစွာတို့ဖြင့် နေရောင်ခြည်တစ်ယောက် ဦးကျော်ခနအနားမှာ မခွဲမခွာ ရှိနေရသည်ကိုပင် ပျော်ရွှင်နေတတ်သူ ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်ပ၍နွေးထွေးသော...

ကောင်းကင်တစ်ခုအောက်မှာ"

"တောက်ပနွေးထွေးသော နေရောင်ခြည်တို့ဖြင့် လွှမ်းခြုံထားသော နေ့ရက်တစ်ရက်မှာ သူ့မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားပါတယ်။ အဲဒီအခါမှာ...

သူ အမြင်ချင်ဆုံးဖြစ်တဲ့ သူ့ဘဝရဲ့ တစ်ခုတည်းသောဖြစ်သော နေရောင်ခြည်လေးကို မြင်ခွင့်ရတဲ့အခါ အရာအားလုံးဟာ ပြည့်စုံသွားခဲ့ပါတော့တယ်"

ရှင်မိုး

ဆေးတက္ကသိုလ်

၁၃၊ ဧပြီ၊ သောကြာ၊ ၂၀၁၂

* * *

BURMESE CLASSIC .com

www.burmeseclassic.com